
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## နေမင်းရာဇာ (မြန်မာပြန်)
## အရိုင်းများအလယ်

**ပုံနှိပ်မှတ်တမ်း**


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | – | ၁၄၂၈/၂၀၀၃ (၁၀) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | – | ၁၂၅၈/၂၀၀၃ (၁၁) |
| ထုတ်ဝေကာလ | – | ၂၀၀၄ ခုနှစ် – မတ်လ |
| အုပ်ရေ | – | ၅၀၀ (ပထမအကြိမ်) |
| တန်ဖိုး | – | ၇၀၀ ကျပ် |
| ကွန်ပျူတာစာစီ | – | **စာဝန်းချီ** (ကွန်ပျူတာစာစီနှင့်ဒီဇိုင်း) ၁၁၈ ၊ အနော်ရထာလမ်း၊ဖုန်း ၂၈၁၉၀၉ |
| မျက်နှာဖုံးပုံနှိပ်သူ + အတွင်းပုံနှိပ်သူ | – | ဦးကျော်စိန် ( ၀၂၉၀၉ ) ကျောက်စိမ်းအော့(ဖ်)ဆက် ၁၇၁၊ ၃၃ လမ်း၊ ရန်ကုန်မြို့။ |
| ထုတ်ဝေသူ | – | ဦးမိုးမြင့် (၀၁၄၄၃) ပန်းတိုင်စာပေ အမှတ် (၁၆၀) ဗညားဒလလမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ဖြန့်ချိရေး | – | ရွှေလမင်းစာပေ အမှတ် (၂၁၄)၊ မြေညီထပ် (ဝဲ)၊ ၃၇ လမ်း၊ အထက်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။ ဖုန်း ၂၈၆၁၄၈ |


# နေမင်းရာဇာ
(မြန်မာပြန်)

# အရိုင်းများအလယ်

## EDGAR WALLACE

**Sanders**

• ဖြန့်ချိရေး

**ရွှေလမင်းစာပေ**
အမှတ် (၂၁၄)၊ မြေညီထပ် (ဝဲ)၊
၃၇ လမ်း၊ အထက်ဘလောက်၊
ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း ၂၈၆၁၄၈

www.burmeseclassic.com

www.burmeseclassic.com

## နေမင်းရှာစာ (မြန်မာပြန်) ၏

### ရေးသားထုတ်ဝေပြီးသော (ဘာသာပြန်အက်ရှင်ဝတ္ထုများ)

၁။ ရဲရဲဝံ့ဝံ့စွန့်စွန့်စားစား
၂။ ကိုကိုစစ်ဆင်ရေး(ဒုတိယအကြိမ်)
၃။ ရဲရင့်သူတို့၏အောင်ပွဲ
၄။ ကျားထောက်ကျား
၅။ မာဖီးယားကဲ့တရား
၆။ သွေးလမ်း(ဒုတိယအကြိမ်)
၇။ မီးကုန်ယမ်းကုန်
၈။ သွေးစွန်းသောလှယမင်း
၉။ စစ်နှင့်မုန်တိုင်းခရီး
၁၀။ တယူသန်တဖောက်ကန်း
၁၁။ နာဇီစပိုင်
၁၂။ ဟင်းမလား၊ လင်းယုန်(ပ+ဒု) နှစ်အုပ်တွဲ
၁၃။ လျှို့ဝှက်စစ်ဆင်ရေး (ဒုတိယအကြိမ်)
၁၄။ ကြမ်းကြမ်းရမ်းရမ်းလှုပ်လှုပ်ရှားရှား(ဒုတိယအကြိမ်)
၁၅။ အမှောင်လမ်း
၁၆။ သေမင်းရန်စွယ်
၁၇။ အမှိုင်းများအလယ်

BURMESE CLASSIC .com



### အဓိကဇာတ်ဆောင်များ

အစရာပိုင်မင်းကြီး ဆန်ဒါစ်
ဗိုလ်ကြီးဟဲလ်မိတန်
ဗိုလ်ဘုန်းဖ်တာစ်ဘတ်ဖ်
ချင်ဘာရိလူမျိုးအပျိုစင် ဇုန်မ အဂါတာကာ
နတ်ဆရာကြီး ချိကူ
လူစွန့်စား ကွန်ဆီလ်ဝိစ်အေလက်စ်တွန်
တပ်ကြပ်ကြီး အာဘီဘူး
တပ်သား အာချမက်

### အဓိက လူမျိုးစုများ

မာရှင်ဘာ
ကာနီ
အာကေဆာဟ
အိုင်ဆီဆီ
အိုချရီ

### အဓိကနေရာ

ဂရိုး(ကင်ညာ) နိုင်ငံ၊ ဗြိတိသျှလက်အောက်ခံ ကိုလိုနီကျွန်းဒေသ

www.burmeseclassic.com

www.burmeseclassic.com



## ဝတ္ထုအခန်းစဉ်


| အခန်းစဉ် | စာမျက်နှာ |
|---|---|
| အခန်း (၁) စုန်းမစီရင်သောအမှု | ၇ |
| အခန်း (၂) မဟာစွမ်းအားရှင် | ၄၈ |
| အခန်း (၃) လူတော်လူကောင်း | ၈၆ |
| အခန်း (၄) မိန်းမဆိုတာ အာချောင်တဲ့အမျိုး | ၁၂၂ |
| အခန်း (၅) ဇင်ပ်ပြောင်ဆေး | ၁၄၈ |
| အခန်း (၆) မိန်းမဉာဏ် | ၁၇၇ |
| အခန်း (၇) ပညာရှိ | ၂၀၉ |




BURMESE CLASSIC .com

## အခန်း (၁)
## စုန်းမ စီရင်သောအမှု

မင်းပြောင်းမင်းလွှဲကာလအတွင်း၌ ဤအဖြစ်အပျက် ဖြစ်ပျက်သွားသည်ဟု ဆိုရမည်။ မင်းပြောင်းမင်းလွှဲမဖြစ်ခဲ့လျှင် ဤအဖြစ်အပျက် ဖြစ်ပျက်ခဲ့မည်မဟုတ်ချေ။

မြစ်ဝကျွန်းပေါ်ဒေသများ၏ အရှင်သခင်ဟုဆိုရမည့် မျက်နှာဖြူဘုရင်ခံကြီးသည် မျက်နှာဖြူလူမျိုးဟုခေါ်လောက်အောင် သွေးနှောပြီး အသားအရည်ဖြူဆွတ်နေသော ကပြားဖြစ်၏။ ဘင်ခရာတီးဝိုင်းကတီးခတ်လိုက်သော ပြည်တော်ပြန်ဆိုင်းဖြင့် ဂရိတ်ဗြိတိန်တည်းဟူသော နေမဝင်အင်ပါယာကြီး၏ ဗဟိုအချက်အချာ လန်ဒန်မြို့တော်ကြီးသို့ ပြန်လည်မြန်းကြွသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်ခံသစ်ကြီးမှာမူ ဗြိတိန်နိုင်ငံဒီဗွန်မြို့ရှိ သူ၏ ဘတ်လီဆောလ်အိမ်တော်ကြီးတွင် ဒူလာရောဂါထနေသောကြောင့် "ကုန်းမြေတိုက်ကြီး"ဟု ၎င်းတို့ခေါ်ဝေါ်သမှုပြုသော အာဖရိကတိုက် ဇာရီနိုင်ငံမြစ်ဝကျွန်းပေါ်ဒေသကျွန်းတွင် နေထိုင်သော တိုင်းရင်းသားများအား ဘုရင်လာမလုပ်နိုင်သေးပဲ 'အိုးမိုင်ဂေါ့' ကယ်ပါဟုသာ အော်နေရသေးသည်။

မည်သို့ပင်ဆိုစေ ထိုအုပ်ချုပ်ရေးအပြောင်းအလွဲသည် မြစ်ဝကျွန်းပေါ်ဒေသတွင် နေထိုင်သော တိုင်းရင်းသားများနှင့် တာဝန်ကျအရာရှိများအတွက် မည်သို့သော ထူးခြားမှုမျှမရှိခဲ့ချေ။ ဘုရင့်ဟေလ်ဆာခြေလျင်တပ်မှ ဗိုလ်ကြီးဟဲလ်မီတန်သည် ဘုရင်ခံရှိ/မရှိအချက်ကို ခေါင်းထဲတွင် ရေးရေးမျှထည့်မတွက်မိချေ။ သူ၏လက်ထောက်နေထိုင်သော တဲဆီသို့သာ ဒေါသတကြီး လျှောက်လာနေခဲ့သည်။

ဗိုလ်ကြီးဟဲလ်မီတန် ဒေါသထွက်မည်ဆိုလည်း ထွက်လောက်ပေသည်။ သူ၏လက်ထောက်ဟုဆိုရမည့် ဗိုလ်တစ်ဘတ်စ်သည် ခွင့်မလွှတ်နိုင်သော ပြစ်မှုတစ်ခုကို ကျူးလွန်ခဲ့သည်။ ၎င်းကား သတင်းစာများသို့ စာရေးသားပေးပို့ခြင်းပင်ဖြစ်သည်။

နေ့ခ(...)ခေနပူပြင်းလှသောကြောင့် ဟဲလ်မီတန်သည် တစ်ကိုယ်လုံး ချွေးစို့နေသည်။ စစ်ရေးပြကွင်းကို ဖြတ်လျှောက်သော အခါတွင် အဝါရောင်မြေသားမှ တိုးထွက်လာသောအပူရှိန်က သူ့ဘွတ်ဖိနပ်ခွာကို ဖောက်ဝင်သည်ဟုထင်လောက်အောင် ပြင်းပြင်းထန်ထန်ပူနေသောကြောင့် ရင်တွင်းကမီးကိုပို၍ ပြင်းထန်စေသည်။

စစ်ရေးပြကွင်း၏ တစ်ဖက်တွင် တည်ဆောက်ထားသော ဘားတိုက်တဲများသည် အပူငွေ့တွင် တစ်ရိပ်ရိပ်ကနေသည်။ ထန်း



ပင်ထန်းလက်များကို ဝေးဝေးသာမြင်ရသည်။ လွန်းကျင်ငှက်ပင် အသံတိတ်နေသည်။ လွန်းကျင်ငှက် နှုတ်ဆိတ်အောင် ပူပြင်းသည်ဆိုလျှင် တကယ်ပူသည်ဟု မှတ်ရမည်။

ဗိုလ်ကြီးဟဲလ်မီတန်သည် ဗိုလ်တစ်ဘတ်စ်၏တံခါးကို ကန်ဖွင့်ပြီး ဝင်သွားသည်။ ခုတင်ထက်တွင် ပက်လက်ဆန့်နေသော ဗိုလ်တစ်ဘတ်စ်ကိုကြည့်ပြီး နှာခေါင်းရှုံ့လိုက်သည်။

ဟဲလ်မီတန်သည် သူကိုင်ဆောင်လာသော သတင်းစာကို စားပွဲပေါ် ပစ်ချလိုက်သည်။ ဗိုလ်တစ်ဘတ်စ်သည် မျက်လုံးတစ်ဖက်ဖွင့်ကြည့်လိုက်သည်။

"မင်္ဂလာနံနက်ခင်းပါ ဗိုလ်ကြီး၊ မိုးရွာနေတုန်းပဲလား"

နေ့နှင့်ညမှားနေသော တစ်ဘတ်စ်က မေးလိုက်သည်။

"မင်္ဂလာမနက်ခင်း....ဟုတ်လား....နောက်တစ်နာရီဆို ညစာစားချိန်ရောက်ပြီ။ မင်းကိုငါတစ်ခု ပြောစရာရှိတယ် တစ်ဘတ်စ်"

တစ်ဘတ်စ်သည် သူ့မျက်လုံးဖွင့်လိုက်သော တစ်ဖက်တည်းသော မျက်လုံးကိုပြန်ပိတ်လိုက်သည်။

"ထစမ်း....မင်းဒီခြေထောက်ကြီးတွေ အောက်ချစမ်း"

တစ်ဘတ်စ်၏မျက်တောင်များ ခတ်သွားသည်။ အိပ်ယာက ထစရာအကြောင်း ရှိပုံမရဘူးဟု ငိုးဝါးဝါးရွတ်လိုက်သည်။ သူသည် သတင်းစာကို လှမ်းဖြင့်ပြီး သတင်းစာနာမည်ကိုလည်း မှတ်မိလိုက်သည်။

"အေး....ငါပြောချင်တာကတော့ အရာရှိတစ်ယောက်ဟာ....ဘယ်လိုအကြောင်းကြောင်းကိုမှ သတင်းစာကို ရေးမပို့ရဘူးဆိုတာကို မင်းထက်ပိုသိတဲ့လူမရှိဘူး....ဒါအပြင်ပါယ်မရှိတဲ့

www.burmeseclassic.com

www.burmeseclassic.com



လုပ်ရပ်ပဲ"

ဟဲလ်မီတန်သည် သတင်းစာခေါက်ကို စားပွဲပေါ် ရိုက်ချလိုက်ပြန်သည်။

"ဆာရီစတားသတင်းစာနှင့် မီဒလ်ဆက်စ် ပလိန်းဒီလာ သတင်းစာပါ ဗိုလ်ကြီး၊ အဲဒီသတင်းစာနဲ့ ဆန်းဘူရီဟာရေးနဲ့ မောလီဆေးတိုင်းစ်ကို ထုတ်ပေးတဲ့တိုက်ဟာ အတူတူပါပဲ..."

တစ်ဘတ်စ်သည် မျက်လုံးနှစ်ဖက်ကို စုံမှိတ်လျက် အင်မတန်စိတ်ရှည်သည်းခံမှုတရား ပြည့်ဝသော ပုဂ္ဂိုလ်ဟန်ပန်ဖြင့် တစ်လုံးချင်း ရှင်းပြလိုက်သည်။

သူ၏ရှည်လျားသော ခန္ဓာကိုယ်ကို အားရပါးရဆန့်ထားသည်။ လက်နှစ်ဖက်ကို ခေါင်းနောက်ခုထားပြီး ကြီးမားနီတွတ်နေသော ခြေထောက်နှစ်ဘက်ကို ခုတင်စွန်းမှ ထိုးထုတ်ထားသည်။ သူသည် မတရားပြုကျင့်ခြင်းခံရပါသော်လည်း ခန္တီသည်းခံခြင်းတရားကို လက်ကိုင်ထားသော ပုဂ္ဂိုလ်ဟန်ပန်နှင့် လေသံပေါက်နေသည်။

"မင်း ဘယ်သတင်းစာရေးရေး အကြောင်းမဟုတ်ဘူး"

"ဘယ်သူ့သတင်းစာကို ရေးရေးပါ....အာစရိ....၊ကျုပ်တို့ရဲ့ အင်္ဂလိပ်ဘာသာစကား ပျက်ပြားသွားအောင် သဒ္ဒါမကျ၊ ဝါကျမမှန်တာတွေကို မဆိုကြပါစို့နဲ့လား ချစ်လှစွာသော အာစရိကြီး...."

တစ်ဘတ်စ်က ရေရွတ်လိုက်သည်။

"ထစမ်း....ပမာမခန့်နဲ့၊ မတ်တပ်ရပ်စမ်း ..."

ဗိုလ်ကြီးဟဲလ်မီတန်က ဟောက်လိုက်သည်။ သို့သော် ဗိုလ်လေး တစ်ဘတ်စ်က မျက်လုံးများကိုပင် မဖွင့်တော့ချေ။



"ခင်မင်ရင်းနှီးစွာ ဆွေးနွေးညှိနှိုင်းမှုလား....ရန်လိုအမျက်ပွားစိန်ခေါ်မှုလား ဆရာသမားကြီးရယ်....မိတ်ဆွေတစ်ဦးကိုလာရောက်တွေ့ဆုံခြင်းလား....စစ်ကြောညာခြင်းလား...အို...ခင်မင်ရပါသော ဗိုလ်ကြီးရယ်...."

ဟဲလ်မီတန်သည် တစ်ဘတ်စ်၏ အင်္ကျီရင်ဘတ်စကို ဆွဲ၍ ထူလိုက်သည်။

"ကိုယ်ထိလက်ရောက် တိုက်ခိုက်မှုမျိုးဖြင့်.... မနာလိုသော ဗိုလ်ကြီးသည် အင်မတန်ထက်မြက်သော အရာရှိလေးကို ရိုက်နှက်သည်။ စစ်ခုံရုံးက ဗိုလ်ကြီးအပြစ်ရှိသည်ဟု စီရင်သော အခါတွင် ဗိုလ်ကြီးအဆိပ်သောက်သေသည်...."

တစ်ဘတ်စ်က အေးဆေးစွာပင် ရေရွတ်နေလိုက်သည်။

"မင်း ဘယ်တော့မှ သတင်းစာဆရာဖြစ်မှာ မဟုတ်ဘူး"

ဟဲလ်မီတန်က ပြောလိုက်သည်။ တစ်ဘတ်စ်က အလေးအနက်ဦးညွှတ်လိုက်သည်။ ဟဲလ်မီတန်က ဆက်ပြောလိုက်သည်။

"မင်း စာလုံးပေါင်းတောင် မတတ်ဘူး...."

"အို...ပြင်သစ်စစ်ဘုရင်ကြီး နပိုလီယံလည်း စာလုံးပေါင်း မတတ်ခဲ့ပါဘူး.... အမေရိကန်နိုင်ငံတော်ကြီး တည်ဆောက်တဲ့ ဂျော့ဝါရှင်တန်ကြီးလည်း ရေးလိုက်ရင် စာလုံးပေါင်းအမှားမှားနဲ့ပဲ.... ဦးနှောက်ပျော့တဲ့သူတွေ စာလုံးပေါင်းမှန်ကြတာပါ....ဗိုလ်ကြီးကတော့ စာလုံးပေါင်းမှန်ပါတယ်....အို... ခေါမပညာရှင်ကြီး ဒိုမိုစ်သီနက်စ်အလား ပညာရှိပါသော ဆရာသခင်.... ခင်ဗျား"

"ငါ လေးလေးနက်နက်ပြောနေတာ ဟောကောင်..."

ဟဲလ်မီတန်က တစ်ဘတ်စ်၏ ရင်ဘတ်ကို တွန်းလိုက်ရာ တစ်ဘတ်စ်လည်း ခုတင်ပေါ်သို့ အလိုက်သင့်ပြန်လှဲချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟဲလ်မီတန်သည် သတင်းစာကို ကောက်ယူပြီး ဖတ်လိုက်သည်။

''မထင်ရှားသောအရာရှိပေါက်စလေးများ စွပ်းစွမ်းတမ်ထမ်းဆောင်နေမှုတို့ကို နိုင်ငံခြားရေးဝန်ကြီးကိုယ်တိုင် ကွင်းဆင်းကြည့်ရှုသင့်ပါသည်ဆိုတဲ့.... နိုင်ငံရေးဆောင်းပါးမျိုးတွေကို မင်းမရေးရဘူး....''

တစ်ဘတ်စ်က ပခုံးတွန့်ပြလိုက်သည်။

''ဒီလိုကိုယ့်ကိုကိုယ် ဂုဏ်ဖော်တဲ့စာမျိုးကို တာရာရော၊ တံခွန်ရော၊ လမင်းရော၊ နေမင်းရော၊ မဟာစကြာဝဠာကြီးထဲက ရှိသမျှ ဘယ်သူ့ဆီမှ.... မရေးရတော့ဘူးလား''

''တခြားကြိုဟ်သားတွေနဲ့တောင် ဆက်သွယ်ခွင့်မရှိတော့ဘူးပေါ့....''

တစ်ဘတ်စ်က အသံအုပ်အုပ်ဖြင့် ရေရွတ်လိုက်သည်။

မစ္စတာနစ်ကာဆန်ဟာဘန်လ်သည် ပြည်သူလူထု၏ အသိပညာကို အစဉ်မပြတ်ဖွံ့ဖြိုးတိုးတက်အောင် နိုးနိုးကြားကြားဆောင်ရွက်နေသော ဆာရီစတား သတင်းစာဟုခေါ်သော သတင်းစာရှိသည်ဟု သိပင်သိမည်ဟုမထင်လောက်ချေ။ သူသည် စာဖတ်ပရိတ်သတ်ငါးသိန်းလောက်မျှသာရှိသော မည်သည့်သတင်းစာကိုမျှ စိတ်ဝင်စားခြင်း၊ ဖတ်ရှုခြင်းမရှိချေ။

သို့တိုင်အောင် တစ်ဘတ်စ်၏ဆောင်းပါးနှင့် ဟာဘန်၏ကဗျာပါလာသည်က တိုက်ဆိုင်သွားသောကြောင့် ဆင့်ပွားဖြစ်ပေါ်သော အဖြစ်အပျက်များပေါ်မူတည်၍ ဆူရီတာရာ အယ်ဒီတာကြီးသည် ''ယနေ့ဆာရီစတား သတင်းစာရဲ့အတွေးကို၊ မနက်ဖြန်အစိုးရလုပ်ဆောင်မှုပဲ'' ဟု ကြွေးကြော်ခွင့်ကြုံသွားသည်။



အဘယ်ကြောင့်ဆိုသော် ထိုသတင်းစာဆောင်းပါးပါရှိပြီး မကြာမတင်ကာလမှာပင် ဟာဘန်သည် ဘုရင်ခံ ယာယီကင်းမဲ့နေသော ထိုဒေသကို မျက်မြင်ကိုယ်တွေ့ကြည့်ရှုရန်အတွက် ကွင်းဆင်းလာခဲ့သည်။

နစ်ကာဆန်ဟာဘန်သည် ပိန်ပိန်သွယ်သွယ်၊ မျက်လုံးနက်နက်၊ နှုတ်ခမ်းပါးပါး၊ မျက်နှာချွက်ချွက်နှင့်ဖြစ်သည်။ ဆံပင်ထူပြီး အာဘောင်အာရင်းသန်သန် တရားဟောသောအခါတွင် နဖူးထက်သို့ ဆံပင်တစ်ဖုတ် ကျဆင်းလာတတ်သည်။ လက်များမှာ ထူးထူးခြားခြား ရှည်လျားဖြူဖွေးနေသည်။

ဟာဘန်သည် တည်တည်တန့်တန့် ပြောဟောတတ်သည့် အစဉ်အလာကောင်းများကြောင့် နိုင်ငံရေးသမားများကို လေထွားထွားဖြင့် ကျော်တက်လာနိုင်ခဲ့သူဖြစ်သည်။ လျှာအရိုးမရှိတိုင်း လုပ်နိုးအကြိုက်ပြောဟောမှုတို့ကြောင့်ပင် လွှတ်တော်အမတ်ဖြစ်လာသည်။ အတိုက်အခံအဖြစ် အမြဲရပ်တည်ပြီး ပြည်သူလူထုအကြိုက်ကိုလိုက်၍ ဝန်ကြီး၊ ဝန်လေးတို့အပြင် ဝန်ချုပ်တို့ကို နှုတ်သီးကောင်း လျှာပါးထိုးနှက်သရော်ခဲ့သည်။

အစိုးရအဖွဲ့တစ်ဖွဲ့ကျသွားသောအခါတွင် ဟာဘန်သည် သူ၏ ရှိရင်းစွဲကုလားထိုင်ကို စွန့်၍ အနောက်မွန်ရိုးပြည်နယ်မှ နေကာ ရွေးကောက်ပွဲကို ဝင်ပြိုင်ခဲ့သည်။ သူသည် အောင်မြင်မှုတံခွန်ထူ၍ မြို့တော်သို့ပြန်လာနိုင်ခဲ့သည်။

အစိုးရသစ်သည် ပထမတွင် သူ့ကို စိုက်ပျိုးရေးဒုဝန်ကြီးခန့်ခဲ့သည်။ ထို့နောက်တွင် နိုင်ငံခြားရေးဒုဝန်ကြီးခန့်ခဲ့သည်။ သူသည် သူ့ထက်အသက် (၁၅)နှစ်ခန့်ကြီးသော အမေရိကန်သူကြွယ်မုဆိုးမ ကောနီလီယပ်စ်ဘိတ်ကို လက်ထပ်ခဲ့သည်။ ဘိတ်

www.burmeseclassic.com

www.burmeseclassic.com



သည် ဒေါသကြီးပြီး ယောက်ျားတို့အကြောင်း နောကျေသော မိန်းမကြီးပင်ဖြစ်သည်။ ချားလ်တွန်အိမ်တော်တွင် ပိုးထောင်ခဲ့သော သူတို့၏အိမ်ထောင်ရေးဘဝသည် သာယာမှုအတိနှင့် မပီမပြင် မပြည့်ခဲ့ချေ။ ဘိတ်သည် ဟာဘန်အကြောင်းကို နောကျေအောင် သဘောပေါက်သည်။ ဟာဘန်ကိုယ်တိုင်မှာလည်း ဒေါသကြီးသည်။ သူသည် ငယ်ငယ်ရွယ်ရွယ်နှင့် ထွန်းထွန်းပေါက်ပေါက် ဖြစ်လာခဲ့သောကြောင့် သူ၏ပုံမှာ ထိမထင်ဟန်ရှိလွန်းခဲ့သည်။ ၎င်းတို့နှစ်ယောက် ကွာရှင်းပြတ်စဲမည်ဟူသော သတင်းသဲ့သဲ့ပင် ထွက်ခဲ့သည်။

ထိုကွာရှင်းမည့်သတင်းသည် သူမအစာအိမ်ရောဂါ ခွဲစိတ်ကုသမှုမပြုရလေးခင်တွင် ထွက်ခဲ့သောသတင်းဖြစ်သည်။ အင်္ဂလန်နိုင်ငံမှ အတော်ဆုံးပါရဂူက ခွဲစိတ်မှုပြုခဲ့သည်။ ကေန်နေကောင်းမည်ဟု တွက်ဆခဲ့သည်။ နှစ်ကာဆန်ဟာဘန်သည် သူမနလန်ထနိုင်လိမ့်မည်ဟူသောအသိ ရင်ဝယ်ပိုက်လျှက် ထိုနေ့တွင် ဇွတ်တော်၌ သူ၏အကောင်းဆုံးမိန့်ခွန်းကို ပြောခဲ့သည်။

သုံးရက်အကြာတွင်မူ ဘိတ်သေဆုံးသွားသည်။ သာမန်လူတို့နားလည်ရခက် သမားတော်များ ကြောက်လန့်ကြရသည့် မမျှော်လင့်ထားခဲ့သော ဒဏ်ပြန်မှုသင့်ပြီး သေဆုံးသွားခဲ့ရသည်။

ဟာဘန်သည် မိုးကြိုးပစ်ခံလိုက်ရသူကဲ့သို့ ဖြစ်သွားသည်။ သူ၏အမိက ဝင်ငွေလမ်းကြောင်း ဆုံးပါးသွားပြီဖြစ်သောကြောင့် သူ့ဘာများလုပ်စွမ်းနိုင်တော့မည်နည်းဟု သူ့ကိုမုန်းတီးသောသူများက အချိန်ကုန်ခံတွက်ဆခဲ့ကြသည်။ သို့သော် သူ့ကို ကြာကြာမသုံးသပ်လိုက်ရချေ။ သေတမ်းစာဖတ်ရှုလိုက်သောအခါတွင် ရှိသမျှအမွေအားလုံးကို ဟာဘန်ခံစားခွင့်ရှိသည်ဟု သိ



လိုက်ရသည်။

ဤအဖြစ်အပျက်သည် ဘုရင်ခံအပြောင်းအလွဲကာလအတွင်း၌ ဖြစ်ပွားခဲ့သည်။ ဟာဘန်သည် သောကဗျာပါဒငြိမ်းအောင် စိတ်ပြေလက်ပျောက် ခရီးသွားသင့်သည်ဟု ယူဆပေးခဲ့သော သူ့အထက်အရာရှိ နိုင်ငံခြားရေးဝန်ကြီး၏ တိုက်တွန်းချက်ဖြင့် ဟာဘန်သည် နှစ်ခါမတိုက်တွန်းရသော အပန်းဖြေခရီးကို ထွက်လာခဲ့သည်။ အလုပ်တစ်ဝက်၊ အပန်းဖြေမှုတစ်ဝက် ခရီးစဉ်ပင် ဖြစ်သည်။

ဗိုလ်လေးတစ်ဘတ်စ်သည် ဌာနချုပ်၏ ပြန်ကြားရေးအရာရှိပင်ဖြစ်သည်။ ပိန်သွယ်ပြီး မျက်ကပ်မှန်တပ်ဆင်ထားသော သူသည် သတင်းဆိုး၊ သတင်းကောင်းများကို သယ်ဆောင်လာလေ့ရှိသည်။ တစ်ခုတော့ရှိသည်၊ သူသယ်လာသည့် သတင်းသည် ကောင်းကောင်းဆိုးဆိုး အပိုဇာချဲ့မှုက ပါမြဲပင်။ သူ့ထံမှတဆင့် သတင်းဆိုးကြားသူသည် ချက်ချင်းလက်ငင်း သေသော်မှကောင်း၏ဟု မှတ်သွားရတတ်သည်။

ယခုသူသည် သံပုရာရောင်ထိန်နေသော သဲသောင်ပြင်ကို တစ်ဟုန်ထိုးဖြတ်ပြေးလာသည်။ သူ၏ လက်တစ်ဖက်တွင် စာများထည့်ထားသော ဆာလာအိတ်ကြီးကို ဆွဲလာသည်။ ဦးထုပ်ကို နောက်ပြန်ဆောင်းထားသည်။ ပြောလိုသော သတင်းများကြောင့် ပါးစပ်က ဟန်တပြင်ပြင်ဖြစ်နေသည်။

သူသည် လှေကားငါးထစ် တစ်လှမ်းတည်း ခုန်ကျော်လိုက်ပြီး အေးမြသောစားသောက်ခန်းကြီးထဲသို့ ပြေးဝင်သွားသည်။ စာအိတ်ကြီးအား မနက်စာစားသောက်နေသော ဟဲလ်မိတ်၏ ပေါင်ပေါ်သို့ပစ်ချလိုက်သည်။ နှုတ်ခမ်းကို ကော်ဖီခွက်တွင်တေ့ပြီး

www.burmeseclassic.com

www.burmeseclassic.com



ကော်ဖီသောက်နေသော ဟဲလ်မီတန်၏လက်ထဲမှ ကော်ဖီခွက် လွတ်ကျသွားသည်။

**''တစ်ဘတ်စ်...တိရစ္ဆာန်ကောင်....ခြေနှစ်ချောင်းနဲ့ ခွေး...''**

ဟဲလ်မီတန်သည် တစ်ဘတ်စ်ကို ဒေါသတကြီး ဆဲရေးတိုင်းထွာလိုက်ရင်း သူ၏လက်ကိုင်ပုဝါကို ဆွဲထုတ်၍ သူ၏ဘောင်းဘီဖြူပေါ် ဖိတ်စင်သွားသော ကော်ဖီများကို သုတ်လိုက်သည်။

''သူလာမယ်...ဟဲလ်... ကျုပ်စာတွေကို တွေ့သွားတယ် အာစရိ... စာဖတ်ပြီးတာနဲ့ အထုပ်ဆွဲပြီး ကြုံရာရထားနဲ့ လိုက်လာ...''

ဟဲလ်မီတန်သည် တစ်ဘတ်စ်ကို ဖျတ်ခနဲမော့ကြည့်လိုက်သည်။ သို့သော် အပူရုပ်သည့် လက္ခဏာမတွေ့ရချေ။

''ဘယ်သူလာနေတာလဲ...ဘယ်သန်းသောက်ရူးရဲ့....''

''ဟာဘန်လာနေတယ်... အာစရိ... ဒုဝန်ကြီးလာနေတယ်... ဆရာသမားကြီးရယ်... သူက သတင်းစာမှာ ဖော်ပြတဲ့ ကျုပ်ရဲ့ဆောင်းပါးကို တွေ့သွားတယ်။ အခု သူနိုင်ငံခြားရေးဌာနမှာ ရောက်နေတယ်လေ...ကျုပ်တော့ ဝန်ထမ်းကောင်းတံဆိပ်ရတော့မယ်...ဆရာသမားကြီး အာစရိရေ...ဒါပေမဲ့ ကျုပ်တစ်ယောက်တည်းကိုပေးရင် မယူပါဘူး.... ကျုပ်ရဲ့အချစ်ဆုံးဆရာ ဗိုလ်ကြီး ဟဲလ်မီတန်ကိုပါ ချီးမြှင့်မှ ကျုပ်လက်ခံမှာပါ''

ဟဲလ်မီတန်သည် ကုလားထိုင်ကို လက်ညှိုးထိုး၍ ခပ်မာမာပြောလိုက်သည်။

''အဲဒီမှာထိုင် ..ရူးတဲ့စိတ်လေး နည်းနည်းသက်သာမှ



ဒါကိုပြော...မင်းကိုဘယ်သူ ပေါက်ကရတွေ ထောင်ပေးလိုက်လဲ''

ဘတ်ဆမ်သင်္ဘောမှအရာရှိက စာများကို ကမ်းသို့ ယူလာခဲ့ခြင်းဖြစ်သည်။ ဟာဘန်တို့ ဘတ်ဆမ်သင်္ဘောဖြင့်ပင် လိုက်ပါခဲ့သောကြောင့် ဌာနချုပ်ရုံးခန်းသို့ ဝင်ရောက်နေချေပြီ။ ဟဲလ်မီတန်သည် သူ၏ဘောင်းဘီမှ ကော်ဖီများစွန်းပေနေသည်ကို ချက်ချင်း မေ့သွားသည်။

''အဲဒါမှ သောက်ဂွပဲ... ဆန်ဒါးစ်က အာဘာဘာတ်ရောက်နေတယ်... အဲဒီဟာဘန်က ဘယ်လိုလူစားလဲ''

တစ်ဘတ်စ်က သူ့အကြောင်းနှင့်သူ ဟာဘန်ကို အမွှမ်းတင်လိုခဲ့သည်။ သူ့စာကို ချက်ချင်းပင် တုံ့ပြန်ရောက်လာသူသည် သူကောင်းကောင်းဖြစ်ရမည်ဟု တွက်လိုက်သည်။ သူကိုယ်တိုင်လည်း သင်္ဘောမှ ဒုအရာရှိအား ထိုမေးခွန်းကို မေးမြန်းခဲ့သည်။ ဒုအရာရှိက သင်္ဘောသားတစ်ဦး၏ ပွင့်လင်းမှုဖြင့် နှစ်ခွန်းတည်း ဖြေသွားသည်။ နှစ်ခွန်းလုံးသည် ရေးသားဖော်ပြခြင်းငှာ မထိုက်သောစကားလုံးများ ဖြစ်နေသည်။

မစ္စတာဟာဘန်သည် သူ့ထက်နိမ့်ပါးသော လူတို့မြင်ကွင်း၌ မတင့်တယ်လောက်အောင် ပေါင်းသင်းဆက်ဆံရေးညံ့သည်။ ဘဝင်သမားဖြစ်သည်။ အစေခံများက သူ့ကိုမုန်းတီးလေ့ရှိသည်။ လစဉ် အတွင်းရေးမှူးအသစ်ပြောင်းသည်။ အထက်လွှတ်တော် အမတ်တစ်ဦးက ဟာဘန်အား ညာညာတာတာ အမျိုးအစားခွဲခဲ့သည်။ ''သူနဲ့ရင်းနှီးမှုရှိတဲ့လူဟာ လူတွေနဲ့ ယဉ်ပါးတဲ့ခြေလေးချောင်းသတ္တဝါထဲမှာ ဘာမှအသုံးမကျတဲ့ သတ္တဝါမျိုးပဲဖြစ်မယ်''

ထို့ကြောင့် တစ်ဘတ်စ်က ဆင့်ဝေ့ရန်ရှောင်ဆိုလိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။

''မဆိုးပါဘူး''

နောက်တစ်နေ့ မိုးသောက်သောက်ခြင်းမှာပင် တပ်ကြ[illegible] ကြီး အာဟာမာမတ်သည် ဟဲလ်မီတန်ထံသို့ ခိုတစ်ကောင်ယူလာ[illegible] သည်။ ဟဲလ်မီတန်သည် စီးကရက်စက္ကူဖူးပေါ်တွင် အောက်[illegible] အစီရင်ခံချက်ကို ရေးသားလိုက်သည်။

''နိုင်ငံခြားရေးရုံးညွှန်သည် ဟာဘန်ရောက်နေ။ ပြဿ[illegible] ရှာနေ။ အမြန်ဆုံးပြန်လာပါ''

သူသည် ခိုလေး၏ ခြေပထောက်တွင် ထိုစက္ကူလေးချ[illegible] နှောင်လိုက်ပြီး ခိုလေးကို လေထဲပစ်မြှောက်လိုက်သည်

''သိမ်းငှက်တွေကို သတိထားသွားပါ၊ စစ်သည်တော်[illegible] မိတ်ဆွေလေး''

* * * * * *

မစ္စတာနစ်ကာဆန်ဟာဘန်သည် သူနှင့် လုံးဝမတွေ[illegible] ကြုံဘူးသော ချင်ဘီရီလူမျိုး အဂါဆာကာဆိုသော အမျိုးသ[illegible] သည် သူ့ဘဝကံကြမ္မာဖြစ်လာမည်ကို ရေးရေးမျှ သိခဲ့မည်မဟုတ်[illegible] ချေ။ မစ္စတာဟာဘန်သည် ဆာဗီလ်တန်ဟုခေါ်သော[illegible] အကောင်းဆုံးအပ်ချုပ်သမားထံမှ အသားနားဆုံး အဝတ်အစ[illegible] ကိုသာ ဝတ်ဆင်သည်။ အဂါဆာကာသည် လှပသောခါးလယ်တွင်[illegible] သီထားသော မြက်ခြောက်ဂါဝန်တိုမှလွဲ၍ တစ်ခြား ဘာအဝတ်[illegible] အစားမျှ မဝတ်ဆင်ချေ။

သူမသည် အရပ်ရှည်၏။ ခန္ဓာကိုယ်သွယ်၏။ မျက်လုံ[illegible]



ကလေးများနက်လှသည်။ ယောကျ်ားသားတို့ထက် လေးနက်သော ပညာကို ချစ်မြတ်နိုးသောကြောင့် ယောကျ်ားသားတို့ကို ချစ်တတ်သူမဟုတ်ချေ။ သူမသည် စုန်းကဝေ၊ နာနာဘဝတည်းဟူသော အောက်လမ်းပညာရပ်တို့ကို တစ်ဘက်ကမ်းခတ် တတ်ကျွမ်းသည်။ သို့သော် သူမအား ကလေးသူငယ်များသာ ချစ်မြတ်နိုးသည်။ သူမသည် လူငယ်လူရွယ်များလောက်ပင် စွမ်းအားပြည့်ဝပြီး ၎င်းတို့ပစ်သလောက် အကွာအဝေးအထိ လှံတံကိုပစ်နိုင်သည်။ သူမသည် သေဆုံးသွားသော သစ်ခုတ်သမားနာကီဖာနာကီမီ၏ သမီး၊ ချင်ဘီရီလူမျိုး အဂါဆာကာဟု ၎င်းဒေသတွင် ထင်ရှားသည်။

သူမသည် အသက်(၁၇)နှစ်ရှိသည်။ အပျိုစင်တစ်ယောက် ဖြစ်သည်။ သို့သော် ၎င်းတို့လူမျိုးစုအနေဖြင့်တွက်လျှင်မူ အသက် (၁၇)နှစ်သည်ပင် အရွယ်လွန်နေချေပြီ။ သူမကို ပိုးပမ်းသူအများအပြားရှိသော်လည်း သူမသည် မည်သူ့အပေါ်မှ ချစ်မေတ္တာ မရှိခဲ့ချေ။

သူမသည် သူမ၏အစ်ကို မုဆိုးမာဆူရူနှင့်အတူ နေထိုင်သည်။ သူမသည် သူမအစ်ကို၏ ဇနီးသည်များ ဖောက်ပြန်ကြသည့်အကြောင်းကို သူ့အစ်ကိုကို အမှန်အတိုင်း တိုင်ကြားလေ့ရှိသောကြောင့် သူမ၏ယောင်းမများက သူမကို မုန်းတီးကြသည်။ တတ်နိုင်လျှင် သူမကို ရိုက်နှက်ပစ်လိုက်ချင်သော်လည်း သူမ၏ လက်ရုံးအားကိုသိ၍ လန့်ကြသည်။ လက်ဖြင့် မဝံ့သောကြောင့် လျှာဖြင့်ထိုးနှက်ကြသည်။ သို့သော် ၎င်းတို့အပုတ်ချမှုက ကြာကြာ မတည်တန့်ပဲ၊ ကြာကြာမခံချေ။ မိမိမချုနိုင်သည့်ပန်းကို တစ်ပါးသူချူနိုင် သွားသည်ဟူသောအချက်ကို လက်ခံယုံနိုင်လောက် အောင် သဘောကြီးသော ယောကျ်ားသားနည်းပါးလှသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် ပါးစပ်မှ မီးတလျှံလျှံထွက်ပြီး သစ်ပင်များကို လက်သက်သက်ဖြင့် ဆွဲဖြဲသော ကြောက်လန့်ဖွယ်ကောင်းသည့် တစ္ဆေမိစ္ဆာကြီး မရှိုးမာမရှိဘာနှင့် အခြားသတ္တဝါများ နေထိုင်ရာ တောနက်ထဲတွင် သူမအဖေနှင့်အတူ နှစ်ပေါင်းများစွာနေထိုင်ခဲ့သည်။ သူမသည် ခေါင်းပြတ်ခွေးနဂုရိုးခေတ်ကာလကို ဖမ်းစားသောက်သော ချီကာလာကာအာဖိုဖွန်ဂါ စသည့် သတ္တဝါတို့နှင့် ရင်းနှီးသည်။ မရဏတရားကို စီရင်သော မီးလျှံပုတ်သင်ကိုလည်း ရင်းနှီးသည်။ သူမ၏ဖခင်နာကီမီသည် သူမအား ဘဝ၏လျှို့ဝှက်ချက်များ၏အစနှင့် ဘဝ၏ပျိုးခင်းအကြောင်း ကောင်းကောင်းသင်ပေးခဲ့သည်။ သူမသည် ယောက်ျားတို့ကို ဂုဏ်မဲ့၊ ဂုဏ်ရှိနှစ်သွင်စလုံးကို မြင်ခဲ့ဘူးသည်။ နာကီမာသည် သူမအား ရှေးပဝေသဏီကာလကတည်းက ပါးစပ်ချင်းကမ်းလာခဲ့သော စုန်းကဝေမှော်ပညာအရပ်ရပ်ကို သင်ကြားပေးသည်။

ယောက်ျားသားများသည် သူမကို ကြောက်လန့်ကြသည်။ နတ်ဆရာကြီး အိုဆိုရိုပင် သူမနှင့် ကင်းကင်းနေသည်။

သူမ၏အဆန်းဆုံးပညာရပ်ကား တစ်ပါးသူတို့မမြင်မတွေ့ချင်ဆုံးသောအရာများကို ထိုသူတို့မြင်တွေ့နိုင်အောင် ဖန်ဆင်းနိုင်သည့်ပညာရပ်ပင်ဖြစ်သည်။

တစ်ကြိမ် သူမတစ်ယောက်တည်း လမ်းလျှောက်နေစဉ်တွင် လူမျိုးစုခေါင်းဆောင်လေးတစ်ဦးသည် မေးစေ့အထိရှည်လျားသော မျက်ရိုင်းများကို အကာအကွယ်ယူ၍ သူမကို လိုက်ချောင်းခဲ့သည်။ လူပြတ်သောနေရာသို့ ရောက်သောအခါတွင် မြက်ပင်များကြားမှ ခုန်ထွက်ပြီး သူ၏လုံတံများကို ပစ်ချလိုက်သည်။ သူမကို တအားပြေးဖက်လိုက်သည်။ ရာဂအားသန်နေသောကြောင့် သူ



တုတ်တုတ်ပင် မလှုပ်နိုင်ခဲ့ချေ။

"အဂါဆာကာ တောထဲမှာ ငါ့တဲတစ်လုံးရှိတယ်... ဘယ်မိန်းမသားမှ...."

လူမျိုးစုခေါင်းဆောင်လေးသည် ထိုမျှသာစကားဆို လိုက်နိုင်သည်။ သူမပခုံးကိုကျော်သွားသော သူ၏အကြည့်သည် လမ်းကျဉ်းလေးအတိုင်း တန်းပြီးလျှောက်လာနေသော ကျားသစ်နက်ကြီးသုံးကောင်ကို တွေ့လိုက်သည်။ ကျားသစ်နက်ကြီး သုံးကောင်စလုံး၏ပါးစပ်မှာ ကိုက်စားတော့မည်ကဲ့သို့ ပွင့်ဟနေပြီး မျက်လုံးများမှာ ရွှေဝါရောင် ပြောင်ပြောင်ထနေသည်။

လူမျိုးစုခေါင်းဆောင်လေးသည် အဂါဆာကာကို ချက်ချင်းလွှတ်လိုက်ပြီး သူ၏လုံတံများကို ပြေးကောက်လိုက်သည်။

သူပြန်လှည့်ကြည့်လိုက်သောအခါတွင် သူမရော ကျားသစ်နက်များပါမရှိခဲ့တော့ချေ။

အဂါဆာကာနေထိုင်သောရွာမှ မုဆိုးကြီးအေလီကိကမူ သူကိုယ်တိုင် တောထဲတွင် တစ်ယောက်တည်းလျှောက်သွားပြီး တိရစ္ဆာန်များနှင့်ရင်းနှီးနေသောကြောင့် အဂါဆာကာကို ကြောက်လည်းမကြောက်၊ အရေးလည်းမထားချေ။ တစ်ညတွင် သူသည် မီးပုံထဲတွင် သဏ္ဍာန်တစ်ခုမြင်မိသည်။ လေးလံသော မျက်တောင်များကို ခတ်လိုက်သော ပုတ်သင်နီကြီးတစ်ကောင်အသွင်ပင်။ အေလီကီသည် သူ့မိသားစုကို သေွးအေးစွာပင် လှည့်ပတ်ကြည့်ရှုပြီး သားကောင်ရှာလိုက်သည်။ ကာလီချီမီးလျှံပုတ်သင်သည် သရဲတစ္ဆေတို့တွင် အညာတာဆုံးသရဲတစ္ဆေဖြစ်သည်။ သူ၏ နီရဲသောမျက်လုံးများဖြင့် သေခြင်းနိမိတ်ပေးခြင်းခံရသူ ယောက်ျားဖြစ်ဖြစ်၊ မိန်းမဖြစ်ဖြစ် မည်သူဖြစ်ပစေ အခြား

www.burmeseclassic.com

www.burmeseclassic.com



သူတစ်ဦးနှင့် အစားထိုးပေးသည်ကို လက်ခံသည်။

အေလီကီသည် သူနှင့်အတူ ညအိပ်ညနေ တစ်ယောက် တစ်လှည့်စောင့်ရန် လိုက်လာခဲ့သောအုပ်စုကို ရေကြည့်လိုက်သည်။ သူ့မယားသုံးဦး၊ သူ့ဖခင်နှင့် သူ့ဦးလေးပါဝင်သည်။ သူ့ အစားထိုးစဝေးမှုအတွက် အသင့်တော်ဆုံးသော သားကောင်ကား သူ၏အငယ်ဆုံးဇနီးပင်။ ကာလီချီတစ္ဆေသည် အတော်ဂျီးများသည်။ အကောင်းဆုံးနှင့်အလှဆုံးကိုသာ လက်ခံသည်။ မီးပုံကြီးပတ်ပတ်လည်တွင် ထိုင်၍စားသောက်နေသော အုပ်စု အပြင် အခြားအုပ်စုများလည်းရှိသည်။ ချင်ဘီရီအိုင်ဆီဆီရွာလမ်းမကြီးသည် တဲအိမ်များရှိပြီး တဲအိမ်တိုင်း၏ရှေ့တွင် မီးဖိုထားသည်။ ထိုမီးပုံကိုဝိုင်း၍ ထိုင်နေသော အိမ်ရှင်မိသားစုကို တွေ့ရသည်။

အမှောင်ကြီးစိုးလာသည်။ ရှည်လျားသော ရော်ဘာပင်များထက်မှ ကောင်းကင်ပြင်တွင် ကာလီချီတောက်တဲ့နီကဲ့သို့ပင် မျက်တောင်ခတ်နေသော ကြယ်တာရာများ လင်းလဲ့လာသည်။

အေလီကီသည် ကြယ်တာရာကို တွေ့လိုက်သည်။ ကံကောင်းစေရန်အတွက် သူ၏လက်ဖဝါးများကို သဲထဲတွင် ဖွက်လိုက်သည်။ ထိုအချိန်မှာပင် သူ၏အာရုံထဲသို့ အိမ်နီးချင်း၏ ဒုတိယဇနီးရုပ်ပုံပေါ်လာသည်။ သူမသည် အသက်(၁၈)နှစ်မျှရှိသော မဟူရာအလှပဂေး တစ်ပါးပင်ဖြစ်သည်။ အေလီကီသည် ထိုက်တန်သော အစားထိုးသားကောင်ရှာတွေ့ပြီဟု ယုံကြည်လိုက်သည်။ သူသည် ပုတ်သင်နီကြီးအား မျက်လုံးဆိုင်ကြည့်ပြီး သူမ၏နာမည်ကို အသက်အောင့်ရွတ်လိုက်သည်။ ထိုအခါ ထိုသတ္တဝါ မှေးမှိန်ပျောက်ကွယ်သွားသည်။ ထိုနတ်ဘုရားကာလီချီသည် သူ၏ရွေးချယ်မှုကို လက်ခံသဘောတူသွားပြီဟု အေလီကီသိလိုက်



သည်။

ထိုညနက်ပိုင်းမှာပင် အိမ်နီးချင်း မာဆူရှ၏ ဒုတိယဇနီး ိကာသည် ပထမဇနီးအတွက် ရေခပ်ပေးရန် မြစ်ကမ်းပါးသို့ င်းလာခဲ့သည်။ အေလီကီက သူမကိုဖြတ်တွေ့လိုက်သည်။

"မင်းလောက်လှတဲ့သူမရှိဘူး....လိုကာ....မင်းရဲ့ ခြေ ထောက်တွေဟာ ခြသေ့ံတစ်ကောင်ရဲ့ ခြေထောက်တွေလိုပဲ.... င်းရဲ့ လည်မျိုကတော့ သမင်ဖျူလေးရဲ့ လည်မျိုအတိုင်းပဲ"

အေလီကီသည် သူမ၏အလှကို ဆက်လက်ဖွဲ့နွဲ့လိုက် ည်။ လိုကာသည် သူ၏စကားကိုနားထောင်ရင်း ရယ်မောလိုက် ည်။ သူသည် ယခုပင် ပထမဇနီးနှင့်စကားများခဲ့ပြီး မာဆူရှက မကို ရိုက်နှက်ခဲ့သည်။ ထိုအခြေအနေကြောင့် မိန်းမတို့၏ ဘာဝ နှစ်မြို့က်တတ်သော မြှောက်ထိုးပင့်ကော်မှုများအတွက် သင့်ဖြစ်နေခဲ့သည်။

"ရှင့်မှာ မယားတွေမရှိဘူးလား အေလီကီ...."

သူမက ကျေနပ်စွာမေးလိုက်သည်။

"ကျွန်မယောင်းမ အဂါဆာကာနဲ့ပေးစားမယ်....အဂါ ာကာဟာ သိပ်လှတယ်....ဘယ်ယောကျ်ားရဲ့ပခုံးကိုမှ မမှီမအုံး သေးဘူး"

သူမသည် အဂါဆာကာကို မုန်းတီးသော်လည်း ထိုသို့ မ်းပြောကြားလိုက်သည်။ မိန်းမများသည် သူတို့မုန်းတီးသော များ ကောင်းကွက်ကို သူစိမ်းများအား အမွှန်းတင်ပြောတတ် ည်။ ထိုသူစိမ်းများက သဘောကျပြီး ယူသွားစေရန် ရည်ရွယ် ဖြစ်ကောင်း ဖြစ်နိုင်သည်"

"လိုကာ....တခြားဇနီးတွေကို ထည့်မပြောပါနဲ့ဦး...၊

www.burmeseclassic.com



ဘောင်ဖက်ကမ္ဘာမြေရဲ့အစွန်းက ဘုရင်အိုကြီးဆီတောင်....မင်း
လာတဲ့ရန်သူမယားမျိုး မရှိဘူး''

အေလီကီကဆက်၍ မြှောက်ပင့်လိုက်ရာ လိုကာ ရယ်
မောလိုက်သည်။

''သေချာပါပြီ....ရှင်ဟာ မာဆူရှုပြောသလို ရူးနေတာ
ပဲ....ရှင်ဟာ ဘာမှမြင်စရာတွေ့စရာ မရှိဘူးပဲ။ ထူးထူးဆန်းဆန်း
မြင်နေတွေ့နေတတ်တယ်တဲ့.... မာဆူရှုတစ်ယောက်တည်းက
ပြောတာမဟုတ်ဘူး... ရှင်ဟာ စုန်းပြုစားခံရတယ်လို့ လူတိုင်းက
ပြောနေတယ်''

လိုကာက သူမ၏အသံလိုက်လိုက်လေးဖြင့် ပြောလိုက်
သည်။

လိုကာနေမကောင်းသည်မှာ မှန်သည်။ သူ၏ ခေါင်းထဲ
တွင် ထိုးထိုးကိုက်တတ်သည်။ အေလီကီသည် တောက်တဲ့များ
အပြင် အခြားအရာများကိုလည်း မြင်တွေ့ရသည်။

''မာဆူရှုဟာ အဖိုးကြီးအရူးပါ.... ငါ့မှာ အံ့ဖွယ်ရာတွေ
မြင်နိုင်တဲ့ မှော်စွမ်းတွေရှိတယ်.... ငါနဲ့အတူ တောထဲလိုက်ခဲ့စမ်းပါ
လိုကာ.... မင်းကိုမှော်ပညာတွေ သင်ပေးမယ်.... အဖိုးကြီး တစ်
ယောက် မချစ်နိုင်တဲ့နည်းနဲ့ ချစ်ပြမယ်''

လိုကာသည် သူမ၏ဘူးခြောက်ကို မြစ်ကမ်းစပ်နားမှ
မြက်ပင်များကြား ထိုးဝှက်လိုက်ပြီး သူ့နောက်မှ တောထဲသို့လိုက်
သွားသည်။ အေလီကီသည် လိုကာအား ထိုတောထဲတွင် သတ်
လိုက်သည်။ မီးပုံတစ်ပုံဖိုလိုက်သည်။ ထိုမီးပုံထဲတွင် ကျေနပ်ပုံရ
သော ပုတ်သင်နီကိုတွေ့လိုက်သည်။ အေလီကီသည် မြစ်ထဲသို့
ဆင်းသက်ပြီး သူ့ကိုယ်သူ ဆေးကြောသုတ်သင်လိုက်သည်။ ထို



နောက် သူ၏တဲသို့ပြန်ပြီး အိပ်စက်လိုက်သည်။

မနက်အိပ်ယာမှနိုးသောအခါတွင်မှ လိုကာကို သတ်လိုက်
မိသည့်အတွက် နောင်တရမိသည်။ လောကတွင် သူမြင်ဘူးသမျှ
မိန်းမတို့တွင် အလှဆုံးဟု ထင်မိသည်။ ရွာထဲတွင် လူတစ်ဝက်မျှ
ကင်းမဲ့နေခဲ့သည်။ လိုကာ၏ရေဘူးကို တွေ့သောကြောင့် တောထဲ
ဝင်ရောက်၍ သူမကိုရှာဖွေနေခဲ့ကြသည်။ မကြာမီ သူမ၏
အလောင်းကို ရှာတွေ့လိုက်သည်။ သို့သော် သူမတောထဲသို့
ဝင်ရောက်သွားသည်ကို ဘယ်သူမှ မမြင်လိုက်သလို သူမအသတ်ခံ
ရပုံကိုလည်း မည်သူမျှ မတွေ့လိုက်ချေ။ တစ်ချို့က အိုချိုရိုတံငါများ
သတ်သွားသည်ဟု ယူဆသည်။ တစ်ချို့ကမူ အချစ်နှင့်ဖြားယောင်
သွေးဆောင်သော သရဲတစ္ဆေတစ်ကောင် သတ်သွားသည်ဟု
ယုံကြည်မိသည်။ ရွာသားများသည် လိုကာ၏အလောင်းကို ရွာထဲ
ပြန်သယ်လာကြ သည်။ အိမ်ထောင်သည် အမျိုးသမီးများသည်
သစ်ရွက်စိမ်းများဖြင့် ပြုလုပ်ထားသော ဂါဝန်များဝတ်ဆင်၍ မရဏ
အကကို ကကြသည်။ ထူးဆန်းသော သီချင်းကိုဆိုကြသည်။

အေလီကီသည် မီးပုံတစ်ခုရှေ့တွင်ထိုင်၍ ကျန်လူများ၏
လှုပ်ရှားမှုကို စိတ်ဝင်စားမှုကင်းစွာကြည့်နေခဲ့သည်။ သူသည်
လိုကာကို သတ်မိသည့်အတွက် လိုက်လိုက်လှဲလှဲ စိတ်မကောင်း
ဖြစ်မိသည်။ သူသည် မီးပုံထဲသို့ အမှတ်တမဲ့ငေးကြည့်လိုက်သော
အခါတွင် သူ့အား လှောင်ရယ်သလိုကြည့်၍ မျက်တောင်တရစပ်
ခတ်နေသော မရဏပုတ်သင်ကာလီချီကို တွေ့ရသည်။

သူ၏စနေတားမှု မှားယွင်းသွားချေပြီ။

အေလီကီခေါင်းထောင်ကြည့်လိုက်သည်။ သူမစေ့ကို
တဲ၏တံခါးကိုကိုင်၍ရပ်နေသော အဂါဆာကာကို တွေ့လိုက်ရ

www.burmeseclassic.com

www.burmeseclassic.com



သည်။ အေလီကီသည် ထိုအသွင်ကို နတ်ဘုရားပြသော အသွင်အဖြစ် လှိုက်လှိုက်လှဲလှဲယုံကြည်ခံစားလိုက်ရသည်။

သူမီးပုံကို ပြန်ငုံ့ကြည့်လိုက်သောအခါတွင် မရဏာတမန် ပုတ်သင်နီကို မတွေ့ရတော့ချေ။

အချိန်ကြန့်ကြာနေ၍ မဖြစ်ချေ။ အေလီကီသည် ချုံချိုင်းပင် ထိုင်နေရာမှထ၍ ချင်ဘီရီရွာ၏ အပျိုစင်ထံလျှောက်သွားသည်။

''မင်းကိုငါမြင်တယ်....အဂါဆာကာ....အခုအဖြစ်ဟာ မင်းအစ်ကိုအတွက် သိပ်ရက်စရာကောင်းတဲ့အဖြစ်ပဲ.... ရွာတွေက အမျိုးသမီးတွေက သူ့ဟာ သူနဲ့ချိန်းတွေ့တုန်းက သူ့ချစ်သူက သတ်လိုက်တာလို့ ပြောကြတယ်''

အဂါဆာကာသည် အေလီကီကို ဖြည်းလေးစွာ လှည့်ကြည့်လိုက်သည်။ သူမ၏ ညိုမှောင်သောမျက်လုံးများ ရွှန်းရွှန်းတောက်နေခဲ့သည်။

''လိုကာဟာ ရှုံးမိုက်လို့ အသတ်ခံရတာ.... ဒါပေမဲ့ သူ့ကိုသတ်တဲ့လူက ပိုလို့တောင်ရှုံးမိုက်သေးတယ်.... လိုကာအတွက် ဝေဒနာဟာ အတိတ်ဖြစ်သွားပြီ.... လူသတ်သမားအတွက်တော့ အနာဂတ်မှာရှိတယ်....အညိုရောင်ဝတ်စုံကို ဝတ်ဆင်တဲ့ သားသတ်ငှက်ကြီးသခင်ဆန်ဒီဟာ မကြာခင်ရောက်လာလိမ့်မယ်.... အဲဒီလူသတ်မှုကျူးလွန်တဲ့လူရဲ့ မျက်လုံးကို ဖောက်ထုတ်လိမ့်မယ်''

အေလီကီသည် သူမကို ခန့်အုပ်ပစ်ချင်မတတ် မုန်းတီးသွားသည်။ သို့သော် သူ့စိတ်ကိုချုပ်၍ သဘောတူဟန် ခေါင်းညိတ်ပြနိုင်လောက်အောင် ပါးနပ်ခဲ့သည်။

''ငါဟာ ပညာရှိတယ်....အဂါဆာကာ....တခြားလူတွေမမြင်မတွေ့တဲ့ အံ့ဖွယ်ရာတွေကို ငါမြင်တွေ့တယ်....ဆန်ဒါး(စ်)နဲ့ သူ့စစ်သည်တွေ မလာခင်မှာ ဒီလူသတ်ကောင်ကို နှင့်အစ်ကိုရဲ့ တံခါးဝရောက်လာစေနိုင်မဲ့ မှော်ပညာကို ငါသင်ပေးမယ်''



အဂါဆာကာသည် အေလီကီကို လေးလေးနက်နက်ကြည့်လိုက်သည်။ ရွာသူများ၏ တေးဆိုသံသည် ရွာတစ်ဖက်စွန်းမှ အသံအုပ်အုပ်လွင့်ပျံ့လာသည်။ ခွေးတစ်ကောင်သည် တဲ၏ မှောင်ရိပ်ထဲတွင် ခို၍အူလိုက်သည်။ မြစ်လယ်ရှိ ကျွန်းလေးတွင် မြှပ်နှံရန်အတွက် အလောင်းကို လှေပေါ်တင်နေသောကြောင့် ရွာသူရွာသားအားလုံး၏ အာရုံသည် လှေဆီသို့သာရောက်နေသည်။

''သွားကြစို့''

အဂါဆာကာက အေလီကီအား ပြောလိုက်သည်။ ထို့နောက် ပြောင်းခင်းတစ်ခင်းကြားမှ ဖြတ်လျှောက်သွားသော အေလီကီနောက်မှ လိုက်ခဲ့သည်။ မကြာခင် ရွာနောက်ဖက်တောစပ်သို့ ရောက်သည်။ ထိုမှတဆင့် ငို၍နက်သော တောဘက်သို့ဝင်ခဲ့ကြသည်။ ဤနေရာတွင် သစ်ပင်များကြီးမားစွာ ပေါက်နေသည်။ လူဆယ်ယောက်ဆင့်ရပ်လျှင် အပေါ်ဆုံးကလူ၏ ဦးခေါင်းသည် အနိမ့်ဆုံးသစ်ကိုင်းကို ထိရုံသာရှိမည်။

ရှေ့မှဦးဆောင်သွားနေခဲ့သော အေလီကီက ရပ်လိုက်သည်။ ထို့နောက် အဂါဆာကာကို လှည့်ကြည့်လိုက်သည်။ ထိုအချိန်မှာ သစ်ပင်ထိပ်ဖျားများ လှုပ်ရမ်းသွားသည်။ အေးမြသောလေတစ်ချက်ဝေ့သွားသည်။ မိုးခြိမ်းသံ အုပ်အုပ် ပေါ်လာသည်။

''ဒီမှာထိုင်ကြရအောင်....ပထမငါ့ကိုချစ်တဲ့ မိန်းမတွေ့အကြောင်းပြောပြမယ်.... မင်းကိုပဲ ငါတမ်းတမ်းစွဲချစ်နေ၍ အဲဒီမိန်းမတွေကို ငါလုံးဝမချစ်တဲ့အကြောင်း ပြောပြမယ်.... နောက်

www.burmeseclassic.com

www.burmeseclassic.com



တို့နှစ်ယောက် ချစ်သူဖြစ်ကြမယ်''

အေလီကီက ပြောလိုက်သည်။

''အဲဒါတွေဟာ ဘာမော်၊ ဘာပညာနဲ့မှ မဆိုင်ဘူး အေလီကီ''

အဂါဆာကာက ပြောလိုက်သည်။ ထို့နောက် အေလီကီက သူမကို အန္တရာယ်ပြုတော့မည့်မှန်း ချက်ချင်းတွေ့လိုက်သည်။ အေလီကီသည် သူ၏လှံတံကို မြှောက်လိုက်သည်။

''မရဏာပုတ်သင်ရဲ့ဆန္ဒအရ လိုကာသေသလို မင်းလည်း သေပေတော့''

အေလီကီသည် ပြောပြောဆိုဆိုပင် လှံတံကိုပစ်ရန် အားယူလိုက်သည်။

''ကျွန်မဟာ လိုကာပဲ''

အဂါဆာကာက ဟစ်ကြွေးလိုက်သည်။

အေလီကီသည် သူမကိုကြည့်ပြီး ပါးစပ်ဟောင်းလောင်းဖြစ်သွားသည်။ မှန်သည်။ သူမသည် သူသတ်လိုက်သော လိုကာဖြစ်နေသည်။ ပါးနပ်သော မျက်လုံး၊ ရှည်လျားသော လက်ချောင်းများနှင့် လိုကာအစစ်ပင်။ လိုကာကဲ့သို့ပင် နားရွက်နောက်တွင် ပန်းနီနီတစ်ပွင့်ပန်ထားသည်။ လိုကာကဲ့သို့ပင် ရှည်လျားသွယ်တန်းသော ခြေထောက်များရှိသည်။

''အို.... အို....''

အေလီကီချောက်ချောက်ချားချား ရေရွတ်ပြီး လှံတံကို ပစ်ချလိုက်သည်။

အဂါဆာကာသည် ထိုလှံတံကို ကောက်ယူလိုက်သည်။ ထိုတခဏ်မှာပင် သူမသည် အဂါဆာကာပြန်ဖြစ်သွားသည်။ သူမ



နားရွက်နောက်တွင် ပန်းနီနီလေးမရှိတော့။ သူမလက်ချောင်းများတိုနေသည်။ ပါးနပ်သောအပြုံးနေရာတွင် သေမင်းအကြည့်ကို တွေ့ရသည်။

''ဒါဟာ ငါ့ရဲ့မော်ပညာပဲ...အေလီကီလူသတ်ကောင်၊ ငါဟာ အချစ်အတွက် ဖန်ဆင်းထားတဲ့သတ္တဝါမဟုတ်ဘူး... အံ့ဖွယ်ရာ တန်ခိုးအတွက် ဖန်ဆင်းထားတဲ့ သတ္တဝါပါပဲ''

အေလီကီသည် စကားတစ်ခွန်းမျှ မဆိုမဟာပဲနှင့် လာရာလမ်းကို ပြန်လျှောက်ခဲ့သည်။ အဂါဆာကာက နောက်မှလိုက်လာသည်။ သူမသည် နောက်မှလျှောက်လိုက်ရင်း လှံသွားကိုစမ်းလိုက်မိသည်။ ဖျော့ဖျော့လေးကိုင်လိုက်သည့်တိုင်အောင် လှံသွားနှင့်ထိလိုက်သောလက်မတွင် သွေးစို့သွားသည်။ တောအုပ်တစ်ခုလုံးမှောင်သထက်မှောင်လာနေခဲ့သည်။ လေသည် ပြင်းတစ်ခါလျှော့တစ်လှည့် တိုက်ခိုက်နေခဲ့သည်။ ငယ်သံပါအောင် အော်ဟစ်သံနှင့် ငြီးငြူသံတစ်လှည့်ထွက်နေသကဲ့သို့ မြည်ဟီးနေသည်။

တောစပ်၊ ရေကန်နားအရောက်တွင် သူမသည် ခြေလျှင်စစ်သည်တစ်ဦး ဓါးရှည်ဖြင့် လွှဲခုတ်လိုက်သကဲ့သို့ လှံတံဖြင့် လွှဲ ခုတ်လိုက်သည်။ အေလီကီသည် လှံသွား၏ လေတိုးသံကြောင့် သမင်လည်ပြန်လှည့်ကြည့်လိုက်မိသည်။

အဂါဆာကာ အစ်ကို၏ ပထမဇနီးသည် ရေကန်ထဲတွင် စိမ်ထားသော သစ်ဥသစ်ဖုများကို ကောက်နေခဲ့သည်။ မှိုင်းမှောင်နေသော လောကကြီးကို ပထမဦးဆုံး လျှပ်နွယ်လျှပ်ပန်းများက လင်းလဲ့သွားစေချိန်မှာပင် အေလီကီ၏ခေါင်းပြတ်ကြီးသည် သူမ၏ ခြေရင်းနားသို့ လွင့်ကျလာသည်။

❋ ❋ ❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



ရေကူးပြီး လေးနာရီအကြာ မိုးသည်းသည်းရွာနေသော အချိန်မှာပင် အဖြူရောင်တောက်ပနေသော တိုက်ရေယာဉ်တစ်စင်းသည် မြစ်ကြောင်းအတိုင်း ဆန်တက်လာသည်။

သင်္ဘောဦးခန်းတွင် ရပ်တန့်နေသော အရေးပိုင်ဆန်ဒါး(စ်)သည် လှိုင်းလေကြီးနေသော မြစ်ပြင်ကိုကြည့်ရှုနေရာမှ သင်္ဘောဆိုက်ကပ်တော့မည့် ကမ်းခြေရွာလမ်းကို လှမ်းကြည့်လိုက်သည်။

ရေတံခွန်တစ်ခုမှ ရေလုံးကြီးများ တသောသောကျနေသကဲ့သို့ မိုးရေသည်းသည်းကျနေသည့်တိုင်အောင် မိုးကိုဂရုမစိုက်သည့်ပုံစံဖြင့် နှစ်ယောက်စီ တန်းစီလမ်းလျှောက်လာနေသော လူရှစ်ဦးကို တွေ့လိုက်ရသည်။ တုပ်နှောင်ထားသောသစ်သားတုံးတစ်ခုကို ၎င်းတို့ပခုံးထက်တွင် ထမ်းထားသည်။

ဆန်ဒါး(စ်)ကမ်းပေါ်သို့ ခုန်အတက်မှာပင် လျှပ်စစ်မီးလုံးများ ဆက်တိုက်မှိန်ချလိုက်သကဲ့သို့ ကောင်းကင်ပြင်တွင် လျှပ်နွယ်လျှပ်ပန်းများ ပြင်းပြင်းယှက်ဖြာသွားပြီး မိုးကြိုးပစ်သံကြီး ပေါ်လာသည်။ ထိုလျှပ်ပန်းလျှပ်နွယ် အလင်းရောင်ကြောင့်ပင် ဝန်ထုပ်နှင့် လူရှစ်ဦး အနီးသို့မရောက်ခင် ၎င်းတို့ပခုံးထက်မှ ဝန်ထုပ်ကို သဲသဲကွဲကွဲမြင်ပြီး ဖြစ်သည်။ ဆန်ဒါး(စ်)သည် ထိုသူတို့၏ ရှေ့တည့်တည့်မှ ပိတ်ရပ်လိုက်သည်။

"ဟေ့ကောင် ...မင်းတို့က ဘယ်သူတွေမို့ ဒီအမျိုးသမီးရဲ့မျက်နှာကို တစ္ဆေသရဲအမှတ်အသား ဆွဲထားတာလဲ"



ဆန်ဒါး(စ်)က အေးဆေးစွာမေးလိုက်သည်။

၎င်းတို့သယ်ပိုးလာသော မိန်းမပျို၏မျက်နှာကို အဖြူရောင် ရွှံ့စေးများ လိမ်းကျံထားကြောင်း ထင်းထင်းမြင်နေရသည်။ ၎င်းတို့တစ်ဦးတစ်ယောက်မျှ သူ့မေးခွန်းကို မဖြေရချေ။ ရှေ့ဆုံးမှ လူတစ်ယောက်မှလွဲ၍ ကျန်လူများသည် ၎င်းတို့၏ ခြေချောင်းလေးများကို လှုပ်နေခဲ့သည်။

ဆန်ဒါး(စ်)သည် မလှုပ်မရှားပုဂ္ဂိုလ်ကို မေးလိုက်သည်။

"နာကီမာရဲ့သား မာဆူရူ....ဒီမိန်းမဟာ ဘယ်သူလဲ"

မာဆူရူလည်းချောင်းရှင်းလိုက်သည်။

"သခင်....ဒီမိန်းမဟာ ကျွန်တော့်မိခင်ရဲ့သမီးအရင်းပါပဲ။ သူဟာ ကျွန်တော့်ဇနီးလိုကာကိုသတ်ပြီး အေလီကီကို သတ်လိုက်ပါတယ်"

"သတ်တာတွေကို ဘယ်သူမြင်လဲ"

"ကျွန်တော့်ပထမဇနီးက မြင်ပါတယ်.... သူ့လင်ငယ်ရေနစ်သေဆုံးပြီးကတည်းက သူဟာ ကျွန်တော့်အပေါ်မှာ သစ္စာရှိပါတယ်.... အေလီကီရဲ့ခေါင်းပြတ်ကျလာတာကို သူမြင်ပါတယ်။ နောက်ပြီး "သေစမ်း.... လိုကာကို ငါသတ်တာမြင်တော့ နင်လည်းသေစမ်း" အဂါဆာကာကြိမ်းဝါးလိုက်တာကိုလည်း သူ့နားနဲ့ဆတ်ဆတ်ကြားခဲ့ပါသည်။။

ဆန်ဒါး(စ်)က သူတို့စကားကို မယုံကြည်ချေ။

"ဒီမိန်းမကို ကြိုးဖြည်ပေးလိုက်စမ်း....ငါ့ရှေ့မှာ မတ်တပ်ရပ်စမ်းပါစေ"

သူတို့သည် ဆန်ဒါး(စ်)၏ အမိန့်အတိုင်း အဂါဆာကာ၏ ကြိုးများကို ဖြည်လိုက်ပြီး၊ မျက်နှာပေါ်မှဆေးများကိုလည်း ဖျက်

www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်သည်။

"ကဲ...ငါ့ကို အဖြစ်အပျက်ပြောပြစမ်း"

သူမရိုးရိုးရှင်းရှင်းလေး ပြောပြလိုက်သည်။ ယုံလောက်သော အခြေအနေရှိသည်။ သို့တိုင်အောင်....

"သူမ... မကောင်းဆိုးဝါးစကားပြောတာကိုကြားတဲ့ မိန်းမကို ခေါ်လာခဲ့စမ်း"

ထိုမိန်းမရောက်လာသည်။ ဆန်ဒါး(စ်)၏ အေးစက်သောအကြည့်ကိုခံရ၍ အနည်းငယ်တုန်လှုပ်သွားသည်။ သို့သော် ရဲတင်းဟန်ပြုပြီး အာဘောင်အာရင်းသန်သန်ဖြင့် ပြောလိုက်သည်။

ဆန်ဒါး(စ်)သည် သူမစကားကို နားစိုက်ထောင်လိုက်သည်။ အဂါဆာကာကမူ တစ်ခွန်းတစ်ပါဒမျှ ဝင်မပြောဘဲရပ်နေသည်။ ပထမဖနီးသည် သူမအတွေ့အကြုံကိုပြောပြပြီးနောက် နိဂုံးချုပ်လိုက်စကားဆိုလိုက်သည်။

"ဆန်ဒါး(စ်).... ကျွန်မ အခုပြောတာအမှန်တွေပါပဲ.... ကျွန်မလိမ်ညာခဲ့တာဖြစ်ရင် ကျွန်မကိုအရှည်ကြီးတွေက မြစ်ထဲဆွဲချပြီး မြွေစာကျွေးပါစေ"

သူမကိုအကဲခတ်နေသော ဆန်ဒါး(စ်)သည် သူမ၏ အမူအရာမှာ အညိုရောင်အသားအရည် မှိုင်းမှုံသွားပြီး ပါးစပ်ဟောင်းလောင်းပွင့်အောင် ထိတ်လန့်သွားသည်ကို မြင်လိုက်သည်။

ဆန်ဒါး(စ်)မမြင်လိုက်ရသည့်အရာကား မှားယွင်းထွက်ဆိုနေသော သက်သေထံသို့ ပါးစပ်ကြီးပြဲဟ၍ သွားရည်တမြားမြားဖြင့် တွားတက်လာနေသော အရှည်ကြီး(ခေါ်)အဝါရောင် မိကျောင်းကြီးတစ်ကောင်ပင်ဖြစ်သည်။

၎င်းမိကျောင်းကို မာဆူရှ၏ ပထမဖနီးသာမြင်သည်။



သူမသည် အသံကုန်အော်ဟစ်၍ ခိုကိုးရာမရတော့သည့်ပုံဖြင့် သူမလင်၏ ခြေထောက်များကို ဖက်၍ တတွတ်တွတ်ရေရွတ်လိုက်သည်။

ဆန်ဒါး(စ်)သည် စကားတစ်ခွန်းမျှဝင်မပြောချေ။ သို့သော် ပထမဖနီး၏ပါးစပ်မှ သွေးရူးသွေးတန်းထွက်လာသော စကားများသည် ပထမထွက်ချက်နှင့် တစ်ခြားစီဖြစ်နေကြောင်းကောင်းကောင်းသိလိုက်သည်။

"ငါ့သဘော်ကို လိုက်ခဲ့ အဂါဆာကာ"

ဆန်ဒါး(စ်)ကပြောလိုက်သည်။ ဤမိန်းမပျိုကို ထားရစ်ခဲ့လျှင် ပြဿနာဖြစ်သွားနိုင်သည်ကို ဆန်ဒါး(စ်)သဘောပေါက်သည်။ ဤလူများသည် ဤမျှမကြီးကျယ်သောကိစ္စရပ်များအတွက်နှင့်ပင် စစ်ဖြစ်လေ့ရှိကြသည်။

ဆန်ဒါး(စ်)သည် အဂါဆာကာအား သူ၏တိုက်ရေယာဉ်ဆီသို့ခေါ်ဆောင်သွားသည်။ သူမသည် ယို့ယို့ကုတ်ကုတ်ပင်လိုက်သွားသည်။

ထိုညတွင်မူ ဌာနချုပ်မှ စေလွှတ်လိုက်သော စေတမန်ကလေးသည် နွမ်းလျလျရောက်လာသည်။ ဆန်ဒါး(စ်)သည် ခိုလေးသယ်ဆောင်လာသောသတင်းကို ဖတ်ရှုပြီးနောက် ကျေနပ်မှုလည်းဖြစ်၊ မကျေနပ်မှုလည်း မဖြစ်မိချေ။

ကုလားထိုင်လူတန်းစားဟုခေါ်နိုင်သော အထက်အရာရှိ ...ဘော်တော်များများနှင့် သူတွေ့ဆုံခဲ့ဘူးသည်။ သို့သော်အများစုမှာ ...က်အောက်ငယ်သားများထင်သလို သဘောဆိုးသူများ မဟုတ်သာကြောင့် ထိုအဆင့်မြင့်အထက်အရာရှိများကို ကြောက်ရွံ့ခြင်း မရှိတော့ချေ။ သူ့ဆီရောက်လာသော အစီရင်ခံစာထက်

www.burmeseclassic.com

www.burmeseclassic.com



သူ့စိတ်ကိုပို၍ အနှောက်အယှက်ဖြစ်နေစေခဲ့သောအရာကား အ ဆာကာ၏ ထူးဆန်းသော တန်ခိုးပင်ဖြစ်သည်။ သူသည် ဒေသတိုက်တွင် ထူးထူးဆန်းဆန်းအဖြစ်တော်တော်များများ ကြုံခဲ့ဘူးသည်။ အာဖရိကတိုက်တစ်လွှားလုံးကို သတင်းပို့နိုင်သေ လိုကာလီသစ်ခေါင်းပွကို သူ ယခုထိနားမလည်ချေ။ အဖြေထု ၍မရသလို တစ်ခါတစ်ရံတွင်မူ အင်မတန် အော်ဂလီဆန်ချင်စ ကောင်းသော မှော်၊ စုန်း ကဝေပညာတို့သည် နေ့တိုင်းကြုံရ နိုင်သော ပညာရပ်အဖြစ်အပျက်များ ဖြစ်နေသည်။ တစ်ချို နားမလည်နိုင်အောင်အဆင့်မြင့်သည်။ ဤအတတ်ပညာအများ သည် အီဂျစ်နှင့် အီဂျစ်ခေတ်မတိုင်မီ သမိုင်းဦးခေတ်ကာလ ဆင်းသက်လာသောပညာရပ်များပင် ဖြစ်သည်။ ကဗျာ၊ စာ မရှိသောလူမျိုးများ ဆင့်ပွားကမ်းခဲ့သော အမွေတစ်ခုပင်ဖြစ်သည်

နောက်တစ်နေ့ ဖာရိုသင်္ဘောအပြန်ခရီး နှင်နေခိုက်တွ သူသည် သူ၏တပ်ကြပ်ကြီးအာဘီဘူးကို ခေါ်လိုက်သည်။

"အဲဒီ ချင်ဘီရီအမျိုးသမီးကို ခေါ်ခဲ့စမ်း"

သူမအား ရိက္ခာခန်းထဲတွင် ပိတ်ထားရာမှ ခေါ်ဆော လာခဲ့သည်။

"မင်းအကြောင်းတွေ ငါအမျိုးမျိုးကြားနေရတယ် အဂါဆာကာ"

ဆန်ဒါး(စ်)က အာဏာသံအပြည့်ဖြင့် ပြောလိုက်သည် ထို့နောက် ကြားသိသမျှ အကြောင်းအချက်တို့ကို ပြောပြလိုက် သည်။

"မှန်ပါတယ်.... သခင်၊ အဲဒီပညာတွေကို ကျွန်မအဖိုးက ကျွန်မအဖေကို သင်ပေးသွားသလို၊ ကျွန်မအဖေက ကျွန်မက



သင်ပေးသွားပါတယ်"

သူမသည်ခွေစဉ်မျိုးဆက်ခေတ်သုံးဆယ်မျှ ပညာအမွေ ဆက်ဆင့်ကမ်းလာခဲ့သောသူများ၏အမည်ကို ရေရွတ်ပြလိုက် သည်။ သူမ ဆက်လက် လက်ဆင့်မကမ်းတော့ရန် ဆန်ဒါး(စ်)က ဆန့်တားလိုက်၍သာ ထိုအရေအတွက်နှင့်ရပ်သွားသည်။

"မင်းရဲ့မှော်ပညာကို ပြစမ်းပါ"

ဆန်ဒါး(စ်)ကပြောဆိုလိုက်သည်။ သို့သော် သူမခေါင်းခါ ပြီး ငြင်းဆန်လိုက်သည်ကို အံ့ဩစွာတွေ့ရှိရသည်။

"ကျွန်မတတ်တဲ့မှော်ပညာဆိုတာ အဲ့ဒါတစ်ခုတည်းပါပဲ.... အဲဒါကလည်း ကျွန်မကြောက်လန့်နေတဲ့အခါမှာ အလိုလိုထွက် ပေါ်လာတဲ့အစွမ်းတစ်ခုပါပဲ"

ဆန်ဒါး(စ်)သည် သူ့ခါးတွင်ချိတ်ဆွဲထားသော ဘရောင် င်းပစ္စတိုကို သားရေအိတ်ထဲမှ တစ်ဝက်တပျက် ဆွဲထုတ်လိုက် သည်။

သူသည် တက်မခန်းရှေ့ တာလပတ်အံမိုးအောက်တွင် နေထိုင်ခဲ့သည်။ အနီးတွင် တက်မကိုင်ရှိနေပြီး ဘေးနိုလူမျိုး ရာတိတ်လေးက သင်္ဘောဦးတွင်ရပ်၍ ဝါးလုံးရှည်ကြီးဖြင့် ရေတိမ် ရေနက်ကို တိုင်းနေခဲ့သည်။ ဆန်ဒါး(စ်)သည် တမင်တကာပင် မိန်းမပျိုကိုမကြည့်ပဲ တက်မကိုင်၏နောက်ကျောကိုသာ စူးစိုက် ကြည့်နေခဲ့သည်။

ဆန်ဒါး(စ်)ပစ္စတိုဒင်ကို လက်ဖြင့် ဆုပ်အုပ်မိရုံလေးမှာ င် လောကကြီးတွင် သူကြောက်လန့်သော တစ်ခုတည်းသော ရာကို သူ့ခြေထောက်နားတွင် တွေ့လိုက်သည်။ အင်္ဂလိပ်မြွေ ဟာက်တစ်ကောင် ပါးပြင်းထောင်၍ သူ့ကိုပေါက်ရန်အသင့်။

www.burmeseclassic.com

www.burmeseclassic.com



ပစ္စတိုသံ နှစ်ချက်မြည်ဟီးသွားသည်။ တက်မကိုင်သည် ယယ်သံပါအောင် တစ်ချက်အော်ပြီး အကာအကွယ်ရှိရာသို့ တဟုန် ထိုး ပြေးသွားသည်။ ဇာရီသင်္ဘောသည် ပြင်းထန်သော ရေစီး ကြောင်းဘက်သို့ ဦးလှည့်သွားသည်။

ကုန်းပတ်ကြမ်းပြင်ပေါ်တွင်မူ မည်သည့်အရာမျှ မရှိချေ။ အပေါက်ကလေး နှစ်ပေါက်သာ တွေ့ရသည်။ ဆန်ဒါး(စ်)သည် တက်မဘီးကို ကမန်းကတမ်းဆွဲလိုက်သည်။ သင်္ဘောကို တည့် လိုက်သည်။. တက်မကိုင်ကို ပြန်ခေါ်ပြီး ကြောက်လန့်တကြား သစ်ပုံထဲ ခုန်ဆင်းသွားသော ရေနက်တိုင်းချာတိတ်ကို ဆယ်ထုတ် ပြီးသောအခါတွင် ဆန်ဒါး(စ်)သည် ရိုင်ဖယ်သေနတ်တစ်လက်ဖြင့် အပြေးအလွှားရောက်လာသော အာဘီဘူးကို လက်ခါထုတ်ပြ လိုက်သည်။ ကုလားထိုင်တွင် ပြန်ထိုင်လိုက်သည်။

''အမျိုးသမီး မင်းအခန်းလေးကို မင်းပြန်သွားလို့ရပါပြီ''

ဆန်ဒါး(စ်)က အေးဆေးစွာ ပြောလိုက်သည်။

အင်္ဂါဆာကာသည် မပြည့်ဝသောမိန်းမမျိုး ခေါင်းမော့ ဝင့်ကြွားမည့် အခြေအနေပုံစံအတိုင်းပင် ယို့ယို့ကုပ်ကုပ်လေးသာ ပြန်သွားသည်။ ဆန်ဒါး(စ်)သည် သူမကို မကြည့်ခဲ့ချေ။ ထို့ကြောင့် စိတ်ညို့လိုက်ခြင်း မဖြစ်နိုင်ချေ။

ဆန်ဒါး(စ်)သည် ကုန်းပတ်ကြမ်းပြင်ပေါ်မှာ ကျည်ပေါက် နှစ်ပေါက်ကို စစ်ဆေးကြည့်ရှုလိုက်သည်။ သူ့ကို ရှုံးသည်ဟု ထင်ထင် သူမမှုချေ။ သူ့ကို အရှုံးအထင်ခံရမည့်အရေးထက် စိတ်အနှောင့်အယှက်ပိုဖြစ်နေသည်။

ဆန်ဒါး(စ်)သည် နေ့ခင်းတွင် သူမကို အခေါ်လွှတ်ပြီး သည်။ သူမကို ချော့ကလက်ကျွေး၍ သူမဖခင်အကြောင်း ပြောခဲ့



နေခဲ့သည်။ သူမသည် ဆန်ဒါး(စ်)၏ ခြေရင်းနားတွင် ထိုင်နေခဲ့ သည်။ သူ့ကို ဖုံးကြည်စိတ်ချလောက်ပြီဟု ထင်သောအချိန်တွင် ဆန်ဒါး(စ်)သည် သူမခေါင်းပေါ်မှာ အမှတ်တမဲ့ လက်တင်လိုက် သည်။ သူ့ထက်ငယ်ရွယ်သူများကို ထိုသို့ ဆက်ဆံနေကြပင် ဖြစ်သည်။

ချက်ချင်းပင် ပါးပြင်းထောင်နေသော မြွေဟောက်ကို တွေ့လိုက်ရသည်။

ဆန်ဒါး(စ်)သည် ထိုမြွေဟောက်ကို ပြုံးကြည့်နေလိုက် သော်လည်း သူမ၏ ခေါင်းပေါ်တင်ထားသော လက်ကို မဖယ်ရှား လိုက်ချေ။ မြွေ၏ခန္ဓာကိုယ်ကိုဖောက်၍ ကုန်းပတ်ကြမ်းခင်းကို ရေးရေးမြင်လာသည်။ ထို့နောက် ထိုမြွေဟောက်လုံးဝ ပျောက် ကွယ်သွားသည်။

''မင်း မကြောက်တော့ဘူးလား''

ဆန်ဒါး(စ်)က အေးဆေးစွာ ပြောလိုက်သည်။

''သခင်....နည်းနည်းပဲကြောက်ပါတယ်....သခင်ဟာ မိန်းမသားတွေကို နာကျင်အောင်ပြုလုပ်တဲ့သူ မဟုတ်မှန်းသိလို့ မကြောက်တော့ဘူး''

တတိယနေ့ညနေ နေမကုန်ခင် နှစ်နာရီလောက်အလိုတွင် ၄ ထူးဆန်းသည့် ခရီးသည်တင်ဆောင်လာသော ဇာရီသင်္ဘော သည် ဘုရင်ခံအိမ်တော်ဆိပ်ကမ်းသို့ ဆိုက်ကပ်လာသည်။ အလိုက် ကန်းဆိုးမသိသော ညှော်သည်ကို ညှော်ဝတ်ပြုနေရသောကြောင့် အကြီးအကျယ်ဒေါပွနေသော ဗိုလ်ကြီးဟဲလ်မီတန်က ဆိပ်ကမ်းမှ စောင့်ကြိုနေခဲ့သည်။

* * * * * *

www.burmeseclassic.com

www.burmeseclassic.com



"ဝက်ပုတ်သက်သက်ပဲဗျာ...ဘာဆို ဘာကိုမှ မကျေနပ်ဘူး.... ခင်ဗျား ဒီမှာမရှိမှန်းသိတော့ ယမ်းပုံမီးကျပဲ.... ဘုန်း(စ်)ကြောင့် နည်းနည်းတော့ စိတ်ပျော်သွားတယ်.... ခွေမသားက ကမ်းစပ်မှာ ဂုဏ်ပြုတပ်ဖွဲ့တွေ ဘာတွေနဲ့ကြိုတယ်.... အဲဒီ မဟာနိုင်ငံခြားရေးဝန်ကြီးက အဲဒါမျိုးကို မျှော်လင့်ထားပုံရတယ်....အဲဒါမျိုး မကပါပဲ.... တံခွန်တွေအလံတော်တလူလူလွှင့်၊ ဘင်ခရာတီးဗိုလ်ကြီးတီး၊ ကော်ဇောနီကြီးခင်းဖို့ မျှော်လင့်ထားခဲ့ပုံရတယ်...."

ဆန်ဒါး(စ်)သည် ဆိပ်ကမ်းမှနေ၍ ဘုရင်ခံအိမ်တော် ဥယျာဉ်သို့ ခရီးတိုလေးမှာပင် ထိုမျှကြားသိလိုက်ရသည်။ ဘုရင်ခံအိမ်တော်၏လေသာဆောင်တွင် ထိုင်နေသော အဖြူရောင်ဝတ်စုံဝတ်ဆင်ထားသော သဏ္ဍာန်သည် သူတို့လာနေသည်ကိုတွေ့သောအခါ တစ်ချက်လှမ်းကြည့်လိုက်သည်။ ထိုထက် မပိုချေ။ နေရာမှထရပ်ရန် စဉ်းစားပုံမရချေ။ အထူးသဖြင့် လေသာဆောင်၏ အေးမြသောအရိပ်ကို စွန့်ခွာ၍ လူမလေးခွေးမခန့်လောက်သည့် လက်အောက်အရာထမ်းကို ကြိုဆိုရန် အကြောင်း မြင်ပုံမရချေ။

ဆန်ဒါး(စ်)သည် ဖွေးဆွတ်နေသော အဝတ်အစားနှင့် လိုက်ဖက်ပုံမရအောင် မည်းပုတ်နေသောမျက်နှာတစ်ခုကို တွေ့လိုက်သည်။ နက်ရှိုင်းသောမျက်လုံးနှစ်လုံးမှာ သံသယမျက်လုံးများဖြစ်သည်။ ရှည်လျားသောဆံပင်တစ်ဖုတ်က မြင့်မားသော နဖူးပေါ် ဖရိုဖရဲကျနေသည်။ နှုတ်ခမ်းပါးကသွေးမရှိသယောင် ပန်းရောင်



သဲ့သဲ့သာသန်းနေသည်။

"ဆန်ဒါး(စ်)ဆိုတာ မင်းလား"

နက်ကာဆန်ဟာဘန်က မော့ကြည့်ပြီးမေးလိုက်သည်။

"ဒီဒေသရဲ့ အရေးပိုင်ဟာ ကျွန်တော်ပါပဲခင်ဗျာ"

ဆန်ဒါး(စ်)က ပြန်ဖြေလိုက်သည်။

"ငါလာတော့ ဘာလို့ မကြိုတာလဲ.... ငါလာမယ်ဆိုတာ မင်းသိခဲ့တယ် မဟုတ်လား"

ဆန်ဒါး(စ်)သည် ဟာဘန်၏အသံကြောင့် ဒေါပွသည်ထက် အံ့အားသင့်သွားသည်။ ငါးစိမ်းသည်မပါးစပ်မှ ထွက်တတ်သည့်လေသံမျိုးပင်။ ဝန်ကြီးနှင့် ဒုဝန်ကြီးဆိုသောပုဂ္ဂိုလ်များသည် မိမိမကျေနပ်ချက်များကို အဆင်ပြေလှသောစကားများဖြင့် အုပ်ကာ၍ပြောတတ်အောင် ပညာကြွယ်သူများဖြစ်သည်။

"ငါပြောတာ ကြားလား"

ကုလားထိုင်ပေါ်မှလူသည် စိတ်မရှည်ဟန်ဖြင့် မတ်မတ်ထိုင်လိုက်သည်။

အနီးတွင်ရပ်နေသော ဟဲလ်မီတန်သည် ဟာဘန်အား လေသာဆောင်ပေါ်မှ ကန်ချလိုစိတ်ကို အနိုင်နိုင်ထိန်းလိုက်ရသည်။

"ဝန်ကြီးခေါ်တာကို ကျွန်တော်ကြားပါတယ်....ကျွန်တော် ချင်ဘီရီနယ်ထဲကို ရောက်နေခဲ့ပါတယ်.... ဝန်ကြီးလာမယ် ဒါမှမဟုတ် ရောက်တော့မယ်ဆိုတဲ့သတင်း ကြိုတင်မရခဲ့ပါဘူး"

ဆန်ဒါး(စ်)က အထူးဂရုစိုက်၍ ပြောလိုက်သည်။ သူသည် မျက်နှာရှုံ့ကုတ်နေသော ဟာဘန်ကို ငုံ့ကြည့်နေခဲ့သည်။

ဟာဘန်သည် ဆန်ဒါး(စ်)အား ဆက်လက်ဟောက်ရန်ပြင်လိုက်သည်။ ကွယ်လွန်သွားသည့်သူ့ဖနီးသည် ပြောသွား

www.burmeseclassic.com

www.burmeseclassic.com



သကဲ့သို့ပင် သူသည် အောက်တန်းစားဆန်ဆန် ယုတ်ရင်းကြ
တမ်းသောစကားများကို ပြောဆိုရသည်ကို နှစ်သက်သည့် အကျ
ရှိသည်။ သို့သော် ကောက်ကျစ်သူတို့ထုံးစံအတိုင်း ပါးနပ်မှုကြွ
သည်။ အရေးပိုင်ဆန်ဒါး(စ်)၏ခါးတွင် သေနတ်ချိတ်ထား
ဖြစ်သည်။ အသုံးများထားဟန်ဖြင့် သေနတ်ဒင်မှာ ပြောင်
နေသည်။

"အင်း........"

ဒုဝန်ကြီးဟာဘန်သည် မကျေနပ်ချက်ကို သက်ပြ
တစ်ချက်ဖြင့် မှုတ်ထုတ်ပြေဖျောက်လိုက်ဟန်ဖြင့် ကုလားထိုင်
တွင် သက်သောင့်သက်သာ မှီချလိုက်သည်။

အောက်တန်းစားစရိုက်ဆန်သည့်တိုင်အောင် တော်
ကို တော်ပေသည်ဟု ဆန်ဒါး(စ်) ဝန်ခံရသည်။ သူသည် ၎င်းန
မြေသမိုင်းကြောင်းအတွင်းရေးကို ကောင်းကောင်းသိသည်။
ကြောင်းအချက်များသလို စိတ်ထဲထင်မိသည်။ ၎င်းနယ်မြေ အ
ချုပ်မှုမမှန်ဟု ယူဆသည်။ စံနစ်များမှားယွင်းနေသည်။ အ
များ ရထိုက်သည်ထက်များစွာ လျော့ကျနေသည်။ မည်သ
ရှုဒေါင့်ကကြည့်ကြည့် သူ့အမြင်မှာ အတိုက်အခံ အမြင်
ဖြစ်သည်။ အရေးပိုင်များသည် လူပျင်းများဖြစ်သည်။ အ
စရိတ်နှင့် အချိန်ကောင်းကောင်းဖြုန်းရန် အမြဲပင် ဖိမ်ခံရန်လော
သာ ဆန္ဒပြင်းပြကြသည်။ ဟင်းစားအတွက်သက်သက် (အ
ဟုတ်)အန္တရာယ်ကာကွယ်ခြင်းအတွက် သက်သက်သာ အမဲ
သော ဆန်ဒါး(စ်)သည် စောဒက တစ်ခွန်းမှမတက်ပဲ ငြိမ်
လိုက်သည်။

"ဘယ်လိုပဲရှုရှု အတော်ဆိုးတဲ့ပုဂ္ဂိုလ်ပဲ"



ဟဲလ်မီတန်က မှတ်ချက်ချလိုက်သည်။

သို့သော် ဟာဘန်လ်၏လက်တွင် စိတ်ဓါတ်ချွတ်ခြုံကျအောင် ခံစားလိုက်ရသူကား ဘုန်းစ်ပင်။

ညနေစာမစားခင် တစ်နာရီလောက်အလိုတွင် ညှိသည်နှင့် နှစ်ကိုယ်တည်းကျန်ခဲ့သော ဘုန်းစ်သည် သူ၏ဆူရီတာနာ သတင်းစာနှင့် သူစာစောင်ပါအကြောင်းကို ပညာသားပါပါစကားသယ်သွားသည်။

"ကျွန်တော့ဆောင်းပါးကို ဖတ်လိုက်ရတော့ ကျွန်တော်ကို တော်တော်အတင့်ရဲတဲ့ကောင်လို့များ ယူဆလိုက်မိသလား ဝန်ကြီး"

"မင်းရဲ့ ဆောင်းပါး ဟုတ်လား...."

ဟာဘန်က ဘုန်းစ်ကို လှမ်းကြည့်လိုက်သည်။

"ဟို....အထက်အရာရှိများ ကိုယ်တိုင်ကွင်းဆင်းကြည့်ရှုကြပါဆိုတာ...."

ဘုန်းစ်သည် သူ့ကိုကျရောက်တော့မည့်ဆင့်ကဲ ကံကြမ္မာဆိုးကို မရိပ်မိပဲ ဆက်ပြောလိုက်သည်။ မည်သည့်အတွက်ကြောင့် ထိုဆောင်းပါးရေးခဲ့သည် ဆောင်းပါးရေးဖြစ်အောင်စေ့ဆော်သော အချက်များ အဖြစ်အပျက်များကို ရှင်းလင်းပြောပြလိုက်သည်။

"ဒီမှာ ဝါလူ ဦးနှောက်မရှိတဲ့ အရာရှိပေါက်စလေးတစ်ကောင်က မထင်မရှားသတင်းစာလေးတစ်စောင်ကို ဆောင်းပါးရေးပို့လိုက်တာနဲ့ ဗြိတိသျှအင်ပါယာအစိုးရကြီးက အာဖရိကတောနက်ထဲကို နိုင်ငံခြားရေးဝန်ကြီးတစ်ယောက်ချက်ချင်းလွှတ်ပြီး ကြည့်ရှုစေလိမ့်မယ်လို့များ ထင်နေသလား"

ဘုန်းစ်သည် မျက်တောင်တဖျတ်ဖျတ်ခတ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါလာတာက....ဒါပေမဲ့ ငါ ဘာကြောင့်လာတယ်ဆိုတာ မင်းလောက်အဆင့်ကို ပြောစရာမလိုဘူး... တစ်ခုတော့ မြဲမြဲမှတ်ထားလိုက်ပါ.... ငါလာတာ မင်းရဲ့ဆောင်းပါးနဲ့ ဘယ်လိုမှ မပတ်သက်ဘူး....ငါစောစောက ပြောသလိုပဲ ဒီမှာရောက်နေတဲ့ ဖင်းတို့လို အရာရှိတွေ ဘာအလုပ်မှ လုပ်နေကိုင်နေကြတာ မဟုတ်ဘူး... အချိန်ဖြုန်း အလေလိုက်နေကြတယ်....အဲဒါကို ငါလာကြည့်တာပဲ"

ဟာဘန်က စိတ်ကုန်ဟန်ဖြင့် တစ်လုံးချင်းပြောချလိုက်သည်။

ညနေစာ စားသောက်ချိန်တွင်မူ ဟာဘန်၏ ဘဝင်ရူးမှု အပေါ်လွင်ဆုံးဖြစ်ခဲ့သည်။ ထိပ်ဆုံးသို့ရောက်သွားသည်။ ညစာစားပွဲတွင် ကျွေးမွေးသော ဟင်းလျာများ မကောင်း၊ အုန်းနို့ကြက်သားဟင်းကို မကြိုက်၊ အန်ချင်သည်။ ကြက်သားက မကျက်၊ ကော်ဖီက သောက်ချင်စရာမရှိ၊ သူ့ဆေးပြင်းလိပ် သူယူလာခဲ့၍သာ တော်ပေသေးသည်ဟူ၍ ပြောခဲ့သည်။

ဘုန်းစ်သည် နိုင်ငံခြားရေးဝန်ကြီးတစ်ဦးအား ရေခရားနှင့် ကောက်ပေါက်လိုက်လျှင် သူဘာဖြစ်သွားနိုင်သည်ကို သုံးသပ်ရင်း ထိုစိတ်ကုန်စိတ်ညစ်စရာ ညနေစာစားချိန်ကို ဖြတ်သန်းလာခဲ့သည်။

ဆန်ဒါး(စ်)တစ်ယောက်သာ စိတ်အနှောက်အယှက် မဖြစ်ပုံဖြင့်ထိုင်နေခဲ့သည်။ နစ်ကာဆန်ဟာဘန်က အဓိပ္ပါယ်ကင်းမဲ့ဆုံးသော အကြံပြုချက်များ ပြုသည့်တိုင်အောင် မျက်တောင်တစ်ချက်မခတ်၊ စောဒကတစ်ခွန်းမှ မတက်ပဲ ခံယူနိုင်ခဲ့သည်။

"တိုင်းရင်းသားအမျိုးသမီးတစ်ယောက်ဟာ တိုင်းရင်းသားအမျိုးသမီးတစ်ယောက်ပါပဲ....ကျူပ်အမျိုးသားတွေကိုပဲ အုပ်ချုပ်ချင်တော့ ဘယ်လိုမှ ပြဿနာမပေါ်ခဲ့ဖူးပါဘူး"



ဆန်ဒါး(စ်)က အေးဆေးစွာပြောလိုက်သည်။

ဟာဘန်က သရော်ပြုံး ပြုံးလိုက်သည်။ သူပြုံးသောအချိန်တွင် သူမျက်နှာ အကျည်းတန်ဆုံးပင်ဖြစ်သည်။

"မြင့်မြတ်ပါပေတယ်....ဒါပေမဲ့ ဒီလိုအဖြစ်မျိုးတွေက ဖြစ်နေကြပဲ"

ဟာဘန်က ခြောက်ကပ်စွာ ပြောလိုက်သည်။

ဟဲလ်မီတန်၏ မျက်နှာမှာမူ ဒေါသဖြင့် တွတ်တွတ်နီနေသည်။ ဘုန်းစ်ကမူ အကြောင်းရပ်တစ်ခုကို ဝေဝေဝါးဝါးသာ နားလည်သော လူငယ်လေးတစ်ဦးကဲ့သို့ ပါးစပ်ဟောင်းလောင်းဖြင့် ကြည့်နေသည်။ ဟာဘန်က မေးခွန်းတစ်ခုမေးလိုက်သည်။ ဆန်ဒါး(စ်)က ခေါင်းညိတ်လိုက်သည်ကို အံ့ဩစဖွယ်တွေ့လိုက်သည်။

"ဟုတ်တယ်....ကျွန်တော်ချင်ဘီရီနှယ်က မိန်းကလေးတစ်ယောက်ကို ခေါ်လာခဲ့တယ်....လတ်တလောတော့ တပ်ကြပ်ကြီးအာဘီဘူးရဲ့အိမ်မှာ....တပ်ကြပ်ကြီးရဲ့ဇနီးနဲ့အတူ ရှိနေတယ်.... သူ့ကိုဘာလုပ်ရမှန်းတောင် ကျွန်တော် မသိဘူး"

"အကျည်းသားတစ်ယောက်ကို ဘာလုပ်ရမှန်းမသိဘူး....ဟုတ်လား"

ဟာဘန်က ပိုမိုခြောက်ကပ်သော လေသံဖြင့် ပြောလိုက်သည်။

"မဟုတ်ပါဘူး....သူက ကျွန်တော် အတော်နားမလည်နိုင်တဲ့ မှော်ပညာတစ်မျိုး တတ်နေတယ်"

ဆန်ဒါး(စ်)က တုံ့ဆိုင်းဆိုင်းပြောလိုက်သည်။ ဆန်ဒါး(စ်)

www.burmeseclassic.com

www.burmeseclassic.com



အတော်ပင် စိတ်ဒုက္ခရောက် စိတ်ရှုပ်ထွေးနေပုံရသည်ဟု ဟာဘန် ထင်မိသည်။

ဟာဘန်က ရယ်မောလိုက်သည်။

"အဲဒီပညာတွေလား.... ခေါ်လိုက်စမ်းပါအုန်း.... ခင်ဗျားရဲ့ ပညာသည်ကို ကြည့်ရအောင်"

သူမကိုခေါ်ရန် ဘုန်းစ်ကို စေလွှတ်လိုက်သည်။ ဘုန်းစ်က တစ်လမ်းလုံး ဟာဘန်ကို ကျူယ်လောင်စွာ မေတ္တာပို့သွားသည်။

"အဲဒါကို ငါတို့ပြောတာပဲ...မင်းတို့တွေ ဒီဒေသမှာ နေကြပြီး တိုင်းရင်းသားအကျင့်ဝင်သွားတယ်.... သူတို့သဘောတရားတွေ ခံယူ.... သူတို့လို အယူသည်းလာ.... မှော်ပညာ....ပေါက်ကရတွေ"

ဘုန်းစ်တို့ပြန်အလာကို စောင့်ဆိုင်းနေခိုက်တွင် ဟာဘန်က ခေါင်းတရမ်းရမ်းဖြင့် ဆိုလိုက်သည်။

"ငါ့ဇနီးသည်က အဲဒါတွေကို ယုံကြည်တယ်....အဲဒီ နီဂရိုးတွေပေါ်တဲ့ အမေရိကန်တောင်ပိုင်းအရပ်ဒေသကလာတာလေ... ကြက်ရိုးတွေနဲ့ အံ့ဩစရာ မျက်လှည့်စွမ်းတွေ ပြခဲ့တဲ့အထိတောင် ရှိခဲ့တယ်"

ဆန်ဒါး(စ်)က ဟာဘန်ကို အိမ်ထောင်ရှိနိုင်မည့်လူ မဟုတ်ဟုတွက်ဆမိခဲ့သည်။ ထိုဟာဘန်၏ သနားစရာဇနီးသည် သေဆုံးပြီဟု ကြားသိရသောအခါတွင် ဤသို့ စိတ်ထဲထင်မှတ်လိုက်သည်။ ဝဋ်ကျွတ်တာပဲ.... ဒီသတ္တဝါနဲ့ သက်ရှင်နေထိုင်ရရှင် သေတာထက်ဆိုးတဲ့ ဝဋ်ဒုက္ခပဲ"

"အူရောင်တာလေ....ခွဲစိတ်ကုသရတယ်....ကုသတဲ့ ဆရာဝန်ကြီးက သောက်ရူးပဲ"

ဟာဘန်သည် ထိုမျှအတွင်းရေးအတိုအစကို ပြောပြီး



စကားကို ဆက်ပြောလိုက်သည်။

"ငါစောစောက ပြောသလိုပေါ့....မင်းတို့တွေဟာ...."

ဟာဘန်၏စကား တန့်သွားသည်။ တံခါးဝတွင်ရပ်တန့်လာသော အင်္ဂါဆာကာကို မြင်လိုက်ရသည်။ သူမသည် "သာသနာပြုဆင်ထားချက်"ဟု ခေါ်ဆိုကြသော ဝတ်စားဆင်ယင်မှုမျိုး ဝတ်ဆင်ထားသည်။ ဝတ်ဆင်နေကျ မြက်ခြောက်ဂါဝန်အစား.... ရင်သားအထိသာ ဖုံးလွှမ်းထားသော အပြာရောင်ဂါဝန်မျိုး ဝတ်ဆင်ထားသည်။

"အင်း....ဒီအမျိုးသမီးလား.... ဒီကိုလာစမ်းပါဦး"

ဟာဘန်က သူမကို လက်ညှိုးကွေး ခေါ်လိုက်သည်။ သူမအနားသို့ လျှောက်လာသည်။

"သူ့ မှော်ပညာကြည့်ရအောင်....သူ့ကို ပြောလိုက်စမ်း"

ဆန်ဒါး(စ်)က ခေါင်းညိတ်လိုက်သည်။

"ဒီလူက မင်းရဲ့မှော်ပညာစွမ်းကို ကြည့်ချင်တယ်.... အင်္ဂါဆာကာ သူဟာ တို့လူမျိုးတွေရဲ့ ခေါင်းဆောင်တစ်ယောက်ပဲ"

သူမသည် ဆန်ဒါ(စ်)အား ပြန်ဖြေကြားခြင်း မပြုချေ။

"ပုံစံလေးကတော့ မဆိုးပါဘူး"

ဟာဘန်သည် ဆန်ဒါး(စ်)တို့ အံ့အားသင့်သွားစေသော အပြုအမူကို ပြုမူလိုက်သည်။ သူသည် အင်္ဂါဆာကာ၏ မေးစေ့ကို အသာကိုင်၍ မျက်နှာကို ဆွဲမော့လိုက်သည်။ သူမျက်နှာနှင့် ထိလုထိခင် ကပ်သွားသည်။

အင်္ဂါဆာကာသည် ဟာဘန်၏ အေးစက်ထူးဆန်းသောမျက်လုံးများကို သာမန်လူတို့ စာဖတ်သလို ဖတ်ရှုလိုက်သည်။ အင်မတန် ယုတ်ရင်းသော ရာဂစိတ်ကို မြင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အသားမည်းဆိုပေမဲ့ မင်းပုံစံမဆိုး...."

ဟာဘန်သည် အင်္ဂါကာကာ၏ မေးစေ့ကို ကိုင်ထားရာမှ ရုတ်တရက်လွှတ်လိုက်သည်။ သူ၏ရှေ့တွင် မျက်လုံးနက်နက်နှင့် အတော်လှပသော အမျိုးသမီးတစ်ဦးကို တွေ့လိုက်သည်။ သူမြင်နေတွေ့နေကျမျက်နှာ.... သူ့မေ့ပျောက်ရန်ကြိုးစားနေသော မျက်နှာ ..သွေးဆုတ်ဖြူဖွေးနေသော သူသေမျက်နှာ၊ သူမသည် လည်ပင်းအထိရောက်သော ပိုးသားညဝတ်အင်္ကျီကို ဝတ်ဆင်ထားသည်။

သူမ စကားပြောလိုက်သည်။

"သူနာပြုဆရာမလာတဲ့အထိ စောင့်ပါလား....နစ်....ကျွန်မ ဧရခဲရေမသောက်သင့်ဘူးထင်တယ်....ဆရာဝန်ကမှာ......."

"သွားစမ်းပါ....အဲဒီ သောက်ဆရာဝန်...."

နစ်ကာဆန်ဟာဘန် အော်ကြိတ်ပြောလိုက်သည်ကို ဆန်ဒါး(စ်)၊ ဟဲလ်မီတန်နှင့် ဘုန်းစ်တို့ ပီပီသသကြားလိုက်ရသည်။

"မင်းကို ငါစိတ်ကုန်နေပြီ....စိတ်ကုန်နေပြီ....သေတမ်းစာ အသစ်ရေးမယ် ဟုတ်လား....ရေးရလိမ့်မယ် စောင့်နေ"

ဟာဘန်သည် သူတစ်ယောက်ထဲမြင်နေရသော အရာကို ပြူးသထက်ပြူးကြည့်လိုက်သည်။ ထို့နောက်ချုံးကျနေသော မျက်နှာအား ဆန်ဒါး(စ်)တို့ဘက် တဖြည်းဖြည်း လှည့်လိုက်သည်။

"ငါ့မယား.... ငါသတ်လိုက်တယ်"

သူသည် မည်သည့်အရာမှ မရှိသည့်နေရာကို လက်ညှိုး ထိုး၍ ဗလုံးဗထွေးပြောလိုက်သည်။

ထိုသို့ပြောပြီးပြီးချင်းမှာပင် သူသည် နိုင်ငံခြားရေး ဒုဝန်ကြီးနစ်ကာဆန်ဟာဘန်လဲဖြစ်ပြီး သူ့ရှေ့တွင်အရေးအရာမပါလှသော အရာရှိလေးသုံးဦးနှင့် အသားမဲတစ်ဦးတို့သာ ရှိသည်ကို သတိရလိုက်သည်။



သို့သော် သူ့အသိသည် တစ်စက္ကန့်၏ လျှပ်တပြက်မျှသာ နောက်ကျသွားသည်။

"ခင်ဗျားအခန်းကို ပြန်သွားပါ ဝန်ကြီး"

ဆန်ဒါး(စ်)က ပြောလိုက်သည်။ ထိုညတွင် သူသည် နိုင်ငံခြားရေးဝန်ကြီးထံသို့ စာတစ်စောင်ရေးသားရာ တစ်ညလုံးနီးနီး အချိန်ကုန်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)
## မဟာစွမ်းအားရှင်

တောင်တန်းများ၏ တစ်ဖက်တွင်နေထိုင်သော ဘုရင်အိုကြီး၏ စစ်သည်များသည် အိုချိုရီနယ်မြေထဲသို့ဝင်ရောက်လာပြီး မိန်းမဆယ်ဦးနှင့် ဆိတ်အကောင် (၄၀)ကို လုယူသွားခဲ့သည်။ ၎င်းအချိန်သည် ဆိတ်များ ရောဂါကပ်သင့်ပြီး တန်ဖိုးကြီးမားနေသောနှစ်တွင် ဖြစ်သည်။ နောက်ရက်သတ္တပတ်အကြာတွင် ၎င်းတို့ ရောက်ရှိလာပြန်သည်။ နောက်ရက်သတ္တပတ်အကြာတွင် ထပ်မံ ကျူးကျော်ဝင်ရောက်လုယက်ပြန်သည်။

အရေးပိုင် ဆန်ဒါး(စ်)သည် ဘုရင်အိုကြီးသို့ အရေးပေါ် သတင်းတစ်ချက်ပေးပို့လိုက်ပြီး ဘုရင်အိုကြီးရဲ့သံတမန်ကို တွေ့ဆုံရန် အိုချိုရီနယ်မြေသို့ ထွက်ခွာလာခဲ့သည်။



တစ်နေ့တွင် တောင်တန်းများတစ်ဖက်မှ ဘုရင်အိုကြီး ကေဆာလူဂူအမ်ပိုဖို၏ ဝန်ကြီးချုပ်ဘူလီကီ ရောက်လာသည်။ ထိုပါ သံတမန်ကြီးသည် မင်းခမ်းမင်းနားအပြည့်အစုံဖြင့် ရောက်လာသည်။ သူ၏ကိုယ်ရံတော်အဖြစ် လှံကိုင်စစ်သည်ပေါင်း (၆၄)ဦး ပါလာသည်။ ထိုလှံကိုင်စစ်သည်တိုင်းသည် တော်ဝင်နန်းတော် စောင့်တပ်များဖြစ်ကြောင်းပြဆိုသော ဝတ်စုံဖြစ်သည့် ကျားသစ်ရေများကို ဝတ်ဆင်လာကြသည်။ ၎င်းကား လျှင်မြန်မှု၊ သွက်လက်ချပါးမှုနှင့် ပြင်းထန်မှုတို့ကိုဖော်ကျူးသည့်အနေဖြင့် မျောက်မြီးမွေးချောင်းတပ်ဆင်ထားသော ကျားသစ်ရေခွံပင် ဖြစ်သည်။ ဘုရင်ကြီးကေဆာလူဂူအမ်ပိုဖိုသည် ၎င်း၏မျိုးနွယ်မျိုးဆက် (၄၀) မြောက်ဘုရင်ပင်ဖြစ်သည်။

ဆန်ဒါး(စ်)သည် အစောင့်အရှောက်အနည်းငယ်ဖြင့်ပင် အိုချိုရီမြို့မှ စောင့်ဆိုင်းနေခဲ့သည်။ သူသည် တာလပတ် ကုလားထိုင်ပေါ်တွင် တင်ပျဉ်ခွေထိုင်နေပြီး၊ ဆေးပြင်းလိပ်တစ်လိပ်ကို ဖွာရှိုက်ပဲ ခဲထားခဲ့၏။ သူ၏ မဟူရာဒုတ်ကောက်ဖြင့် သဲပြင်ပေါ် ငယ် အရုပ်လေးများ ဆွဲသားအဘုံနှံဖြန့်နေခဲ့သည်။

သူ၏နောက်တွင်မူ ကြွက်သားများအပြိုင်းပြိုင်းထနေသော ခန္ဓာကိုယ်ကြီးကို အဘောလေးဝင့်ကြွားစွာထိုင်နေသော အိုချိုရီတိုင်းရင်းသားတို့၏ ခေါင်းဆောင်ဘုရင်အမ်ပိုဖို ရှိသည်။

ဆွေးနွေးပွဲကျင်းပရန် ထိုးထားသော မဏ္ဍပ်၏နောက်ဘက်တွင်မူ ရိုင်ဖယ်သေနတ်ကိုယ်စီကို ကျွမ်းကျင်စွာကိုင်တွယ်ထားသော အပြာရောင်ဝတ်ဆင်ထားသည့် ဘုရင့်ခြေလျင်တပ်ဖွဲ့ဝင်အသားညိုရဲဘော်များရှိသည်။ မဏ္ဍပ်ရှေ့တွင်မူ ဤအမှတ်တရ ဆွေးနွေးပွဲကို လာရောက်ကြည့်ရှုကြသော အိုချိုရီ တိုင်းရင်းသား

www.burmeseclassic.com

www.burmeseclassic.com



တိုင်းရင်းသူများ ပြည့်ကြပ်နေသည်။

ဆန်ဒါး(စ်)သည် စကားတစ်ခွန်းမှ မပြောပဲ အတွေးလွှ နေခဲ့သည်။ ယခုကိစ္စမှာ ဘုရင်ကြီးကျူးကျော်မှုဖြစ်သည့်မှန်သေ လည်း ဘုရင်အိုကြီးသည် မည်သည့်အစိုးရကိုမှ အသိအမှတ်မပြု ကိုယ့်မင်းကိုယ့်ချင်းရပ်တည်နေသော တောင်တန်းတစ်ဖက် မြော အရပ်တစ်ခွင်ကို အုပ်ချုပ်သူဖြစ်သည်။

ဤသို့ သူတစ်မင်း၊ ကိုယ်တစ်မင်း ဆက်လက်တည် မတည်နိုင်ဟူသော ကိစ္စသည် လက်ရှိဆွေးနွေးပွဲပေါ်တွင် မူတည် သည်။ အဘယ်ကြောင့်ဆိုသော် တောင်တန်းတစ်ဖက်ရှိ ဘုရင် ကြီး၏ နယ်မြေကို သိမ်းပိုက်ရန် အနည်းဆုံးတပ်ရင်းကြီး (၄) မျှ လိုအပ်မည်။ လတ်တလောအချိန်တွင် ဗြိတိသျှအစိုးရသ စစ်ဖြစ်ရေးကို လိုလားသည့်တိုင် မပြုလုပ်နိုင်သေးချေ။

ဘုရင်အိုကြီးစေလွှတ်လိုက်သော သံတမန်ကြီး၏ စောင့်အကြပ်များသည် ကွင်းပြင်ထဲတွင်တစ်ပတ်လှည့်လိုက် ဆန်ဒါး(စ်)ကို မျက်နှာချင်းဆိုင်ရပ်တန့်လိုက်သည်။ ဆန်ဒါး(စ်) စစ်သည်များက ၎င်းတို့ကို အေးအေးလူလူပင်ကြည့်နေခဲ့သည် ဘုရင်အိုကြီး၏သံတမန်ဝန်ကြီးချုပ်ဘူလီကီသည် အင်မတန်ထ ကြိုင်းတောင့်တင်းသူပင်ဖြစ်သည်။ အရပ်ရှည်လျားတုတ်ခိုင် သည်။ သူသည် သူတွေ့ဆုံရမည့်သူကို အထင်မကြီးသည့်ပုံစံ ဆွေးနွေးပွဲကျင်းပရန် စီစဉ်ထားသော မဏ္ဍပ်သို့လျှောက်ထားသည်

''ခင်ဗျားကို ကျုပ်မြင်တယ်....လူဖြူ....''

ဘူလီကီက မင်္ဂလာသန္ဒရစကားကို ဆိုလိုက်သည်။ ဘို စကားဖြင့် ပြောလိုက်ခြင်းဖြစ်သည်။ ယင်းဒေသအနောက်မြော ဘက် မိုင် ၆၀၀ အဝေးထိ ဘိုမွန်ဂိုစကားသာတွင်ကျယ်သည်



''ခင်ဗျားကို ကျုပ်မြင်တယ်....လူမည်း....ခင်ဗျား သခင်ဆီ က ဘာသတင်းကို ယူဆောင်ခဲ့လဲ''

ဆန်ဒါး(စ်)က တုံ့ပြန်လိုက်သည်။

''သခင်....ကျုပ်ရဲ့သခင်ဟာ ဘာသတင်းမှ မပေးပို့လိုက် ပါဘူး....သူ့နယ်မြေကို သူအုပ်ချုပ်စိုးမိုးနေသမျှကာလပတ်လုံး သူ့ ဆန္ဒကလွဲလို့ တစ်ခြားဘယ်သူ့ဆန္ဒမှ မသိပါဘူး....သူချမှတ်တဲ့ ဥပဒေကလွဲလို့ တစ်ခြားဘယ်ဥပဒေကိုမှ အသိအမှတ်မပြုပါဘူး.... သို့သာ မှာလိုက်ပါတယ်''

''အိုး........ဂေါ့........''

ဆန်ဒါး(စ်)က စိတ်မရှည် စိတ်မကောင်းဟန်ဖြင့် ရေရွတ် ပြီး ဆက်ပြောလိုက်သည်။

''သူ ဒီလောက်ရဲရဲတင်းတင်းပြောရဲတာ အင်မတန် အစွမ်းထက်တဲ့ ဆရာကောင်းတစ်ယောက်ရှိလို့ နေမှာပဲ.... ခင်ဗျား ည်း ခြသေ့တစ်ကောင်အလား အင်မတန်သတ္တိရှိတဲ့ သူပါပဲ.... ာလို့လဲဆိုတော့ ဒီနေရာဒီဒေသမှာ ကျုပ်ဟာဥပဒေပဲ....ကျုပ်ကို ခင်လေသံမျိုးနဲ့ လာပြောတဲ့သူကို လက်လွှတ်စပယ်ရှင်းလင်း စ်လိုက်တာပဲ''

ဆန်ဒါး(စ်)၏အသံမှာ အေးစက်ခြောက်ကပ်နေခဲ့သည်။ သူသည် ဆွေးနွေးပွဲမဏ္ဍပ်၏ ရှေ့သစ်ပင်ကြီးများကိုသာ အမှတ်တ ငေးကြည့်နေခဲ့သည်။

သံတမန်ကျင့်ဝတ်ကျင့်ထုံးများအကြောင်း မသိရှိသော ဘူလီကီသည် ဆန်ဒါး(စ်)၏စကားကို ကြောက်လန့်ပြီး သွေးဆုတ် သွားသည်။ ချက်ချင်းပင် လှည့်ပြေးရန်ရည်ရွယ်သည့်ပုံစံ ခြေ ထောက်များ ဂနာမငြိမ်လှုပ်ရှားသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် လေသံပြောင်း၍ တောင်းပန်လိုက်သည်။

''သခင်....ကျုပ်ဟာ အေးစက်ပြီး အရည်ပျော်တတ်တဲ့ အဖြူရောင်အမှုံတွေနဲ့ ဖုံးလွှမ်းနေတဲ့တောင်တွေကို ကျော်လွှားပြီး လာခဲ့ရလို့ နွမ်းနယ်ပင်ပမ်းနေပါတယ်....လူဖြူတွေရဲ့ကျင့်ထုံးတွေကို မသိနားမလည်တဲ့ကျုပ်ကို ညှာတာပါ....''

''သင့်သခင်ဆီကို ပြန်သွားပြီး ဒီလိုပြောလိုက်ပါ ဘူလီကီ....ရောမမြစ်ကြီးရဲ့တစ်ဖက်မှာ နေထိုင်တဲ့ဘုရင်မင်းမြတ်ကြီး တစ်ပါးကို ကိုယ်စားပြုတဲ့ဆန်ဒါး(စ်)ဟာ ဘုရင်စစ်သည်တွေ အိုချိုရီနယ်မြေထဲကျူးကျော်ဝင်ရောက်ပြီး၊ မိန်းမတွေ၊ ဆိတ်တွေကို လုယူတာကို မခံဘူးလို့ ပြောလိုက်ပါ၊ ဆန်ဒါး(စ်)ဟာ လက်မြန်ခြေမြန်သတ်ဖြတ်တတ်တယ်....ဘယ်ဘုရင်ဘယ်ခေါင်းဆောင်ကိုမှ လေးစားမှု မရှိဘူး၊ ဘုရင်လေးပေါင်း၊ ခေါင်းဆောင်လေးပေါင်းများစွာကို သတ်ဖြတ်ပြီး မြေညြဇာလုပ်ခဲ့ဖူးတာကို သိပါ။ ဆန်ဒါး(စ်)ကို ရန်ပြုခဲ့တဲ့ မာဘာလာရီနီ ဘယ်မှာလဲ....သေပြီ။ သူ့၏အိမ်လည်း မိုးရေထဲမှာ ဆွေးမြေ့ပျက်သုန်းခဲ့ရပြီ....နာဂွန်း စစ်သူကြီး ကိုဘိုလို ဘယ်မှာလဲ....သူ့မြို့တော်ကို တွေ့ချင်ရင် တောထဲမှာ တူးဖော်ကြည့်မှရမယ်....သူ့ရဲ့ဝိဉာဉ်ဟာ အတောမသတ် ငိုရှိုက်နေတုန်းပဲ ဘုရင်လေးဟာ ဆန်ဒါး(စ်)အတွက် အစာပဲ.... ကိုယ့်မယားတွေ အိမ်မှာပဲ ကိုယ် အမောက်ထောင်နိုင်ကြတယ်. ဆန်ဒါး(စ်)ရဲ့သဘောကြီးဆီကို သံကြိုးချည်ပြီး ဆွဲသွားတော့ သူတို့ ဘာတတ်နိုင်သလဲ....ခင်ဗျားရဲ့ဘုရင်အိုကြီးကို ပြန်ပြောလိုက်ပါ တစ္ဆေတောင်တန်းကြီးရဲ့ ဒီဘက်ကိုကြွလာသူ ခေါင်းဆောင်တွေ စစ်သည်တွေ ကျုပ်လူမျိုးရဲ့ကျွန်ဖြစ်သွားရလိမ့်မယ်....ကဲ....ဆွေးနွေးပွဲပြီးပြီ''



သံတမန်ဘူလီကီ ပြန်သွားသောအခါတွင် ၎င်းတို့နှင့်တစ်သားတည်းမျှ မည်းနက်သော်လည်း ခရစ်ယန်ပညာရေး အရိပ်သဲ့သဲ့ခံထားရသော အိုချိုရီလူမျိုးခေါင်းဆောင် ဘိုဆန်ဘိုက အင်္ဂလိပ်စကားဖြင့် အားရပါးရရေရွတ်လိုက်သည်။

''ခွေးမသား.......အသားမဲ သောက်ရူး.......''

ထိုနောက် သူသည် သူ၏ဘာသာစကားဖြင့် စကားဆက်လိုက်သည်။

''သခင်....အဲဒီဘုရင်ကြီးဟာ တော်တော်ကောက်ကျစ်တယ်....မျက်နှာဖြူသခင်တွေရဲ့ နည်းလမ်းတွေကိုသိတဲ့ မျက်နှာဖြူတစ်ယောက်လည်း သူ့အရိပ်အောက်မှာရှိတယ်''

''ဟ....သောက်ကျိုးနဲ့....ဟုတ်လား''

ဆန်ဒါး(စ်)က တအံ့တသြရေရွတ်လိုက်သည်။ ထိုအရပ်သို့ ဂျိုးဟုခေါ်သော မျက်နှာဖြူကုန်သည်ကြီး ထွက်သွားခဲ့ကြောင်းသတင်းက သူ့အတွက် အသစ်အဆန်းကြီး ဖြစ်နေခဲ့သည်။

ဘုရင်ကြီး၏ သံတမန်ဘူလီကီသည် ဘုရင်အိုကြီး၏ ရှေ့မှောက်တွင်ပြားပြားမှောက်ဝပ်စင်း၍ သူ့အဖြစ်အပျက်ကို ပြန်လည်လျှောက်တင်လိုက်သည်။ ဘုရင်အိုကြီးသည် သူ၏ပါးလျှလျှမုတ်ဆိတ်ဖြူဖြူကြီးကိုသပ်လျက် နားထောင်လေသည်။

ကုန်သည်ကြီးဂျိုးသည်လည်း နားထောင်နေခဲ့သည်။ အချို့စကားများကို သူနားလည်အောင် ဘာသာပြန်နိုင်းသည်။

''အဲဒါတွေအားလုံးပေါက်ကရ လေကျယ်တာသက်သက်လို့ အဖိုးကြီးကိုပြောလိုက်၊ ဆန်ဒါး(စ်)မှာ စစ်သားအယောက်ငါးဆယ်တောင် မရှိဘူး....ခုလိုခြိမ်းခြောက်လိုက်တာကို အထင်ကြီးလိုက်ရင် ဆန်ဒါး(စ်)တောင်ပြုတ်သွားအုန်းမယ်....ဒီလိုခြိမ်းခြောက်

www.burmeseclassic.com

www.burmeseclassic.com



ခွင့် မရှိဘူး''

ဂျိုးက စကားပြန်ကို ပြောလိုက်သည်။

ဂျိုးကို အရက်မမူးသောကာလတွင်မူ တောရိုင်းဒေသ၏ စာထက်မတင်သောဥပဒေပညာများကို ကျွမ်းကျင်သောပညာရှင် ဟုခေါ်ဆိုနိုင်သည်။ သူသည် အာဖရိကတိုက်တစ်ခွင် ဖမ်ဘီလီ လာဒိုအထိ အနှံ့သွားလာခဲ့ဘူးသည်။ တောရိုင်းဒေသနှင့်ပါတ်သက် ပြီး သိကျွမ်းတတ်ကျွမ်းလှ၏။ ချာကာမြို့မှ ဒက်ကာမြို့အထိ သူမဝင်ရဘူးသော အချုပ်ခန်းဟူ၍လည်း မရှိချေ။ ဘူလာမဟာ ခေတ်ကာလတွင် လက်နက်မှသည် ဂျင်အရက်နှင့် ဆင်စွယ်အထိ ကြုံသမျှကို အရောင်းအဝယ်လုပ်ခဲ့သည်။ ဥပဒေ၏လက်တံရှည် လွတ်အောင် တစ်နယ်ပြီးတစ်နယ် ပြောင်းပြေးခဲ့သည်။

လောကကြီးတွင် သူအမုန်းဆုံးလူများ၏စာရင်းထိပ်တွင် ဆန်ဒါး(စ်)နာမည်ပါရှိသည်။ ဆန်ဒါး(စ်)သည် ဂျင်အရက်ရောင်းဝယ် ဖေါက်ကားသူတိုင်းကို ကြိမ်ဒဏ်စီရင်သည်။ အသိအလိမ္မာမကြွယ် သေးသော တိုင်းရင်းသားများကို ဘယ်လ်ဂျီယံ လက်နက်များ ရောင်းချခြင်းပြုသောပုဂ္ဂိုလ်မှန်သမျှ မျက်နှာဖြူပါမချန် အားလုံး ကြိုးဒဏ်ပေးတတ်သည်။

''အေး...အဖိုးကြီးကိုပြော ဆန်ဒါး(စ်)ကို ဒီတစ္ဆေတော တန်းမှာ ကျင်းပမဲ့ဆွေးနွေးပွဲကြီးတစ်ခုကို ဖိတ်....သူအဲဒီလဲ လာရလိမ့်မယ်''

ဂျိုးက စိတ်အားထက်သန်စွာ ပြောလိုက်သည်။

စကားပြန်က ဂျိုး၏ အစီအစဉ်ကိုဘာသာပြန်ပေးလိုက် သည်။ ဘုရင်အိုကြီး၏မှိုင်းဝေနေသောမျက်လုံးများအရောင် တောက်လာသည်။ သူသည် လက်နှစ်ဘက်ကို နှစ်ထောင်အား



စွာ ပွတ်သပ်လိုက်သည်။ သူသည် သူ၏ပုံအသစ်အား သူ့ကိုဗုက္ခ အပေးဆုံးလူ၏ အရေခွံဖြင့် သားရေညှပ်ကွပ်မည်ဟု သံန္နိဋ္ဌာန်ပြုထား ခဲ့သည်။ နှစ်ကာလပေါင်းများစွာ စောင့်ဆိုင်းနေရင်းဖြင့် ပုံမှာတွန့် လိမ်အက်ကွဲလာခဲ့သည်။

''အပြောကတော့ ဟုတ်ပါတယ်....ဒါပေမယ့် ဆန်ဒါး(စ်) ကို မရှင်ဘာမရှင်ဘာဝိဉာဉ်ကြီး စောင့်ကြပ်လို့အန္တရာယ်မျိုးမှ မဆိုက်ရောက်ဘူးဆိုတာလူတိုင်းသိတယ်....ဆန်ဒါး(စ်)နဲ့အတူ နတ် မိစ္ဆာဆိုးတပ်ကြီးပါ ဟစ်ကြွေးချီတက်လို့ ဆန်ဒါး(စ်)ဖြတ်သန်းသွား တဲ့နေရာမှာ ကျားသစ်တွေတောင်ကြောက်သေးပါပြီး တုတ်တုတ် မလှုပ်ရဲဘူး''

ဘုရင်ကြီး၏မျက်နှာဖြူညှေ့သည်ကို သဘောမတွေ့သော မှူးမတ်တစ်ဦးက ဆိုလိုက်သည်။

ဘုရင်အိုကြီးသည် စကားကိုအထိုက်အလျောက်ယုံကြည် မိသည်။ သူ့ကို မကောင်းဆိုးဝါးများမပူးကပ်နိုင်အောင် သူ၏ညာ လက်မှ လက်ချောင်းလေးချောင်းကို လျှာနှင့် ယက်လိုက်သည်။

''ပေါက်ကရတွေ.... ပေါက်ကရ တစ္ဆေသရဲကိစ္စတွေ.... ကျုပ်ပြောသလိုလုပ်ရင် သူ့ကိုကွိကနဲမိမှာပဲ.... အဲဒီတော့ ဒီငမိုက် သားတွေ ဒီဘက်ကိုနှာခေါင်းထိုးလာရဲမှာ မဟုတ်တော့ဘူး''

ဂျိုးက ကျယ်လောင်စွာပြောလိုက်သည်။

ဘုရင်အိုကြီးသည် စကားပြန်၏ဘာသာပြန်ပေးချက်များ ကို နားစိုက်ထောင်လိုက်သည်။

''အဲဒီလိုဖြစ်စေမယ်၊ အဲဒီအကြံအစည် သိပ်ကောင်း တယ်''

ဘုရင်အိုကြီးက ထိုသို့ မိန့်ချွေပြီး ဘူလိကီအား ပင်စင်း

www.burmeseclassic.com

www.burmeseclassic.com



နေရာမှ ထခိုင်းလိုက်သည်။

* * * * * *

ရှေးဟောင်းအိဂျစ်နိုင်ငံ၏ သမိုင်းကြောင်းမင်းပြောင်းမင်း လွဲကာလများနှင့် ထွက်သွားသကဲ့သို့ပင် ၎င်း ကိုလိုနီဒေသ၏ သမိုင်းကြောင်းသည်ဘုရင်၊ ခြေလျင်တပ်ရင်းမှ ဗိုလ်လေးဘုန်း တစ်ဘတ်စ်နှင့် ဆက်နွယ်နေသည်။ ကိုလိုနီဒေသအုပ်ချုပ်ရေး မှ အုပ်ချုပ်ရေးမှူးလေးများသည် ယခုကာလအထိတိုင် အောင်ပ မျိုးဆက်ခေတ်တစ်ခေတ်ကို တွက်သကဲ့သို့ ဘုန်းစ်၏ ဒုတိယမှ ဟု ဝိသေသပြုလက်မှတ် ပြောဆိုလေ့ရှိသည်။

တကယ်တမ်းတွင် ထိုသို့သတ်မှတ်ခေါ်ဝေါ်ချက်သည် မှာ ယွင်းစွာ သတ်မှတ်ခေါ်ဝေါ်မှုသာဖြစ်သည်။ အကယ်တမ်းတွင် ဘုန်းစ်သည် ၎င်းနှစ် ယင်းကာလ ယင်းဒေသ၏ ရေမြေလေ သဘာဝကို မည်သို့မျှ မကြုံမတ်ခဲ့ချေ။ ထိုနှစ်တွင် တခြားနှစ်များ ထက် ကောက်ပဲသီးနှံပိုထွက်ကောင်းခဲ့သည်မှာလည်း သူ့ကြောင့် မဟုတ်ချေ။ တံငါရွာပေါင်း (၃၅)ရွာ ရေလွှမ်းမိုးပြီး မီးကျောင်းကြီး များမြစ်ကမ်းပါးမှ ဆယ်မိုင်အထိကွာဝေးသော တောနက်ထဲရောက် ရှိပြီး ကျားသစ်နက်များ၊ ကျွဲများနှင့် သတ်ရသည့်ကိစ္စမှာ သူနှင့် မဆိုင်၊ သူနှင့် မပတ်သက်၊ သူ၏လုပ်ရပ် မဟုတ်ချေ။



ထိုမျှမက ''သခင်များ''ဟုသာအလွယ်တကူ ဝိသေသပြု ခဲ့ကြသော ပုဂ္ဂိုလ်ကြီးများရောက်ရှိလာခြင်းပင် အံ့ဩဖွယ်ကောင်း လောက်အောင် ဖြစ်နေလေသည်။

နဂိုကပင် ရောဂါသည်းနေကြသော ယင်းဒေသမှ ဝန်ထမ်းများအား စိတ်လှုပ်ရှားအောင်ပြုလုပ်ပြီး လူတိုင်းလူတိုင်း၏ ရင်ထဲမြုံနေတတ်သော လူ့သတ်ချင်စိတ် ခေါင်းထောင်လာအောင် လုပ်နိုင်စွမ်းသော အသစ်ဆုံးတံမြက်စည်းကား မက်ကယ်လစ် စတာကမ်းဘဲလ်ကန်း ပင်ဖြစ်သည်။

မက်ကယ်လစ်စတာကမ်းဘဲလ်ကန်းသည် ဘုရင်ခံ အသစ်ဖြစ်သည်။ သူ၏ရင်ဘတ်တွင် အရောင်စုံသုံးညနှင့် ကြက် ခြေခတ်များ တန်းစီနေခဲ့သည်။ မည်သည့်အတွက် မည်သည့် အကြောင်းသာ မသဲမကွဲရှိချင်ရှိမည်။ သူရထားသော ဂုဏ်ပြုဆု တံဆိပ်များမှာ အလွန်များနေလေသည်။ သူ့နာမည်နောက်တွင် တပ်ဆင်နိုင်သော ဘွဲ့ထူးတံဆိပ်အတိုကောက်များသည်ပင် သူ့ နာမည်ထက် နှစ်ဆမျှလောက် ရှည်လျားနေသည်။

သူသည်သူ့အား ပို့ဆောင်သောသင်္ဘောပေါ်မှနေ၍ တပ် ကြပ်ကြီးတစ်ဦး၏ လက်မောင်းတစ်ဖက်ကို ဆွဲလာသည်။ တပ် ကြပ်ကြီး၏လက်မောင်းကိုကိုင်၍ ပိန်လှီသော မြင်းလေးတစ်ကောင် ဆွဲသော ရထားထက်သို့ တက်လိုက်သည်။ ထိုမြင်းရထားလေးက သူ့ကို ဘုရင်ခံအိမ်တော်သို့ ပို့ဆောင်ပေးသည်။ ဒုတိယအတွင်းဝန်၊ တတိယအတွင်းဝန် အုပ်ချုပ်ရေးမှူးကြီးနှင့် အိမ်တော်ဝန်တို့ ရှေ့မှောက် ဖြတ်သန်းဝင်ရောက်ပြီးနောက် သူ၏မြင့်မားသော ရာထူးအရှိန်နှင့် လိုက်ဖက်ညီသော ဆိုဖါခံကုလားထိုင်မြင့်ကြီးတွင် ဝင်ထိုင်ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းပင် ဘုရင်ခံ၏ရုံးမှ ထိုနေ့အတွက်အမိန့်ပြန်တမ်း ပြဋ္ဌာန်းချက်တစ်ရပ်ထွက်လာသည်။ ပထမဆုံးထွက်လာသော ကြေညာချက်ကား – ဆာမက်ကာယ်လစ်စတာကမ်းဘဲကန်းက ကိုယ်တိုင်ရေးသားပြီး လက်မှတ်ရေးထိုးလိုက်သော မိန့်ခွန်းကြေညာချက်ပင်ဖြစ်သည်။ သူသည် မှောင်မိုက်နေသောဒေသများကို အလင်းရောင် ပို့လွှတ်ရန် ရောက်ရှိလာသည်ဟုဆိုသည်။ ဖြူသည်ဖြစ်စေ၊ မဲသည်ဖြစ်ပါစေ အားလုံးအပေါ် သမ္မာသမ္မတ်ကျကျ စီရင်ဆုံးဖြတ်ရန် ရောက်လာသည်ဟုဆိုသည်။ အနိမ့်ကျဆုံးသောသူများကို မျှော်လင့်ချက်ရောင်ခြည်ပေးအပ်ရန် ရောက်လာသည်ဟုဆိုသည်။ လက်အောက်အရာရှိများ ကိုယ့်နယ်မြေကိုယ့်ဒေသတွင် ထင်ရာစိုင်းနေမှုကို ရပ်တန့်ကာ ဖဟိုချုပ်ကိုင်မှုဖြင့် အာဏာကိုချုပ်ကိုင်ရန် ရောက်ရှိလာသည်ဟုဆိုသည်။ (ထိုသို့ အတိအကျ မဆိုသော်လည်း ထိုသဘောကို ရေးသားထားခဲ့သည်။) ထို့အပြင် သူ့တာဝန်ရှိရာနယ်မြေတစ်ခွင် အသေးမွှားဆုံးနယ်ခြားစခန်း အထိသို့ ကိုယ်တိုင်ကိုယ်ကျဆင်း၍ လေ့လာ၊ သုံးသပ်စစ်ကြောမည်ဟုဆိုသည်။ မကျေနပ်ချက်တစ်ခုရှိကြပါလျှင် သူရောက်လာသည်အထိ ရင်ထဲမြှုပြီး စောင့်ဆိုင်းနေကြပါရန်။

ဤအမိန့်စာကို ဖတ်ရှုရသောအခါတွင် သုံးဆယ့်သုံးဦးသောအရေးပိုင်များ၊ အင်စပက်တော်များ၊ တပ်မတော်အရာရှိများသည်တစ်သွေးတစ်သံတည်းနီးနီး အာမေဋိတ်ပြုလိုက်ကြသည်။

''ဘုရားသခင်ရေ''

၎င်းအမိန့်စာနှင့်အတူ အရေးကြီးဆုံး အရာရှိများထံသို့ ပေးပို့လိုက်သော လျှို့ဝှက်အကြောင်းကြားချက်တစ်ရပ်လည်း ပါသည်။



''ဘုရင်ခံ၏လက်အောက်ခံအရာရှိများသည် ၎င်းတို့အုပ်ချုပ်သော နယ်မြေများတွင် သေဒဏ်အထိ စီရင်လေ့ရှိသည်ဟု သိရသည်။ ထိုသို့သော စီရင်မှုများကို ချက်ချင်းရပ်တန့်ရမည်။ နောက်နောင်တွင်လူသတ်မှု၊ သစ္စာဖောက်မှုများနှင့် ပုန်ကန်မှုတို့နှင့်ပတ်သက်သော သေဒဏ်ပေးလောက်သည့်အမှုအခင်းများ ပေါ်ပေါက်ပါက ၎င်းအမှုအခင်းနှင့် ပတ်သက်သမျှအချက်အလက် အထောက်အထားများကို (မိတ္တူသုံးစုဖြင့်)ဘုရင်ခံရုံးသို့ တိုက်ရိုက်ပို့ရမည်။ ဘုရင်ခံရုံးမှအမိန့် မရမရှိခြင်း မည်သို့မျှ တရားစီရင်ခြင်း မပြုရချေ။

ဤအမိန့်ထုတ်ပြန်ပြီး တစ်လအကြာတွင်မူ ဗိုလ်လေးဘုန်းစ်တစ်ဘတ်စ်သည် သစ်ခုတ်သမားနာကီမာကို သတ်ဖြတ်၍ နာကီမာ၏မိန်းမကို ခိုးပြေးသွားသောတရားခံနောက်သို့ လိုက်ခဲ့ရာ ထိုတရားခံကို ဘုရင်အိုကြီး၏နယ်နိမိတ်အနီးတွင် ဖမ်းဆီးမိပြီး ဖမ်းဆီးမိပြီးတစ်နာရီအတွင်မှာပင် ကြိုးဆွဲချသတ်ပစ်လိုက်သည်။

ဗိုလ်လေးဘုန်းစ်၏ တစ်ဘက်သတ်လုပ်ရပ်ကြီးကြောင့် ဘုရင်ခံရုံးတွင် ဧရာပွက်သွားသည်။ ဗိုလ်လေးဘုန်းစ်တစ်ဘတ်စ်လည်း ချေမှုန်းခံရကိန်းဆိုက်ရသည့် အခြေအနေရောက်သွားသည်။

* * * * * *

www.burmeseclassic.com

www.burmeseclassic.com



လူငယ်တစ်ယောက်အရွယ်ရောက်စပြုလာလျှင် ချည်ခြင်းအမျိုးမျိုးဖြစ်လာတတ်သည်။ သွေးသားအပြောင်းအလဲက နှိုးဆွလာ၍လားမသိ။ ဟိုဟာလေးကိုင်ချင်၊ ဒီဟာလေးလုပ်ချင်၊ ဟိုဟာလေးဖြစ်ချင် ဖြစ်လာတတ်သည်။ မဟုတ်မဟတ်အံမဝင်၊ ဂွင်မကျသောကိစ္စရပ်များကို လုပ်ဆောင်ရမှသဘောကျသည်မှာ လူငယ်သဘာဝဖြစ်သည်။ ထို့ကြောင့် ယင်းတို့ထက်ဘဝအမြင် ရင့်ကျက်သူများက တရေးမျှကြည့်မရတတ်ချေ။

ဘုန်းစ်သည် ဂီတ ဖန်တီးလိုသောဆန္ဒပြင်းပြနေသည့်ဘဝအပေါ် ပျော်ရွှင်စွာလိုသော အပိုင်းအခြားသို့ ရောက်ရှိနေခဲ့သည်။ သူ၏တဲထောင့်တစ်ထောင့်တွင် လက်ဆွဲဘာဂျာတစ်လုံးရှိသည်။ ကုတင်အောက်တွင် တယောတစ်လက်ကို ဖွက်ထားသည်။ ဂီတသင်္ကေတဖြင့် ရေးသားထားသော သီချင်းစာရွက်တစ်ရွက်ကို ကြည့်လိုက်သည်နှင့် ဘယ်ဟာဘီဖလက်၊ ဘယ်ဟာတက်စ်ရှပ်ဆိုတာကိုသိသည်။ ဂီတနှင့်ပါတ်သက်သော စာအုပ်များကို စုဆောင်း၍ ဂီတသီအိုရီ၊ ကိုယ်ပိုင် စာကြည့်တိုက်လေးပင်ထောင်ထားသည်။ စာအုပ်တိုင်းကို အပြာရောင်ပိတ်စဖြင့် ဖုံးအုပ်ထားပြီး သူ၏နာမည်အတိုကောက်ကို ရွှေစာလုံးဖြင့် ထိုးထားသည်။ စစ်ဗျူဟာနှင့် စစ်ဥပဒေများကို လေ့လာမှုပြုရသောစားပွဲထက်တွင် ဘင်ခရာသမားဝတ်စုံ တစ်စုံရှိတတ်သည်။



ဘုန်းစ်သည် သူ၏ဂီတဝါသနာကို ကလယ်ရာနက်တစ်ခု ဝယ်ယူခြင်းဖြင့် စတင်ခဲ့သည်။ ကလယ်ရာနက်ဆိုသည်မှာ သစ်သားနှင့် သတ္တုဖြင့် ပေါင်းစပ်ပြုလုပ်ထားသောရှည်နမျောမျော သဏ္ဌာန်လေမှုတ်တူရိယာပင် ဖြစ်သည်။ သူသည်အခြားမလိုအပ်သည့်ပစ္စည်းများဝယ်ယူခဲ့သကဲ့သို့ပင် ထိုတူရိယာကို ဝယ်ယူခဲ့သည်၊ တစ်နည်း သူ့အနှစ်ခြိုက်ဆုံးအချက်တွင် အောက်ပါကြေညာချက်ကြောင့် ဖြစ်သည်။

''ကလယ်ရာနက် အမှုတ်သင်ပါ... ယခင်က စာရေးယခု ကာဖူးသာလီလ်ဗာတီးဝိုင်းခေါင်းဆောင် ကလယ်ရာနက်မှုတ်တတ်လာခြင်းကြောင့် ဤသူသည် အိမ်ပိုင်ယာပိုင်ဖြစ်လာပြီးလယ်သမားဘဏ်တွင် ငွေဒေါ်လာ ၁၀၀၀၀၀၀ မျှအပ်နှံနိုင်ခဲ့သည်။''

အထက်ပါ ကြေညာချက်ကို ထောက်ခံအတည်ပြုသည့်အနေဖြင့် ထိုသူ၏ဓါတ်ပုံကိုပါ ဖော်ပြထားသည်။ ဘုန်းစ်၏ ၁၀၀၀၀.၀၀ ကို ဆယ်သန်းဟုမှတ်ပြီးရှေ့ခက် တစ်နေ့တွင် ငွေ ၂၅ ဒေါ်လာနှင့်အတူ စာပို့လိုက်သည်။ ဘုန်းစ်သည် 'ဤပုံစံကိုဖြည့်စွက်၍ ငွေနှင့်အတူ ချက်ချင်းပေးပို့လိုက်ပါ' ဟူသော မက္ကဖင်းကြေညာသူတို့၏ ဖိလ်ကျမှုကို တွန်းလှန်နိုင်သောအစွမ်းမျိုး မရှိချေ။

''ကျွန်တော်က အသည်းပျော့တယ် အာစရိကြီးရယ်... ကြေညာတစ်ခုဖတ်လိုက်ရရင် အရက်သောက်လိုက်ရသလိုပဲ... ယစ်မူးသွားတတ်တယ်...နာမည်လေးဖြည့်၊ လက်မှတ်လေးထိုးလိုက်ရမှ...ကျွန်တော့်ကို ခေါ်လို့လွယ်တာ...တွန်းလို့သာမရတာဆရာသမားကြီးရယ်၊ တကယ် ဘုန်းစ်ကို ဦးဆောင်လို့ရတယ်။မောင်းလို့တော့မရဘူး...ကျွန်တော်တို့ တစ်မျိုးလုံး ဒီလိုပဲ မျိုးနဲ့

www.burmeseclassic.com

www.burmeseclassic.com



ရှိနဲ့ လာတာ...''

ကာလယ်ရာနက် ရောက်လာသောနေ့တွင် ထိုတူရိယာကို မှတ်မိပြီးသောအခါ ဘုန်းစ်က တောင်းပန်လိုက်သည်။

''စိတ်ပျော့တယ်ပေါ့''

ဟဲလ်မီတန်က စကားထောက်လိုက်သည်။

''စိတ်ပျော့တာ မဟုတ်ပါဘူး...သိပ်ဆိုးတာ''

ဘုန်းစ်က ယင်းတို့တစ်မျိုးလုံး လူညံ့လို့ပြောရာရောက်သည့်စကားကို လက်ညှိုး တယမ်းယမ်းဖြင့် ခပ်သော့သော့လေး တုံ့ပြန်လိုက်သည်။

''ငါပြောချင်တာတစ်ခုပဲရှိပါတယ်...ဘုန်းစ်...အဲဒါကတော့ အဲဒီတူရိယာကြီးကို ငါတို့စခန်းနဲ့ ငါးမိုင်ပတ်လည်အတွင်းမှာ မမှတ်ရဘူးဆိုတာပဲ''

ဗိုလ်ကြီးဟဲလ်မီတန်က ကုလားထိုင်တွင် ချာခနဲလှည့်လိုက်ပြီး အေးစက်သောအကြည့်ဖြင့် ပြောလိုက်သည်။

''အာစရိ...ဆရာသမားကြီးရယ် တရား၏ မတရား၏ ရှုမြင်သုံးသပ်ကြည့်ပါအုန်း...တရားမျှခံယူရသူရော ပေးဆပ်ရသူပါ မင်္ဂလာရှိ၏လို့ ရှိတ်စပီးယားရေးသွားတာကို မမှတ်မိဘူးလား... ဆရာအာစရိအရာရှိ ဗိုလ်ဟဲလ်မီတန်ရယ်...''

ဘုန်းစ်က စောဒကတက်လိုက်သည်။

ဟဲလ်မီတန်သည် ကာလယ်ရာနက်ကိစ္စတွင် စိတ်ပျော့မိသည်ဟု သူ့ကိုယ်သူအပြစ်တင်မိသည်။ ဘုန်းစ်ကို ဖမ်းချုပ်တိုက်ပိတ် (သို့မဟုတ်) အဆိပ်ခတ် (သို့မဟုတ်) တစ်ခုခုလုပ်ပစ်လိုက်သင့်ခဲ့သည်။

ဘုန်းစ်၏ ဂီတမြတ်နိုးစိတ်သည် ဂီတဖန်တီးစွမ်းရှိရန်



ကြိုးပမ်းချက်တွင်ပင်ပို၍သာ ရင့်သန်ကြီးပြင်းလာခဲ့သည်။ လက်ဆွဲဘာဂျာက အစတွင် ပြဿနာ မဟုတ်ခဲ့ချေ။ ပူအိုက်သောနွေညတစ်ညတွင် ဘုရင့်ခြေလျင်တပ်မှ တိုင်းရင်းသားစည်သည်ပေါင်း ၁၂၀ တို့သည် ယင်းတို့၏ဇနီးမယားများစွာနှင့် သားသမီးအမြောက်အများကို ဖျော်ဖြေတော့မှ ပြဿနာဖြစ်တော့သည်။ ထိုအောင်မြင်မှုကြောင့် စည်းဝယ်ပြီးစည်းကျင့်ခဲ့ပြန်သည်။ လက်ဆွဲဘာဂျာကို ရောဂါဟုသတ်မှတ်လျှင် စည်းကို ကျိန်စာဟုသတ်မှတ်ရမည်။ ဟဲလ်မီတန်သည် နွေလည်စာခေါင်းလောင်းသံဟု မှတ်၍ စားသောက်ခန်းသို့ ဒရောသောပါးပြေးခဲ့သည်။ သို့သော် ထိုနေရာရောက်သောအခါမှ နေ့လယ်စာ ခေါင်းလောင်းတီးခြင်းမဟုတ်... ဘုန်းစ်က စည်းခေါင်းလောင်းလေးများဖြင့် စည်းကျင့်နေခြင်းမှန်းသိလိုက်ရသည်။ တစ်ကြိမ်မဟုတ် ထိုအဖြစ် နှစ်ကြိမ်ကြုံခဲ့ရသည်။ တစ်ကြိမ်တွင်မူ အာလီမာမက် မွေးစားထားသော ပန်ဖီမျောက်ကလေး အချိန်မတော်လွတ်ပြေးသွားသောကြောင့် တစ်စခန်းလုံး အုတ်အော်သောင်းနင်းလိုက်ရှာခဲ့ရသည်။ နောက်ဆုံးတွင် သစ်ပင်မြင့်ကြီးတစ်ပင်တက်၍ အင်မတန်မှ စိတ်မချမ်းမြေ့သောပုံစံဖြင့်ရှိနေရာ စည်းခေါင်းလောင်းနှင့် စည်းတီးခတ်သည့်ခေါင်းလောင်းလေးကို တစ်လှည့်စီတီးခတ်နေသော မျောက်ကိုတွေ့ရသည်။ ထို မျောက်သစ်ပင်ပေါ်မှ ဆင်းသက်လာရန် သုံးရက်လုံးလုံးကြိုးစားချော့ခဲ့ရသည်။

ဆိဒ်နီလူမြို့မှ ကုန်သည်တစ်ဦး၏ ထောက်ခံမှုကြောင့်ဘုန်းစ် ဝယ်ယူဖြစ်ခဲ့သော ကလဲနက်ကိုမူ ဆန်ဒါး(စ်)အမိန့်နှင့်ပြန်ပို့ခဲ့ရသည်။ ဘုန်းစ်လေ့ကျင့်မှုတ်ခံသည် တပ်လှန့်ခရာမှုတ်သံနှင့် တူလွန်းနေသောကြောင့် စစ်သည်များ အကြိမ်ကြိမ်အလွှား

www.burmeseclassic.com

www.burmeseclassic.com



နေရာယူနေကြသည့် အဖြစ်သာကြုံနေသောကြောင့် တပ်ပျက်ကိန်းရှိသည်ဟု အကြောင်းပြချက်ဖြင့် ပြန်ပို့ရန်အမိန့်ပေးခဲ့ခြင်းဖြစ်သည်။

''ငါအရေးပိုင်နဲ့စကားပြောပြီးပြီ…နောက်နောင်ကို မင်းလေ့ကျင့်ချင်ရင် အသံပြုဘာဂျာတစ်ခုလောက်မှာပြီး လေ့ကျင့်ခွင့်ပေးဖို့ သဘောတူလိုက်တယ်''

ထိုသို့ စခန်းတွင် လှုပ်လှုပ်ရှားရှားဖြစ်နေသောအရေးအခင်းထက် ပို၍အရေးကြီးသောကိစ္စရပ်ဖြစ်သည့် သေဒဏ်စီရင်သော အရာရှိကို ဘုရင်ခံက ဆင့်လိုက်သည့်အမိန့် ရောက်လာသောအခါတွင်မှ ဘုန်းစ်လည်း ဗျာများသွားသည်။

''အဲဒီကိစ္စကနေ တစ်ခုခုဖြစ်လာလိမ့်မယ်လို့ ကျုပ် ထင်လိုက်သားပဲ…. ဆရာသမားကြီး''

ဘုန်းစ်က တွေးတွေးဆဆ ပြောလိုက်သည်။

ဟဲလ်မီတန်က ဘုန်းစ်ကိုငဲ့ကြည့်လိုက်သည်။

''ကျုပ်ဆိုလိုတာ…. ကျုပ်ဘယ်လို ချီးမြှင့်မှုမှ လက်မခံဘူး ဒီမှာ ဘုရင်ခံကြီး ခင်ဗျားအစိုးရက ကျွန်တော့ကို ဂုဏ်ပြုချီးမြှင့်တာကို ဂုဏ်ယူပါတယ်…. ဒီကိစ္စတစ်ခုလုံး ကျွန်တော်ဆောင်ရွက်တာဖြစ်ပေမယ့် ကျွန်တော့အထက်ကအရာရှိ ဗိုလ်ကြီးဟဲလ်မီတန်ကိုပါ ထိုက်ထိုက်တန်တန်ဂုဏ်ပြုပါမှ ဒီဆုတံဆိပ်ကို ကျွန်တော်လက်ခံပါမယ်လို့ ဘုရင်ခံကြီးကို အပြတ်ပြောလိုက်ပါ။

ဘုန်းစ်က ထက်ထက်သန်သန်ပြောလိုက်သည်။

''ငါ့အကြောင်းတော့လုံးဝထည့် မပြောပါနဲ့ ဘုန်းစ်… နောက်ပြီးမင်းကို ချီးမြှင့်ဂုဏ်ပြုဖို့ ဘုရင်ခံက ခေါ်တယ်လို့မင်းထင်ရင်အမှားကြီးမှားလိမ့်မယ် ..မင်းကို ပိတ်ကန့်ဖို့ခေါ်တာ…ထိပ်တန်းလျှို့ဝှက်အမိန့်စာကို မင်းမဖတ်လိုက်ရဘူးလား''



ဘုန်းစ်တစ်ဘတ်စ်၏ မျက်နှာရှည်သည် ပို၍ရှည်သွားသည်။ သူ၏မျက်လုံးတစ်မှန်ကို မျက်လုံးထဲထိုးတင်လိုက်ပြီး သူ့အထက်အရာရှိကို ခပ်တည်တည်ကြည့်လိုက်သည်။

''ကန့်မယ်ဆိုရင်လဲ ဘာကြောင့် ကျုပ်ကိုမှ ကန့်ရမှာလဲ… အိုချုံရီဒေသမှာ ဘယ်သူတာဝန်ရှိလဲ…အာစရိပဲမဟုတ်လား… အဲဒီတော့အလွတ်ရုန်းမယ်မကြံနဲ့…သမ္မာကျမ်းစာမှာ တွေ့ဖူးတယ်မဟုတ်လား…ဟီတစ်ဒလီဟာစ်တီလူမျိုးတွေရဲ့ ခေါင်းဆောင်ကြီးယူရိယာက အဲဒီလိုပဲကြိုးစားလိုက်တော့ ဘယ်လောက်နာမည်ပျက်သွားသလဲ…နောင်လာနောင်သားတွေက သူ့ကိုယူရိယာသုလယ်ကြီးလို့ ခေါ်ကြတယ်… အဲဘုရင်ခံထုတ်ပြန်တဲ့ လျှို့ဝှက်အမိန့်ကိုတော့ ကျုပ်က ဘုရင်ခံသက်သက်နောက်နေတယ်မှတ်တာ''

* * * * * *

ဘုရင်ခံရုံးကို ဆင့်ခေါ်ခြင်းခံရခြင်းသည်အတော်ပင် တုန်လှုပ်ခြောက်ခြားဖွယ်ကောင်းသောကိစ္စ ဖြစ်သည်။ အရာရှိအသစ်ကို ဝင်တွေ့ရခြင်းဖြစ်လျှင် ပို၍ပင် တုန်လှုပ်ဖွယ်ကောင်းသည်။ အုးတဆတ်ဆတ်တုန်လောက်သည်ဟု မှတ်ယူကြသည်။

ဘုန်းစ်ကမူ ကြောက်ရန်နေနေသာသာ ယင်းကိစ္စကို စိတ်ထဲတွင်ပင်မထည့်ထားမိချေ။ ဘုရင်ခံသစ်ရုံးစိုက်နေသော မြို့သို့လာသည့် ခရီးစဉ်တစ်လျှောက်တွင် သူ၏မဟာဂီတရေးရာကိုသာ အကြီးအကျယ်တွေးဆနေခဲ့သည်။ တခြားတူရိယာများကို

www.burmeseclassic.com

www.burmeseclassic.com



စွန့်ပယ် ၍ ပတ္တလားသာတီးသင့်၊ မတီးသင့် အကျိုးရလာဒ်ကို အနုလုံပဋိလုံ သုံးသပ်လာခဲ့သည်။ ဒေါပွနေမည့် ဘုရင်ခံအကြောင်း တစ်ချက်တစ်ချက်သာ ခေါင်းထဲဝင်လာသည်။

မက်ကယ်လစ်စတာသည် စက်သေနတ်များကို ယုံကြည် အားကိုးသည်။ မိတ္တူသုံးမှုပွားသော အစီရင်ခံစာကို ယုံကြည်သည်။ လက်တွေ့ဖြစ်ရပ်ဌာနေတွင် ရောက်နေသောလူကို ယုံကြည်သည်။ လက်တွေ့ဖြစ်ရပ်ဌာနေတွင် ရောက်နေသောလူကို ယုံကြည်သည်။ စိတ်သည် အင်္ဂလန်တွင်နေထိုင်စဉ်က ရှိခဲ့သောယုံကြည်ချက် မဟုတ်ချေ။ ဤနေရာသို့ရောက်ရှိပြီး လက်တွေ့ဖြစ်ရပ်ဌာနေတွင် ရောက်ရှိနေသောပုဂ္ဂိုလ်သည် သူပင်ဖြစ်ကြောင်း သဘောပေါက်မှ ထိုယုံကြည်ချက်ဝင်လာသည်။ သူသည် တိုင်းတစ်ပါးမှလာသော ပိုင်အရက်များ၊ တိုင်းတစ်ပါးဟင်းများကို မနှစ်ခြိုက်ချေ။ စကော့တလန်သိုးသားနှင့် ဝီစကီကို စွဲလန်းသည်။ နောက်တက်လူငယ်များပေါ်တွင် လုံးဝယုံကြည်မှုမရှိချေ။ သူကိုယ်တိုင် လူငယ်ဘဝကမှ တစ်မျိုးတစ်ဘာသာဖြစ်သည်။ ထိုစဉ်က သံတမန်လုပ်ငန်းကို ဝင်ရောက်သောသူများသည် လူကြီးလူကောင်းများဖြစ်သည်။ မိန်းမများသည် ဣန္ဒြေသိက္ခာနှင့်ပြည်စုံပြီး ကိုယ့်နေရာ ကိုယ်သိသည်။

သူသည်အရပ်ရှည်၏။ ပခုံးကျယ်၏။ ပခုံးများမှာ နွားသိုးတစ်ကောင်၏ပုခုံးနှင့်တူ၏။ မျက်နှာမှာမူ နီတွတ်နေသည်။ နေဒဏ်အတော်ခံထားရပုံရသည်။ မူလက အနီရောင် ဖရောင်းသားဖြင့် ထွင်းပြီး နေပူထဲပစ်ထားခဲ့သည်နှင့် တူနေသည်။

"ဘုရင်ခံက မင်းကို အခုချက်ချင်းတွေ့လိမ့်မယ်"

တတိယအတွင်းဝန်က ပြောပြောဆိုဆိုပင် သူ၏လက်မှ



လက်ပတ်နာရီကို ကြည့်လိုက်သည်။

"ခင်ဗျား ဆယ်မိနစ်နောက်ကျနေတယ်"

တတိယအတွင်းဝန်က ခေါင်းခါယမ်းလိုက်သည်။

"သင်္ဘောက တစ်ရက်နောက်ကျခဲ့တယ်ခင်ဗျာ"

ဘုန်းစိက ပြန်ဖြေလိုက်သည်။

တတိယအတွင်းဝန်သည် ခေါင်းတစ်ချက်ခါလိုက်ပြန်သည်။ သူ၏ဦးထုပ်ဖြူကို ချွတ်လိုက်ပြီး ဦးထုပ်ထဲသို့ မျက်စေ့မှေး၍ကြည့်လိုက်သည်။ နှုတ်ခမ်းများက တလှုပ်လှုပ် လှုပ်နေသည်။ ဘုရားရှိခိုးရွတ်ဖတ်နေပုံရသည်။

"ဒီဘက်ကြွပါ မစ္စတာတစ်ဘတ်စ်"

တတိယအတွင်းဝန်သည် ပြောပြောဆိုဆိုပင် ရှေ့မှ ခပ်သုတ်သုတ်လျှောက်သွားသည်။

ဘုန်းစိသည် သူ၏လွတ်လပ်မှုကို ဖော်ကျူးသည့်အနေဖြင့် နောက်မှ ခပ်အေးအေးသာ လျှောက်လိုက်သွားသည်။

ဆာမက်ကယ်လစ်စတာသည် သူ၏ရုံးခန်းကြီးထဲတွင် လက် နောက်ပစ်လျှောက် ခေါက်တုံ့ခေါက်ပြန်လျှောက်နေခဲ့သည်။ ဗြိတိသျှအင်ပါယာကြီး၏ ဝန်ထုပ်ဝန်ပိုးမှန်သမျှ သူ့ခေါင်းပေါ်တွင်ရှိနေသကဲ့သို့ မျက်မှောင်ကုတ်လိုက်သည်။ သူသည် မျက်မှောင်ကို အကြီးအကျယ်ကုပ်၍ အကြီးအကျယ်တွေးနေခဲ့သည်။ သူသည် အခန်းထဲဝင်လာသူများကို တစ်ချက်ငဲ့ကြည့်လိုက်သော်လည်း လမ်းလျှောက် မပြတ်ချေ။

"မစ္စတာတစ်ဘတ်စ် ရောက်လာပါပြီ ဘုရင်ခံကြီးခင်ဗျား"

တတိယအတွင်းဝန်သည် ဧည့်သည်အား ရှားရိုးကိုပေါက်

www.burmeseclassic.com

www.burmeseclassic.com



အပြေးအလွှား လိုက်လံဖမ်းဆီးပြီး ခေါ်ဆောင်ခဲ့ရသည့်လော ဖြင့် လျှောက်တင်လိုက်သည်။

"ဟင်း"

ဘုရင်ခံကြီး သက်ပြင်းချ မြည်တွန်လိုက်သည်။

တတိယအတွင်းဝန်သည် ခြံထဲမှထွက်ချင်ထွက်ချင်ဟ ဖြင့် ထွက်သွားသည်။ သူသည် ဘုရင်ခံပြောသမျှကို တတ ကြားလိုသောဆန္ဒရှိခဲ့သည်။

"မစ္စတာတစ်ဘုတ်စ်ဆိုဟာ မင်းကိုး"

"ဟုတ်ပါတယ် ခင်ဗျား"

"ဟေ့- ဘုရင်ခံကွ"

ဆာမက်အေလစ်တာက ဟောက်လိုက်ပြီး ဆက် လိုက်သည်။

"ကွယ်လွန်သူ ဆာဂျွန်တစ်ဘုတ်စ်နဲ့တော့ အမျိုးမတော် ပါဘူးနော်"

"တော်ပါတယ် ဘုရင်ခံမင်းခင်ဗျား ကျွန်တော် အဖေပါ"

"အို... ဟုတ်လား"

ဘုရင်ခံကြီး အကြပ်ရိုက်သွားသည်။ ဆာဂျွန်တစ်ဘုတ် သည် ဘုရင်ခံတကာ့ ဘုရင်ခံတွင် အတော်ဆုံးဟု ဂုဏ်သတင် ကြီးခဲ့သူပင်ဖြစ်သည်။

"ဟုတ်လား.... ကဲ အဲဒါထားပါ... မင်းအိုချိုရီနယ်ပြေ ဘာကြောင့် တာလာကီဆိုတဲ့လူကို ဘယ်လိုရုံးတင်မှု၊ စစ်ဆေ မပြုဘဲ ကြိုးပေးသတ်ခဲ့သလဲ... မင်း အန္တရာယ်အခြေအနေ ရောက်နေခဲ့တယ်လို့ မင်းဆင်ခြေပေးလိမ့်မယ်... အနီးဆုံးတရား



ကြီးနဲ့ မိုင်ပေါင်း ရှဝဝဝေးနေလို့လို့ မင်းပြောလိမ့်မယ်... အရင် ဒုန်းက လုပ်ထုံးလုပ်နည်းပါလို့ မင်းပြောလိမ့်မယ်... မင်းမှာ ပ်သားအင်အားနည်းနေလို့ တစ်ခြားရာဇဝတ်ကောင်တွေ လွတ် သွားမှာ စိုးရိမ်တယ်လို့ အဲဒီလို မင်းပြောလိမ့်မယ်"

ဆာမက်ကယ်လစ်စတာသည် စကားပြောရပ်ပြီး ဘုန်းစ် အား အမှုန့်ကြိတ်ပစ်တော့မည့်ပုံစံနှင့် ကြည့်လိုက်သည်။

"မပြောပါဘူးခင်ဗျာ... အဲဒီဆင်ခြေကောင်းလေးတွေ တစ်ခုမှ ကျွန်တော့်ခေါင်းထဲမဝင်လာခဲ့ဘူး"

ဘုန်းစ်က ယဉ်ကျေးစွာပြောလိုက်သည်။

"မဝင်ဘူး ဟုတ်လား... ကောင်းပြီ။ ငါပြောတာနား ထောင် သဘောပေါက်... မင်းရဲ့အရေးပိုင်ဆီကို ဒီအမိန့်ပြန် ယ်သွား... သတ်မိန့်ကို ငါ... ဒါမှမဟုတ် ငါ့လက်ထောက်ထစ် ယာက်ယောက် လက်မှတ်မထိုးမချင်း ဘယ်သူ့ကိုမှ သတ်ခွင့် ဘူးလို့... ဆန်ဒါး(စ်)ကို ပြောလိုက်စမ်း"

ဘုန်း(စ်)သည် ဘုရင်ခံ၏အပြောကို နည်းနည်းမှ မဖြေချေ။

"ဟုတ်ကဲ့ခင်ဗျာ... ကျွန်တော် ပြောလိုက်ပါမယ်... တော ဆန်ဒါး(စ်) နုတ်ထွက်တဲ့အခါမှာတော့ သူ့နေရာဝင်တဲ့ ကို ဘုရင်ခံမင်းကြီးကိုယ်တိုင် ပြောမယ်ထင်ပါတယ်"

"နုတ်ထွက်တော့... ဟုတ်လား"

ဆာမက်ကယ်လစ်စတာ၏မျက်နှာ ပန်းရောင်ပြောင်းသွား ည်။ နိုင်ငံခြားရေးရုံးတွင် ဆန်ဒါး(စ်)ဂုဏ်သတင်းက ကြီးလှ ည်။ နောက်ဆုံးတစ်ကြိမ် နုတ်ထွက်စဉ်က ဘုရင်ခံတစ်ဦး သွားခဲ့ဘူးသည်။ ဆန်ဒါး(စ်)လို အရေးပိုင်တစ်ဦးရရန်ထ ိုဘုရင်ခံတစ်ဦးရရန် လွယ်သည်ဟု ထိုဘုရင်ခံအား နိုင်ငံ

www.burmeseclassic.com

www.burmeseclassic.com



ခြားရေးရုံးမှ ပညာသားပါပါ ပြောကြားလိုက်သည်။

"သူ့အလုပ်ထွက်မယ်လို့ထင်သလား မစ္စတာတစ်ဘတ်"

ဘုရင်ခံကြီးမက်ကယ်လစ်စတာ၏ လေသံပျော့သွားသည်

ဟုပင် ထင်ရသည်။

"ထွက်မှာ အသေအချာပဲခင်ဗျား... အဲဒီလိုအမိန့်မျိုး

ကျွန်တော်လို သာမညဪင်ညအရာရှိလေးနဲ့ မပို့သင့်ဘူး"

ဘုန်းစ်က စိတ်မကောင်းဟန်ဖြင့် ခေါင်းကို တွင်တွ

ခါရမ်းလိုက်သည်။

"ကျွန်တော်လည်း နုတ်ထွက်ကောင်း နုတ်ထွက်ရပါ

မယ်ထင်တယ်"

ဤခြိမ်းခြောက်ချက်မှာ မသိသာချေ။ သို့သော် ဘုရင်

ကြီးသည် မြင်းကန်ခံလိုက်ရသည်ကဲ့သို့ ယိုင်သွားသည်ဟု ဘုန်း

က နောက်ပိုင်းတွင် ပြောကြားခဲ့သည်။ မည်သို့ပင်ဆိုစေ ဆာမ

ကယ်လစ်စတာ လမ်းလျှောက်ခြင်းအလုပ်ကို ဆက်လက်လုပ်

သည်မှာ အမှန်ပင်။

"ငါကိုယ်တိုင် သူ့ကို ဆင်းတွေ့မယ်... မထိတ်

မလန့်သာ ကျန်းမာရေးထိခိုက်စေနိုင်တဲ့အခြေအနေတွေရှိ

ငါကိုယ်တိုင် ဘင်းကြည့်ရလိမ့်မယ်... ဒါနဲ့ မင်းကဘာဖြ

အဲဒီလူကို ကြိုးဆွဲချပစ်လိုက်လဲ"

"သူက လူတစ်ယောက်ကိုသတ်ဖြတ်ပြီး၊ အဲဒီ

မယားကို ခိုးသွားလို့ပါခင်ဗျား"

ဘုန်းစ်က စကားချိုပြီး အကျယ်တဝင့်ပြောပြလိုက်သ

အာဖရိကအနောက်ဒေသ၏ တကယ့်သဘာဝကို မသိ

ဆာမက်ကယ်လစ်စတာသည် ကြက်သီးဖြန်းဖြန်းထ တုန်လှုပ်



သည်။ ဘုန်းစ်စကားမဆုံးခင်မှာပင် ဟန့်လိုက်သည်။

"သိပ်ကြောက်စရာကောင်းပါလား... ငါနဲ့အတူ ညနေစာ

လာစားကွာ... အဲဒီတော့ စကားဆက်တာပေါ့... ဟုတ်လား

တစ်ဘတ်စ်... ညနေ(၇)နာရီခွဲတိတိ။ မင်းကို စောင့်တော့မစောင့်

ပါရစေနဲ့။ အချိန် တိတိကျကျ ရောက်မလာရင်တော့ မင်းပြုတ်ပြီ

သာမှတ်... ဒါနဲ့ ဘုရင်အိုကြီးရဲ့နယ်မြေထဲမှာ ပြဿနာဖြစ်နေတယ်

ကြားတယ်... အဲဒီကိစ္စ ပညာသားပါပါ ကိုင်တွယ်မှုဖြစ်မယ်...

ဆန်ဒါး(စ်)ကိုပြောလိုက် နောက်သင်္ဘောခေါက်နဲ့ ငါလိုက်လာခဲ့မယ်

လို့။ အဖိုးကြီးနဲ့ တွေ့ဆုံဆွေးနွေးပွဲတစ်ခုကျင်းပဖို့ စီစဉ်ထားနိုင်း...

နေဦး... နေဦး။ အဲဒီကိစ္စမှာ ဆန်ဒါး(စ်)မပါစေချင်ဘူး... အဲဒီ

နယ်နိမိတ်ကိစ္စကို ငါကိုယ်တိုင်ရှင်းမယ်။ ကဲ ခုနစ်နာရီခွဲတိတိ

အရောက်လာခဲ့၊ မင်းတစ်မိနစ်နောက်ကျလို့ကတော့ မင်းကို တပ်မ

တော်ထဲက ကန်ထုတ်လိုက်ပြီလို့သာမှတ်... ကဲသွားတော့"

ဘုန်းစ်သည် ဘုရင်ခံ၏အခန်းအပြင်သို့ ရောက်သောအခါ

တွင်... ဆန်စတ်စ် စစ်တက္ကသိုလ်တက် ဘက်စတီဝက်ကလေးနှင့်

ပက်ပင်းတိုးလေသည်။ စတီဝက်ကလေးသည် ဘုရင်ခံ၏ ကိုယ်

ရေးအရာရှိ။ ရွှေကြိုးများ ဝတ်ဆင်ထားသည်။ ၎င်းတို့နှစ်ယောက်

ဝင်သာအားရ နုတ်ဆက်၍ အလာပသလ္လာပပြောပြီးနောက်တွင်

ဘုရင်ခံအကြောင်းသို့ ရောက်သွားသည်။

"အဖိုးကြီးက မဆိုးပါဘူး... ဒါပေမယ့် အစားမက်၊

အသောက်မက်ပဲ။ အထူးသဖြင့် အရက်အရမ်းသောက်တယ်။

အရက်သောက်ဖော်အတွက်ဆိုရင် မတွန့်တိုတတ်ဘူး... တခါ

တော့ရှိတယ်... အဖိုးကြီးက ချစ်ဒုက္ခသမားကြီးနဲ့တူတယ်... ဒီည

သူနဲ့တွေ့တဲ့အခါ မိန်းမတွေအကြောင်းရှောင်၊ အထူးသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



စကော့မတွေအကြောင်း မပြောမိစေနဲ့''

စတီဝက်ကလေးက ဘုန်းစ်ကို သတိပေးလိုက်သည်။

ဘုန်းစ်ကလည်း ကတိပေးလိုက်သည်။

ဘုန်းစ်သည် ညနေစာစားပွဲသို့ စောစောပင်ရောက်သည်။ အရောက်ဝင်ပြီး စိတ်ရွှင်နေသော ဘုရင်ခံကိုတွေ့ရသည်။ ဘုရင်ခံ ဆက်ခံမှုမှာ ဖော်ရွေလှိုက်လှဲလှသောကြောင့် ဘုန်းစ်သည် ပတ္တ လားတစ်ခု ဝယ်ယူထားကြောင်းပင် ဖွင့်ဟပြောရဲခဲ့သည်။ ဘုရင် သည် ပတ္တလားကို နှာခေါင်းရှုံ့လိုက်သည်။ ညစာစားပွဲ သိမ်းခါ တွင် သူလည်း ဂီတဝါသနာရှင်ဖြစ်ကြောင်း ဝန်ခံလိုက်သည်။

''လူကလေး.... မင်းပတ္တလားကို အစုတ်ပလုတ် တူရိယာ လေးလောက်ပဲ တွေ့ကြုံပြီး၊ တို့စကော့လူမျိုးရဲ့ မဟာတူရိယာကြီး ခြောက်ပြွန်ပုလွေကို မတွေ့ဘူးတာ သိပ်သိပ်သနားဖို့ကောင်း တာပဲ... စတီဝက် ငါ့သေတ္တာထဲက ခြောက်ပြွန်ပုလွေကြီးယူခဲ့စမ်း''

ဘုရင်ခံကြီးမက်ကယ်လစ်စတာသည် ရှည်လျားသော လေသံကြီးဖြင့် ပြောလိုက်သည်။

ဆာမက်ကယ်လစ်စတာ ဤကဲ့သို့စကားပြောလျှင် စိတ် ချမ်းမြေ့နေ၍သာဖြစ်သည်။

ဘုန်းစ်သည် ဆာမက်ကယ်လစ်စတာ၏ ဂီတလက်သံကို နှစ်နာရီလုံးလုံး တအံ့တသြနားဆင်လိုက်ရသည်။ မျက်ကပ်မှန် ဝိုင်းကို မျက်လုံးထဲကပ် လက်နှစ်ဖက်ပေါင်ပေါ်တင်၍ တလေးတ စား ကိုင်းညွတ်ကြည့်နေသော ဘုန်းစ်သည် စကော့လူမျိုးများ ဝတ်ဆင်သော ဂါဝန်တိုတလွှားလွှားဖြစ်အောင် စည်းချက်ကျကျ ဘယ်ညာခေါက်တုံ့ခေါက်ပြန်လှမ်းရင်း ခြောက်ပြွန်ပုလွေကြီးကို တကျိုးကျိုးမှုတ်နေသော ဘုရင်ခံကြီးတည်းဟူသော ကြိုးတောင်



ကြုံခဲ့မြင်ကွင်းကို တွေ့လိုက်ရသည်။

ဘုရင်ခံကြီးသည် 'မြိုင်တောက ပန်းပွင့်လေးများ' နှင့် 'မင်းသားလေးရဲ့သောက'ဟူသော တေးသီချင်းများကို မှုတ်လိုက် သည်။ ထို့နောက် သူ့ညီ့သည်တော်လေးကိုပါ မှုတ်ကြည့်ရန် ဖိတ်မန္တကပြုလိုက်သည်။ လက်နေလက်ထားကအစ အသေအချာ သင်ကြားပေးလိုက်သည်။ ဘုန်းစ်သည် ဘဝင်လေဟပ် အပျော် ကြီးပျော်သွားသည်။

''ဟုတ်ပြီ... ဟုတ်ပြီ... မင်းတော်တယ်... တတ်လွယ် တယ်... ငါစတီဝက်ကို သင်ပေးပေမယ့် ဒီကောင့်ပါရမီခံကိုက နည်းနေတယ်''

''ငါမင်းကို ခြောက်ပြွန်ပုလွေကောင်းတစ်လက် ပေးလိုက် မယ်''

ဘုန်းကြီးရှုးနဲ့လေ့ရှုးတို့ မြိုင်မြိုင်ဆိုင်ဆိုင်ကြီး ထိုညတွင် တွေ့လိုက်ရာ သန်းခေါင်နီးနီးပင် တိုင်သွားသည်။

''ကဲ... ထိုင်စမ်းပါဦး... ဘုန်းစ်... မင်းမနက်သဘော် ခေါက်နဲ့ပြန်လိုက်သွားမယ်ပေါ့ အေး ကောင်းပါကွယ်... မင်းတို့ လို ငယ်ရွယ်နုပျိုတဲ့ဘဝ... မင်းအသက်အရွယ်လောက်မှာပဲ... ငါမိန်းခလေးတစ်ယောက်ကို ချစ်မိခဲ့တယ်... နာမည်က မက်ဂီ ဘရွန်းတဲ့။ နယ်နယ်ရရမဟုတ်ဘူးနော်... ဆာမျိုးနွယ်က ဆင်း သက်လာတဲ့သူလေးပဲ...''

စတီဝက်ကလေးက ဘုန်းစ်အား တည်းခိုခန်းအထိ လိုက်ပို့သည်။

''အဖိုးကြီးက မဆိုးပါဘူး....ဒါပေမယ့် မက်ဂီဘရွန်းတစ် ယောက် သူနဲ့မတွေ့ခင်ကတည်းက သေသွားရင် ကောင်းတယ်လို့

www.burmeseclassic.com

www.burmeseclassic.com



ငါဆုံတောင်းမိတယ်ကွာ... ခုတော့ အနည်းဆုံးတစ်ပတ်မှာ နှစ်ရက်တော့ မက်ဂီဘရွန်း တရားနာနေရတယ်"

"စတီဝက်သူငယ်ချင်း... လည်ပင်းမှာ ချိတ်ရတာ ဘယ်ပုလွေလဲ... အီးလို့မြည်တဲ့ပုလွေလား... အူးလို့မြည်တဲ့ပုလွေလား"

ဘုန်းစ်သည် ဘုရင်ခံ၏လက်ဆောင်ကို ပိုက်လျက် အလောသုံးဆယ်မေးလိုက်သည်။

ဘုန်းစ်သည် သရဲပူးနေသောသူကဲ့သို့ သူ့စခန်းသို့ပြန်ရောက်လာသည်။ သူစီးနင်းလိုက်ပါလာသော အန်ဆမ်သင်္ဘောစက်ဆရာက သူဆင်းသက်သွားသည်ကိုကြည့်ပြီး ဝမ်းသာအားရသက်မချလိုက်သည်။

"ကျုပ်ကတော့ စက်တွေကြားထဲ တစ်ခုခုညှပ်ရနေပြီမှတ်ပြီး ချောဆီတွင်တွင်လောင်းနေခဲ့တာ... ဘယ်ဟုတ်ရမှာလည်း ဗိုလ်ကြီးရဲ့လူက သူ့အော်ဂလီ အော်ဂလာ အော်ပွန်ကြီးနဲ့ တဂျိုဂျိုတဂွီဂွီတဂျစ်ဂျစ် မြည်နေတာကိုး..."

သင်္ဘောစက်ဆရာက ဗိုလ်ကြီးဟဲလ်မီတန်ကို တိုင်ကြားလိုက်သည်။

ဆန်ဒါး(စ်)သည် ဘုန်းစ်၏ခြောက်ပွန်ပုလွေကြီးကို ခေါင်းထဲမထည့်နိုင်ခဲ့ချေ။ ဘုရင်ခံကိုယ်တိုင် ကြွလာမည်ဟူသောကိစ္စကြောင့် အနည်းငယ်ဗျာများသွားသည်။

ဘုရင်ခံသည် သူ့ထံကြွလာရုံမက သူ့သင်္ဘောဖြင့်ပင် ဘုရင်အိုကြီးထံသို့ ခရီးဆက်ရန် အသင့်ပြင်ဆင်လိုက်သည်။ ဆန်ဒါး(စ်)သည် ဘုရင်ခံအား သင်္ဘောပေါ်သို့ လိုက်လံပို့ဆောင်ပြီး နှုတ်ဆက်လိုက်သည်။

"ခင်ဗျားကို အခုလိုဒုက္ခပေးရတာ စိတ်မကောင်းပါဘူး... မစ္စဆန်ဒါး(စ်)...... ဒါပေမယ့် ခုလိုပဲ ကျုပ် နှစ်စဉ်နှစ်တိုင်း တစ်ခေါက်တော့ လာကြည့်ဖို့ဆုံးဖြတ်ထားတယ်... အရင်လို အုပ်ချုပ်ရေးမှူးတွေက ဒီလိုကွင်းမဆင်းခဲ့တော့ မလစ်ဟာသင့်တဲ့နေရာမှာ လစ်ဟာခဲ့ရတာပေါ့"



ဘုရင်ခံက အေးဆေးစွာ ပြောလိုက်သည်။

"ဘုရင်အိုကြီးကို အထူးသတိထားပါခင်ဗျာ... ကျွန်တော့်သဘောအရဆိုရင် ဒီဆွေးနွေးပွဲကို ခေါ်ခဲ့မှာမဟုတ်ပါဘူး... ကျွန်တော်နဲ့သူ့သံတမန်တွေ့ပြီးတာ မကြာသေးပါဘူး... ဒီလောက်မြန်မြန်ဆွေးနွေးပွဲခေါ်တာ သင့်တော်ပဲ... ဒီတွေ့ဆုံပွဲကို ဘုရင်အိုကြီးကိုယ်တိုင်က ခေါ်တာပါ... ကျွန်တော်ခေါ်တာ မဟုတ်ပါဘူးဆိုတာ သဘောပေါက်စေချင်ပါတယ်...... လူကြီးမင်းက ဆွေးနွေးပွဲခေါ်ဖို့ အမိန့်ချတာထက် ၂၄ နာရီစောပြီး သူ့ကိုခေါ်ခဲ့တာပါ"

"အဲဒါဆိုပိုကောင်းတာပေါ့... သူလိုလားတာရှိနေတော့ အဆင်ပြေဖို့များတယ်"

ဘုရင်ခံကြီးက ကျေနပ်အားရစွာ ပြောလိုက်သည်။

ဇာရီသင်္ဘော၏ဒလက်ဘီးများ စတင်လည်ပတ်လာသည်။ ဘုန်းစ်သည် ဖွေးဖွေးဖြူနေသောဝတ်စုံကို ဝတ်ဆင်လျက် ဦးပိုင်းကုန်းပတ်ပေါ်တွင်ရပ်နေသော ဆန်ဒါး(စ်)နှင့် ဟဲလ်မီတန်ကို လှလှပပခန့်ခန့်ညားညား အလေးပြုလိုက်သည်။ ဇာရီသင်္ဘောသည် မြစ်လယ်သို့ တဖြည်းဖြည်းဆုတ်ခွာပြီးနောက် သင်္ဘောကို လှည့်လိုက်သည်။ ပဲ့ပိုင်းရှိ ရေယက်များ သွက်သွက်မွှေလာသည်။ ခဏအကြာတွင် မြစ်ကွေ့တစ်ကွေ့နောက်သို့ ဝင်ရောက် ပျောက်ကွယ်သွားသည်။

"ရေနစ်စမ်းပါစေဗျာ... ဘုန်းစ်ကို ခြောက်ပွန်ပုလွေ

www.burmeseclassic.com

www.burmeseclassic.com



လက်ဆောင်ပေးတဲ့လူအတွက် သေတ္တာကတော့ အတော်သက်သာသေးတယ်"

ဆန်ဒါး(စ်)နှင့်အတူ စခန်းဝင်းထဲသို့ ပြန်လျှောက်လာနေစဉ် .... ဟဲလ်မီတန်က ဒေါသတကြီး ပြောလိုက်သည်။

နေရာတကာတွင် စပ်စပ်စုစု ဝင်ပါလေ့ရှိသော ဘုန်းစ်သည် ဤတစ်ကြိမ်တွင် သဘောအင်ဂျင်နီယာ ယိုကာ၏ အလုပ်ကို ဝင်မရှုပ်ချေ။

"ကျွန်တော့်ကို အလိုရှိရင် ကျွန်တော်ဒီမှာရှိပါတယ် ဘုရင်ခံကြီးခင်ဗျား... ကျွန်တော် ဒီကုန်းပတ်ပေါ်မှာ ဒီလိုရပ်နေတာကိုက သူတို့တွေအတွက် အားတက်စရာပါပဲ"

ဘုန်းစ်က လေးနက်စွာပြောလိုက်သည်။

နေဘာခုမောက်ကို လည်ပင်းတွင် ချိတ်ထားသော ဆာမက်ကယ်လစ်စတာသည် သင်္ဘောဦးကုန်းပတ်တွင် ထိုးထားသော တာလပတ်အမိုးအောက်တွင် ခေါက်တုန့်ခေါက်ပြန်လျှောက်နေခဲ့သည်။

"ဒီခရီးစဉ်တစ်လျှောက် စိတ်ဝင်စားစရာကောင်းတဲ့နေရာတွေရှိရင် ပြောပြစမ်း ဘုန်းစ်"

ဘုရင်ခံကြီး ထိုမျှသာ ညွှန်ကြားလိုက်ရသည်။ ဘုန်းစ်သည် ထိုတစ်ရက်လုံး အတောမသပ် ပြောကြားတော့သည်။

"အဲဟို ကျွန်းလေးမှာပေါ့ ကျွန်တော် သင်္ဘောပေါ်က ပြုတ်ကျပြီး... မိကျောင်းစာဖြစ်တော့မလို့... လူကြီးမင်း ဒီနားက ရပ်ကြည့်ရင် မြင်ရမယ်၊ မမြင်ရဘူး... အို မြင်ရတယ် မြင်ရတယ် ... အဲဒီမှာ သစ်ပင်တွေကြားကရွာကိုတွေ့လား... အဲဒီမှာပေါ့ ကျွန်တော့်ကို မြင်တစ်ကောင်ကိုက်ထည့်လိုက်တာ လက်ကယောင်



ပြီးရင်းယောင်ရင်းပဲ... တကယ့်ကို ကြောက်စရာကြီးပဲ... အဲဒီမြစ်လယ်မှာ ထွန်းနေတဲ့သောင်ကိုတွေ့လား... ကျွန်တော် အဲဒီသောင်ပေါ် တစ်ရက်လုံးလုံးတင်နေခဲ့ဖူးတယ်။ ပတ်ပတ်လည်မှာရေကလွှဲလို့ ဘာမှကြည့်စရာမရှိဘူး... ဆိုးသလား မမေးနဲ့... အဲဒီမှာ လုပ်တွေ့နေရတဲ့ရွာ၊ အဲဒီရွာကို... ဘွန်... ကျွန်တော့်ရွာရဲ့နာမည်မေ့နေပြီ"

ဘေးမှနားထောင်နေသော ယိုကာက အသံဖြင့် ဝင်ဟောက်လိုက်သည်။

"အမ်ဘူလား"

"ဟုတ်ပြီ... ဟုတ်ပြီ အမ်ဘူလာရွာ... အမ်ဘရဲလားနဲ့ မနီးစပ်ဘူးလား ခင်ဗျား... ဟားဟား... နာမည်ရွေးမဆိုးပါဘူးနော်"

"အဲဒီရွာမှာ ဘာဖြစ်ခဲ့လဲ"

"အဲဒီရွာမှာ ကျွန်တော်ခွေးလိုက်ခံရတယ်လေ... တကယ့်ခွေးဆိုးပဲဗျာ... ကျွန်တော်တစ်နေကုန် အိပ်ရာထဲခွေနေခဲ့ရတယ်... အဲဒီချောင်းကိုတော့..."

ယိုကာက ထောက်ပေးလိုက်ပြန်သည်။

"လီဘီဆီနီ"

"ဟုတ်ပြီ ဟုတ်ပြီ .. လီဘီဆီနီချောင်း.... အဲဒီချောင်းက ရေကန်ကြီးတစ်ခုဆီပေါက်သွားတယ်.... ရေကန်က အတော်ကြီးသား.... ရေတွေဘာတွေနဲ့... ကျွန်တော် အဲဒီရေကန်ထဲ တစ်ခါကျသွားခဲ့ဖူးတယ်... စိုရွှဲသွားတာပဲ"

ဘိုခမ်ဘိုသည် အိုချိုမြို့တော်တွင် သူ၏ညီသည်တော်ကို အသင့်စောင့်ဆိုင်းနေခဲ့သည်။ ဆန်ဒါး(စ်)ပါမလာသည်ကို

www.burmeseclassic.com

www.burmeseclassic.com



သိသောအခါတွင် မျက်နှာပျက်သွားသည်။

"သခင် ဒီဆွေးနွေးပွဲဟာ အကြံနဲ့ခေါ်တဲ့ဆွေးနွေးပွဲပဲ ... တောင်တန်းကြီးရဲ့တစ်ဘက်မှာ ဘုရင်အိုကြီးရဲ့တပ်ရင်း နှစ်ရင်း အသင့်စောင့်နေတယ်လို့ ကျွန်တော့်သူလျှိုတွေက သတင်းပို့တယ် ... အဲဒါကြောင့် ကျွန်တော့်မြေတစ်ခွင် ရှိရှိသမျှ စစ်သည်တွေ စုရုံးဖို့ခေါ်လိုက်ပြီ"

ဘိုဆမ်ဘိုက အလေးအနက်ပြောလိုက်သည်။

ဘုန်းစ်သည် သူ၏ရှည်လျားသောနှာခေါင်းကို ဆွဲ၍ နှုတ်ခမ်းစူလိုက်သည်။ မကျေနပ်သော အရိပ်ပြလိုက်ဘသည်။

"ဘိုဆမ်ဘို.... ခင်ဗျားကျုပ်ကို သတင်းဆိုး အစီရင်ခံနေဟာပဲ.... ဒီလူဟာ ဘုရင်တစ်ပါးပဲ.... အလွန်ကို အဆင့်မြင့်တဲ့ ဘုရင်ပါ"

ဘိုဆမ်ဘိုသည် ဘုန်းစ်နှင့်သူ ပြောကြားနေသည့်စကားကို နားမလည်၍ ဘာမှမသိလိုက်သော ဘုရင်ခံဆာမက်ကယ်လစ်စတာကို လှမ်းကြည့်လိုက်သည်။ သူသည် သူ့အားကြိုဆိုရန် ရောက်ရှိနေသော လူမျိုးစုခေါင်းဆောင်များအား စကားပြန်တစ်ဦး မှတဆင့် စကားပြောဆိုရန် ကြိုးစားနေခဲ့သည်။

ဘိုဆမ်ဘိုက တကယ့်အရိုးခံသက်သက်ဖြင့် မေးလိုက်သည်။

ဘုန်းစ်သည် စိတ်အနှောင့်အယှက်ဖြစ်သွားသည်။

"ခင်ဗျားဟာ တကယ့်လူနောက်ပဲ"

"သခင်လိုပါပဲ.... မဟုတ်ဘူးလား"

ဘိုဆမ်ဘိုက လုလုပပတုန့်ပြန်လိုက်သည်။

ဘုန်းစ်သည် ဘုရင်ခံဆာမာကယ်လစ်စတာအား ရှေ့ဆို



မဆက်တော့ရန် ဖျောင်းဖျကြည့်လိုက်သည်။ သို့သော် တစ်ညသာ ကုန်သွားသည် အကျိုးအရာမထင်ချေ။ ၎င်းတို့အဖွဲ့တွင် စစ်သည်အယောက် (၂၀)သာ ပါရှိသည်။ တောင်ပေါ်သို့တက်သော တောတန်းများမှာ တောနက်လှပြီး ကိုင်းချင်းနွယ်ချင်းယှက်နေသောကြောင့် ရိုင်ဖယ်သေနတ်များ အသုံးမဝင်တော့ဟုပင် ဆိုလောက်သည်။

"မစ္စတာတစ်ဘတ်စ်.... ဗြိတိသျှအရာရှိများသည် တာဝန်ကို ဦးလည်မသုံ့ထမ်းဆောင်တယ်.... အဲဒီစကားလုံးကို ရွှေစာလုံးနဲ့ရေးပြီး ခေါင်းထက်အမြဲရွက်ထားသင့်တယ်.... စားစားနေနေ သွားသွား အိပ်အိပ် ဒါကိုအမြဲမြင်နေရမယ်"

ဘုရင်ခံကြီးဆာမက်ကယ်လစ်စတာက လက်သီးလက်မောင်းတန်း၍ ပြောလိုက်သည်။

"အိပ်နေတုန်း မြင်ဖို့ကတော့ ဘယ်လွယ်မလဲ ဆရာကြီးရယ်.... ကျွန်တော်က မျက်စိမှိတ်ပြီး အိပ်တဲ့အလေ့ရှိတယ်"

ဘုန်းစ်သည် မကြားတကြားရေရွတ်လိုက်ပြီး ဆက်ပြောလိုက်သည်။

"ကျွန်တော်ဆိုလိုတာက ဒီလိုပါ.... ချစ်လှစွာသော ဘုရင်ခံကြီးရယ်...."

"တစ်ဘတ်စ်မင်းရဲ့ လေသံက စည်းဘောင်လွန်လာပြီ"

မက်ကယ်လစ်စတာက သတိပေးလိုက်သည်။

ပုဂ္ဂိုလ်ကြီး၏ ကိုယ်ရေးအရာရှိဗိုလ်လေးစတီဝက်ကလေးနှင့် ဘုန်းစ်သည် ဆွေးနွေးတိုင်ပင်ကြည့်လိုက်သည်။ စိတ်သက်သာစရာ တစ်ကွေ့မှမတွေ့ရချေ။

"အဖိုးကြီးက ဘလွန်းဆိုတဲ့ စကော့မကို စိတ်ကူးသည်

www.burmeseclassic.com

www.burmeseclassic.com



မျှော်လင့်ခဲ့တာကလွဲလို့ တစ်ခြားစိတ်ကူးစိတ်သန်း အမျှော်အမြင် လုံးဝ ရှိတဲ့သူမဟုတ်ဘူး... သူ့ကို ကော့တေးလ်အရက်တစ်ခွက် လောက်တိုက်ပြီး အခြေအနေကြည့်လိုက်သွား''

အရက်တစ်ခွက် ထပ်သောက်လိုက်ရသော အခါတွင် ဘုရင်ခံကြီးသည် ဆွေးနွေးပွဲသို့ တက်ရောက်လိုစိတ်မကုန်သွား သော်လည်း လတ်တလောအားဖြင့် ဂီတစျာန်မျောချင်သွား၏။ ''အိုချုံရီစစ်သည်ပေါင်းတစ်သောင်းသည် ကမ်တဲလ်တို့လာချေပြီ'' ဟူသော ခြောက်ပြန်ပုလွေတေးသွားကို ပင့်သက်မ၍ သောတ ဆင်လိုက်ရသည်။

''သခင်လေး... သခင်ကြီးဟာ အဲဒီဝမ်းဗိုက်သံစုံမှုန်း စုံမြည်တော့ ဘာဖြစ်လို့ ခေါက်တုန့်ခေါက်ပြန်လျှောက်နေတာလဲ အိပ်ရာထဲလှဲနေရင် ပိုမသက်သာဘူးလား... ဒါထက်ဆိုးတဲ့ အသံ ထွက်စရာရှိသေးလား''

ဘိုဆမ်ဘိုက ဘုန်းစ်အား တအံ့တသြမေးလိုက်သည်။

အတန်ကြာတွင် ဘုန်းစ်က သူ့ကိုယ်ပိုင်ခြောက်ပြန်ပုလွေ ကို ထုတ်လာသည်။ ဘုန်းစ်၏လက်သံက ဘိုဆမ်ဘို၏အမေးကို ဖြေပြီးသား ဖြစ်သွားသည်။

သူတို့သည် နောက်တစ်နေ့မနက် အာရုဏ်တက်ချိန်မှာပင် အိုချုံရီမြို့တော်မှ ထွက်ခွာတက်လာခဲ့သည်။ ၎င်းတို့အဖွဲ့တွင် ဘုရင့်ခြေလျင်တပ်သား (၁၀)ဦးနှင့် လက်ရွေးစင်လှံကိုင် စစ်သည် ပေါင်း (၁၅၀)ပါရှိခဲ့သည်။ နေရောင်ကွယ်ခါနီးလောက်မှာပင် တောင်ခြေသို့ ရောက်ရှိခဲ့သည်။

''ဒါတို့ဒီမှာ တစ်နာရီလောက်နားပြီး ညရိပ်မှာ အေးအေး ဆေးဆေး ချီတက်ခရီးဆက်မယ်''



လွန်ခဲ့သော ၁၂-မိုင်အကွာအဝေးကပင်ဟည်းက ဝေါစီး လိုက်ပါလာခဲ့သော မက်ကယ်လစ်စတာက အမိန့်ပေးချမှတ်လိုက် သည်။

ဘုန်းစ်သည် ချွေးရွှဲစိုညစ်ပေနေသော သူ၏နဖူးကို သုတ် ရင်းပြောလိုက်သည်။

''မနက်ပိုင်းမိုးလင်းတဲ့အထိ စောင့်ရင်ကောင်းမယ် လူ တွေအားလုံး လက်ပမ်းကျနေပြီ''

ဆာမက်ကယ်လစ်စတာက ပြုံးလိုက်သည်။

''မင်းခံနိုင်ရည်ရှိအောင် လုပ်ပေးရမယ်...လူလေး.. သူတို့ ဆက်လက်ချီတက်နိုင်ဖို့ ဘာလိုလဲဆိုတာ ငါကောင်းကောင်း သဘောပေါက်တယ်.... မင်းလည်း အလေ့အကျင့်ရတာပေါ့. ... ဘုန်းစ်က မကျွမ်းသေးဘူး''

ဘုရင်ခံကြီးက ရွှင်မြူးစွာပြောလိုက်သည်။

လေကြီးမိုးကြီး ပြင်းသည်ထက်ပြင်းစွာရွာသော ဆိုးဝါးလှ သည့် ညတစ်ညတွင် မရှင်ဘာမရှင်ဘာ မိစ္ဆာဆိုးကြီးခိုအောင်း သွားသော တဈေတောင်တန်းကြီး၏ တောင်ကြားလမ်းတစ်ဖက် အမှောင်ထဲတွင် လှံတံပေါင်းများစွာ ဖြိုးဖြိုးလှဲ့နေသည်။ မွေးထုသား အရေခွံကြီး ခြုံလွှမ်းထားပြီး အအေးဒဏ်သက်သာစေရန်အတွက် တဲရုံအောက်တွင် မီးအိုးလေးတစ်အိုးထားသော ဘုရင်အိုကြီး သည် မြင့်မားလှသော တောင်ကမ္ဘားအကွယ်တွင် ဝပ်နေသည်။ သူ၏ခြေရင်းတွင် ဆောင့်ဆောင့်ထိုင်နေသော ကုန်သည်ဂျူးသည် ဆိုးဝါးလှသောအနံ့နှင့် ဖွာနေသည့်ဆေးတံတို့ကို ရှုက်လိုက်သည်။

''ဆန်ဒါး(စ်)မရှိတော့ရင် သူအိုချုံရီနယ်မြေထဲကို ကြိုးစား သလောက် သွားနိုင်တယ်လို့ ပြောပြလိုက်စမ်းပါ''

www.burmeseclassic.com

www.burmeseclassic.com



မင်းတိုင်ပင်အမတ်တစ်ယောက်သည် ကျောက်လမ်းပေါ်တွင် အလျားလိုက်မှောက်၍ မြေကြီးကို နားရွက်နှင့်ကပ် နားစွင့်နေခဲ့သည်။ ယခု သူထလိုက်သည်။

"သူတို့လာနေပြီ"

သူသည် ပြောပြောဆိုဆို မြွေလိုတွန့်လိုက်သည်။

လှံတံအရေအတွက် ပိုမိုများပြားလာသည်၊ အပြေးအလွှား နေရာယူလိုက်သော သဏ္ဌာန်များ၏လက်ထဲမှ လှံသွားများသည် လဆုတ်ရက်ဖြစ်နေသော လခြမ်း၏အလင်းရောင်အောက်တွင် [illegible] တဖျပ်ဖျပ်လက်သွားသည်။ ဤနေရာတွင် ကျောက်ဆောင်ထူထ[illegible]သည်၊ ကျောက်တုံးများ ကြီးမားလှသောကြောင့် ကျောက်တုံးတိုင်း [illegible] ကျောက်တုံးတိုင်းနောက်တွင် လူသုံးဦးမျှ ပုန်းခိုနေသည်။

"သူတို့ငါနဲ့ လှံတစ်ပစ်လောက်ရောက်တဲ့အထိ တ[illegible]ယောက်မှ မပစ်နဲ့.... ဆန်ဒါး(စ်)ကို အရှင်လတ်လတ်ဖမ်းခေါ်ခဲ့ ငွေရောင်မျက်လုံးနဲ့မျက်နှာဖြူလေးကိုလည်း အရှင်ဖမ်းခဲ့"

ဘုရင်အိုကြီးက အမိန့်ပေးလိုက်သည်။

မင်းတိုင်ပင်အမတ်သည် စိတ်မသက်သာသည့်ဟန်ဖြ[illegible] ပတ်ဝန်းကျင်ကို မျက်စိကစားလိုက်သည်။

"ဝိဉာဉ်ဆိုးကြီးသာ ရောက်လာရင်...."

သူစကားစလိုက်သည်။ ဂျိုးသည် စကားပြန်မလိုပဲနှင့်[illegible] ထိုစကားအား မှတ်မိနေသည်။

"ပေါက်ကရတွေ အဲဒီတစ္ဆေကြီးသာ ရောက်လာ[illegible] ကျုပ်အရေခွံဆုတ်သွားပါစေလို့" ပြောလိုက်သည်။

"သရဲတစ္ဆေဆိုတဲ့ ပေါက်ကရလာစမ်းပါ.... ဆန်ဒါး([illegible] မြန်မြန်ထက်ထက်လေး ရောက်လာပါစေ"



ဂျင်းတို့သည် ခြေသံများကို စတင်ကြားရသည်။ ထို့နောက် ယိမ်းနွဲ့နေသော မီးအိမ်တစ်အိမ်ကို တစ်ချက်တစ်ချက် လှမ်းမြင်လိုက်ရသည်။ ကျောက်တုံးများနောက်တွင် ခိုအောင်းနေသော သူများသည် သူတို့၏လှံတံများကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လိုက်ကြသည်။

အမှောင်ထဲတွင် ချီလာသော စစ်သည်များသည် တောထဲမှထွက်လာပြီး တောင်မြင့်ကြီး၏အခြေကို စတင်တက်လာသည်။ မီးအိမ်ကို စီတန်း၍ မြင်နေရသည်။

"သတိ"

ဘုရင်အိုကြီးက လေသံဖြင့်ရွတ်လိုက်သည်။

သို့သော် သူရွတ်လိုက်သည့်တဒင်္ဂမှာပင် ချီတက်လာသော စစ်သည်တန်းကြီးမှာ အင်မတန်ထူးဆန်းကြောက်လန့်ဖွယ်ကောင်းသောအသံကြီး မြည်ဟီးသွားသည်။ လူတစ်ယောက်အသက်ပျောက်မတတ် ညှဉ်းဆဲခံရ၍ အော်ဟစ်လိုက်သောအသံ၊ ပြင်းထန်သောဝေဒနာ ခံစားနေရသော ဝိဉာဉ်တစ်ခု အာကာပြင် လွင့်ထွက်သွားအောင် အော်ဟစ်လိုက်သောအသံ။ သမရိုးကျ တစ္ဆေသရဲများပင် လိပ်ပြာလွင့်သွားစေနိုင်သည့် ပြင်းပြစူးရှသော အော်မြည်သံကြီး ပွက်ပွက်ညံသွားသည်။

ဘုရင်အိုကြီးသည် တဒင်္ဂမျှ ကြက်သေသေသွားသည်။ သူ၏ မျက်နှာပြင်မှာ ရှုံ့လိုက်မဲ့လိုက် ပြူးလိုက်ပြဲလိုက်ဖြစ်သွားသည်။ ထိုနောက်တွင်မူ ချုံခိုတိုက်ခိုက်ရန် ပုန်းအောင်းနေသော စစ်သည်များသည် ငယ်သံပါအောင် အော်ဟစ်၍ တစ်ချိုးတည်း ထွက်ပြေးကြသည်။ ဂျင်းတို့၏လှံများ ဒိုင်းများကိုပါ ဗရမ်းဗတာ ပစ်ချခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ မြောက်ပြွန်မုလွေသံပဲ"

ကျိုးသံည် စကားဆုံးအောင်ပြောခွင့် မရလိုက်ချေ။ မင်းတိုင်ပင်အမတ်သည် ဖနောင့်နှင့်တင်ပါး တစ်သားတည်းကျအောင် မပြေးခင် လက်ဖျစ်တစ်တီးကာလအတွင်း၌ သူ့ကိုလုံ့ဖြင့်ပစ်သွားခဲ့သည်။ သူသည် ရင်ဘတ်ကို ဖေါက်ထွင်းဝင်ရောက်သွားသောလုံ့ကို ဆွဲထုတ်ရန် ကြိုးစားရင်းဖြင့်ပင် အသက်ပျောက်သွားသည်။

☼ ☼ ☼ ☼ ☼ ☼

"ဟုတ်ပါ့ဗျာ.... ဆရာသမားကြီးရယ်.... ဒီကောင်တွေ လုပ်တာ အင်မတန်မှ ယဉ်ကျေးမှုဖောက်ဖျက်ရာ ရောက်တယ် ချိန်းဆိုထားရင် ချိန်းဆိုထားတဲ့အတိုင်း မရောက်ရောက်အော လာရမှာပေါ့"

နံနက်အာရုဏ်ကျင်းချိန်တွင် အိုချိုရိမြို့တော်သို့ အ ခရီးနှင်နေခိုက်တွင် ဘုန်းစ်ကပြောလိုက်သည်။

"တို့ကို ချုံခိုတိုက်ခိုက်တာကွ.... အသေအချာပဲ၊ မ ဘူးလို့ ငါ့ကိုလိမ်လို့မရဘူး.... ဟို မျက်နှာဖြူတစ်ယောက် လုံ လန်းနဲ့.... ကြောက်စရာကြီးပဲ"

ဝေါအထက်မှ တငြိမ့်ငြိမ့်ပါလာနေသော ဘုရင်ခံ ကြက်သီးတဖြန်းဖြန်းထလျက် ပြောလိုက်သည်။



"ချုံခိုတိုက်ခိုက်တာ ဟုတ်ကောင်းဟုတ်လိမ့်မယ်.... ဒါပေမယ့် ချုံခိုတိုက်ခိုက်တယ်ဆိုပါမှ ဒီကောင်တွေ ဘာလို့ထွက်ပြေးသွားကြတာလဲ.... အဲဒါကို ကျွန်တော်နားမလည်ဘူး"

ဘုန်းစ်က တကယ်ပင် အရိုးခံသက်သက်ဖြင့် ပြောလိုက်သည်။

❧ ❧ ❧ ❧ ❧

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)
## လူတော်လူကောင်း

ခရစ်ယာန်ဘာသာဝင် အမျိုးသမီး ဘီမီရီသည် အသ
အရွယ်ငယ်၏။ လုပတောင့်တင်း၏။ သူမသည် လင်သုံးဆက်
ခဲ့သည်။ လင်သုံးဦးစလုံး သူမကို မြတ်မြတ်နိုးနိုးချစ်မြတ်နိုးခဲ့သည
လင်သုံးဦးစလုံး အစာစောစီးစီးသေဆုံးသွားခဲ့ကြသည်။ တတိယလ
သေပြီးနောက်တွင်မူ သူမ၏ရွာသူကြီးသည် သုံးထပ်ကွမ်းမုဆိ
ဖြစ်နေသော သူမကို ဆန်ဒါး(စ်)နှင့်တွေ့ဆုံပေးရန်အတွက် ထိ
သိမ်းထားလိုက်သည်။

''လူငယ်တွေ ဒီလောက်မြန်မြန်ဆန်ဆန်သေဆ
မကောင်းဘူး.... ကျုပ်အဖိုးရဲ့ခေတ်ကာလဆိုရင် ဒီလိုစုန်းမျိုး



လက်မြန်ခြေမြန် သတ်ဖြတ်ပစ်လိုက်မှာပဲ.... သူ့ခန္ဓာကိုယ်မှာ ယောကျ်ားတွေ မခံနိုင်တဲ့အဆိပ်ရှိတယ်.... ဒါပေမဲ့ အဲဒီလို စုန်းမတွေကို သတ်ဖြတ်တဲ့ခေတ်ကောင်းမျိုး မဟုတ်တော့ သူ့ကို သခင်ဆန်ဒါး(စ်)ဆီပဲ ခေါ်လာခဲ့တယ်.... သူ့ကို နည်းနည်းပါးပါး ဆုံးမပေးပါဦး''

ဆန်ဒါး(စ်)ရောက်ရှိလာသောအခါတွင် သူကြီးကပြောပြလေသည်။

သူကြီး၏စကားတွင် သရော်သံပါနေသော်လည်း ဆန်ဒါး(စ်) ဥပေက္ခာပြုလိုက်သည်။ ဤလိုကိစ္စများက တတ်နိုင်သမျှ မသိချင်ယောင်ဆောင်ခြင်းက အကောင်းဆုံးပင်။

ထိုအချိန်မှာပင် ထိုကာလအထိ တိတ်ဆိတ်နေခဲ့သော ဘီမီရီက သူမခံစားချက်ကို တင်ပြသည်။

''သခင်.... မိန်းမကောင်းကို ဘယ်တွေ့မှမတွေ့၊ တွေ့ပြန်ရင်လည်း အဲဒီမိန်းမကောင်းကို အသာစီးရမှကျေနပ်တဲ့ ယောကျ်ားတွေ၊ မိန်းမဆိုးနဲ့ ဘယ်တော့မှမတွေ့၊ တွေ့ပြန်ရင်လည်း ပိုဆိုးတဲ့အဖြစ်မှာ နှစ်သက်တဲ့ယောကျ်ားတွေကို ကျွန်မစိတ်ကုန်နေပါပြီ.... ကျွန်မ ရှာဂါလီမြစ်နားမှာနေထိုင်တဲ့ လူတွေနဲ့တွေ့ဆုံပြီးပါပြီ.... ကျွန်မ အဲဒီကိုသွားပြီး မြစ်ရေထဲမှာ ဆေးကြောသုတ်သင်မှုခံပါ့မယ်.... ပြီးတော့ ရင်သားဖုံးတဲ့ အဝတ်တန်ဆာဝတ်ပါ့မယ်.... အဲဒီမှော်အစွမ်းကြောင့် ကျွန်မတောင်ပံတွေပေါက်လာပြီး ကျွန်မ အသက်အရွယ်အိုမင်းလာတဲ့အခါမှာ အိမ်တွေပေါ်ကိုပျံတက်ပြီး တစ်ခြားဝိညာဉ်တွေနဲ့အတူ နေထိုင်ပါ့မယ်''

သူမဆန္ဒကပင် ပြဿနာကို ပြေလည်သွားစေသည်။ ဘီမီရီထွက်ခွာသွားသည်။ သူမအစ်ကိုနှစ်ဦးကပင် ရှာဂါလီမြစ်ကမ်း

www.burmeseclassic.com

www.burmeseclassic.com



ပါးရှိ ရေနွစ်ခရစ်ယာန်သာသနာပြုစခန်းသို့အရောက် လှော်ခတ်ပို့ပေးခဲ့သည်။ သူမသည် ထိုစခန်းတွင် ရေနွစ်ဘာသာသွတ်သွင်းခြင်းခံခဲ့သည်။ လက်ဖက်ရည်ဖျော်တတ်လာသည်။ သာသနာပြုမယ်သီလရှင်များ၏ သက်နုံးများကို လျှော်ဖွတ်ပေး၏။ အခြားခရစ်ယာန်များနည်းတူ ကိုယ်ကျင့်တရားများ ပြည့်လာသည်။

ဘီမီရီသည် အတော်ဉာဏ်ထက်သည်။ သူမသည် တစ်နှစ်အတွင်းမှာပင် အင်္ဂလိပ်စကားပြောဆိုတတ်ပြီး ဘိုမွန်ဂိုဘာသာစကား ဖတ်ရှုတတ်လာသည်။ တစ်နှစ်ခွဲကြာသောအခါတွင် ဓမ္မဆရာမတစ်ဦးဖြစ်လာပြီး တောရပ်တစ်ခွင်တွင် တရားလိုက်ဟောနိုင်ခဲ့သည်။ ပြင်သစ်ပိုင်နယ်မြေများတွင် ကိုယ်ပိုင်သာသနာပြုစခန်းတစ်ခုဖွင့်လှစ်ခဲ့သည်။ တစ်နေ့တွင်မှု ကြီးကျယ်သောဖြစ်ရပ်တစ်ခုကြုံတွေ့သည်။

ရောဂါသည်တစ်ဦးကဲ့သို့ အသားဆွတ်ဆွတ်ဖြူနေသောလူဖြူတစ်ယောက်သည် စိမ့်တောမြေကို ဒယီးဒယိုင်တွက်လာသည်။ သူ၏အဝတ်အစားများ ဟောင်းစုတ်ပြတ်နေခဲ့သည်။ ညစ်ပတ်ပေရေနေခဲ့သည်။ သူသည် အရက်သမားကဲ့သို့ သိုင်းကွက်နင်းလျှောက်လာသောကြောင့် အရက်မူးနေသည်ဟု သူမထင်မှတ်လိုက်သည်၊ အမှန်တကယ်လည်း အရက်မူးနေခဲ့သည်။ သူ၏နောက်ခပ်လှမ်းလှမ်းတွင်မှု သူ၏တစ်ဦးတည်းသော အစေခံပါလာသည်။ အစေခံမှာ အနိဂိုလ်လူမျိုး အဖိုးကြီးတစ်ဦးပင်ဖြစ်သည်။ လူဖြူပိုင်ဆိုင်သမျှပစ္စည်းများကို သကြားပုံးကြီးတစ်ပုံးဖြင့် ရွက်လာသည်။

ဘီမီရီသည် ထိုသူအတွက် တဲအသစ်တစ်လုံးထိုးခိုင်းလိုက်သည်။ မနက်မိုးလင်းသောအခါတွင် ထိုသူအတွက် လက်ဖက်ရည်ကို သူမကိုယ်တိုင်ကျို၍ ဖျော်လိုက်သည်။ ထိုလက်ဖက်ရည်ဇလုံဖြင့် ထိုလူဖြူ၏တဲအတွင်းသို့ ဝင်သွားသည်။ သူမကိုတွေ့လိုက်သောအခါတွင် ထိုလူစိမ်းသည် မျက်လုံးအပြူးသား ထထိုင်လိုက်သည်။ သူမကိုပြုံးကြည့်ပြီးနောက် လက်ဖက်ရည်ဇလုံကို လှမ်းယူလိုက်သည်။

''ဒါဘာလဲ''

သူသည် လက်ဖက်ရည်သောက်ရင်း အသံသြသြကြီးဖြင့် မေးလိုက်သည်။ ရေရွတ်လိုက်သည်။

''အင်မတန် ညှို့မှိတ်စုတ်ပဲ့တဲ့တိုင်းပြည်ပဲ... ငါသေရင်ကောင်းမယ်... ဘုရားသခင်ရေ ငါသေရင်ကောင်းမယ်''

သူမသည် သူ့ကို လေးလေးနက်နက်ပြစ်တင်မောင်းမဲလိုက်သည်။ အင်္ဂလိပ်ဘာသာဖြင့် ပြစ်တင်မောင်းမဲလိုက်ခြင်းဖြစ်သည်။ ထိုလူစိမ်းမျက်လုံးပေကလပ် ပေကလပ်ဖြစ်သွားသည်။

''ဒါဘာလဲ... သာသနာပြုစခန်းတစ်ခုလား... လက်ဖက်ရည်တိုက်လို့ ကျေးဇူးတင်ပါတယ်''

လူစိမ်းသည် ပြောပြောဆိုဆို ခေါင်းအုံးပေါ်လှဲချလိုက်သည်။ သူ့ခေါင်းအုံးမှာ ခေါက်ထားသောကုတ်အင်္ကျီမျှသာဖြစ်သည်။ သူသည် တစ်ချက်မျှတုန်ရင်လိုက်ပြီး မျက်လုံးစုံမှိတ်လိုက်သည်။ သူနောက်တစ်ကြိမ် မျက်လုံးဖွင့်ကြည့်လိုက်သောအခါတွင် သူ၏အိပ်ရာဘေးတွင် ဒူးထောက်နေသော သူမကိုတွေ့ရသည်။ သူမလက်ထဲတွင် အစားအသောက်ထည့်ထားသော ဇလုံတစ်လုံးကိုင်ထားသည်။ သူမသည် ဝတ်နေကျဝတ်ရုံဆန်ဆန် ဂါဝန်ကိုဝတ်ဆင်ထားသည်။

''မင်းက သာသနာပြုလား... ငါနဖူးပေါ် လက်တင်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ပေါ့… ငါတော့ရှိသမျှ အကုန် ဆုံးရှုံးခဲ့ပြီ ဒီတိုင်းပြည်ကိုလာကတည်းက ဘဝအစီပွါယ်ပျောက်ရတယ်''

သူမက သူမအကြောင်းကို ပြောပြသောအခါတွင် လူစိမ်းက အထက်ပါအတိုင်း တုန့်ပြန်လိုက်သည်။

ဘီမီရီသည် သင်လို့တတ်လွယ်သော ရုပ်ရှင်သရုပ်ဆောင်ဦးနှောက်မျိုးရှိသည်။

သူမသည် ယောက်ျားသားသုံးဦး၏ဘဝကို ပေါင်းစပ်ခဲ့ပြီးသူ ဖြစ်သောကြောင့် ယောက်ျားကျွမ်းကျေသည်။ ယောက်ျားတို့သည် ကိုယ့်အကြောင်းကိုယ် ပြောနေရလျှင် စိတ်အချမ်းသာဆုံးမှန်း သဘောပေါက်သည်။ ဂျွန်ဆီလ်ဝိခ်အေလစ်တန်သည် သူ့ဘဝကို ကရုဏာသက် မျက်ရည်ကျမတတ် သနားနေမိခဲ့သည်။ ထိုကဲ့သို့ ကိုယ့်ကိုကိုယ်သနားပြီး ကိုယ့်ဘဝဇာတ်ကြောင်းကို နတ်သံနှောပြောနေသော ဂျွန်ဆီလ်ဝိခ်အေလစ်တန်ကို သူမ စိတ်ဝင်တစား နားထောင်မိသည်။ ထိုသို့ နားထောင်သည့်စတုတ္ထမြောက်နေ့တွင် ဂျွန်ဆီလ်ဝိခ်အေလစ်တန်သည် သူမအား သူ့ဘဝ ကယ်တင်ရှင် မေခလာအဖြစ် မြင်လာသည်။ သူ့ဇာတ်ကို သေမတတ်ငြီးငွေ့အောင် နားသောတဆင်နေခဲ့ရသော သူမသည်လည်း ဝင်းပသော အနာဂတ်ကို မှန်းမျှော်မြင်မိသည်။ ထိုသို့သော အမြော်အမြင်များ ဆင့်ပွားဖြစ်ပေါ်လာသော အခြေအနေများကြောင့် ၎င်းတို့နှစ်ဦးသည် သာသနာပြုများထံ ရောက်ရှိလာသည့် မကြာမတင်ကာလအတွင်း ထိမ်းမြားလက်ထပ်ဖြစ်ခဲ့ကြသည်။

၎င်းတို့အား လက်ထပ်ပေးလိုက်သော သာသနာပြုမှာ အင်္ဂလန်နိုင်ငံမှ မကြာသေးခင်ကမှ ရောက်လာသော သာသနာပြုဖြစ်သည်။ လူတိုင်းလူတိုင်းသည် ဘုရားသခင်ဖန်ဆင်းသော



သတ္တဝါများပင်ဖြစ်သည်ဟု အားလုံးကို တပြေးညီ မျှော်မြင်ယုံကြည်သူ ဖြစ်နေခဲ့သည်။ ထို့ကြောင့် သူသည် လူပျိုကြီးဂျွန်ဆီလ်ဝိခ်အေလစ်တန်နှင့် သာသနာပြုစခန်း၏ ဂုဏ်ဆောင်မယ်ဘီမီရီကို ဘုရားသခင်နှင့် သူ၏သာသနာဝင်များ ရှေ့မှောက်တွင် လင်ခန်းမယားခန်းမြောက်လိုက်သည်။

မစ္စတာဂျွန်ဆီလ်ဝိခ်အေလစ်တန်သည် ယောက္ခမကြီး၏ တဲသို့ ပြန်ခဲ့သည်။ သတို့သားသည် ကန့်သတ် ပိတ်ပင်ထားသော ရမ်အရက် သုံးပိုင်းမျှသောက်ပြီး သူ့ကိုယ်သူ သနားလွန်းသောကြောင့် ငိုရင်းရှိုက်ရင်းဖြင့် အိပ်ပျော်သွားသည်။ သူသည် အောက်စဖို့တက္ကသိုလ်မှ ဘီအေဘွဲ့ရထားသူဖြစ်သည်။ ထို့ကြောင့် ယခုကဲ့သို့ ပြုလိုက်ခြင်းကား မျက်လုံးကျယ်ကျယ်ပွင့်လျှက်ပင် ကိုယ့်လူမျိုး ကိုယ့်သိက္ခာ ချခြင်းပင်ဖြစ်သည်ဟု ယူဆမိသည်။

အရေးပိုင်ဆန်ဒါး(စ်)သည် ထိုကိစ္စကို သူ၏သူလျှိုများမှ တဆင့်ကြားခဲ့သည်။ သူသည် အာကေဆာနယ်မြေထဲတွင် အာရပ်လူမျိုးလက်နက်မှောင်ခိုသူတစ်ဦးကို တောနင်းရှာနေသော ဗိုလ်လေးဘုန်းစ်တစ်ဘတ်စ်ထံသို့ ခိုတမန့်တစ်ကောင်လွှတ်လိုက်သည်။

''အေလစ်တန်ကို ကန့်ထုတ်… သာသနာပြုကိုလွှတ်လိုက်ပါ။ အခြေအနေအစီရင်ခံ''

ဘုန်းစ်သည် မြစ်ညာသို့ဆန်တက်ရာတွင် စီးနင်းလာခဲ့သော သင်္ဘောဆီသို့ ပြန်ဆင်းသက်ခဲ့သည်။ သုံးရက်အကြာတွင်မှ စတုတ္ထပျားရည်ဆမ်းခရီး စတင်ရန်အတွက် သူမလင်ယောက်ျားစိတ်ဂယောက်ဂယက်ဖြစ်မှု ပြေပျောက်အောင် စောင့်ဆိုင်းနေသောရွာကို ရောက်ရှိသည်။ ကံကောင်းထောက်မစွာပင် သာသနာပြုခမ္ဘဆရာ ခရီးထွက်နေခိုက်နှင့်ကြုံသည်။ ဘုန်းစ်သည် ဆန်ဒါး(စ်)

www.burmeseclassic.com

www.burmeseclassic.com



ပေးအပ်လိုက်သည့်တာဝန်များထဲမှ သူမလုပ်ချင်ဆုံးသောအလုပ်ကို လုပ်ရသက်သာသွားသည်။

ဘုန်းစ်သည် လက်နှစ်ဘက်ကို မျက်နှာအပ်လျှက် တဲရှေ့တွင် ငုတ်တုတ်ထိုင်နေသော အေလစ်တန်ကိုတွေ့ရသည်။

''လန်းလန်းဆန်းဆန်း ရွှင်ရွှင်လန်းလန်းလေး ထလိုက်စမ်းပါဦး.... အေလစ်တန် မလွမ်းလေနဲ့.... မဆွေးလေနဲ့ ခွဲခွာခြင်းမှ ရရှိသောအလွမ်းအရသာကို ထူးကဲသူမှရတာဘဲတယ်လို့ ရှေ့ကဗိအကျော်တွေက ဆိုခဲ့တယ်.... နှုတ်ဆက်စကားပြောပေမဲ့ ကောင်းကင်ဘုံမှာတွေ့တော့ ပျော်သေးတာပေါ့လို့ ဆိုလိုက်လေတော့''

အေလစ်တန်သည် သူ့နိုင်ငံသားစကားကိုကြား၍ ရုတ်ခနဲခုန်ထလိုက်မိသည်။ ထို့နောက် အရပ်ရှည်ရှည်၊ ပိန်ပိန်ပါးပါးခန္ဓာကိုယ်ကို အညိုရောင်ဘောင်းဘီအကျီတို့ဖြင့် ဖုံးလွှမ်းထားသော သတ္တဝါကို တအံ့တသြပြူးကြည့်လိုက်သည်။

''အို.... ဟုတ်ကဲ့ ခင်ဗျားလာတာ မတွေ့လိုက်လို့ တောင်းပန်ပါတယ်၊ မင်္ဂလာမနက်ခင်းပါ''

အေလစ်တန်က ဗလုံးဗထွေးပြောလိုက်သည်။

''အထုပ်အပိုးတွေပြင်ချည်တော့၊ ပြင်ချည်တော့ အေလစ်တန်ရောင်းရင်းကြီးရေ...။ အပူပြင်းတဲ့ဒေသမှာ အပူရှပ်မှာကို သတိထားရတယ်.... အငွေ့တလူလူမှာ ခေါင်းအပူတွေများသွားရင် ရူးကြောင်ကြောင်နဲ့ လုပ်ချင်ရာလုပ်မိသွားရော''

အေလစ်တန်သည် ဘုန်းစ်ဆိုလိုရင်းကို တဖြည်းဖြည်းနားလည်လာသည်။

''နေပါဦးခင်ဗျား...ဒါဘာသဘောလဲ၊ ခင်ဗျားဘယ်သူလဲ''



သူက မကျေမနပ်မေးလိုက်သည်။

''လက်တောက်အရေးမိုင်ပါ.... ဆရာသခင်.... ဒီလိုအဖြစ်မျိုး အဖြစ်မခံနိုင်ဘူး.... လုံးဝလုံးဝမဖြစ်နိုင်ဘူး.... ကဗျာအကျော်အမော် ကစ်ပလင်ရဲ့အာဘော်ကို မဖတ်မှုဘူးလား.... အဖြူဟာအဖြူ၊ အမည်းဟာ အမည်း၊ ကိုယ့်နယ်သူမကျွံ၊ ကိုယ်ကျွံလည်း မလွယ်တဲ့.... ''

ထိုမျှ အတိုက်အခံပြောခံနေရသောအခါတွင် အေလစ်တန်၏ယောကျ်ားမာန ဦးထလာသည်။

''ကိုယ့်အလုပ်မဟုတ်ရင် ဝင်မရှုပ်နဲ့လို့ ကျုပ်ပြောရင် ရိုင်းရာကျမယ်လို့ ယူဆမလား''

အေလစ်တန်က မေးလိုက်သည်။

''ကေန်ယူဆမိပါလိမ့်မယ်၊ တကယ့်ကို ရိုင်းလွန်းတယ်လို့ ထင်မြင်လိုက်မှာပဲ.... ကဲ စိတ်အနှောင့်အယှက်ဖြစ်စရာ စကားတွေ ပြောမနေနဲ့တော့ အာစရိ.... အာစရိရဲ့အထုပ်သာ သွားဆွဲခဲ့တော့''

အေလစ်တန်သည် ခါးထောက်ရပ်လိုက်သည်။

''ကျုပ်မသွားဘူး.... ခင်ဗျား ကျုပ်ကို အတင်းအကြပ်ခေါ်မသွားနိုင်ဘူး''

အရိုးစုဟုခေါ်လောက်သော ဘုန်းစ်၏ လက်သီးတစ်လုံး ရုတ်တရက်ထွက်လာသည်။ သူ့မေးစေ့ကို ပယ်ပယ်နယ်နယ်ထိသွားသည်။ အေလစ်တန်သည် ဘုတ်ခနဲမြည်အောင် နောက်ပြန်လဲကျသွားသည်။ ဘုန်းစ်ကို ဆဲရေးတိုင်းထွာရင်း ထလာသည်။ ဘုန်းစ်သည် သူ့ကို နောက်ထပ်နှစ်ချက်ထိုးချလိုက်သည်။ အေလစ်တန်သည် လက်သီးချက်ကြောင့် မထနိုင်တော့ချေ။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ… ထထ… လူဆိုးလေး အေလစ်တန်"

အေလစ်တန်မလှုပ်ရှားသောအခါတွင် ဘုန်းစ်က ဆွဲထူလိုက်သည်။

"ခွေးမသားနေမကောင်းတဲ့လူကို ထိုးရလား…တိရစ္ဆာန်"

ဂျွန်ဆီလ်ဗိစ်အေလစ်တန်က ရိုက်ရင်းဆဲလိုက်သည်။

သူသည် ဘုန်းစ်ခရာမှတ်ခေါ်လိုက်သော ရဲဘော်နှစ်ဦးကြားတွင် ခပ်ကုပ်ကုပ်လိုက်သွားသည်။

မစ္စက်အေလစ်တန်သည် သူမလင်ယောကျ်ားရှာစွန်းမှ ထွက်ခွာပျောက်ကွယ်သွားချိန်တွင် ရှာထိပ်မှနေ၍ ဒရောသောပါး ရောက်လာသည်။

"ဒါ… ဘာအဓိပ္ပါယ်လဲ"

သူမက ဒေါသတကြီး အော်ဟစ်လိုက်သည်။

ဘုန်းစ်က တိုင်းရင်းသားစကားဖြင့်ပင် တုန့်ပြန်လိုက်သည်။

"အမျိုးသမီး မင်းကို မင်းလူမျိုးပိုင်ဆိုင်သလို အဲဒီလူကို တို့လူမျိုးပိုင်ဆိုင်တယ်… ဟောဟိုမှာ မြစ်၊ ဟောဟိုမှာ ကုန်း။ ကုန်းနဲ့ရေရောတဲ့နေရာမှာ ရွံ့နွံပဲရှိတယ်"

"ကျွန်မဟာ သူ့မယား… ကျွန်မတို့ဟာ ဘုရင်ရဲ့လူတွေ … ကျွန်မတို့ရဲ့ထုံးစံအတိုင်း လက်ထပ်ခဲ့ပြီး အထောက်အထားစာအုပ်ပြနိုင်တယ်… နောက်ပြီး… "

ဘီမီရီသည် လူသတ်တော့မည့်ပုံ မျက်လုံးဝင်းဝင်းတောက်လျှက် ဒေါသတကြီးပြောလိုက်သည်။

ထို့အပြင် သူမဘာကြောင့် လင်မယူမဖြစ်ယူရသည်ကို ဘွင်းဘွင်းကြီး ပြောပြလိုက်သည်။



"အဲဒီလောက် ကိုယ်ရေးကိုယ်တာကျတဲ့ကိစ္စကို ငါမသိချင်ဘူး ဘီမီရီ"

ဘုန်းစ်က ဒေါသတကြီးနှင့် ကျယ်လောင်စွာ တုန့်ပြန်ပြောလိုက်သည်။

ဘီမီရီသည် ဘုန်းစ်ကို တောင်းပန်ခယ၊ ရန်လို၊ ခြိမ်းခြောက်၊ စောဒကတက်ရင်းဖြင့် သင်္ဘောအထိလိုက်ပါလာခဲ့သည်။

ဘုန်းစ်၏ ဝိမ်ဂလ်သင်္ဘောထွက်လာသောအခါတွင် သူမသည် လူခြောက်ဦးအဖော်ခေါ်လျှက် လှေတစ်စင်းဖြင့် လိုက်လာသည်။ ကံဆိုးစွာပင် ဝိမ်ဂလ်သင်္ဘော သောင်တင်သွားသည်။ သူမသင်္ဘောပေါ်တွယ်တက်လာသည်။ သူမအား ရေထဲသို့ ပြန်ပစ်ချလိုက်သောအခါတွင် သင်္ဘော၏နောက်ဘက်တွင် ကျောက်ချစောင့်နေသည်။

ဘီမီရီသည် တိုတောင်းလှသော အိမ်ထောင်သက်အတွင်း၌ အင်္ဂလိပ်ဝေါဟာရ အတော်ကြွယ်လာခဲ့သည်။

ဘုန်းစ်သည် သူ့အပေါ် သူမအမြင်ကို သုံးစက္ကန့်တိတိ နားထောင်လိုက်ပြီး နားနှစ်ဘက်လုံးကို လက်ညှိုးဖြင့် ပိတ်၍ သံကုန်အော်ဟစ်လိုက်သည်။

"ဆိုးတယ်… ဆိုးတယ်… မင်းအဲဒီလိုမပြောရဘူး… အဲဒီလို မပြောရဘူး… အဲဒီလိုပြောရင် ကောင်းကင်ဘုံ မရောက်တော့ဘူး… "

"………………………………………………………"

မစ္စက်အေလစ်တန်သည် သူမယောကျ်ား အသုံးပြုဆုံးစကားလုံးကို အားပါးတရအော်ဟစ်ပစ်လိုက်သည်။

ထိုည သူမနှင့်သူမ၏လှေထိုးသားများ လှေထဲတွင် နှစ်နှစ်

www.burmeseclassic.com

www.burmeseclassic.com



မြိုက်မြိုက်အိပ်မောကျနေစဉ် စစ်သည်တစ်ဦးသည် ရေထဲဆင်းသက်သွားပြီး လှေကို ကမ်းသို့ဆွဲသွားသည်။ ထိုနောက် ကမ်းစပ်သစ်ပင်တစ်ပင်တွင် ကြိုးအထပ်ထပ်ချည်နှောင်ထားလိုက်သည်။

ထိုအခိုက်မှာပင် ကျန်ရှိသောသူများသည် သောင်တင်နေသော ဝိန်ဂလ်သင်္ဘောကို ရေနက်ထဲတွန်းချလိုက်ကြသည်။

ဘီမီရီသည် မနက်မိုးလင်း၍ အိပ်ရာမှနိုးသောအခါတွင်မှ သူမလင်ယောကျ်ားကို တင်ဆောင်ထားသော သင်္ဘောမရှိတော့မှန်း တွေ့လိုက်သည်။ သူမသည် သာသနာပြုစခန်းသို့ ဒေါသတကြီး ပြန်လာခဲ့သည်။ ခရီးတစ်ဝက်အရောက်တွင်မှ တံငါရွာတစ်ရွာကို ဆိုက်ကပ်လိုက်သည်။ ဤရွာသူကြီးမှာ အတော် ချမ်းသာကြွယ်ဝမှုကို ဖော်ကျူးသော ကြေးဝါလည်ပတ်ကြီးများ ဆင်မြန်းထားခဲ့ကြသည်။

"မင်း ငါ့တဲကိုလိုက်ခဲ့ရင် မင်းကို ငါ့မယားကြီးအရာမြှောက်မယ်.... မင်းခြေထောက်မှာဝတ်ဖို့ ကြေးဝါခြေကျင်းတွေပေးမယ်.... နောက်ပြီး မင်းအတွက် သီးသန့်တဲအသစ်တစ်လုံးထိုးပေးမယ်.... ငါ့မယားအိုကြီးကို မင်းအစေခံလုပ်ခိုင်းမယ်"

အဖိုးကြီးက ပြောလိုက်သည်။

ဘီမီရီသည် ထိုအချက်ကို စဉ်းစားလိုက်သည်။

"ရှင် ခရစ်ယာန်ဘာသာထဲဝင်မလား.... ကျွန်မရှင့်ကိုရေနှဲ့ဆေးကြောပေးပြီး တရားစကားတွေ ရွတ်ဖတ်တာကို လက်ခံမလား"

သူမက မေးလိုက်သည်။

"ဘုရားသခင်တစ်ပါးနဲ့ ဘုရားသခင်တစ်ပါးဟာ ဘာမှမကွာခြားပါဘူးကွယ်"ဟု ဒဿနပညာရှင်ကြီးက ရေရွတ်လိုက်



သည်။ သို့ဖြင့် မစ္စက်အေလစ်တန်သည် ပဉ္စမအကြိမ် အိမ်ထောင်ပြုဖြစ်သွားသည်။

* * * * * *

ဆန်ဒါး(စ်)သည် သူ၏စားပွဲရှေ့တွင် ရပ်တန့်နေသော တ်ဆိတ်မွေးရှည်နှင့်လူကို ကြည့်လိုက်သည်။

"ကျုပ်ဆိုလိုချင်တာကတော့ ဒီနယ်မြေမှာ ဥရောပသားတွေ အိမ်ထောင်ပြုရင် ကျုပ်ဆီလက်မှတ်ယူရတယ်၊ ကျုပ်ဆီကင်ပြုလက်မှတ်မရရင် ဆောင်လို့မရဘူး.... တရားမဝင်ဘူး....ကြောင့် ခင်ဗျားလက်ထပ်တာ ဘယ်လိုပဲတွက်တွက် တရားဝင်ဘူး.... နောက်ပြီး ခုလိုမျိုးကွဲနဲ့လက်ထပ်လို့ အကျိုးယုတ်ပုံတွေကို ပြောပြနေလည်း ခင်ဗျားခေါင်းထဲ ဝင်မယ်မထင်ဘူး"

ဆန်ဒါး(စ်)သည် ရေခဲစိမ်ထားသော သင်တုန်းဓါးတမျှအးစက်သောလေသံဖြင့် ပြောလိုက်သည်။

"အကျိုးယုတ်မယုတ်ဆိုတာ သူ့အမြင်၊ ကိုယ့်အမြင်ပေါ်တည် ကွဲပြားတာပဲ.... "

အေလစ်တန်က မကျေမနပ်ရေရွတ်လိုက်သည်။ ထို့ာက် ဆက်မေးလိုက်သည်။

"ခင်ဗျား ကျုပ်ကိုဘာလုပ်မှာလဲ"

"ခင်ဗျားကို ဗြိတိသျှဒုက္ခသည်အဖြစ် ပထမဦးဆုံးသင်္ဘောနဲ့ အင်္ဂလန်ကို ပြန်ပို့မယ်"

ဆန်ဒါး(စ်)အဖြေကြောင့် အေလစ်တန်သည် တစ်ကိုယ်

www.burmeseclassic.com

www.burmeseclassic.com



လုံး မှုပြင်းသွားသည်။ ဒေါသထွက်သွားသည်။ ဆင်းရဲခြင်းကို အကြောင်းအကျိုးပြု ဆင်ခြေပေးနိုင်သည်ဟု သူယူမှတ်သည်။ ဒုက္ခသည်ဟု ဂုဏ်သိက္ခာကင်းမဲ့စွာ သတ်မှတ်ခံရခြင်းကို မည်သို့ စောဒကမတက်သာဟု ဘဝင်မြင့်မြင့်တွေးမှတ်လိုက်သည်။ သူ ဆုံးရှုံးမှုများကို ထိုသို့ကဗျည်းတပ်လိုက်သည်ကို လုံးလုံးမခံနိုင်ခဲ့

သဘော်ဆိုက်သောနေ့တွင် သူရောက်ခဲ့သည်။ သူသည် ကုန်းတွင်းပိုင်းသို့ ခရီးနှင်သွားခဲ့သည်။ သူသည် အိုင်ဆီဆီလူမျိုး များနယ်မြေသို့ ရောက်ရှိသွားပြီး ဒိုက်ဝင်စားသည့် တိုင်းရင်းသား များကို ဘီယာချက်နည်းသင်ပေးနေခဲ့သည်။ ဘုန်းစ်နှင့်အဖော်နှ ဦး သူ့နောက်လိုက်သွားသည်။ သို့သော် ၎င်းတို့လာနေကြောင်း အေလစ်တန် ကြိုတင်သတင်းရခဲ့သည်။

ဘုန်းစ်တို့သည် သုံးလလုံးလုံး သူ့ကို မျက်ခြေပြတ်သွား သည်။ တစ်နေ့တွင်မူ မြစ်ညာသို့ဆန်တက်နေသော ဆန်ဒါး(စ်) သဘော်ကို ရွာသူကြီးတစ်ဦးက မြစ်လယ်တွင်တားသည်။

''ကျုပ်မယားဘီမီရီဟာ လူဖြူတစ်ယောက်နဲ့ လိုက်ပြေ သွားပြီ.... ဆိတ်အကောင်တစ်ရာတန်တဲ့ ကြေးဓါလည်ပတ်ကြိုး တစ်ခုပါ ယူဆောင်သွားတယ် သခင်''

အဖိုးကြီးက ကတုန်ကယင်နှင့်တိုင်ကြားသည်။

ဆန်ဒါး(စ်)သည် စိတ်ထဲမှ ရေရွတ်ကျိန်ဆဲလိုက်မိသည် ထို့နောက် ဆန်ဒါး(စ်) နိုတစ်ကောင်ကို ဌာနချုပ်သို့ စေလွှ လိုက်သည်။

ဤတစ်ကြိမ်တွင်မူ အေလစ်တန်နောက်သို့ ဟဲလ်မီတ ဘုန်းစ်နှင့် ရဲဘော် (၆)ဦးလိုက်ခဲ့သည်။ ၎င်းတို့သည် ပြင်သ နယ်စပ်သို့ ရောက်သွားသည်။ ထိုနေရာတွင် အမှုအခင်းသစ်တ



ကို ကြုံတွေ့သည်။ လူဖြူတစ်ယောက်ဦးဆောင်သော တိုင်းရင်း သား (၁၂)ဦးသည် အာရပ်ကုန်သည်တစ်ဦးကို တိုက်ခိုက်၍ ဂျင်အရက် (၄)သေတ္တာ သယ်ဆောင်သွားသည်။ လူတစ်ယောက် ကို သတ်ဖြတ်သွားသည်။

ဗိုလ်ကြီးဟဲလ်မီတန်သည် ကန့်သတ်နယ်မြေအနီးတွင် ဂျင်အရက်ရောင်းသူ ရောက်နေသည့်ကိစ္စကို မေးမြန်းစစ်ကြော ခြင်းမပြုပဲ ခါးပြအုပ်စုနောက်သို့လိုက်သွားသည်။ ထိုနေ့ခင်းလောက် မှာပင် ခါးပြတို့၏စခန်းကိုရောက်ရှိ၍ အရက်မူးကုန်ပြီး သတိလစ် နေသော လူကိုးဦးနှင့်သေဆုံးနေသော အမျိုးသမီးတစ်ဦးကို တွေ့ လိုက်ရသည်။ အမျိုးသမီးမှာ ဘီမီရီပင်ဖြစ်သည်။ သတိလစ်နေ သော အေလစ်တန်၏လက်များမှာ သူမ၏လည်မြိုကို ညှစ်ထား ခဲ့ဆဲပင်ဖြစ်သည်။ ဘုန်းစ်သည် အေလစ်တန်၏လက်များကို အတင်းဆွဲခွာခဲ့ရသည်။

''သနားစရာ သတ္တဝါလေးပဲ''

ဘုန်းစ်သည် သက်မဲ့နေသောသဏ္ဍာန်ကိုကြည့်၍ ရေရွတ် လိုက်မိသည်။

သူသည် သူမလက်ကောက်တွင် ဝတ်ဆင်ထားသော အရာတစ်ခုကို သတိပြုမိလိုက်သည်။ အနီးကပ်ကြည့်လိုက်သော အခါတွင် ရွှေလက်ကောက်လေးတစ်ခုဖြစ်သည်ကို တွေ့ရသည်။ အပေါ်စားလေးပင်ဖြစ်သည်။ တစ်ချိန်က ကျောက်သုံးလုံးစီထား သော်လည်း အရောင်အသွေးမွဲနေသော စိန်လေးတစ်လုံးသာ ကျန်တော့သည်။ ဘုန်းစ်သည် လက်ကောက်ကို ချွတ်ယူလိုက် သည်။

''အင်း.... ဒီလက်ကောက်လေးကတော့ ဇာတ်လမ်းတစ်

www.burmeseclassic.com

www.burmeseclassic.com



ပုဒ်ပြောပြနိုင်လိမ့်မယ်ထင်တယ်.... ဘုန်းစ် အမေရိကန်လုပ် ငါး ဒေါ်လာတန် ဒီလက်ကောက်က ဘယ်လိုလုပ်ပြီး အောကာဆာဟာ တောထဲရောက်လာရတာလဲ''

ဟဲလ်မီတန်သည် အင်မတန်ပေါ့ပါးနေသောလက်ကောက်ကို ဖင်ပြန်ခေါင်းပြန်ကြည့်ရင်း တွေးတွေးဆဆပြောလိုက်သည်။

သူသည် လက်ကောက်ကို ဘုန်းစ်အား ပြန်ပေးလိုက်သည်။

အေလစ်တန်သည် နောက်တစ်နေ့နေ့လယ်ကျမှ သတိပြန်လည်လာသည်။ သူ့အား လေးလေးနက်နက်ကြည့်နေသော အရာရှိနှစ်ဦးကို အရင်ဆုံးမြင်လိုက်ရသည်။

''ဟယ်လို.... ကျုပ်ကိုမိပြီပေါ့.... ဘီမီရီ ရော''

ဝင်းတို့ မဖြေကြချေ။

''အင်း.... ကျုပ်သူ့ကို နာကျင်အောင်လုပ်မိသလား''

ဟဲလ်မီတန်သည် အေလစ်တန်၏လက်ထဲသို့ စာအုပ်တစ်အုပ်ထည့်ပေးလိုက်သည်။

''ဘာလဲ.... သမ္မာကျမ်းစာအုပ်ပါလား.... ဘာသဘောလဲ''

ဟဲလ်မီတန်သည် သူ့ကို မျက်လုံးချင်းဆိုင်ကြည့်လိုက်သည်။

''နောက်နာရီဝက်အကြာမှာ မင်းကို ကြိုးပေးသတ်မယ် .... မင်းမိတ်ဆွေ (၆)ယောက်ရော အရက်ရှိန်နဲ့ တစ်ခါတည်း အသက်ပါ ပါသွားပြီ.... ကျန်နှစ်ယောက်ကတော့ မင်းလမ်း လိုက်လိမ့်မယ်.... မင်းကို တရားသူကြီးတွေ၊ ဂျူရီလူကြီးတွေနဲ့ စီရင်စေချင်မယ်မထင်ဘူး.... အင်္ဂလိပ်သတင်းစာတွေမှာ မင်း



နာမည်ပါမှာကို မင်းလိုချင်မယ်မထင်ဘူး.... မဟုတ်လား''

သွေးမရှိနေသည့်ကဲ့သို့ မျက်နှာတစ်ခုလုံး ဖြူဆွတ်နေသော အေလစ်တန်သည် တုန်လှုပ်ချောက်ချားစွာ ခေါင်းရမ်းပြလိုက်သည်။ စကားပြောနိုင်စွမ်းပင် မရှိတော့အောင် ကြောက်လန့်နေချေပြီ။

ဝင်းတို့သည် သတ်မှတ်ထားသည့်အချိန်အထိ ဝင်းကို တစ်ယောက်တည်း လွှတ်ထားလိုက်သည်။ သို့သော် မျက်စိအောက်က အပျောက်မခံခဲ့ချေ။ သတ်မှတ်ချိန်နီးလာသော အချိန်တွင် ရဲဘော်တစ်ဦးက သစ်ပင်တစ်ပင်ပေါ်တက်ပြီး ကြိုးတစ်ချောင်းချည်လိုက်သည်။ မြေကြီးပေါ်တွင် ခေါင်းကိုငိုက်စိုက်ထိုင်နေသော .... အေလစ်တန်ထံသို့ ဘုန်းစ်လျှောက်လာသည်။

''ကဲ.... လာ''

ဗိုလ်လေးဘုန်းစ်တစ်ဘတ်စ်သည် တရားခံ၏ပခုံးပေါ် လက်တစ်ဖက်တင်၍ ခေါ်လိုက်သည်။

အေလစ်တန်သည် ငယ်သံပါအောင် အော်ဟစ်၍ ခုန်ထလိုက်သည်။ သူသည် တစ်စက္ကန့်မျှ ယိမ်းထိုးရပ်နေပြီး ယိုင်သွားသည်။ ပုံလျက်သားလဲကျသွားသည်။ သူသည် လုံးဝ သတိပြန်မလည်လာချေ။ ညနေ နေအေးချိန်တွင် အသက်ပျောက်သွားသည်။

* * * * * *

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းစ်ကို တစ်ယောက်တည်းထား၍ စိတ်မချရကြောင် အားလုံးသဘောတူညီကြသည်။ သူသည် အရာရှိကောင်းတစ် ယောက်၊ လူတော်တစ်ဦးဖြစ်သော်လည်း အထီးကျန်မှုနှင့် လူသား ကျားကန်မှုကင်းမဲ့ခြင်းက သူ့ကို အောက်ခြေလွတ်သွားစေသ သည်။

ယခုစခန်းတွင် သူတစ်ယောက်တည်း ကျန်သည်ဟု လောက်သော အခြေအနေရှိသည်။ အရေးပိုင် ဆန်ဒါး(စ်)သည် အထက်ပြည်အထက်ရွာသို့ အခွန်ကောက်ထွက်နေသည်။ ဗိုလ် ကြီးဟဲလ်မီတန်သည် အင်မတန်ရိုးစင်းသော၊ အင်မတန်သမျှ ကျဆန်သော ငှက်ဖျားရောဂါဖြင့် အိပ်ရာထဲလဲနေသည်။ ဟဲလ် တန်သည် မေ့ရာကိုကျုံ၍ အိမ်ရှေ့မင်းသား အယ်ဘတ် အထိ အမှတ် ကျောက်တိုင်ထိပ်ချွန်ချွန်ပေါ်သို့ ကျနေသည်ဟု ဂယောင် ချောက်ချား ဘင်မှတ်မှားနေသည်မှာလည်း မှန်သည်။

သို့သော် ထိုမျှလောက်က စိုးရိမ်စရာမရှိချေ။ လူနာ သူ့ကိုယ်သူ ဗစ်တိုးရီးယားဘုရင်ဟုထင်ပြီး ဘူဘီကွန်မြစ်ဝှမ်းဒေသ ငါးဖမ်းခွင့်ရရေးအတွက် ဂျူးလီယက်ဆီဇာဘုရင်နှင့် ပိုကာ က နေသည်ဟု ဂယောင်ချောက်ချားထင်မြင်နေသည်။ ရောဂါစိုး စရာရှိသည်ကို ငှက်ဖျားရောဂါ နမိတ်လက္ခဏာပါရဂူများ သိ သား ဖြစ်သည်။



ဟဲလ်မီတန်အတွက် စိုးရိမ်စရာမရှိဟု ဘုန်းစ်က ယူဆ သည်။ ဆန်ဒါး(စ်)လည်း ယူဆသည်။ ဟဲလ်မီတန်လည်း ယူဆ သည်။ လူနာအနေဖြင့် သူတောင်းဆိုချက်တစ်ခုသာပြုခဲ့သည်။ ၎င်းကား သူ့ကို ဘုန်းစ်မပြုစုပါစေနှင့်ဟူပင်ဖြစ်သည်။

ထိုသီတင်းပတ်အတွင်းမှာပင် ဌာနချုပ်နှင့်မြစ်ဝှမ်းနယ်မြေ စခန်း ထူးထူးခြားခြား အဆက်အသွယ်မပြတ်နေခြင်းကား ကံ ကြမ္မာငင်ခြင်းပင်ဖြစ်သည်။ ပုံမှန်အားဖြင့် ထိုကြေးနန်းလိုင်းသည် တစ်နှစ်လျှင် ၂၄-ပတ်မျှ ပြတ်နေတတ်သည်။ ကြေးနန်းလိုင်း သည် ဆင်များကျက်စားသောဒေသကို ဖြတ်သန်းသွားသည်။ ထိုဆင်များသည် ကြေးနန်းတိုင်ကို ကျောနှင့်တိုက်၍ အယား ဖျောက်မနေလျှင် ကြေးနန်းကြိုးများကို ဆွဲချပြီး စားသင့်သော အရာလော၊ မစားသင့်သောအရာလော သုံးသပ်နေတတ်သည်။ မည်သည့်အကြောင်းကြောင့်မသိ၊ ဌာနချုပ်သည် ထိုရက်သတ္တပတ် ကျမှ ပျက်သမျှကို တက်တက်ကြွကြွလိုက်ပြင်နေခဲ့ကြသည်။

''အခြေအနေကောင်းလား''

ဌာနချုပ်က စခန်းကို လှမ်းမေးလိုက်သည်။

''ဘုန်းစ်က အစီရင်ခံစာလေးတစ်စောင် ကမန်းကတမ်း ရေးလိုက်သည်။ ဉာဏ်အမြော်အမြင်ကင်းမဲ့သော ကပြားမသား ကြေးနန်းသမားကလည်း သည်၊ ၏ မလွဲရိုက်ပို့လိုက်သည်။ တကယ်တမ်းတွင် သူ့လည်း အပြစ်မဆိုသာချေ။ လျှို့ဝှက် သင်္ကေတဖြင့်ပေးပို့သော အရေးကြီးသည့်သတင်းပို့ချက်ဟုမှတ် ၍ အရှိအတိုင်း ရိုက်လိုက်ခြင်းဖြစ်သည်။ သူရိုက်လိုက်သော ကြေးနန်းစာမှာ အောက်ပါအတိုင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



*အားလုံးကောင်း၊ အားလုံးကောင်း။ အရေးပိုင် အင်ခတ်ဆီ၊ ရိုင်ဆတ်ဆီမှ၊ ဟဲလ်မီတန်ငှက်များဂေဟာ မြင်းမြင်း ထန်ခဲ့နေ၏။ ဟဲလ်မီတန် အသက်မသေအောင် ကျွန်တော် အထိ နိုင်ခဲ့ကြိုးစားမည်။ အဆိုးခံ၊ အဆိုးဝါးခံ မျှော်လင့်နေ ကျွန်တော် တာဝန်ကျေခဲ့ရမည်။*

ဘုန်းစ်သည် စာလုံးတစ်လုံး မှန်မမှန်သိရန် အနည်းဆုံး သုံးကြိမ်မျှ ရေးချတတ်သောအကျင့်ရှိသည်။ ထိုသုံးကြိမ်တွင် အကြည့်ကောင်းဆုံးဟုထင်သော စကားလုံးကို အမှန်ဟုယူဆ လိုက်သည်။ ဆန်ဒါး(စ်)ထောက်ပြလေ့ရှိသကဲ့သို့ပင် သူမမှန်ဘူးဟု ယူဆသော ကျန်စာလုံးနှစ်လုံးကို ဖြတ်ထုတ်လိုက်လျှင် သူ့ထ ကို ဖတ်ရသူ စိတ်နှလုံးရောဂါအဖြစ်ရ သက်သာမည်။

ဘုန်းစ်သည် ရုတ်တရက် အတွေးတစ်ခုရလိုက်သည်။ အသည်းအသန်ဖျားနာသောအခါတွင် ဌာနချုပ်မှ အကူအညီပေး လွှတ်လေ့ရှိသည်။ ဆန်ဒါး(စ်)ကိုယ်ရေး အခွင့်အရေးဖြစ်သည်။ သို့သော် လက်အောက်အရာထမ်းအတွက် ဘာလို့မတောင်းနိုင် ရမည်နည်း။

"သူနာပြုကောင်းကောင်းပို့လိုက်ပါ"

ဘုန်း‌စ်က ကြေးနန်းထဲထည့်ရိုက်လိုက်သည်။

ဘုန်းစ်သည် ကြေးနန်းပို့ပြီးနောက် ဟဲလ်မီတန်၏ အိပ် ခန်းသို့ လျှောက်သွားသည်။ အိပ်ပျော်နေသော အရာရှိ၏နဖူးထက် လက်တင်၍ စမ်းသပ်လိုက်သည်။

"မင်း.... ဘာလိုချင်လို့လဲ.... တောက်.... "

လူနာက ရုတ်တရက်လန့်နိုးပြီး ဒေါသတကြီး တောက် ခေါက် ရေရွတ်လိုက်သည်။

"ဘုန်းစ်လေကွယ်.... ဖလောရင့်နိုက်တင်ဂေးလ် ဘုန်းစ် လေ.... ချစ်လှစွာသော အာစရိရယ်.... အာစရိကို ဘာလုပ်ပေး စေချင်သလဲ"

"လုပ်ပေးစေချင်တာရှိတယ်.... ဒီအခန်းထဲက အခုချက် ချင်းထွက်သွားစေချင်တယ်"

လူနာက ပစ်ပစ်နစ်နစ်ကျိန်ဆဲလိုက်သည်။

"ဂယောင်ချောက်ချား ဖြစ်နေတာပေါ့ ဟုတ်လား"

ဘုန်းစ်က ခပ်တိုးတိုးပြောဆိုပြီး အခန်းထဲမှ ခြေဖျား ထောက်ထွက်လာသည်။ ကြေးလမ်းထဲရှိ စားပွဲတစ်လုံးကို ဝင်တိုက် မိသည်။ စားပွဲမှောက်သွားသည်။ ဟဲလ်မီတန် တံခါးကို ဝုန်းခနဲ ဆောင့်ပိတ်လိုက်သံ ပေါ်လာသည်။

"ရှူး.... တိုးတိုး"

ဘုန်းစ်က လေသံဖြင့် ရေရွတ်လိုက်သည်။

ဘုန်းစ်သည် ထိုနေ့နှင့် နောက်တစ်ရက်လုံးနီးနီးပင် လူနာ သက်သာရာရစေရန် အမျိုးမျိုးကြံဖန်အားထုတ်နေခဲ့သည်။

သူသည် ဆွတ်ပြုတ်နည်းစာအုပ်တစ်အုပ်ထဲတွင် ပါရှိ သည့်နည်းအတိုင်း ကိုယ်တိုင်ကိုယ်ကျ ကျောက်ကျောပြုလုပ်သည်။ သို့သော် ကျောက်ကျောက ကျောက်ကျောပီပီပြင်ပြင် မဖြစ်ချေ။

"မသောက်ဘူး.... ငါလုံးဝမသောက်ဘူး.... ငါ့ကို အဆိပ် ခတ်တာ မခံနိုင်ဘူး.... ဒါမင်းကိုယ်တိုင်ကျိုတာ....ဟုတ်လား...."

ဟဲလ်မီတန်သည် ဘုန်းစ်၏ အတင်းတိုက်လာသော သဏ္ဍာန်မပေါ်၊ အရေသက်သက်ဖြစ်နေသော ကျောက်ကျောချက် ကို ပြတင်းပေါက်မှ ပစ်ပေါက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ...ဒီလူတယ်ဆိုးပါလား... ကဲကဲ အပူချိန်လေးတိုင်းမယ်... မနာပါဘူးကွယ်..."

ဘုန်းစ်က ကလေးချော့သလို ပြောလိုက်သည်။

ဟဲလ်မီတန်သည် ဝါနေသော လက်သည်းတစ်ချောင်းဖြင့် တံခါးပေါက်သို့တို၍ ဘုန်းစ်အား သတ်တော့ဖြတ်တော့မည့်ပုံကြည့်လိုက်သည်။ ဘုန်းစ်အခန်းပြင်သို့ရောက်သည်နှင့် တံခါးကိုခေါက်ပိတ်ပြီး မင်းတုန်းတိုးလိုက်သံကိုကြားရသည်။ ထိုနောက် သူ့ကိုလှမ်းအော်လိုက်သော ဟဲလ်မီတန်၏အသံကို ကြားလိုက်ရသည်။

"ငါ့မှာ ပစ္စတိုတစ်လက်နဲ့ ကျည်ဆန်ဆယ်တောင့်ရှိတယ်... မင်း ငါ့ကိုပြုစုဖို့ ကြိုးစားရင် မင်းခေါင်းကို ပစ်ခွဲလိုက်မယ်"

"အန္တရာယ်ရှိတယ်"

ဘုန်းစ်က တီးတိုးရေရွတ်လိုက်ပြီး သူ့တာဝန်ကို ပခုံးတွန့်ဥပေက္ခာပြုလိုက်သည်။

တစ်ယောက်တည်းကျန်ခဲ့သော လူနာသည် ကွီနိုင်ဆေးပြားသုံးပြား မျိုချလိုက်ပြီး ဘာလီရည်တစ်ခွက် သောက်ချလိုက်သည်။ ထို့နောက် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွားသည်။

နောက်တစ်နေ့ နေ့ခင်းတွင် ဘုန်းစ်သည် အရေးပိုင်အိမ်၏ လေသာဆောင်တွင် မှိန်းနေခဲ့သည်။ နေရောင်သည် ဆန့်ထုတ်ထားသောသူ၏ ခြေထောက်ပေါ်သို့ တဖြည်းဖြည်းကျလာသည်။ ဘုန်းစ်သည် အိပ်မက်မက်နေခဲ့သည်။ ဂျော်ဂီကလပ်အကြောင်း မလေးမစားပြောမိသည့်အတိုင်း ကမ်ဘာရစ်တက္ကသိုလ်ရှေ့တွင် သူ့ကိုကားစင်တင် မီးရှို့သတ်နေသည်။ မီးတောက်မီးလျှံများ သူ့ခြေထောက်ကို ထိလာသည်။ လောင်ကျွမ်းလာသည်။

"အို.... "



ဘုန်းစ်သည် တစ်ချက်မျှ အလန့်တကြားအော်၍ နေရောင်ကျနေသော သူ့ခြေထောက်ကို ဖမ်းကိုင်လိုက်မိသည်။

တဖြည်းဖြည်းနှင့် သူသတိဝင်လာသည်။ အင်မတန်ထူးခြားသောမြင်ကွင်းကို သတိပြုမိလိုက်သည်။ သူနှင့်ခြောက်ပေမျှပင် မဝေးသော ကုလားထိုင်တစ်လုံးတွင် အင်မတန်လှပသော အမျိုးသမီးတစ်ဦးထိုင်နေသည်။ ထိုမျှလှသော မိန်းမပျိုကို သူ့တစ်သက်တွင် မမြင်ဘူးချေ။ သူမသည် ငယ်ငယ်ရွယ်ရွယ်ပင်ရှိသည်။ အစိမ်းရောင်ဦးထုပ်ဝိုင်းလေးတစ်ခု ဆောင်းထား၏။ ပတ်ပတ်လည်တွင် ဖြူခွတ်နေသော ဆံပင်များသည် ရွှေချည်မျှင်များနှယ် တောက်ပနေသည်။ နုနယ်သောမျက်နှာပေါ်မှ နှုတ်ခမ်းလေးများမှာ ဂန္ဓမာရောင်သန်းနေသည်။ ယခုမူ ထိုနှုတ်ခမ်းလေးများသည် အပြုံးဖြင့်ကွေးနေပြီး ပြာလဲ့လဲ့မျက်ဝန်းများသည် ရီရွှမ်းနေသည်။

"ဘုရားသခင်ရေ... ဝက်သားမစားသင့်ဘူး ထင်တယ်.... ဗိုး.... နောက်ဆိုရှောင်မှ"

ဘုန်းစ်သည် တီးတိုးရေရွတ်လိုက်ပြီး ကုလားထိုင်ပေါ် လျော့ရဲရဲထိုင်ချလိုက်ပြန်သည်။

"ကျေးဇူးပြုပြီး အိပ်ရာက ထတော်မူပါရှင်"

ဘုန်းစ်မျက်လုံးတစ်ဘက် ဖွင့်ကြည့်လိုက်သည်။ သူမတစ်ကိုယ်လုံးကို တွေ့လိုက်သည်။ နောက်တစ်လုံးဖွင့်ပြီး မတ်မတ်ထိုင်လိုက်သည်။ ပါးစပ်ဟောင်းလောင်း ဖြစ်သွားသည်။

"ကျွန်မ ဒီမှာထိုင်နေတာ ၁၅ မိနစ်လောက်ရှိပြီ"

သူမကပြောလိုက်သည်။ သူမဘေးတွင် သေတ္တာကြီးနှစ်လုံး၊ လက်ဆွဲသေတ္တာတစ်လုံး၊ ဂေါက်တံများထည့်ထားသော

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဂေါက်အိတ်တစ်လုံးနှင့် တင်းနစ်ရိုက်တံတစ်ချောင်း တွေ့ရသည်။

"ကျွန်မဗစ်တိုးရီးယားဆေးရုံက သူနာပြုဆရာမပါ"

ဘုန်းစ်သည် ဒယီးဒယိုင်ဖြင့် မတ်တပ်ရပ်လိုက်ပြီး အစိပ္ပါယ်မဲ့အသံများ ပြုလိုက်မိသည်။

"ဘုရားသခင်ရေ... ခင်ဗျားက သူနာပြုဆရာမလေးလား .... ခင်ဗျားက ဘယ်လိုလုပ်ဒီရောက်လာတာလဲ"

"သင်္ဘောနဲ့ရောက်လာတာလေ.... ပီလီဂိုသင်္ဘောနဲ့ ရောက်လာတာ"

"အာစရိကြီးဟဲလ်မီတန်ကို ပြုစုဖို့ရောက်လာတယ်ပေါ့"

သူမက ဘုန်းစ်ကို ပြုံးကြည့်လိုက်သည်။

"ဟဲလ်မီတန်ဆိုတော့.... အမျိုးသားပေါ့နော်"

ဘုန်းစ်က ခေါင်းညိတ်လိုက်သည်။

"ဖျားတာလား"

ဘုန်းစ်က ခေါင်းညိတ်လိုက်ပြန်သည်။ သူမ စိတ်သက်သာရာရသွားပုံရသည်။

"သူက အပြုအစုကို လက်မခံတော့ဘူး"

ဘုန်းစ်က စကားစလိုက်သည်။

"သူ သေပြီလား"

သူမက အလိုက်ကမ်းဆိုးမသိ ပြောလိုက်သည်။

ဘုန်းစ်သည် သက်မကြီးရှိုက်လိုက်မိသည်။ သူမကို အထိတ်တလန့်ပြုံးကြည့်ပြီး အိမ်ထဲသို့ ပြေးဝင်သွားသည်။ ဆယ်စက္ကန့်အတွင်း ခုန်ထွက်လာသည်။

"မသေသေးပါဘူး ဆရာမ.... ကျွန်တော်ကိုယ်တိုင် သူ့ကို ပြုစုနေခဲ့တယ်လို့ ပြောမလို့ပါဆရာမ"



ဘုန်းစ်က ပြောလိုက်သည်။

သူမသည် သူ့ကို လေးလေးနက်နက်ကြည့်၍ သူမကိုသူမ ပြောသကဲ့သို့ ရေရွတ်လိုက်သည်။

"အဲဒါတောင် ရှင်နေသေးတယ်နော်။ သေဖို့သင့်ပြီ"

ဘုန်းစ်က အောင့်သွားသည့်ပုံဖြင့် ကြည့်လိုက်သည်။

"ရှင်တာမှ သူများတကာကို ကန်နိုင်၊ ကျောက်နိုင်၊ ထိုးနိုင်၊ နှက်နိုင်၊ ပစ်နိုင်၊ ခတ်နိုင်အောင်ကို ရှင်နေတယ်... ခင်ဗျား ကျုပ်ကိုကြည့်ပြီး အံ့သြသွားမယ်အမိ... ကျုပ်က သူနာပြုသင်တန်း အောင်ပြီးသားပါ"

"ဟုတ်လား"

ဘုန်းစ် တွက်ဆသကဲ့သို့ပင် သူမအံ့သြသွားသည်။

"ဟုတ်ပ... ကြက်ခြေခတ်နီနီကြီးဆောင်တဲ့ အမိရယ် ...ကျုပ်သင်ခန်းစာဆယ်ခုကို စာပေးစာယူနဲ့တက်ခဲ့တယ်.... ရောဂါလက္ခဏာကြည့်တဲ့နေရာမှာ ကျုပ်အိုင်စပတ်ပဲ... တစ်ချက်ကြည့်လိုက်တာနဲ့.... "

ဘုန်းစ်သည် သူမကို မျက်မှောင်ကုပ်ကြည့်ပြီး စကားဆက်လိုက်သည်။

"ဒီမှာ အမိ အပူရှပ်လာတယ်.... မျက်လုံးတစ်ဘက်က မျက်လုံးတစ်ဘက်ထက် ကြီးနေတယ်"

"မကြီးဘူး"

သူမက ငြင်းဆန်လိုက်သည်။ သူမပေါင်ပေါ်တွင် တင်ထားသော လက်ကိုင်အိတ်ကိုဖွင့်၍ မှန်လေးတစ်ချပ်ထုတ်လိုက်သည်။

"မကြီးဘူး.... အတူတူပဲ.... ဘယ်မှာလဲရှင်"

www.burmeseclassic.com

www.burmeseclassic.com



သူမဒေါသတကြီး ဆက်ပြောလိုက်သည်။

ဘုန်းစ်သည် သူ၏လက်တံရှည်ကြီးဖြင့် တံခါးဘက်သို့ ဆေ့ယမ်းပြလိုက်သည်။ သူ၏မျက်လုံးအိမ်ထဲ မျက်ကပ်မှန်ကို ထိုး သွင်းလိုက်ပြီး မျက်နှာထားတည်တည်ဖြင့် ပြောလိုက်သည်။

"သူ့ကို ကြင်ကြင်နာနာပြုစုပါ ဆရာမ.... အခြေအနေ ဆိုးသွားရင် ကျုပ်ကို ချက်ချင်းအကြောင်းကြားပါ.... အထဲဝင်ရင် သတိထားဂင်.... ဖျာစကို ခလုတ်တိုက်ပြီး မှောက်ရက်လဲသွားနိုင်တယ်.... လူနာခန်းက ဘယ်ဘက်ဒုတိယတံခါး သူကြွမ်းလာရင်တော့ ကျုပ်တုတ်တစ်ချောင်းနဲ့ ချက်ချင်းပြေးလာပြီး မေ့ဆေးပေးပေးလိုက်မယ်"

ဘုန်းစ်သည် ဟဲလ်မီတန်၏လမ်းလျှောက်သံကို ကြားလိုက်ရသည်။ ထို့နောက် အလန့်တကြား အာမေဋိတ်ပြုလိုက်သံနှင့် တံခါးမင်းတုံးဖြုတ်သံကို ကြားလိုက်ရသည်။

"ခင်ဗျားကို ဘယ်သူခေါ်လိုက်တာလဲ ဆရာမ"

သူမ၏အဖြေမှာ တိုးလှ၍ ဘုန်းစ်မကြားချေ။ ဘုန်းစ် ကျေနပ်စွာ ပြုံးလိုက်သည်။ သူကိစ္စတစ်ခုဖြစ်ဖြစ်မြောက်မြောက် ဆောင်ရွက်နိုင်ခဲ့ပြီ။ ဤအမျိုးသမီး တကယ်ပင် တင်းနစ်ရိုက်တတ်သည်လော၊ အလုပြသက်သက်ဆောင်ထားသည်လော တွေးဆကြည့်လိုက်သည်။

သူသည် ထိုညနေတွင် ဆရာမနှင့်စကားပြောခွင့်ရရန် စောင့်မျှော်နေခဲ့သည်။ သို့သော် မီးဖိုဆောင်နှင့် လူနာခန်းကြား သုတ်သုတ်အသွားအပြန်နှင့်နေသည်ကို တွေ့ရသော်လည်း စကားပြောခွင့်မသာခဲ့ချေ။ ဘုန်းစ်က စကားပြောရန်ကြိုးစားလိုက်တိုင်း သူမက အကြောင်းပြချက်တစ်မျိုးမျိုးနှင့် ရှောင်သွားသည်။



"ဒါနဲ့ ဆရာမကို ကျုပ်ပြောမလို့"

သူမက နှုတ်ခမ်းကို လက်ညှိုးထိုးပြီး တေ့လိုက်သည်။

"ရှူး.... တိုးတိုး.... လူနာအိပ်နေတယ်"

ဒုတိယအကြိမ်တွင်....

"ဒါနဲ့ ဆရာမနာမည်ကို ကျွန်တော်မမေးမိဘူး.... ဒီမှာ ကျုပ်ကတာဝန်ခံ.... "

သူမသတိပေးလက်ညှိုး မြောက်တက်သွားပြန်သည်။

"ရှူး.... သူအခုပဲ နိုးလာတယ်"

ဘုန်းစ်သည် လောကကြီး၏ ဥပေက္ခာပြုထားမှုကို စိတ်ချုံးချုံးကျစွာခံယူလျက် တစ်ယောက်တည်းထိုင်ငိုင်နေခိုက်တွင် တိတ်ဆိတ်သော ညဉ့်ယံကို ဖြတ်သန်းလွင့်ပျံလာသော ဓာရီသခေါ်၏ ဒလက်တီးသံတဖတ်ဖတ်ကို ကြားလိုက်ရသည်။ သစ်ပင်များ လွင့်တက်နေသောမီးခိုးကို ရေးရေးတွေ့လိုက်သည်။ စက္ကန့်ပိုင်းအတွင်းမှာပင် သူသည် အရေးပိုင်ကို ကြိုဆိုရန် ဆိပ်ကမ်းသို့ ဒရောသောပါးပြေးဆင်းသည်။

"ဟုတ်တယ်.... မျှော်လင့်တာထက် တစ်ပတ်စောပြီး ပြန်ရောက်လာတယ်.... အောကာဆာဗာလူမျိုးတွေ ရိုင်းသားလာနေသလား.... ဒါမှမဟုတ် ငါ့ကို မြန်မြန်ပြန်သွားစေချင်လို့လား မသိဘူး.... အခွန်ငွေတွေ လွယ်လွယ်ကူကူပေးကြတယ်.... ဒါနဲ့ ဟဲလ်မီတန်ဘယ်လိုနေလဲ.... မင်း ခိုသတင်းကိုရတယ်.... စိုးရိမ်စရာမရှိဘူး မဟုတ်လား"

"မရှိပါဘူး ဆရာ"

ဘုန်းစ်က သူနာပြုဆရာမရောက်နေသည့်အကြောင်းပါ ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သူနာပြုဆရာမ မဟုတ်လား.... ဘာအတွက်လဲ"

ဆန်ဒါး(စ်)က တအံ့တသြမေးလိုက်သည်။

ဘုန်းစ်ချောင်းဟန့်လိုက်သည်။

"ဟဲလ်မီတန်အခြေအနေက တော်တော်ဆိုးခဲ့တယ်.... ကျွန်တော့်ကိုတောင် မကြည့်ချင်လောက်အောင် ဖြစ်နေတယ်.... ကျွန်တော်ပြတင်းပေါက်က ချောင်းကြည့်တော့ သူနံရံဘက်လှည့်ပြီး အိပ်နေတယ်.... ဒါကြောင့် သူနာပြုဆရာမတစ်ယောက်ကို မှာလိုက်တာ"

"လူတစ်ယောက် ဘယ်ဘက်လှည့်အိပ်အိပ် အကြောင်းလားကွ"

ဆန်ဒါး(စ်)က နားမလည်ဟန်ဖြင့် မေးလိုက်သည်။

"နံရံဘက်မျက်နှာမူနေတာ ဆရာ.... အဲဒါရောဂါ လက္ခဏာကျမ်းအဆိုအရ အဆိုးဆုံးလက္ခဏာပဲဆရာ.... နံရံဘက်မျက်နှာမူပြီး သေကုန်တတ်တယ်"

ဘုန်းစ်က ခေါင်းတရမ်းရမ်းဖြင့် ပြောလိုက်သည်။

"ပေါက်ကရတွေ.... "

ဆန်ဒါး(စ်)က ရေးရေးလေးပြုံး၍ ပြောလိုက်သည်။

"အေးလေ.... အမျိုးသမီးကြီးရောက်နေတယ်ဆိုတော့လည်း သူ့ကို သက်တောင့်သက်သာဖြစ်အောင် နေရာထိုင်ခင်း စီစဉ်ပေးရမှာပေါ့"

ဘုန်းစ်က ချောင်းဆိုးလိုက်ပြန်သည်။

"အဲဒီလောက်လည်း မကြီးဘူးဆရာ၊ ငယ်တဲ့ဘက်နွယ်နေတယ်.... နောက်ပြီး လှတယ်လို့လည်း ဆိုနိုင်တယ်"

ဘုန်းစ်က မရဲတရဲပြောလိုက်သည်။ ဆန်ဒါး(စ်) မျက်နှာ



ကွက်သွားသည်ကို သတိပြုမိလိုက်သည်။

"အေးလေ.... ဘယ်တတ်နိုင်မလဲ ဟယ်မီတန်နေကောင်းဖို့ အဓိကပဲ.... ဗွာနချုပ်က အတော်တက်တက်ကြွကြွဖြစ်လာပါလား.... ထုံးစံအတိုင်းဆို ဒါမျိုးတောင်းဆိုချက်ဖြည့်ဖို့ တစ်လလောက်ကြာတယ်"

ဆန်ဒါး(စ်)သည် ဆရာမလေးကို ဖော်ဖော်ရွေရွေပင် နှုတ်ဆက်လိုက်သည်။

"ကျွန်မကြာကြာနေဖို့တော့ လိုမယ်မထင်ဘူး၊ ဗိုလ်ကြီး၊ ဟဲလ်မီတန်က သိပ်မဖျားပါဘူး။ စိတ်အနှောင့်အယှက်ဖြစ်နေတာပဲရှိတယ်.... အကြီးအကျယ်နေမကောင်းတာ မဟုတ်ပါဘူး"

သူမက ဘုန်းစ်ကို အဓိပ္ပါယ်ပါပါကြည့်လျှက် ပြောလိုက်သည်။

"စိတ်အနှောင့်အယှက်ဖြစ်နေရခြင်းကလည်း ရောဂါဝေဒနာပဲ။ ဒေါသကြီးတာ ရူးသွပ်မှုလက္ခဏာပဲ.... မဟုတ်လားဆရာမကြီး"

ဘုန်းစ်က အရှုံးမပေးစတမ်း စောဒကတက်လိုက်သည်။

ဆန်ဒါး(စ်)သည် ဆရာမလေးပြန်မည့် မနက်တွင် သူကိုယ်တိုင် အခန်းအနှံ့လိုက်လံပြသသည်။ သူမအမည်မှာ ရိုဆာလီမာတန်ဖြစ်ပြီး သူမအသက် (၂၄)နှစ်မျှသာရှိသေးကြောင်း ဝန်ခံသည်။

"ဥရောပသားတွေကို တူပြီး ဦးထုပ်ရှည်ကြီးတွေ ဆောင်းတဲ့ တိုင်းရင်းသားတွေ.... လျှပ်စစ်မီးတွေ၊ ရုပ်ရှင်ရုံတွေနဲ့ ကင်းဝေးတဲ့ဒီလိုအရပ်ဒေသမှာနေရတာ အတော်စိတ်ချမ်းသာဖို့ ကောင်းမှာပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



သူမက သက်ပြင်းရှည်တစ်ချက်ရှိုက်ရင်း ပြောလိုက်သည်။

"ကျွန်မ ဒီလိုဘဝမျိုးနေရမယ်မှတ်ပြီး အနောက် အာ[illegible]ရိုကကိုလာခဲ့တာ.... ဒါပေမဲ့ ဌာနချုပ်က အင်္ဂလန်နိုင်ငံက မြို့ရွာနဲ့မခြားပါဘူး... ဒီမှာ လွတ်လွတ်လပ်လပ် အေးအေးဆေးဆေးနေသာတာက အဆစ်ပါနေတာပဲရှိတယ်.. ကျွန်မ ဒီမှာ လုပ်နိုင်တဲ့အလုပ် မရှိဘူးလား မစ္စတာ ဆန်ဒါး(စ်)... "

ဆန်ဒါး(စ်) ခေါင်းရမ်းလိုက်သည်။

"စပ်စုတယ်လို့တော့ မထင်စေချင်ဘူး.... ဒါပေမဲ့ မင်း ဘာလို့ ဒီကမ်းရိုးတန်းဒေသကို လာခဲ့တာလဲ.... ဒီမှာ မိတ်ဆွေတွေများရှိလား"

တစ်အောင့်ကြာမှ သူမပြန်ဖြေလေသည်။

"မရှိပါဘူး.... ပွင့်ပွင့်လင်းလင်းပြောရရင် ကမ်းရိုးတန်းဒေသကို ကျွန်မမုန်းတယ်.... ကျွန်မသိတဲ့ ကမ်းရိုးတန်းဒေသနဲ့ တစ်ခြားစီပဲ.... ကျွန်မသိတဲ့ကမ်းရိုးတန်းက စာအုပ်ထဲကပါ.... ဒီဒေသကို တစ်ခါတစ်ခေါက်မရောက်ဘူးတဲ့ လူတစ်ယောက်ရဲ့ အရေးအသားကို အားကျပြီး ရောက်လာတာ မုန်းတယ်"

သူမထက်ထက်သန်သန် ပြောနေသည့်ပုံကိုကြည့်၍ တစ်စုံတစ်ခုရည်ရွယ်ချက်ဖြင့် ရောက်လာကြောင်း တွက်ဆနိုင်သော်လည်း သို့သော် တွက်ဆရန်ပင် မလိုခဲ့ချေ။ သူမချက်ချင်းပင် ထုတ်ဖော် ပြောကြားလိုက်သည်။

"ကျွန်မနဲ့စေ့စပ်ထားခဲ့တဲ့ အမျိုးသားတစ်ယောက်ဟာ ဒီဒေသမှာ သေဆုံးသွားခဲ့တယ်.... သူဟာ လွန်ခဲ့တဲ့နှစ်နှစ်လောက်က ဟိုး ဒီနေရာကို လာခဲ့တယ်"



သူမက ပွင့်ပွင့်လင်းလင်းဆိုလိုက်သည်။

သူမအသံတစ်ချက်မျှသာ ပျက်သွားသည်။ ဆန်ဒါး(စ်) တိတ်ဆိတ်နေလိုက်သည်။ ထိုမျှပွင့်လင်းစွာ ပြောဆိုလိုက်ခြင်းကပင် သူ့အား လှိုက်လှိုက်လှဲလှဲ စိတ်မကောင်းစေသည်။ ကမ်းရိုးတန်းဒေသ ငယ်ရွယ်သောဘဝပေါင်းများစွာကို ပက်ပက်စက်စက် ချေဖျက်လေ့ရှိသည်။ သူမ၏အတွေ့အကြုံနှင့် ထူးမခြားနားသော အဖြစ်အပျက် အမြောက်အမြားရှိသည်။

"ကမ္ဘာပေါ်မှာ သူ့လောက်ကောင်းတဲ့လူမရှိဘူး... သူက ငွေလာရှာတာ... အိမ်တစ်လုံးဝယ်ဖို့.... ငွေလာရှာတာ မစ္စတာ ဆန်ဒါး(စ်).... ကျွန်မတို့မိသားစုကနည်းနည်းချမ်းသာတယ်.... အဲဒီတော့ သူ့ကို သံသယမျက်လုံးနဲ့ကြည့်ကြတယ်.... သိုက်သမား သက်သက်လို့မှတ်ကြတယ်.... သူ့မျက်နှာတည့်တည့်ကိုကြည့်ပြီး အဲဒီလို ပြောလွှတ်လိုက်တယ်.... အဲဒီအကြောင်း ကျွန်မ နောက်မှ သိတယ်"

"သူက.... သာသနာပြုလား"

သူမ ခေါင်းကိုတွင်တွင် ခါရမ်းလိုက်ပြီး ယဲ့ယဲ့လေးပြုံးလိုက်သည်။

"မဟုတ်ဘူး.... သူဟာ တကယ့်လူကောင်း.... ဒါပေမဲ့.... သာသနာပြုတော့မဟုတ်ဘူး.... ပြင်သစ်နယ်မြေဒေသမှာ သေဆုံးသွားတယ်.... သူကမ်းရိုးတန်းကိုရောက်ပြီး မကြာခင်မှာပဲ ကျွန်မဆီစာရေးလိုက်တယ်.... သိပ်ဆိုးတာပဲ"

သူမမျက်မှောင်ကုပ်၍ ဆက်ပြောလိုက်သည်။

"ဌာနချုပ်မှာနေတုန်းက သူတည်းခဲ့တဲ့ဟော်တယ်ကို ကျွန်မနေ့တိုင်း ဖြတ်လျှောက်ခဲ့ရတယ်.... သူနေခဲ့တဲ့ အခန်းပြတင်း

www.burmeseclassic.com

www.burmeseclassic.com



ပေါက်ကို ကျွန်မသိတယ်... ကျွန်မလျှောက်နေတဲ့လမ်းကို အဲဒီ ပြတင်းပေါက်ကနေ စီးကြည့်နေကျ....တကယ့်ကို မယုံနိုင်စရာ ပဲ.... မစ္စတာဆန်ဒါး(စ်) တကယ့်ကို မယုံနိုင်စရာပဲ''

သူမသည် မည်သို့မျှမပြောခဲ့ဖူးသည့်ပုံစံ ရင်ဖွင့်ပြောကြား နေမှန်း ဆန်ဒါး(စ်) သဘောပေါက်မိသည်။ သူမတတွတ်တွတ် ပြောနေသည်ကို နားထောင်ရင်းဖြင့်ပင် ဆက်လျှောက်မိခဲ့သည်။

''ကျွန်မစကားကြောင့် ရှင်ငြီးငွေ့သွားပြီ ထင်တယ် တစ်နေ့နေ့တော့ ကျွန်မမေ့နိုင်လိမ့်မယ်လို့ ထင်ပါတယ်.... ဟစ်ဈေး ရာရာမှာ ဆင်းရဲသားတစ်ဦးဦးကို လက်ထပ်ဖြစ်ပြီး အတိတ် ဇာတ်လမ်းလေးကို ရေမွှေးဖျန်းထားတဲ့ ပန်းခြောက်လေးတွေ သိမ်းနိုင်ကောင်းမယ်ထင်ပါတယ်.... အသည်းကွဲတယ်လို့ ဟစ်ဈေး ရှိပေမယ့် အသည်းတွေရဲ့ နာလန်ထစွမ်းက ကောင်းပါတယ်ဆေး .... မဟုတ်လား''

သူမက ရယ်တစ်ဝက် ငိုတစ်ဝက်ပြောလိုက်သည်။

ဆန်ဒါး(စ်)သည် သူမအခန်းသို့ပြန်သွားခိုက်တွင် သူ့ဖျ များကို သတိပေးရန် အခွင့်အရေးရလိုက်သည်။

''သေခြင်းတွေ.... ချစ်ခြင်းတွေ.... ပျက်စီးခြင်းတွေ ပတ်သက်တဲ့စကားတွေကို တတ်နိုင်သမျှရှောင်.... အဲဒီကောင် လေးမှာ လွမ်းစရာလေးတွေ ရှိနေတယ်.... ''

ဆန်ဒါး(စ်)က သူမအဖြစ်ကို တဆင့်ဖေါက်သည်ချလိုက် သည်။ သူမယုံကြည်မှုကို ဆပွားသဘောပေါက်ခြင်းမဟုတ် အမှတ်တမဲ့ ပြောဆိုမိသောစကားများကြောင့် ကာကွယ်သည့်အနေ နှင့်သာ ပြောပြလိုက်ခြင်းဖြစ်သည်။

''ဒါဖြင့် ကျွန်တော်တို့ သူ့ကို ညှော်ဝတ်ပြုတဲ့အခါမှာ



သတိထားပြီး ဖျော်ဖြေရေးသက်သက်တင်ဆက်ရမယ် ထင်ပါတယ် .... အို အာစရိကြီး အရေးပိုင်မင်းရယ်''

ဘုန်းစ်က လှိုက်လှိုက်လှဲလှဲဆိုလိုက်သည်။

''ဒါနဲ့တော့ မလုပ်ပါနဲ့ကွာ''

ဆန်ဒါး(စ်)ရော ဟဲလ်မီတန့်ပါ တစ်ပြိုင်တည်းပြောလိုက် သည်။

''ဒါဖြင့်.... ကျွန်တော်စုဆောင်းထားတဲ့ သောင်းပြောင်း ပစ္စည်းလေးတွေကို ပြသင့်တယ်ထင်တယ်. ဒါပေမဲ့ အဲဒါတွေ မြင်တွေ့ပြီး အင်မတန်ရိုးလှတဲ့ အပျိုမလေးစရိုက်ပျက်သွားမယ် ဆိုရင်တော့.... ''

ဘုန်းစ်က မလုံမလဲဆက်ပြောပြီး အာချောင်နေ၏။

''စရိုက်ပျက်မှာစိုးလို့မဟုတ်ဘူး.... ငြီးငွေ့သွားမှာစိုးလို့ ပြောနေတာ''

ဟဲလ်မီတန်က ဝင်ထောက်လိုက်သည်။

''ကဲ.... ကဲ.... မင်းသောင်းပြောင်းတွေ သွားယူ.... ဒါပေမဲ့ ပတ်သက်ရာ အဖြစ်အပျက်လေးတွေပြောပြရင်း ပုံကြီးမချဲ့လွန်းနဲ့''

ဆန်ဒါး(စ်)က ကြည်ဖြူစွာခွင့်ပြုလိုက်သည်။

ဘုန်းစ်သည် သူ၏တဲသို့ သုတ်ခြေတင်၍ ဖျော်ဖြေရေး ပစ္စည်းများကို ကမန်းကတန်းစုလိုက်သည်။ ရိုဆာလီမာတန် သူမ အခန်းမှ ပြန်ရောက်လာသောအခါတွင် ဖျစ်ညှစ်ပြီး ရွှင်မြူးနေကြ သော ပုဂ္ဂိုလ်ကြီးသုံးဦးကိုတွေ့ပြီး အကြောင်းရင်းကို ရိပ်ကဲမိ လိုက်သည်။

''ကျွန်မအဖြစ်ကိုကြားပြီး ရှင်တို့အားလုံးစိတ်မကောင်းဖြစ် နေပြီထင်တယ်.... အဲဒီလောက်လည်း ကျွန်မအတွက် ဒီလောက်

www.burmeseclassic.com

www.burmeseclassic.com



စိတ်မပူကြပါနဲ့ရှင်''

သူမက ခပ်မြူးမြူးဟုပင်ဆိုလောက်သော လေသံဖြင့် ပြောလိုက်သည်။

သူမအား စိတ်ပြေရာပြေကြောင်းဖြစ်အောင် ပညာသားပါပါ ဆက်ဆံပြောဆိုရန် ရည်ရွယ်ထားသောဘုန်းစ်သည် ရောဂါသည်က လူကောင်းထက်ပင်ပို၍ ကျန်းမာသယောင်ပြနေသည့်အသွင်မျိုးကြောင့် စကားဘယ်ကစရမှန်းမသိ ဖြစ်သွားသည်။ သူမ၏ အင်္ကျီအိတ်သည် သူ့ကုတင်အောက် သေတ္တာထဲမှ ရမ်းသန်း ဆွဲထုတ်လာသော ပစ္စည်းလေးများဖြင့် ပြည့်နေသည်။

''ဆရာမပြန်တော့မယ်ဆိုတော့လည်း စိတ်မကောင်းပါဘူးဗျာ''

ဘုန်းစ်က လူလိုသူလိုပြောလိုက်သည်။ ထိုအချိန်တွင် စာဖိုမှူးချာတိတ်လေးက ကော်ဖီလာချပေးသည်။

''သကြားသုံးခဲထည့်မလား.... လေးခဲထည့်မလား... ဆရာမ သကြားလုံးဝမထည့်ဘူးလား.... အဲဒါဆို ကျုပ်တို့ဝဖြိုးမှာ မဟုတ်တော့ဘူးနော်''

ဘုန်းစ်က ဝင်ပြောလိုက်သည်။

''တောင်ကြီးတစ်မျှ ဝဖြိုးနေတာပဲ မဟုတ်လား''

ဆန်ဒါး(စ်)က ဝင်ပြောလိုက်သည်။

''ဝတယ်ဆိုမှသတိရတယ်... ဒီလက်စွပ်ဟာ ဒီနယ်မြေထဲမှာရှိတဲ့ အဝဆုံးလူရဲ့လက်စွပ်ပဲ.... သူက အာကာဆာမာလူမျိုးနာမည်က နီပီရှုတဲ့လေ''

ဘုန်းစ်သည် လက်တစ်ဆုပ်စာမျှ ပစ္စည်းအတိုအထွာများ ဆွဲထုတ်၍ စားပွဲပေါ်ပုံချလိုက်သည်။ လက်ကောက်၊ ခြေကျင်းသစ်သားဖွန်း၊ သံဘီး၊ သစ်သားပုတီးစသော ပစ္စည်းအမျိုးစုံပါဝင်သည်။

''ဒါ.... နဂွန်ဘီအမျိုးသမီးတွေဆောင်တဲ့ သမာဓိ.... ''

သူ့စကားမဆုံးနိုင်ခင်မှာပင် သူမအသံစူးစူးလေးဖြင့် အော်လိုက်သောကြောင့် အလန့်တကြားလှည့်ကြည့်လိုက်မိသည်။

သူမသည် စားပွဲခင်းပေါ်တွင် စုပုံထားသောပစ္စည်းများကို ငြိုးကြည့်နေခဲ့သည်။ သူမ၏မျက်နှာမှာ တစ္ဆေမျက်နှာကဲ့သို့ ဖြူလွနေသည်။ တုန်ရီနေသောလက်ညှိုးဖြင့် တစ်စုံတစ်ခုကို လက်ညှိုးထိုးလိုက်သည်။

''ရှင်.... ရှင်အဲဒါကို ဘယ်ကရလဲ''

သူမသည် ကျောက်နှစ်လုံးပြုတ်နေပြီး အရောင်အဆင်းမှိန်နေသော ရွှေလက်ကောက်လေးကို လက်ညှိုးထိုးပြနေခဲ့သည်။

''အဲဒါ.... အိုအမှန်ပြောရရင်.... အဲဒါကို.... ''

ဘုန်းစ်သည် ဆန်ဒါး(စ်)၏သတိပေးထားချက်ကို တဒင်္ဂမျှမေ့သွားသည်။

ထိုအချိန်မှာပင် သူ့အားဟန့်တားနေသော ဆန်ဒါး(စ်)၏ အကြည့်ကို မြင်လိုက်ပြီး ပါးစပ်ပိတ်လိုက်သည်။

''အဲဒါ.... အဲဒါ သူ့ကိုပေးလိုက်တဲ့လက်ကောက်ပဲ.... ကျွန်မငယ်ငယ်တုန်းက ဖေဖေက ကျွန်မကို နယူးရော့မြို့ခေါ်သွားပြီး အဲဒါလေးဝယ်ပေးခဲ့တယ်...ကျွန်...ကျွန်မ.... သူ့ကို အမှတ်တရပေးလိုက်တာ''

သူမသည် ထိုပစ္စည်းလေးကို တယုတယကောက်ယူပြီး အသံအစ်အစ်လေးဖြင့် ပြောလိုက်သည်။

ပထမဆုံးအသံထွက်နိုင်ခဲ့သူမှာ ဆန်ဒါး(စ်)ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းရဲ့ချစ်သူနာမည်က ဘယ်သူလဲ ရှိစလီ"

သူသည် ဖွတ်ဖွတ်ကြေနေသော လက်ကောက်လေးကို တယုတယပွတ်သပ်ရင်း တမြတ်တနိုးပြုံးနေခဲ့သည်။

"ဂျွန်ဆီလ်ဗိဗ်အေလစ်တန်တဲ့ ကမ္ဘာပေါ်မှာ မြတ်နိုးစရာအကောင်းဆုံးလူပဲ"

သူက လှိုက်ဖိုသံနှင့်ပြောလိုက်သည်။

အသက်ရှူသံပင်ကြားနိုင်လောက်အောင် တိတ်ဆိတ်သွားသည်။ သူမက ထိုပစ္စည်းလေးပေါ်တွင် မယစ်မူးနေခဲ့လျှင် အမျိုးသားသုံးဦး၏ ပင့်သက်ရှိုက်သံကို ကေန်သတိပြုမိလိမ့်မည်။

"ဟုတ်တယ်.... တကယ့်လူတော် ရှားရှားပါးပါးလူပဲ ဂျွန်ကြီး.... ဂျွန်ကြီး.... ခင်မင်စရာအရမ်းကောင်းတဲ့လူပဲ"

ဘုန်းစ်က ရုတ်တရက် ထက်ထက်သန်သန်ကြီး ပြောလိုက်သည်။ အသက်ရှူမှားနေသကဲ့သို့ ကတုန်ကယင်အသံနှင့် ပြောလိုက်သည်။

သူမ ဖျတ်ခနဲ မော့ကြည့်လိုက်သည်။ ဟဲလ်မီတန်နှင့် ဆန်ဒါး(စ်)မှာ အသက်ရှူမဝသလို ခံစားလိုက်ရသည်။

"ရှင် သူ့ကို သိခဲ့လား"

ဘုန်းစ်က ခေါင်းတစ်ချက်ညိတ်လိုက်သည်။ သူ့မျက်လုံးထဲတွင် ဇဝနညာဏ် ရိုပ်ခနဲဖြတ်ပြေးသွားသည်။

"သိတယ်လို့ ဆိုနိုင်ပါတယ် ဆရာမရယ်.... ပြင်သစ်နယ်မြေနယ်စပ်နားမှာ တွေ့ခဲ့တာ....တကယ့်လူတော်ဗျာ.... အရှေ့ဝင်ပြီး.... "

"သူသေတော့ ရှင် သူ့နားမှာရှိလား.... "

ဘုန်းစ်က စက်ရုပ်ကဲ့သို့ ခေါင်းတစ်ဆတ်ဆတ်ညိတ်



လိုက်သည်။

"ရှိခဲ့တယ်.... နောက်ဆုံးအချိန်ထိပဲ.... တကယ့်ကို သတ္တိဖျတ္တိပြည့်တဲ့လူ။ နောက်ဆုံးအချိန်တောင် ခပ်ရွှင်ရွှင်ပဲ.... သူ့အမျိုးသမီးကို ပေးလိုက်ဆိုပြီး ဒီလက်ကောက်လေးပေးခဲ့တယ်.... ဒါပေမဲ့ အမျိုးသမီးနာမည်မပြောမိဘူး.... တကယ့်ရှာမရှား လူတော်လူကောင်းတစ်ယောက်ပဲ.... အော် ဂျွန်.... ဂျွန်ကြီး.... "

သူသည် သူ၏ မနားတမ်းပြောမှုကြောင့် အတော်ပင်ပန်းသွားပုံဖြင့် ရပ်လိုက်သည်။

သူမသည် ထိုလက်ကောက်ပျက်လေးကို အတန်ကြာငေးကြည့်နေပြီးမှ ဘုန်းစ်ကို လက်ကမ်းပေးလိုက်သည်။

"ကျေးဇူးတင်ပါတယ်ရှင်.... ကျွန်မရှင့်ကို အမြဲသတိရနေပါ့မယ်.... ရှင်သူ့ကို အကောင်းဆုံးပြုစုလိုက်တယ်လို့ ကျွန်မယုံကြည်ပါတယ်.... ရှင့်ကို ဘုရားသခင်ကောင်းချီးပေးပါစေ"

သူမက အသံတိုးတိုးလေးဖြင့် ဆိုလိုက်သည်။

ဘုန်းစ်ရှိုက်ငိုချင်စိတ်ပေါက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)
## မိန်းမဆိုတာ အာချောင်တဲ့အမျိုး

ထိုဒေသရှိ ရော်ဘာပင်တစ်ပင်ကို ခုတ်လှဲ၍ မိုးရေဖြင့် မဆွေးနိုင်သောနေရာမြင့်တစ်ခုခုတွင် နေလှမ်းထားပြီး နောက် သုံးကိုက်မျှ ရှည်လျားသောအဲတုံး ဖြတ်ထုတ်ရသည်။ ထိုနောက် ထိုသစ်တုံး၏ အလယ်သားကို စိတ်ရှည်လက်ရှည် ရှင်းထွင်းထုတ် လိုက်ပ်း ပျှင် ပြင်သစ်တော်လှန်ရေးသမားများ စကားပြောခွက်ဖြင့် ဆက်သွယ်မှုပြုရန် ကြိုးစားစဉ်ကာလကပင် ရှေးဟောင်းဆက်သွယ် ရေးကိရိယာဖြစ်နေပြီး ဆီဇာဘုရင်များခေတ်ကပင် အလုပ်ဖြစ်နေခဲ့ သော ဆက်သွယ်ရေးကိရိယာကို ရရှိနိုင်သည်။ ၎င်းဆက်သွယ်ရေး ကိရိယာကို အာဖရိကဟောတွင်းသားများက လိုကာလီတုံးမောင်း ဟုခေါ်သည်။



အာကာဆာဗာမြို့တော်၏ လိုကာလီတုံးမောင်းဆရာ မဂလီကီသည် အလွန်ပင်အိုမင်းနေသည်။ ရောကြောင့် မျက်လုံးကန်း လုလုပင်ဖြစ်နေသည်။ ထို့ကြောင့် သူသွားလာသောအခါတွင် ထမင်းအိုး၊ ဟင်းအိုးများအပြင်ရှားပါးသော ရွံ့စေးပစ္စည်းများကို တိုက်ခိုက် နင်းမိတတ်သည်။ လူတစ်ယောက်၏ လုပ်ရပ်အတွက် ၎င်းလူ၏မိသားစုတွင် တာဝန်ရှိသောကြောင့် မဂလီကီသည် တစ်ပါးသူတို့၏ ငြိုငြင်မှုပါခံရသည်။

အိုမင်းမစွမ်းဖြစ်သည့်တိုင်အောင် တစ္ဆေတောင်တန်းမှသည် ကမ်းတစ်ဘက်သာရှိသော မြစ်အထိ တောရိုင်းနယ်မြေ တစ်ခွင်တွင် မဂလီကီလောက် တုံးမောင်းခေါက်ကျွမ်းကျင်သူ မရှိချေ။

မဂလီကီသည် တုံးမောင်းရှေ့တွင် နေ့တစ်ရှုဝထိုင်၍ လေးလံသော တုတ်ကြီးနှစ်ချောင်းဖြင့် မြန်မြန်ရိုက်နေတတ်သည်။ မြို့တော်အတွင်း အတင်းအဖျင်းသတင်းမှသည် မိသားစုတစ်စုမှ တစ်စုသို့ ပေးပို့သောအကြောင်းကြားချက်များ၊ ဝေးရပ်ရောက်နေ သော တံငါသည်များ၊ နာရေးသာရေးသတင်းစုံစုံလင်လင်ကို ထို လိုကာလီတုံးမောင်းခေါက် ဖြန့်ပေးလေ့ရှိသည်။

လိုကာလီတုံးမောင်းသံကို သံပြတ်သံ၊ တက်သံစသည် ဖြင့် အဓိပ္ပါယ်ရှိသည်။ ဆန်ဒါး(စ်)သည် မဂလီကီ၏သတင်းကို ကောင်းကောင်းနားသောတဆင် သဘောပေါက်နိုင်သည်။ တိတ်ဆိတ်သော ညများတွင် ယင်းတုံးမောင်းသံကို မိုင်ပေါင်း (၃၀) အကွာအဝေးမှကြားရသည်။ မဂလီကီသည် သတင်းမည်မျှ ပေးပို့ နေရသည်ဖြစ်ပစေ တစ်ချက်တစ်လေမှ မှားရိုက်လေ့မရှိချေ။

''သံရှည်၊ သံတို၊ သံပြတ်''

www.burmeseclassic.com

www.burmeseclassic.com



၎င်းမှာ ဆန်ဒါး(စ်)၏ နာမည်ဖြစ်သည်။ ၎င်းနောက်မှ 'တေး'ကလေးတစ်ခု လိုက်လာလျှင် တောင်ဘက်သို့သွားနေသည်ဟု အဓိပ္ပါယ်ရသည်။ ထိုတေးအဆုံးတွင် သံပြတ် (၃)ခုပါလျှင် အေးချမ်းသည့်ဟု အဓိပ္ပါယ်ရသည်။

ဆန်ဒါး(စ်)သည် မဂလီကီတီးခတ်လိုက်သော လူမျိုးစုခေါင်းဆောင် လူမျိုးစုတိုင်းကို မှတ်မိသည့် သတိပေးချက်၊ ချိန်းဆိုချက်၊ နှုတ်ဆက်မှု၊ လူသတ်မှုသတင်းများကို သောတဆင်နိုင်သည်။

အဘိုးကြီးသည် နေ့တစ်ရှုဝပင် သူ၏တုံးမောင်းရှေ့တွင် ထိုင်၍ ကျယ်ပြန့်သောမြစ်ပြင်ကျယ်၏ တစ်ဘက်ကမ်းကို မမြင်ရသော မျက်လုံးများနှင့် ငေးကြည့်နေတတ်သည်။ မိုးရာသီသို့ ရောက်သောအခါတွင် သူ၏မိသားစုက သူ့အတွက် အမိုးလေးတစ်ခုထိုးပေးသည်။ ထိုသို့မလုပ်လျှင် သူသည် သူ့တဲသို့ မမြင်မစမ်းပြန်လာမည်။ ထိုသို့ပြန်လာသောအခါတွင် အိုးခွက်ပန်းကန်များကို တိုက်မိခိုက်မိမည်။ ကွဲကြေကုန်မည်။ သူ့မိသားစု လျော်နေရဦးမည်။

တစ်နေ့တွင်မူ မဂလီကီသည် လုံတံအသစ်သုံးချောင်းကို တက်နင်းမိခဲ့သည်။ မသုံးရ မစွဲရသော လုံတံဦးကျိုးသည်ဟု ယူဆလိုက်ကြသည်။ ငါးဟင်းအိုးတစ်အိုးကို ဝင်တိုက်မိသည်။ ပူလောင်နေသော ငါးဟင်းအိုးက တန်ဘိုးရှိလှသောဟင်းစားများ ခွေးပေါ်သို့ ကျသွားသောကြောင့် ခွေးမှာ သေလုမျောပါးဖြစ်သွားသည်။ ထိုညနေတွင် မဂလီကီသားကြီးနှင့် မဂလီကီ၏ညီအငယ်ဆုံးတို့ ခေါင်းချင်းရိုက်ကြသည်။

''ကျုပ်တို့လူပုလေးတွေရှိတဲ့ တောထဲအထိ သွားရအောင်။ မဂလီကီကို ကျုပ်တို့နဲ့အတူ ခေါ်သွားမယ်... အဲဒီရောက်



လို့ သူအိပ်ပျော်သွားရင် သူ့ကိုပစ်ထားခဲ့ကြမယ်... အဘိုးကြီးက အိုလည်းအို၊ မျက်စိလည်းကန်းနေတော့ မကြာခင်သေမှာပဲ....''

မဂလီကီ၏သားကြီးက ရက်ရက်စက်စက် အကြံပြုလိုက်သည်။

တစ်မနက်တွင် မဂလီကီ၏သားနှင့် ညီသည် မဂလီကီကို ခေါ်ဆောင်၍ ရွာထဲမှထွက်လာခဲ့သည်။ ၎င်းတို့သည် ငါးရက်လုံးလုံး လှေတစ်စင်းဖြင့် လှော်ခတ်လာခဲ့ကြရာ နောက်ဆုံး တောနက်ကြီးထဲသို့ ရောက်လာသည်။ မဂလီကီသည် တစ်လမ်းလုံး လှေဦးမှ ထိုင်၍ တုံးမောင်းအသေးတစ်လုံးကို ခေါက်လာသည်။ သူသည် လိုကာလီဆရာ မဂလီကီပင်ဖြစ်ပြီး အင်မတန်ခွန်အားဗလပြည့်သောသူနှင့် သူ့ညီတို့ ခရီးထွက်လာသည်ဟု တစ်လောကလုံး သိအောင် တစ်လမ်းလုံးကြေညာလာခဲ့သည်။

၎င်းတို့သည် တောထဲတွင် တစ်ညအိပ်စက်ကြသည်။ သူ၏သားနှင့် ညီသည် သူ၏တုံးမောင်းလေးကို တစ်နေရာတွင် ဖွက်ပစ်ခဲ့ပြီး လရိပ်အောက်တွင် လစ်ထွက်သွားခဲ့ကြသည်။ ရက်စက်ကြမ်းတမ်းသောလူပုလေးများနှင့် မျက်လုံးဝါကျားသစ်များ ကျက်စားသော တောကြီးမျက်မဲထဲတွင် မျက်မမြင်အဘိုးအိုတစ်ယောက်တည်း ထားရစ်ခဲ့ကြသည်။

ထိုနေရာတွင် အဘိုးကြီးမဂလီကီသေရန်ပင် ဖြစ်သည်။ သို့သော် အသက်(၇)နှစ်အရွယ်မျှသာ ရှိသေးသော ကလေးမလေး အာဆာဗိုနှင့်တွေ့၍ အသက်မပျောက်ခဲ့ချေ။ အာဆာဗိုသည် မဂလီကီအား အိမ်ခြေဆယ်အိမ်မျှရှိသော ရွာလေးကို ခေါ်ဆောင်သွားသည်။ ၎င်းတောအနေဖြင့်တွက်လျှင် အိမ်ခြေဆယ်လုံးမျှရှိ၍ ရွာကြီးဟုဆိုသာသည်။ အာဆာဗို၏ဖခင်မှာ ထိုရွာသူကြီးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် သူ၏မြားဆိပ်အသစ်ကို စမ်းသပ်သည့်အနေဖြင့် ထိုလူ စိမ်းအဘိုးအိုကိုပစ်ရန် တကဲကဲဟန်ပြင်နေခဲ့သည်။ သို့သော် သူ့ သမီး၏တောင်းပန်မှုနှင့် တိုက်တွန်းမှုကြောင့် အဘိုးကြီးကို သူ့တဲ ထောင့်တွင် နေထိုင်ခွင့်ပေးလိုက်သည်။ ထိုကာလမှစတင်၍ ထို တောရိုင်းသားများသည် ပုင်ဆိုင်မှုအသစ်တစ်ခု တိုးပွားလာသည်။ မဂလီကီသည် နေ့တမ်းရွှ အာဆာမိုအား ပညာသင်ပေးလေ သည်။ သူ၏သားနှင့်ညီ ဖွက်သွားခဲ့သော လိုကာလီတုံးမောင်းကို ပြန်ရှာတွေ့ခဲ့ပြီး ထိုတုံးမောင်းခေါက်နည်းကို အစ်ကျမတ်ကျ သင် ပေးလေသည်။ အာဆာမိုသည်လည်း တပည့်ကောင်းပီသစွာ အတတ်မြန်သူဖြစ်ခဲ့သည်။

''မင်းဟာ ဒီကမ္ဘာပေါ်မှာ အကြီးမြတ်ဆုံးမိန်းမဖြစ်မယ် .... ခေါင်းဆောင်တစ်ဦးနဲ့ လက်ဆက်ရမယ်.... အရေခွံနဲ့ပြုလုပ် ထားတဲ့ အိပ်ရာပေါ်အိပ်ရမယ်.... ချစ်သူသုံးယောက်ရှိမယ်... အဲဒီချစ်သူသုံးဦးဟာ မင်းဆီကို တစ်ချိန်စီခွဲလာလိမ့်မယ်... တစ် ယောက်ကိုတစ်ယောက် သိမှာမဟုတ်ဘူး...''

မဂလီကီက ထိုသို့ ဗေဒင်ဟောလိုက်သည်။

အာဆာမိုသည် ထိုဟောကိန်းကိုကြားသောအခါတွင် အလွန်ပင် နှစ်ထောင်းအားရသွားသည်။ ထိုအချိန်တွင် သူမသည် အသက်ဆယ်နှစ်ရှိသည်။ မဟာမော်ဝိဇ္ဇာကြီးကို မကြာမတင်ကာလ တွင် တွေ့ဆုံရန်ဖြစ်သည်။

လူမျိုးစု လူမျိုးစုတိုင်းတွင် တစ်ချိန်တစ်ခါကျမှ ရှားရှား ပါးပါးပေါ်ပေါက်လာပြီး ကျန်လူများကို လွှမ်းမိုးထားသော မတာ ထောင်တစ်ကောင်ဘွားများ ရှိတတ်ကြသည်။ ဤရှားပါးသတ္တဝါ များသည် တစ်ခြားလူမျိုးတို့ကိုပင် လွှမ်းမိုးနိုင်သော အစွမ်းရှိတတ်



သည်။ အရေးအသားနှစ်ခုလုံးရသော ရှိတ်စပီးယား၊ ဘက်စုံကျွမ်း သည့် ယိယိုနာဒို၊ အရက်ချာန်ရှင် မီတာရိုမန်ဟောစသော ပုဂ္ဂိုလ်မျိုးများ ပင်ဖြစ်သည်။ ၎င်းတို့သည် တစ်ခေတ်တွင်, တစ် ယောက် ထွန်းထွန်းပေါက်ပေါက် ရှားရှားပါးပါး ပေါ်ပေါက်လာ တတ်သည်။

အရေးပိုင်ကြီးဆန်ဒါး(စ်)အား တောမြိုင်ရပ်တစ်ခွင် အဖြစ် အပျက်များအစဉ်မပြတ် အစီရင်ခံနေသော တိုင်းရင်းသားများရှိပေ သည်။ ၎င်းသူလျှိုများ၏ အကူအညီကြောင့် သူအုပ်ချုပ်သော နယ်မြေတစ်ခွင်ရှိ လူမျိုးစုပေါင်း (၂၃)စု၏ ပုဂ္ဂိုလ်ရေးရာကိစ္စများက အစ စီးပွားရေးအခြေအနေကအဆုံး အားလုံးသိရှိခွင့်ရသည်။ သတင်း အတိအကျစုံစမ်း၍ မရသော နယ်မြေတစ်ခုသာရှိသည်။

အိုင်ဂုရီတောနက်ထဲတွင် မုဆိုးလေးများဟု ခေါ်ဆိုကြ သော လူပုလူမျိုးစုများနေထိုင်ကြသည်။ ၎င်းတို့သည် လူကြောက် သော ကြမ်းတမ်းရက်စက်သည့်လူမျိုးများဖြစ်သည်။ ပြင်ပမှ စွက် ဖက်မှုများကို လုံးဝလက်ခံခြင်းမရှိချေ။ ပျမ်းမျှအားဖြင့် အရပ် ၃၈ လက်မသာရှိသေးသော လူများကြားသို့ သာမန်အရပ်အမောင်း ရှိသော သူလျှိုတစ်ဦးသွင်း၍ မရချေ။

ဆန်ဒါး(စ်)သည် ၎င်းတောစပ်တွင် ဗိုက်ပူပူကိုယ်သေး သေးလေးနှင့် လူပုခေါင်းဆောင်တစ်ဦးနှင့် တွေ့ဆုံးဆွေးနွေးခဲ့ သည်။ နှစ်စဉ်နှစ်တိုင်း ဘာရ်စ္စာန်အရေခွံများ၊ ကြက်ပေါင်စေးနှင့် ကိုပလ်ကော်များ အခွန်အဖြစ်ဆက်သပါမည်ဟု ကတိရရှိခဲ့သည်။ ထို့ကြောင့် နှစ်စဉ်နှစ်တိုင်း နွေဦးရာသီကာလတွင် ဝိလ်လီသဘော် သည် အိုင်ဂုရီတောစပ်မေးတင်ထားသော မြစ်ကျဉ်းတစ်ခုအဝ အတိုင်း ဆန်တက်လာလေ့ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



အိုင်ဂူရီတောဆိပ်ကမ်းသို့ ရောက်သောအခါတွင် တောစပ်တွင်းပြင်တစ်ခုတွင် ကြက်ပေါင်စေးနှင့်ကော်ထုပ်များတစ်ဘက်၊ တရိစ္ဆာန်အရေခွံခြောက်များတစ်ဘက် ပုံထားသည်ကို တွေ့ရလေ့ရှိသည်။ ပုံမှန်အားဖြင့် သင်္ဘောကိုလှမ်းတွေ့သည်နှင့် ခပ်ဝေးဝေးသို့ ပြေးသွားသောလူပုနှစ်ဦးလောက် ရှိတတ်သည်။ ယင်းအခွန်အကောက်များအား သင်္ဘောသို့ တင်ဆောင်သောအချိန်တွင် ခပ်လှမ်းလှမ်းမှသာ ကြည့်နေတတ်ကြသည်။

သို့သော် ပုံမှန်အတိုင်း သင်္ဘောရောက်ရှိလာသော်လည်း အရေခွံလည်းမတွေ့၊ ကော်ထုပ်လည်းမမြင်၊ ကြက်ပေါင်စေးလည်းမရှိ လူပုလေးနှစ်ဦးလည်း ကင်းနေသောကာလ ဆိုက်ရောက်လာခဲ့သည်။

❊ ❊ ❊ ❊ ❊ ❊

ရုံးခန်းထဲမှထွက်လာသော ဆန်ဒါး(စ်)၏မျက်နှာ ထူးထူးခြားခြားတည်နေသည်။ သူ၏လက်ထဲတွင် စီးကရက်စက္ကူပါးမျိုး စက္ကူစတစ်ခု ကိုင်ထားသည်။ စက္ကူပေါ်တွင် အာရဗီဘာသာဖြင့် ရေးသားထားသည်ကို တွေ့ရသည်။

''ခိုစာလား ဆရာ... အိပ်ရာထစောလှချည်လား''

ဟဲလ်မီတန်က နှုတ်ဆက်လိုက်သည်။

ဆန်ဒါး(စ်)သည် စားသောက်စားပွဲသို့ လျှောက်သွားပြီး ကော်ဖီတစ်ခွက်ငုံ့ထည့်လိုက်သည်။

''မနက်က တပ်ကြပ်ကြီးလာပို့သွားတာ.... ဒီနို့ရဲ့နောက်က စွန်ရဲတစ်ကောင် လိုက်လာတယ်.... ကံကောင်းလို့ ဒီရောက်လာတာ.... ဘုန်းစ်ရော''



ဆန်ဒါး(စ်)၏စကားမဆုံးခင်မှာပင် စားသောက်ခန်းထဲသို့ ဘုန်းစ်ဝင်လာသည်။

''မင်္ဂလာပါ ဘုန်းစ်''

ဟဲလ်မီတန်က နှုတ်ဆက်လိုက်သည်။

''မင်္ဂလာပါ ဗိုလ်ကြီး''

ဘုန်းစ်က ခပ်တည်တည်အလေးပြုလိုက်သည်။ မနေ့ညက ဟဲလ်မီတန်နှင့်သူ ဖဲထိုင်ရိုက်ရာ နှစ်သို့လင်ခွဲလောက်ရှုံးသွားသောကြောင့် မကြည်မကြည်ဖြစ်နေသည်။

''ဘုန်းစ် ငါမင်းကို အိုင်ဂူရီတောဆီ ပို့ချင်တယ်... အဲဒီက လူပုလေးတွေရဲ့ အခွန်အကောက်တွေ သွားသိမ်းခဲ့''

ဆန်ဒါး(စ်)က မဆိုင်းမတွပြောလိုက်သည်။

''မင်းဝီလ်လီသင်္ဘောယူသွား... ကုန်းပေါ်တော့ မတက်နဲ့...တကယ်လို့ လူပုတွေက ပုံမှန်ဆက်ဆံရင် သူတို့ခေါင်းဆောင်နဲ့ တွေ့စေချင်တယ်.... အထူးသဖြင့် ကဘီလူဆိုတဲ့လူနဲ့ အဆက်အသွယ်လုပ်စေချင်တယ်.... တတ်နိုင်သမျှ ပြဿနာရှောင်။ ပြဿနာဖြစ်စရာအကြောင်း အများကြီးရှိနေတယ်.... အထူးသဖြင့် အဲဒီနယ်မြေမှာရှိနေသမျှကာလပတ်လုံး မင်းရဲ့စက်သေနတ်တွေ မပြတ်အသင့်လုပ်ထား''

ဆန်ဒါး(စ်)က ဆက်ပြောလိုက်သည်။

❊ ❊ ❊ ❊ ❊ ❊

www.burmeseclassic.com

www.burmeseclassic.com



ကာဘီလူသည် အိုင်ဂူရီတောနက်ထဲရှိ ဝက်သစ်ချပင်ကြီး တစ်ပင်၏ဂွဆုံ အကိုင်းပေါ်တွင် တည်ရှိသော အသိုက်ထဲတွင် မွေးဖွားခဲ့သည်။ ၎င်းတို့သည် ပစ်ဂမီလူပုမျိုးတွင် အယုတ်နိမ့်ဆုံး လူပုမျိုးဖြစ်သောကြောင့် တောထဲတွင် တစ်သီးတစ်ခြားနေထိုင်ရသည်။ ၎င်းတို့နေထိုင်သော အသိုက်၏အခင်းမှာ ဝက်သစ်ချပင်ကြီး၏အကိုင်းသာဖြစ်ပြီး အကာမှာမူ မြက်ခြောက်များဖြင့် ယက်ထားသော နံရံများသာဖြစ်သည်။ ၎င်းမြက်ခြောက်နှင့် ဝက်သစ်ချပင်တို့၏ အကိုင်းအရွက်များ ဆက်စပ်ကာရံထားသောကြောင့် သစ်ပင်အထက်မှ အသိုက်အိမ်သည် မိုးလုံလေလုံ လေဒဏ် မိုးဒဏ်ခံသာသည်။

ကာဘီလူသည် ဤအသိုက်အိမ်ထက်တွင် ကြီးပြင်းခဲ့ရသည်။ အစားအသောက် စားသောက်ခဲ့ရသည်။ အရိုက်အနှက်ခံခဲ့ရသည်။ အဆိပ်ဖြစ်စေနိုင်သော သတ္တဝါများနှင့် အဆိပ်ဖော်စပ်နိုင်သော သစ်ဥ၊ သစ်မြစ်၊ သစ်ကိုင်းတို့ကို တွေ့ရှိသိမြင်မှတ်သား ပညာယူခဲ့ရသည်။ အရွယ်ရောက်လာသောအခါတွင် သူသည် သူ၏ဖခင်နှင့်အတူ အမဲလိုက်ထွက်ခဲ့သည်။

အိုင်ဂူရီတောထဲတွင် အတင့်ရဲစွာ စခန်းဖွင့်သာသနာပြုနေခဲ့သော ခရစ်ယာန်သာသနာပြုတစ်ယောက် ရှိခဲ့သည်။ သူသည် ပစ်ဂမီလူပုကလေးများကို ကမ္ဘာပေါ်တွင် ပထမဦးဆုံးဖြစ်ထွန်းလာသော လူသားများဟု ယုံကြည်ပြီး ချစ်မြတ်နိုးမိသည်။ ၎င်းလူ



လေးများ ခိုးစားရန်အတွက် သက်သက်ငှက်ပျောပင်များ စိုက်ပျိုးထားခဲ့သည်။ ငှက်ပျောသီးများကို ခိုးစားရန်မလို၊ တောင်းစား၍ နိုင်သည်ဟုသိလာသည့်တိုင်အောင် လူပုလေးများက ခိုးမြဲခိုးနေသည်။ ပိုင်ရှင်ကို ရှာဖွေပြောဆိုနေရမည့်အလုပ်ထက် အလွယ်တကူ ဆွတ်ယူစားပစ်လိုက်ခြင်းက ပို၍လွယ်ကူသည်။

တစ်နေ့တွင်မူ ထိုသာသနာပြုဘုန်းတော်ကြီးမက်သွေးသည် ငှက်ပျောသီးခိုး၍ ထွက်ပြေးသော ကာဘီလူကို အမိအရ ဖမ်းခဲ့သည်။ သူသည် ကာဘီလူ၏ မိဘများ သတိပေးလေ့ ရှိသကဲ့သို့ ကာဘီလူကို သတ်လည်းမသတ်၊ မျက်လုံးလည်း ဖောက်မထုတ်၊ အသည်းလည်းကိုက်မစား။ ထို့နောက် တွန့်လိန် ကန်နေသော ကာဘီလူလေးအား သူ၏ခြံထဲသို့ခေါ်ဆောင်သွား၍ ဆိတ်နို့တစ်ခွက်တိုက်သည်။ သယ်နိုင်သမျှ ငှက်ပျောသီးပေး လွှတ်လိုက်သည်။

နောက်နောင်တွင် ကာဘီလူ မဝံ့မရဲရောက်လာသောအခါ တွင် အစားအသောက်များ ကျွေးမွေးပြီး နတ်ဆိုး၏ အမှတ်သင်္ကေတများဖြစ်သော အေဘီ၊ ဗီဟူသော ပုံများကိုပြသည်။

အသက်ဆယ်နှစ်အရွယ်ရောက်သောအခါတွင် ကာဘီလူသည် တောရိုင်းမြေ၏ ဘာသာစကားဖြစ်သော ဘိုမန်ဂိုဘာသာ စကားကို ဖတ်ရှုနိုင်လာသည်။

ထိုကာလနောက် မကြာခင်မှာပင် ဘုန်းတော်ကြီးမက်သွေးသည် အပူပိုင်းရောဂါတစ်ခုသင့်ပြီး ကွယ်လွန်သွားသည်။ ဘုန်းတော်ကြီး မက်သွေးသေဆုံးသောညတွင်ပင် ကာဘီလူသည် ဘုန်းတော်ကြီး၏အိမ်သို့ ဝင်ရောက်ပြီး တွေ့ရှိသမျှစာအုပ်စာတမ်းများ ခိုးဝှက်ခဲ့သည်။ ၎င်းစာအုပ်များအား သူ၏တဲသို့ သယ်

www.burmeseclassic.com

www.burmeseclassic.com



ဆောင်လာခဲ့သည်။

သူ့ဖခင်အသက် (၃၆)နှစ်အရွယ်တွင် သေဆုံးသွား
အခါ သူသည် သူ့ဖခင်၏မြွားများနှင့် သူ့ရတနာစာပေတိုက်
ကို သယ်ဆောင်၍ အနီးဆုံးရွာသို့ ပြောင်းရွှေ့လာခဲ့သည်။ ထို
သူကြီးက သူ့ထံမှ မြွားများကိုယူ၍ အတုံ့အပြန်အဖြစ် တဲ
လုံးနှင့်နေထိုင်ခွင့်ပေးလိုက်သည်။

ရွာသူကြီးသည် ထိုလူသစ်က သူ့ထက်အသိပညာ
သည်ဟု သဘောပေါက်သောအခါတွင် သူ၏ဇနီးသည်နှင့်
နွေးတိုင်ပင်ပြီး ထိုညှိသည်၏တဲသို့ အလည်အပတ်ရောက်
သည်။

''မင်းကို ငါမြင်တယ်''

ရွာသူကြီးက ကာဘီလူကိုနှုတ်ဆက်ပြီး ထိုင်ချလိုက်
လာရင်းကိစ္စကို ချက်ချင်းပြောလိုက်သည်။

''ငါ့မှာ သမီးတစ်ယောက်ရှိတယ်... သူဟာ တော်
တော်တဲ့မိန်းမပဲ... သစ်ပင်ပင်စည်ကနေ ထူးဆန်းတဲ့အသံ
ထွက်အောင် ခေါက်နိုင်တယ်... နဂွန်ဘီလူးမျိုး မဂလီ
အဲဒီပညာသင်ပေးသွားတယ်... မဂလီကီတော့ သေသွား
မြစ်ရေကြီးပြီး တောထဲမှာ ငါးဖမ်းလို့ရတဲ့နှစ်မှာ ဖျားနာပြီးသေ
တယ်... မင်းငါ့ကို မြွားဆယ်ချောင်းနဲ့ လက်ခုပ်နှစ်ဘက်အပြ
ဆားထည့်ပေးရင် မင်းကိုဒီမိန်းကလေးနဲ့ ပေးစားမယ်''

''ကျုပ်မှာ မြွားလည်းမရှိဘူး... ဆားလည်းမရှိ
ဒါပေမယ့် ကျုပ်ကကလေးလိုချင်တော့ ဒီမိန်းမကိုယူပါမယ်
ကာဘီလူက တုန့်ပြန်လိုက်သည်။ ထိုမထင်ဟန်ဖြင့်
သည်။



ကာဘီလူသည် အသက်(၁၆)နှစ်အရွယ်ရှိနေခဲ့သည်။ အိမ်
ထောင်ပြုသော အရွယ်ပင်ဖြစ်သည်။ မိန်းမပို့၏ဖခင် အနည်းငယ်
င်တင်တင်ပြုလုပ်ပြီးနောက်တွင် သဘောတူလိုက်သည်။ မင်္ဂလာ
ည်ခံပွဲကြီးအတွက် အကုန်အကျခံလိုက်သည်။

ထိုကာလမှစတင်၍ အာဆာမိုသည် ကာဘီလူနှင့်အတူ
တွေနေထိုင်သည်။ သူ့ကို အလုပ်အကျွေးပြုသည်။ ထိုနောက်
၏လျှို့ဝှက်ဆန်းကြယ်မှုကို တအံ့တသြလက်ခံလိုက်မိသည်။
ဘီလူသည် တစ်နေကုန်တစ်နေခန်း တွေးပြီးရင်းတွေးနေလေ့
သည်။ သူ၏အတွေးထဲတွင် အကြံတစ်ခုရေးရေးပေါ်နေခဲ့သည်။
ည်ပြည့်ဝဝ နားလည်သဘောပေါက်၍ မရသေးအောင် ဝေဝါး
ခဲ့သေးသည်။

သူသည် အနားသားတွန့်ကြေနေသော စာအုပ်များကို
ဖန်ဖန်အခါခါ လှန်လှောလေ့လာနေခဲ့သည်။ ထိုသို့လေ့လာနေ
ည်ကိုလည်း ရွာသူရွာသားတိုင်း တွေ့မြင်မိသည်။ ထို့ကြောင့်
ဘီလူသည် အိုယူဒါတစ္ဆေကြီးပင်ဖြစ်ကြောင်း... တောတစ်ရပ်
ောင်တစ်ခွင်လုံး သတင်းပြန့်သွားခဲ့သည်။ အိုယူဒါသည် ပစ်
မီလူပုလေးတို့ယုံကြည်သော ကံကြမ္မာတစ္ဆေကြီးပင်ဖြစ်သည်။
းတို့သည် ထိုတစ္ဆေကြီးတစ်ပါးတည်းကို ယုံကြည်ကိုးကွယ်
ကြသည်။

ကာဘီလူ၏ဂုဏ်သတင်း ကြီးမားသည်ထက်ကြီးမားလာ
ည်။ ထို့အပြင် သူ့ခေါင်းထဲတွင် ဝိုးတိုးဝါးတားဖြစ်နေခဲ့သော
ကြံအစည်သည် ရုပ်လုံးပီပြင်လာသည်။

တစ်နေ့တွင်သူသည် ပစ်ဂမီလူပုရွာသားအားလုံးကို စုဝေး
ခိုင်းလိုက်သည်။ ပစ်ဂမီလူမျိုးများသည် ခေါင်းဆောင်ဟူ၍ သီးသီး

www.burmeseclassic.com

www.burmeseclassic.com



ခြားခြားမရှိကြသောကြောင့် ကဘီလူ၏ လူစုဝေးရန်ခေါ်သေ
အမိန့်ကို စောဒကမတက် လိုက်လျောစုဝေးခဲ့ကြသည်။

"ကဲ... ငါပြောတာ အားလုံးနားထောင်... ငါတို့က
ကိုယ်သေးငယ်လို့ ဒီလောကရဲ့အရှင်သခင်တွေဖြစ်ကြောင်း ငါ
ပညာအစွမ်းနဲ့ သိလာခဲ့ပြီ... ငါ့လို ဘယ်သူသစ်ပင်တက်နိုင်လဲ
ဘယ်လူမျိုးက သစ်ကိုင်းတစ်ကိုင်းကနေဟစ်ကိုင်း လွှဲသွား
သလဲ... ငါတို့ကို မကြောက်တဲ့လူရှိလား... ငါတို့ကို တစ်လော
လုံး ဖိန့်ဖိန့်တုန်အောင် ကြောက်ကြတယ်... ကျန်တဲ့လူတွေ
ငါတို့ရဲ့ ကျွန်တွေပဲ"

လူပုလေးများသည် ၎င်းတို့အထင်ကြီးလေးစားသေ
ပုဂ္ဂိုလ်၏မိန့်ချက်များကို တွေးတွေးဆဆနားထောင်လိုက်သ

"ဒီတော့ မြင်ပကာလူမျိုးစုတိုင်းမှာ ခေါင်းဆောင်ရှိတယ်
အဲဒီခေါင်းဆောင်တွေရဲ့အထက်မှာ ဆန်ဒါး(စ်)နဲ့ သူ့သား
ယောက်ရှိတယ်... အဲဒီခေါင်းဆောင်တွေ သေဆုံးသွားရင်
ဒါး(စ်)သေဆုံးသွားရင် ဘယ်သူ ဒီလောကရဲ့သခင်ဖြစ်မလဲ
သူတို့ကိုသတ်ခဲ့တဲ့လူတွေပဲ သခင်ဖြစ်လာရမှာမဟုတ်လား...
ဆောင်အသစ်တွေ ပေါ်ထွက်လာပြီး ဆန်ဒါး(စ်)အသစ် သူ့
တွေနဲ့ထပ်ရောက်လာရင် သူတို့လဲသေရမယ် နောက်ဆုံး
ဥပဒေတွေချမှတ်နေတဲ့ လူဖြူတွေကို ငါတို့ဆီစေလွှတ်နေနဲ့ အ
တန်ခိုးရှင်ကြီးတွေဟာ စိတ်ကုန်ခမ်းသွားလိမ့်မယ်...သူတို့ ငါတို့
လူဖြူတွေပို့မှာ မဟုတ်တော့ဘူး... အဲဒီအခါကျရင် ဒီလောက
ဟာ ပါးနပ်လှတဲ့ တို့လူလေးတွေလက်ထဲမှာ ကျန်ခဲ့မယ်"

အတော်ကောင်းသည့် အကြံအစည်ဖြစ်ပုံရသည်။
ရိုင်းသားသုံးထောင်၏ ရင်တွင်း၌ အမျိုးသားစိတ်ဓါတ် ရှင်



လာသည်။

"လပြည့်၊ လကွယ်ကာလတစ်ခုပြီးရင် တို့ရှာဖွေရရှိတဲ့
မျောက်ရေခွံတွေ၊ ကြက်ပေါင်စည်းနဲ့ ကိုပလ်ကော်တွေကို ဆန်
ဒါး(စ်)လာပြီး ယူမယ်... သူမရရင် ငွေမျက်လုံးနဲ့သား ဒါမှမဟုတ်
စစ်သားတွေကို အသံပြိုပြိုနဲ့ဟောက်တတ်တဲ့လှု လာလိမ့်မယ်...
ဒါပေမဲ့ သူတို့ကို ချွယားကောင်တွေရဲ့အရေပဲ ပေးလိုက်မယ်
လို့ပါ... ငါ ကဘီလူ လူသားတွေရဲ့ တစ္ဆေဆရာကြီးက သတ်မှတ်
တယ်"

လူပုလေးများသည် ကဘီလူ၏စကားကို ထိုအချိန်အထိ
တိတ်တဆိတ်နားထောင်နေခဲ့သည်။ ယခု သူ့စကားဆုံးသောအခါ
တွင် မဟူရာတောနက်ထဲမှ အရေးအရာရောက်သော လူတစ်ဦး
က စကားကိုစလိုက်သည်။

"အပြောအားဖြင့်တော့ ကောင်းပါတယ်... ဘီလူ...
ဒါပေမယ့် ဆန်ဒါး(စ်)လာရင်... ဟ... ဟ... အသံမြည်တဲ့သေနတ်
တွေ ပါလာတယ်... အဲဒါဆိုရင် တို့အားလုံးကိစ္စပြတ်သွားမယ်"

ထိုသူစကားဆုံးသွားသည်နှင့် ရှေ့သို့ငိုက်စိုက်ကျသွား
သည်။ ဤလူထံမှ ထိုကဲ့သို့သော ကန့်ကွက်ချက်မျှော်လင့်ထား
ခဲ့သော ကဘီလူသည် သူ့လူတစ်ယောက်ကို သစ်ပင်အထက်
တွင် နေရာချထားခဲ့သည်။ သူအချက်ပြလိုက်သည်နှင့် သူ့နောက်မှ
လေးဆွဲသံပေါ်လာပြီး ထိုသူ့ရင်ဘတ်တည့်တည့်ကို မြှားစိုက်
သွားသည်။ နောက်ထပ်အတိုက်အခံ မပေါ်လာတော့ချေ။

ကဘီလူသည် သူ့တဲသို့ ပြန်ရောက်သောအခါတွင် သူ့
ဇနီးအား အကျိုးအကြောင်းပြောပြလိုက်သည်။

"အို... ကဘီလူ... ရှင်ဟာ တစ္ဆေနတ်ကြီး သခင်ကြီး

www.burmeseclassic.com

www.burmeseclassic.com



တစ်ပါးသဲ... ရှင်ဒီလောကကြီးရဲ့ ဘုရင်ဖြစ်လာရင် ကျွန်မကြေးဝါ ခြေကျင်းလှလှကြီးတွေဝတ်ပြီး သားရေခွံအိပ်ရာထက်မှာ အိပ်မယ်''

သူမသည် ချစ်သူသုံးဦးဟောကိန်းမပြည့်ခဲ့သေးသည့် အကြောင်းထည့်မပြောခဲ့ချေ။ အချိန်တန်ရောက်လာမည်ဟု သူမ ယုံကြည်မိသည်။ သူမသည် သူမအဖြစ်ကို ဝမ်းသာအားရလှသော ကြောင့် တစ်လောကလုံးသိစေရန် လိုကာလီတုံးမောင်းကို အားရ ပါးရခေါက် သတင်းဖြန့်လိုက်သည်။ ညသန်းခေါင်ကျော်အထိ အပြောမပြီးနိုင်သောကြောင့် တစ်ရွာလုံးနီးနီး အိပ်ရေးပျက်ရသည်။

အီဂျစ်ခေတ်ကာလကတည်းကပင် ခေါင်းဆောင်ကင်းမဲ့ နေခဲ့သော လူပုမျိုးနွယ်များ တစ်စည်းတစ်ရုံးတည်း ဖြစ်လာကြ သည်။ ကာဘီလူသည် တသီးတခြားစီနေထိုင်ကြသော လူပုမိသားစု များကို ရွာများ ဖွဲ့စည်းပေးလိုက်သည်။

အကြီးဆုံးရွာကြီး၏ အလယ်ခေါင်တွင်မူ သူ့အတွက် မြက်တဲကြီးတစ်တဲ တည်ဆောက်လိုက်သည်။ ဤတဲနန်းတွင် သူ၏အတိုင်ပင်ခံပုဂ္ဂိုလ်များနှင့် တွေ့ဆုံဆွေးနွေးသည်။ ရွာအသီးသီး မှ ရွေးချယ်ထားသော အတိုင်ပင်ခံပုဂ္ဂိုလ်များသည် အချင်းချင်း ပေါင်းသင်းဆက်ဆံမှုပင် မပြုဘူးသောသူများဖြစ်သောကြောင့် အတော်ပင် ကသောင်းကနင်းကျခဲ့သည်။ မည်သို့ပင်ဆိုစေ လုပ် ရင်းကိုင်ရင်း ပေါင်းရင်းသင်းရင်း နားလည်လာရင်းဖြင့် တဖြည်း ဖြည်းအစည်းကပ်လာကြသည်။ သို့ဖြင့် အင်္ဂလန်နိုင်ငံတွင် စံမြန်း သော ကေရာဇ်ဘုရင်မြတ်ကြီးအတွက် အခွန်အကောက်များ ယူဆောင်ရန် ဘုန်းစ်ရောက်ရှိလာသည့်အချိန်တိုင်လာသည်။

ဘုန်းစ်သည် ရှိသင့်သောအခွန်အတုတ်များ မရှိသော ကြောင့် ထိုနေရာတွင် ရက်သတ္တပတ်တစ်ပတ်နီးနီး တရစ်ဝဲဝဲ



လုပ်နေခဲ့သည်။ ထို့နောက်တွင် အခြေအနေကို စုံစမ်းထောက် လှမ်းရန်အတွက် တိုင်းရင်းသားတစ်ဦးကို တောထဲသို့စေလွှတ်လိုက် သည်။ ထိုအထောက်တော်မှာ အိုင်ဆီဆီလူမျိုးဖြစ်ပြီး လူပုလေး များကိုသိရှိပြီး လူပုလေးတို့၏ ဘာသာစကားကို ပြောကြားသည်။

သုံးရက်မျှကုန်လွန်သွားသည်။ စတုတ္ထနေ့သို့အကူးတွင်မူ ဟောဆာစစ်သည်တစ်ဦးက ဘုန်းစ်ကိုလာနှိုးသည်။

''သခင် ဒီသဘောနားက ကုန်းပေါ်မှာ ထူးထူးဆန်းဆန်း အသံတွေကြားနေရတယ်''

ထိုသူက ပြောလိုက်သည်။

ဘုန်းစ်သည် သူ၏ဘွတ်ဖိနပ်များကို ကောက်စွပ်လိုက်ပြီး ကုန်းပတ်ပေါ်တက်၍ နားစွင့်လိုက်သည်။ လေမတိုက် ကြယ် တာရာများတောက်ပနေသော ညပင်ဖြစ်သည်။ သို့သော် သင်္ဘော ကိုယ်ထည်ကို တဘတ်ဘတ်ရိုက်ခတ်နေသော လှိုင်းသံမှလွဲ၍ တခြားအသံမကြားရချေ။ ညငှက်၏အော်မြည်သံလည်း ကင်းမဲ့နေ သည်။ နက်မှောင်သော ကောင်းကင်ပြင်တွင် ဥက္ကာပျံတစ်စင်း လွင့်သွားသည်ကို တွေ့လိုက်သည်။

''ဘယ်လိုအသံတွေလဲ ငါ့လူ''

ဘုန်းစ်က တီးတိုးမေးလိုက်သည်။

''လူတွေလမ်းလျှောက်နေတဲ့အသံ မြေကြီးပေါ်တစ်ခုခု ပစ်ချတဲ့အသံပဲ.... သခင်''

ထိုရဲဘော်က ပြန်ဖြေလိုက်သည်။

ဘုန်းစ်သည် ခေါင်းငုံ့ပြီး နားစွင့်လိုက်ပြန်သည်။ ပလုတ် ကျင်းသံမျိုးကို ကြားလိုက်ရသည်။ ပါးစပ်တဖြဲဖြဲဖြင့် ဖြတ်သန်း ကူးခတ်သွားသော မိကျောင်းတစ်ကောင်၏အသံပင်။ ထို့ထက်

www.burmeseclassic.com

www.burmeseclassic.com



မပိုချေ။

မနက်ငါးနာရီထိုးခါနီးဖြစ်သည်။ ၎င်းတို့သင်္ဘောကြီးအား သစ်ပင်နှစ်ပင်တွင်ချည်နှောင်ထားသည်။ သင်္ဘောနှင့်ကမ်းမှာ ၁၂ပေမျှကွာနေသည်။

ဘုန်းစ်သည် သူ၏အခန်းထဲသို့ ပြန်ဝင်သွားပြီး အပေါ်ဝတ်ကုတ်အင်္ကျီတစ်ထည် စွပ်လိုက်သည်။ လက်နှိပ်ဓါတ်မီးကို လှမ်းယူပြီး ခေါင်းအုံးအောက်မှ ပစ္စတိုကိုဆွဲထုတ်လိုက်သည်။

သင်္ဘောဦးသည် ကမ်းနှင့်ပိုနီးနေသည်။ ဘုန်းစ်သည် သင်္ဘောဦးသို့ တိတ်တဆိတ်လျှောက်သွားသည်။ သင်္ဘောကြီးကို ဓါတ်မီးဖြင့်ထိုးလိုက်သည်။ သင်္ဘောကြီးကို မျောက်တစ်ကောင်ကဲ့သို့ ခိုရှိလာနေသောသဏ္ဍာန်တစ်ခုကို ပထမဦးဆုံးမြင်လိုက်ရသည်။ သူ၏နောက်ဘက်ကမ်းပေါ်တွင်မူ လူပုလေးများ ကမ်းလုံးကျွတ်မတတ်ပြွတ်သိပ်နေသည်ကို တွေ့ရသည်။

သူသည် ဖျတ်ခနဲဓါတ်မီးကို ပိတ်လိုက်ပြီး သင်္ဘောနံရံဘေးတွင် ဝပ်ချလိုက်သည်။ လက်မတင်လေးပင်။

''ဖေါက်.... ဖေါက်.... ဖေါက်''

မိုးသီးကြွေသံနှင့်ဆင်ဆင် အသံလွှမ်းသွားသည်။ ဘုန်းစ်သည် ပထမအသုတ် အဆိပ်မြှားများ တန်းသွားသည်အထိ စောင့်လိုက်သည်။ ထို့နောက် သူ၏ဘရောင်နင် ပစ္စတိုအား သင်္ဘောနံရံထက်ကျော်ချိန်လိုက်ပြီး လူပုလေးများထဲသို့ ဆယ်ချက်ဆက်တိုက်ပစ်လိုက်သည်။

''အကာအကွယ်ယူ''

သူသည် အိပ်ချင်မူးတူးနှင့်ပြေးထွက်လာသော ဟောဆရဲဘော်များ၏အသံကို ကြားသည်နှင့် အော်ဟစ်သတိပေးလိုက်



သည်။

သို့သော် မြှားတစ်စင်းမျှကျမလာချေ။ ဒုတိယအသုတ်ကျလာရန် မမျှော်လင့်မိချေ။ ဤအချိန်လောက်တွင် လူပုလေးများသည် သစ်ရိုပ်သစ်ပင်များအကွယ်သို့ ဝရုန်းသုန်းကားပြေးနေမည်။ ၎င်းပဲ့သို့သည် မည်သည့်အခါမှ သေနတ်များကို ရင်ဆိုင်တိုက်ခိုက်ခြင်းမရှိချေ။

ရုတ်တရက်မိုးသောက်သွားသည်။ အရှေ့ကောင်းကင်ပြင်တွင် အလင်းသဲ့သဲ့ပြုလာသည်။ ငှက်ပေါင်းတစ်သန်း အသံပြုလိုက်သကဲ့သို့ တောမြိုင်တစ်ခွင်လုံး ပဲ့တင်ညံသွားသည်။ မျောက်များ၏ အော်မြည်သံများပါ ကြားလာရသည်။ သစ်ပင်ထိပ်များများသို့ နေအလင်းရောင်ထွန်းလာသည်။

''ဘုရားသခင်''

ဘုန်းစ်အာမေဋိတ်ပြုလိုက်မိသည်။

မြစ်ကမ်းပါးနှင့် ၁၂ကိုက်လောက်အကွာတွင် တိုင်တစ်တိုင်စိုက်ထားသည်။ ထိုတိုင်ထက်တွင်မူ သူတောထဲသို့ စေလွှတ်လိုက်သော တိုင်းရင်းသားအထောက်တော်ကို ချည်နှောင်ထားသည်။ တိုင်းရင်းသားအထောက်တော်ပင်ဟု ဘုန်းစ် ထင်မိခြင်းသာရှိသည်။ သူ့ကိုမှတ်မိရန် အတော်ခဲယဉ်းနေသည်။

ဘုန်းစ်သည် စိတ်ချောက်ချားဖွယ်ကောင်းသောသဏ္ဍာန်ကို အတန်ကြာငေးကြည့်နေပြီးမှ ကမ်းကပ်ရန် ပဲ့ကိုင်ကိုအမိန့်ပေးလိုက်သည်။ သင်္ဘောဦးနှင့် သင်္ဘောပဲ့တွင်ဆင်ထားသောစက်သေနတ်များဖြင့် သစ်ပင်များနောက်ကွယ်တွင် ပုန်းခိုနေကြသော လူပုလေးများကို လှမ်းချိန်ထားလိုက်သည်။

''တပ်ဖွဲ့တစ်ဖွဲ့ကို ကမ်းပေါ်ခေါ်သွားအကြာက်.... အဲဒီလူ

www.burmeseclassic.com

www.burmeseclassic.com



ကို မြှုပ်လိုက်''

ဘုန်းစ်သည် ၎င်းတို့သွက်သွက်လက်လက်ဆောင်ရွက်နေခိုက် သင်္ဘောဦးပိုင်းရှိ စက်သေနတ်နောက်တွင် နေရာယူလိုက်သည်။ သူ့လူများနှင့်တောစပ်ကြားကို အကြည့်လွှမ်းပျံ့သွားနေခဲ့သည်။ ရဲဘော်များသည် အလောင်းကို မြှုပ်နှံပြီးသောအခါတွင် ချောင်းရေဖြင့် ကိုယ်လက်သန့်စင်လိုက်ကြသည်။

''ကဲ... သင်္ဘောကြိုးတွေကို ဖြုတ်လိုက်''

ဘုန်းစ်က အမိန့်ပေးလိုက်သည်။

၎င်းတို့အတွက် အန္တရာယ်မကုန်သေးချေ။ ၎င်းမြစ်လက်တက်လေးသည် တောအုပ်ကြားမှ နှစ်မိုင်လောက်ဖြတ်သန်းပြီးမှ မြစ်မကြီးကို ပေါက်ရောက်သည်။ ထိုနှစ်မိုင်ခရီးတစ်လျှောက်တွင် ကမ်းတစ်ဘက်နှင့်တစ်ဘက် ကိုက်နှစ်ဆယ်လောက်ပင်မကွာချေ။ ဤနေရာတွင် ကမ်းစပ်ရေပြင်အထိ သစ်ပင်များပေါက်ရောက်သည်။ ချုံခိုတိုက်ခိုက်ရန်အကောင်းဆုံးနေရာပင်။ ထို့အပြင် သစ်ပင်တစ်ပင်ကို ခုတ်လိုက်လျှင်ပင် သင်္ဘောထွက်ပေါက် ပိတ်ဆို့သွားမည်။

ဘုန်းစ်သည် သင်္ဘောဦးကို ပြန်စုန်လှည့်လိုက်သည်။ သူကိုယ်တိုင် တက်ကိုင်လိုက်သည်။

''ရဲဘော်တွေအားလုံး အကာအကွယ်ယူကြ''

ဘုန်းစ်က အမိန့်ပေးလိုက်သည်။

သူ့အမိန့်အတိုင်း သူ့ရဲဘော်များဆောင်ရွက်ပြီးသောအခါတွင် ဆွဲသည် သင်္ဘောကို စက်ကုန်မြှင့်လိုက်သည်။

တက်မကိုင် ယိုကာဆာပင် သူ့နားတွင် ကျန်နေခဲ့သည်။

''သွားလေ... ကိုယ့်လူ''



ဘုန်းစ်က ခပ်မာမာပြောလိုက်သည်။

''သခင် ဒါသေကွင်းပဲ... အဲဒီလူပုလေးတွေက မြစ်ကျဉ်းမှာစောင့်... ''

ယိုကာ စကားစပြောလိုက်သည်။

ဘုန်းစ်က သူ့ကိုလှည့်ဟောက်လိုက်သည်။

''အကာအကွယ်သွားယူ... မဟုတ်ရင် ငါ့ကျာပွတ်နဲ့တွေ့သွားမယ်''

ယိုကာသည် ဘုန်းစ်အပါးမှ လေးဖင့်စွာထွက်သွားသည်။

တစ်နာရီမျှခုတ်မောင်းပြီးသောအခါတွင် မြစ်ကျဉ်းသို့ရောက်လာသည်။ မြစ်ကျဉ်းကို ပိတ်ဆို့ထားသည့် လက္ခဏာမတွေ့ရချေ။ သစ်တောများ အသက်မဲ့နေသည်။ သို့သော် သစ်ပင်ထိပ်ဖျားနားတွင် ငှက်များကယောင်ချောက်ချား ပျံသန်းနေသည်ကို တွေ့ရသည်။ တစ်စုံတစ်ရာကြောင့် အနှောင့်အယှက်ဖြစ်နေမှန်း နားလည်လိုက်သည်။

ဘုန်းစ်သည် တက်ဘီးကိုခတ်၍ အရှိန်လျှော့ချလိုက်သည်။ သူ၏အခန်းထဲသို့ ပြေးဝင်သွားပြီး သူ၏ဂွမ်းကပ်စောင်ကြီးကို ဆွဲထုတ်လာခဲ့သည်။ ထိုဂွမ်းကပ်ကြီးကို ခေါင်းပေါ် အသာချပြီးနောက် သင်္ဘောကိုစက်ရှိန်မြှင့်လိုက်ပြန်သည်။ မြစ်ကျဉ်းအတွင်းသို့ တစ်ရှိန်ထိုးမောင်းဝင်ခဲ့သည်။ မြစ်ကျဉ်းအတွင်းသို့ဝင်သွားသည်နှင့် နေ့လယ်ခေါင်မှောင်အတိကျသွားသည်။ မြစ်ပေါ်တွင် သစ်ခက်များနွယ်၍ ပေါင်းမိုးကဲ့သို့ဖြစ်နေသည်။

သူ၏ရှေ့ကိုက် ၂၀၀ လောက်တွင် သစ်ပင်ကြီးတစ်ပင်တဖြည်းဖြည်းကိုင်းကျလာနေသည်ကို တွေ့ရသည်။ တစ်စုံတစ်ဦးက ပင်စည်ကိုအသည်းအသန် ခုတ်နေသည်။ ထိုသစ်ပင်သာ

www.burmeseclassic.com

www.burmeseclassic.com



လဲကျလာလျှင် ၎င်းတို့ထွက်ပေါက် ပုံးဝစိတ်ဆိုသွားမည်။ ဘုန်းစ်သည် ဘီညို့ခံထားရသကဲ့သို့ စိတ်ဝင်စားစွာငေးကြည့်နေမိခဲ့သည်။ ထိုကျရောက်လာမည့်အန္တရာယ်ကိုပင် မေ့လျော့သွားခဲ့သည်။

တကွ်ဘီးကို မြှားတစ်စင်းထိမှန်သောအခါကျမှ သတိဝင်လာသည်။ နောက်တစ်စင်းက သူ၏ကိုယ်ပေါ်တွင် ခြုံလွှမ်းထားသော ဂွမ်းကပ်ကို ထိမှန်သွားသည်။ ဂွမ်းကပ်ပြုသွားသည်။

သစ်ပင်ကြီးမှာ အတော်ပင်တိမ်းစောင်းနေသည်။ သစ်ပင်ကြီး လုံးဝလဲကျခါနီး လက်မတင်လေးမှာပင် သဘောကို တစ်ရှိန်ထိုးဖြတ်မောင်းနိုင်ခဲ့သည်။ သဘော၏ပဲ့ပိုင်းကို သစ်ကိုင်းသစ်ခက်များ အဖျားခတ်သွားသည်။

"ဗျူး.... "

ဘုန်းစ်သည် သက်ပြင်းရှည်ကြီး မှုတ်ထုတ်လိုက်သည်။

ကမ်းတစ်ဘက်တစ်ချက်တွင် သစ်ပင်များပါးလာနေသည်။ သူသည် ပူလောင်လှသော ဂွမ်းကပ်ကြီးကို ခွာချလိုက်သည်။

"မုင်စာလေးတွေ"

သူ၏တစ်ကိုယ်လုံး ချွေးရွှဲနေသည်။ သူသည် တက်ဘီးကို စာအားဆုပ်ကိုင်ခဲ့သောကြောင့် သူ၏လက်တွင် အပူဖုများပင်ပေါက်နေသည်။

"အို.... ယိုကာ"

ဘုန်းစ်က လှမ်းခေါ်လိုက်သည်။

ယိုကာရောက်လာသောအခါတွင် အာရေဗီစကားဖြင့် ပြောလိုက်သည်။

"နက်မိမယ်လေးတွေ ရွှေခရားနဲ့သယ်ဆောင်တိုက်ကျွေးတဲ့ နတ်သုဒ္ဓါနဲ့ယှဉ်လောက်တဲ့ ပယင်းရောင်အရည်လေး ယူခဲ့စမ်းပါဦး.... သောက်ဖော်သောက်ဖက် ရဲဘက်ကြီးယိုကာ"

"သခင်.... ဝီစကီနဲ့ဆိုဒါကို ပြောတာလား"

ယိုကာက နားမလည်စွာမေးလိုက်သည်။

"နှစ်ပက်သာ ယူခဲ့"

ဘုန်းစ်က ခြောက်ကပ်နေသော နှုတ်ခမ်းများကို လျှာနှင့်လျှက်ရင်း ပြောလိုက်သည်။

သို့သော် သူ၏အောင်မြင်မှုအတွက် အပြည့်အဝပင် ဂုဏ်မယူလိုက်ရချေ။

မြစ်ကွေ့တစ်ခုကို ကွေ့ထွက်လိုက်ချိန်မှာပင် သစ်ပင်တစ်ပင်ရေထဲသို့ ဖြတ်ကျလာသည်ကို တွေ့လိုက်ရသည်။ ထိုစက္ကန့်ပိုင်းအတွင်းမှာပင် တောအုပ်တစ်ခုလုံး လူပုလေးများဖြင့်ပြည့်သွားသည်။ မြှားများ အပြုံလိုက်.... အပြုံလိုက်ကျလာသည်။

ဘုန်းစ်သည် သူ၏ သဘောကို ချက်ချင်းပင် နောက်ပြန်ဆုတ်လိုက်သည်။ သို့သော် နောက်ပြန်ရွှေ့ရန် တစ်ကမ္ဘာလောက်ကြာရှိသည်။ လူပုလေးများသည် သစ်ပင်များ၏အကွယ်မှထွက်၍ ကမ်းပါးအတိုင်း ဒုန်းစိုင်းပြေးလိုက်လာသည်။

ရှေ့နှင့်နောက်တွင် သေခြင်းတရားများ ရောက်လာသည်။ သို့တိုင်အောင် မြှားတစ်ပစ်ထက်ပိုလှမ်းနေခဲ့သည်။ သို့သော် အနေးနှင့်အမြန် မှီလာမည်ပင်။

ဘုန်းစ်သည် ယိုကာအား တက်ဘီးလွှဲပေးလိုက်သည်။ သူကိုယ်တိုင်ကမူ စက်သေနတ်နောက်တွင် ထိုင်လိုက်သည်။ စက္ကန့်ပိုင်းအတွင်းမှာပင် စက်သေနတ်သံ ဆူညံသွားသည်။ စက်သေနတ် စတင်ပစ်ခတ်လိုက်သည်နှင့်ပင် လူပုလေးများသည်



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးပြူးသကဲ့သို့ ပျောက်သွားကြသည်။ ဘုန်းစ်သည် သဘော်စက်ကိုရပ်လိုက်သည်။ သဘော်သည် ရန်သူများစုဝေးနေသော ကမ်းဘက်သို့ မျောသွားသည်။ သူသည် ရှေ့တွင်ကာဆီးနေသော သစ်ပင်ကိုကြည့်၍ ပိုစိတ်ဓါတ်ကျသွားသည်။ ဇာရီသဘော်ဖြင့် ထိုသစ်ပင်ကို တိုက်ထွက်နိုင်သော်လည်း သူ့သဘော်လေးနှင့် မဖြစ်ချေ။ သဘော်ဦးနှင့်သစ်ပင် ဆောင့်မိသည်နှင့် သဘော် တစ်စစီဖြစ်သွားမည်။

လူပုလေးများပစ်ခတ်လိုက်သော မြှားများသည် ရေထဲသို့ သာကျနေခဲ့သည်။ သဘော်ဦးကို မြှားတစ်စင်းကျလာသည်။ မကြာခင် ကုန်းပတ်ကိုရောက်လာမည်။

ဘုန်းစ်သည် သူ့အခန်းသို့ပြေးသွားသည်။ ပါးလွှာသော စက္ကူလေးတွင် သတင်းတိုရေးလိုက်သည်။ ယိုကာက နိုတစ် ကောင်ယူလာသည်။ ၎င်းစာကို နို၏ခြေထောက်တွင် သားရေပင် ဖြင့် ပတ်ပေးလိုက်သည်။

''အိမ်ပြန်တော့ ဖိုးကံကောင်းရေ... ငါလည်း မင်းနဲ့ လိုက်ချင်ပါ့ကွာ''

ဘုန်းစ်က နိုကိုလွှတ်ရင်း နှုတ်ဆက်လိုက်သည်။

သဘော်သည် တစ်ဘက်ကမ်းကို ရောက်သွားသည်။ ဘုန်းစ်သည် သူ၏အိတ်ထဲသို့ ကျည်ကပ်လေးခုထည့်လိုက်သည်။ ပစ္စတိုတစ်ဘက်အတွက် နှစ်ကပ်စီ... ထိုအချိန်မှာပင် ရှေ့ဆုံး လူပုလေး ကုန်းပတ်ပေါ်ခုန်ဆင်းလာသည်။

''အဲဒီလူတွေအားလုံး ငါ့ဆီအရှင်လတ်လတ်ခေါ်ခဲ့ အထူးသဖြင့် ဆန်ဒါး(စ်)ရဲ့သား အရောင်တောက်နေတဲ့မျက်လုံး လူငယ်ကိုအရှင်ဖမ်းခဲ့''



ကာဘီလူက သူ့လူများကို အမိန့်ပေးခဲ့သည်။

လူပုလေးများ၏ ပွဲသိမ်းတိုက်ခိုက်မှုတွင် အံ့ဩစရာ ကောင်းလောက်အောင် ဘုန်းစ်ငါးစ်သည်တစ်ဦးသာ ကျခဲ့သည်။ မကြာခင်မှာပင် ဘုန်းစ်တို့အုပ်စုသည် လူပုလေးများ ဖမ်းဆီးခေါ် ဆောင်ရာနောက်သို့ ပါသွားကြသည်။ ထိုညတွင် တရွှေဆရာကြီး ရှေ့မှောက်သို့ရောက်သည်။

''မင်းကို ငါမြင်တယ်... ဆန်ဒါး(စ်)ရဲ့သား...ဒက်...ဒက်... ဒက်... လို့မြည်တဲ့ မင်းတို့ရဲ့သေနတ်၊ မင်းတို့ရဲ့စစ်သားတွေကို ငါတို့နိုင်ခဲ့ပြီ၊ မဟုတ်လား... တို့သာ အကြီးမြတ်ဆုံး လူမျိုးမှန်း မင်းတို့သဘောပေါက်ပြီလား... ''

ကာဘီလူက မေးလိုက်သည်။

ကာဘီလူသည် အလွန်တရာ အရုပ်ဆိုးသည်။ သို့တိုင် အောင် သူ၏ဘေးတွင် ရှင်မြူးစွာ ခုန်ပေါက်ကနေသော သူ၏ ...နီးသည် ဆာဗိုလောက် အကျည်းမတန်ချေ။ သူမနှင့်ထိုက်တန် သော အရေခွံမွေ့ရာကို ရတော့မည်။ သူမချစ်သူဖြစ်လာမည်ဟု ...ဆရသော ပထမဦးဆုံးလူ၏ကြာအကြည့်ကို မြင်ပြီးခဲ့ပြီ... ဟော ...ိန်းအတိုင်း သူမဘာဝပြည့်စုံတော့မည်။

''အို...အရူး...အစိုးရကို ဆန့်ကျင်တဲ့လူတွေ ဘယ်ရောက် ...နေသလဲ... အသားတစ်မျှင်တစ်စမကျန် အရိုးခြောက်သက်သက် ...ကျန်တဲ့အထိ လည်ပင်းကြိုးတွဲလောင်းနဲ့ သေရကိန်းဆိုက်တယ် ...ဟုတ်လား... ဒီကိစ္စကို ဆန်းဒါး(စ်)ကြားပြီး လိုက်လာလိမ့်မယ် ... အဲဒီအခါကျမှ မင်းဟာ မျောက်တွေရဲ့အရပ်တွေ နေထိုင်တဲ့ ...ာကကို သွားရမယ်''

''သူ့အသည်းကို စားပစ်ကြ... ဒီအရှည်ကောင်ကြီးကို

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မဆီအပ်ပါ... သူ့ကို လူလေးသုံးယောက်ဖြစ်အောင် လုပ်ပစ်လိုက်မယ်''

ဆာမိုသည် သရဲမရှိစီးသည့်ပုံစံ ခုန်ပေါက်အော်ဟစ်လိုက်သည်။

သူမ၏လင်က သူမကို ဘေးတွန်းဖယ်လိုက်သည်။

''ဆန်ဒါး(စ်) ဘယ်တော့မှမသိဘူး''

ကာဘီလူက ပြောလိုက်သည်။ ထိုအချိန်မှာပင် အထိတ်တလန့်အော်ဟစ်သံတစ်ချက်ကြားလိုက်သည်။ သူတို့ပတ်လည်တွင် ဝိုင်းရံနေခဲ့သော လူအုပ်ကြီးသည် တဖြည်းဖြည်းအရည်ပျော် သကဲ့သို့ ညအမှောင်တွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်။

နောက်ဆုံးတွင် အကျဉ်းသားများနှင့်အတူ ကာဘီလူနှင့် သူ့ဇနီးသာကျန်ခဲ့သည်။ သို့တိုင်အောင် ဘာမှမမြင်ခဲ့ရချေ။

တောထဲမှ ပြတ်သန်းလာခဲ့သော ဟောဆော၏ရဲဘော်များသည် ၎င်းတို့ဘက်နက်များမှ အရောင်မပြန်စေရန် ဘက်နက်များကို အနက်ရောင်သုတ်လာသည်။ ဆန်ဒါး(စ်)ကလည်း အနက်ရောင်ကုတ်အင်္ကျီကြီးတစ်ထည် ဝတ်ဆင်ထားပြီး ဦးထုပ်မဆောင်းချေ။ ဘုန်းစ်ပင် သူတို့ကိုမမြင်ချေ။ မီးပုံအလင်းရောင်ထဲ ရောက်လာမှတွေ့သည်။

''အို... ကာဘီလူ''

ဆန်ဒါး(စ်)က နှုတ်ဆက်လိုက်သည်။ လူပုလေးက မျက်နှာရှုံ့မဲ့လိုက်သည်။

''ပထမ မင်းတစ်ဘတ်စ်ကို သတ်မယ် ...နောက်ပြီး ဟိုအကြီးအကဲ... ဒီအကြီးအကဲကို သတ်မယ်.... နောက်ဆုံးမှာ ငါ့ကိုသတ်မယ်... မင်းညီသေမသေ မင်းဘယ်လိုသဘောရလဲ''



ဆန်ဒါး(စ်)က အေးစက်သောအပြုံးဖြင့် မေးလိုက်သည်။

ဆန်ဒါး(စ်)ကိုတွေ့ကတည်းက ဆွံ့အသလိုဖြစ်သွားသော ကာဘီလူထံမှ အသံထွက်လာသည်။

''သခင် ဒီလို့ဝှက်ချက်တွေကို ဘယ်လိုလုပ်သိသလဲ''

''မိန်းမဆိုတာ အာချောင်တတ်တဲ့အမျိုးပါ''

ဆန်ဒါး(စ်)က ပဟေဠိဆန်ဆန်ဆိုလိုက်သည်။ ထို့နောက် အာဆာမိုသည် သူမလင်ယောက်ျား၏ မဟာအကြံအစည် ကြီးမြတ်လှပုံကို ကမ္ဘာသိအောင် ဝမ်းသာအားရကြေညာရာတွင် အသုံးပြုခဲ့သော လိုကာလီတုံးမောင်းကို လိုက်လံရှာဖွေလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)
## ထိပ်ပြောင်ဆေး

အမြင့်တွင်လှသော်လည်း အလယ်တွင်အဆိပ်ရှိသော သတ္တဝါများဖြင့် ပြည့်လျှမ်းနေသော စိမ့်တောမြေကြီးဖြစ်သော အိပ်မက်လှတော၏တစ်ဘက်တွင် အိုင်ဆီဆီလူမျိုးတို့၏ အမဲစားကျက်ရှိသည်။ ထိုတစ်ဘက် နဂွန်ဘီလူမျိုးတို့၏ နယ်မြေရှိသည်။

ငင်းနဂွန်ဘီတောနက်ကြီးအတွင်း မုဆိုးတစ်ချို့နှင့် ရော်ဘာစေးစုဆောင်းသော သူအချို့သာ ရောက်ဖူးသောဒေသတွင်မူ တခြားလူမျိုးများနှင့် အဆက်အသွယ်ကင်းကင်း သီးသီးခြားခြား နေကြသော လူမျိုးစုလေးတစ်စုရှိသည်။ ၎င်းတို့အား အိုင်ဖုဘီ ထိပ်ပြောင်များဟု ခေါ်ကြသည်။ ၎င်းတို့သည် ရန်မက်ဖြစ်ပွားလေ့မရှိချေ။ ဆိတ်များ၊ မိန်းမများ ခိုးယူခြင်းမရှိချေ။ ဆားမစားသုံးကြချေ။ မည်သို့သော အပြစ်မျိုးမှ မကျူးလွန်ကြချေ။



ဆန်ဒါး(စ်)သည် ထုံးစံအတိုင်း တစ်နှစ်တစ်ခါရောက်လာတတ်သည်။ ၎င်းတို့ တစ်နှစ်တာကာလအတွင်း တွေ့ကြုံသော ဒုက္ခ၊ သုက္ခ ပြဿနာအရပ်ရပ်ကို ကြားနာစီရင်ဖြေရှင်းပေးလေ့ရှိသည်။ သို့သော် ကျန်တစ်လောကလုံး မည်မျှပြဿနာထူနေသည်ဖြစ်ပစေ လူထိပ်ပြောင်လူမျိုးစုတွင် ပြဿနာကင်းနေတတ်သည်။ တစ်ခါတစ်ရံတွင် အိုင်ဆီဆီလူမျိုးတစ်ယောက်ဖြစ်ပစေ၊ နဂွန်ဘီလူမျိုးတစ်ချို့ဖြစ်ပစေ ၎င်းတို့စားကျက်ကို ကျူးကျော်ဖြတ်သန်း၍ သို့မဟုတ် ၎င်းတို့မျောက်များကို သတ်ဖြတ်သွားသည့် ကိစ္စမျိုးလေးသာ ရှိတတ်သည်။ ပုဂ္ဂလိကပြဿနာများ ကြားရခဲသည်ဟု မရှိချေ။

တစ်ကြိမ်တွင်မူ ထိုလူမျိုးစုတွင်းမှ လူတစ်ဦး သူ့မိန်းမကို ရက်ရက်စက်စက် ရိုက်သတ်ပြီး လူမျိုးစုခေါင်းဆောင်ကို ဖီဆန်ခဲ့သည်ဟူသော ကောလဟာလသတင်း ကြားခဲ့ရသည်။ ဆန်ဒါး(စ်) ရောက်သွားသောအခါတွင် ၎င်းပြဿနာကို ကြားနာရန် မျှော်လင့်ခဲ့သည်။ သို့သော် မည်သူမျှ တစ်ခွန်းတစ်ဟမျှ ဖွင့်ဆိုအစီရင်ခံခြင်းမရှိခဲ့ချေ။

ဆန်ဒါး(စ်)က ထိုသူမည်သို့ဖြစ်သွားသနည်းဟု တည့်တည့်မေးပါမှ စုန်းပြူစား၍ သေဆုံးသွားပြီဟု အလေးအနက်ပြုမူကင်းသည့် အဖြေသာရခဲ့သည်။ သူ၏မြေပုံကို ညွှန်ပြခဲ့ကြသည်။ မြေပုံပတ်ပတ်လည်တွင် ထိုသူ၏ မြေအိုးမြေခွက်ကွဲများ ပြန့်ကြဲနေပြီး အဝတ်စများစုတ်ပြဲနေသည်ကိုသာ တွေ့ရသည်။ ထိုသူ၏ နေထိုင်ရာတဲကိုပါ ပြသကြသည်။ သို့သော်တဲမှာ အမိုးတစ်ဝက်ပြိုပြီး ဆင်ငိုမြက်များဖုံးလှမတတ် ဖြစ်နေပြီဖြစ်သည်။ ဆန်ဒါး(စ်) သည် လိမ္မာပါးနပ်စွာပင် ၎င်းကိစ္စကို ဆက်လက်ရှူး[illegible] မြေ

www.burmeseclassic.com



ခဲ့တော့ချေ။ စုန်းပြုစားလိုက်သည်ဟုဆိုသော စကားတွင် ဘီ
ဘီရှိခေါ် အသားဝါရောဂါသင့်သည်မှ လူမျိုးစုအကြီးအကဲ၏ ထဲ
ရှေ့တွင် ချိတ်ဆွဲထားသော ပါးကွက်အာလာသား၏ ခါးကောက်
တ မိသွားသည်အထိ သေလောက်စရာအကြောင်းရပ်ပေါင်း ရာနှ
ချီ၍ ပါဝင်နိုင်သည်။

ဤထိပ်ပြောင်များသည် သူများကို ဒုက္ခပေးလေ့မရှိ
၎င်းတို့ အိမ်နီးချင်းများကို အန္တရာယ်ပြုခြင်းမရှိချေ။ လုံကိုင်လ
အမဲလိုက်ရန်သာဖြစ်သည်။ အခွန်အကောက်များ မှန်မှန်ကန်က
ပေးသည်။ သန့်သန့်ရှင်းရှင်းနေထိုင်ပြီး ကြံစည်တီထွင်မှုရှိကြသည
၎င်းတို့သည် လျှို့ဝှက်ဆန်းကြယ်သော ဂါထာမန္တရားများ ရွတ်ဖ
သရဇ္ဈာယ်မှုဇော်ခြင်း ပြုလုပ်သော်လည်း အခြားတောတွင်းသာ
များကဲ့သို့ သွေးညှိနှံ့သင်းသော သတ်ဖြတ်စတေးမှုမျိုးမရှိချေ

၎င်းတို့သည် တစ်နည်းအားဖြင့် အလွန်ပင် အသုံးဝ
နေသော အစောင့်အကြပ်များဖြစ်နေသည်။ ၎င်းတို့သည် သစ်
ကြီးငယ်များ လုံးဝကင်းမဲ့နေပြီး စတုရန်းမိုင်ပေါင်း ၄၀လော
ကျယ်ဝန်းသော 'ဒယ်ပြားများ'ဟုခေါ်သော လွင်ပြင်ကြီး၏အစေ
အကြပ်များအဖြစ် 'အလိုလိုရောက်နေကြသည်။ ဒယ်ပြားမျာ
ခေါ်တွင်သော ထိုလွင်ပြင်ဒေသတွင် ရွှေကြောများရှိသည်
ဥရောပသားများက ယုံကြည်ကြသည်။ သို့တိုင်အောင် အစိုးရသ
ထိုနေရာကို စူးစမ်းမှုပြုရန် မကြိုးစားခဲ့ချေ။ ရွှေတွေ့ခဲ့လျှင် အ
ဆုံးရောက်လာမည့် ရွှေတူးဖော်ရေးများမှာ ပြဿနာကောင်မ
သာဖြစ်သည်။ ၎င်းတို့ကြောင့် ပေါ်လာမည့်ပြဿနာနှင့် ရမည
ပမာဏ မကာမိဟုယူဆသောကြောင့် တူးဖော်စမ်းသပ်မှု
မပြုခဲ့ခြင်းဖြစ်နိုင်သည်။ ထိုထိပ်ပြောင်လူမျိုးတို



အထူးခြားဆုံးအချက်တစ်ချက်က လူငယ်လူရွယ်များ၏ ဆံပင်တစ်မွေးဟာစ်မျှင်မျှမပေါက်ပဲ အရောင်တင်ထားသည့် မဟူရာ တုံးများကဲ့သို့ ပြောင်လှဲ့နေခြင်းပင်ဖြစ်သည်။

ထိုအေးချမ်းသောနယ်မြေထဲသို့ အော့ဝေါလ်ဟုနာမည်တွင်သော လူဖြူတစ်ယောက် ဝင်ရောက်လာသည်။ သူသည် ဒယ်ပြားလွင်ပြင်သို့ဝင်ရောက်ရန် တစ်ခုတည်းသောလမ်းကြောင်းတည်ရှိသည့် ထိပ်ပြောင်လူမျိုးတို့အရပ်သို့ ရောက်လာသည်။ ကမ္ဘာပေါ်တွင် လူဖြူသုံးယောက်သာရှိသည်ဟု ထင်မှတ်ကာ ထိပ်ပြောင်လူမျိုးများသည် အော့ဝေါလ်အား တအံ့တဩ တလေးတစား ကြိုဆိုခဲ့ကြသည်။

အော့ဝေါလ်သည် ၎င်းတို့အား ၎င်းတို့ဘာသာစကားဖြင့်ပင် ပြောဆိုနိုင်သူဖြစ်နေခဲ့သည်။ ၎င်းတို့သည် အော့ဝေါလ်အတွက် ညှို့ခံပွဲကြီးတစ်ခုကျင်းပပေးလိုက်ကြသည်။ စားသောက်ဖွယ်ရာအစုံအလင်နှင့် အကဖျော်ဖြေရေးများပါ ပါဝင်လိုက်သေးသည်။ ၎င်းတို့ ထိပ်ပြောင်ကြခြင်းအကြောင်းကို ပြောလိုက်၏။ ထိပ်ပြောင်မှု၏ လျှို့ဝှက်ချက်ကို ဖွင့်ဟလိုက်သည်။ သို့သော်–အော့ဝေါလ်သည် ၎င်းတို့ထိပ်ပြောင်ကြခြင်းအကြောင်းတရားနှင့် ထိပ်ပြောင်ကြသည့်နည်းကို စိတ်ဝင်စားမှုအလျဉ်းမရှိခဲ့ချေ။ ထိုမျှသာမကသေး... ထိပ်ပြောင်လူမျိုးစုခေါင်းဆောင်ကြီး ချာယူဝါက စိတ်မနှံ့သည့်ရောဂါကို ကုသနိုင်သည့် သစ်ဥ၊ သစ်မြစ်တစ်မျိုး တွေ့ရှိထားကြောင်း တိုးတိုးတိတ်တိတ်ပြောပြသောအခါတွင်လည်း အော့ဝေါလ် လုံးဝစိတ်ဝင်စားခြင်းမရှိခဲ့ချေ။

အော့ဝေါလ်သည် ဒယ်ပြားလွင်ပြင်အကြောင်းကိုသာ ပညာသားပါပါ စကားသယ်သွားသည်။ ဒယ်ပြားဒေသနှင့် မြေကြီး

www.burmeseclassic.com

www.burmeseclassic.com



ထဲကရေစစ်ထုတ်ယူနိုင်သော အဝါရောင်အမှုန်များအကြောင်းသာ စိတ်ဝင်စားနေခဲ့သည်။ သို့သော် ထိုအကြောင်းစကားစလိုက်သည်နှင့် ခေါင်းဆောင်အိုကြီးချာယူဂါက ခေါင်းကိုတွင်တွင်ခါရမ်းလိုက်သည်။

"သခင်.... ဒီအကြောင်းတွေကို ကျုပ်တို့ပြောလေ့ပြောထမရှိပါဘူး.... ကျုပ်တို့ရဲ့ဖခင်ကြီး ဆန်ဒါး(စ်)ရဲ့ တားမြစ်ပိတ်ပင်မှုအကြောင်း မပြောကြပါဘူး.... အဲဒီအရပ်ဒေသမှာ တူးဖော်မှုလည်း မပြုပါဘူး.... တူးဖော်မှုမပြုဖို့လည်း ပိတ်ပင်ထားပါတယ်.... ဖူးစိမ်းတွေရောက်လာပြီး အဲဒီမှာတူးဆွတဲ့အခါ ကျုပ်တို့လုံတွေနဲ့ လိုက်လံတိုက်ခိုက်ပါတယ်.... သူတို့ထွက်ပြေးကြလေ့ ရှိပါတယ်"

အော့ဝေါလ်သည် ထိုအရပ်ကို အလွန်စိတ်ဝင်စားသော်လည်း ထပ်မံမေးမြန်းစုံစမ်းခြင်း မပြုတော့ချေ။ သုံးလလောက်နေထိုင်လိုက်လျှင် ချာယူဂါနှင့်အကျွမ်းတဝင်ဖြစ်ပြီး သူ့လိုလားချက်တောင်းဆို၍ ရမည်ဟုတွေးဆလိုက်သည်။ ကြာသော်လည်း အကြောင်းမဟုတ် သူ့တွင် အချိန်ကုန်ခံနိုင်သည်။

သို့သော် သူ့အတွက် တွက်ကိန်းမကိုက်ဖြစ်သွားသည်။ နောက်တစ်နေ့မနက် ရွာလယ်လမ်းတွင် အညောင်းပြေအညာပြေလျှောက်နေစဉ်တွင် တောထဲမှထွက်လာသော အခြားလူဖြူတစ်ယောက်နှင့် ပက်ပင်းတိုးမိသည်။ ထိုလူဖြူနောက်မှာမူ ခေါင်းပေါ်နီပေါင်းထားသော ဟော့ဆာ၏ တိုင်းရင်းသားစစ်သား ၆ ဦးပါလာသည်။ အော့ဝေါလ် သတိမေ့လဲကျသွားခြင်း မရှိချေ။ သူ့မျက်နှာရှုံ့မဲ့လိုက်မိသည်။ ထိုမျက်နှာရှုံ့မဲ့မှုမှာ အပြုံးနှင့် မှားလောက်သည်။ ညစ်ပတ်နေသော သူ၏ဦးထုပ်ကို လက်နှင့်ထိ၍ ဂါရဝပြုလိုက်သည်။



"မင်္ဂလာနံနက်ခင်းပါ....အရေးပိုင်ကြီး.... ကျွန်တော့်နာမည် အော့ဝေါလ်ပါ.... ကျွန်တော်"

"မင်းနာမည် အိုဖန်ဝီစ်ချီ.... လွန်ခဲ့တဲ့သုံးနှစ်လောက်က မင်းကို ဒီနယ်မြေကနှင်ထုတ်ခဲ့တယ်....အဲဒီတုန်းက မင်းမုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးတွေထားတယ်.... ခုတစ်ခါလည်း မင်းကို ကန်ထုတ်ရလိမ့်မယ်ထင်တယ်.... ဒါပေမဲ့ ဒီတစ်ခါတော့ ကန်ချက်ပိုပြင်းထန်မယ်"

ဆန်ဒါး(စ်)က အေးစက်သောအပြုံးနှင့် ပြောလိုက်သည်။

အော့ဝေါလ်သည် ကိုယ်လုံးကျစ်လစ်သော အရေးပိုင်ထက် ခေါင်းတစ်လုံးပိုမြင့်သည်။ ခန္ဓာကိုယ် ထွားကျိုင်းသည်။ အကြမ်းပတမ်းခံ လက်ဖဝါးသမားနှင့်ပင်တူသည်။ သို့သော် ဆန်ဒါး(စ်)၏ခြိမ်းခြောက်မှုကို အသာတကြည်ငြိမ်ခံနေလိုက်သည်။ နောက်တော်ပါးက အင်အားခြောက်ဦးကြောင့် သက်သက်မဟုတ်ချေ။

"မင်းဟာ ကန့်သတ်နယ်မြေထဲကို ခွင့်မရှိပဲဝင်ရောက်နေတယ်.... အဲဒါတင်မကသေးဘူးထင်တယ်.... မင်းအထုပ်အပိုးတွေကို ငါကြည့်ချင်တယ်"

ဆန်ဒါး(စ်)က ပြောလိုက်သည်။

အော့ဝေါလ်၏လက်ဆွဲသေတ္တာကို ခေါင်းဆောင်ကြီး၏တဲမှ ယူဆောင်လာသည်။ ထိပ်ပြောင်များက စိတ်ဝင်တစား ဝိုင်းကြည့်နေခဲ့ကြသည်။ ဆန်ဒါး(စ်)သည် လက်ဆွဲသေတ္တာကိုဖွင့်၍ အထုပ်ထဲမှရှိသမျှကို သွန်ထုတ်လိုက်သည်။ ဝီစကီတစ်ပုလင်း တွေ့ရသည်။ ဆန်ဒါး(စ်)သည် ဝီစကီပုလင်းကိုဖွင့်၍ အနံ့ခံလိုက်ပြီး မြေကြီးပေါ်သွန်ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကန့်သတ်နယ်မြေထဲမှာ အရက်သယ်ဆောင်နေတယ်... မင်းကို အလုပ်ကြမ်းနဲ့ထောင်ဒဏ် ၆-လချမယ်"

ဆန်ဒါး(စ်)က ခပ်ပြတ်ပြတ်ပြောလိုက်သည်။

"နေပါဦး ဆန်ဒါး(စ်)။ ခင်ဗျား အသားလွှတ်ရမ်းနေတယ်ထင်တယ်"

"မင်း သံကြိုးနဲ့လိုက်ချင်လဲရမယ်... အေးအေးဆေးဆေး လိုက်ချင်လဲရမယ်... မင်း သဘောပဲ"

ဆန်ဒါး(စ်)က ဖြတ်ပြောလိုက်သည်။

အော့ဝေါလ်သည် မြစ်ဆိပ်သို့ အမေစာင့်အရောက်နှင့် ဆင်းသွားသည်။ ထိုမှသည် ဌာနချုပ်ရောက်သည်။ ထောင်ချခံလိုက်ရသည်။

ဆန်ဒါး(စ်)သည် အော့ဝေါလ်ကို ခေါ်သွားရသည့် အကြောင်းရင်းကို ထိပ်ပြောင်လူမျိုးတို့ကို မပြောခဲ့ချေ။ ပြောမည် မဟုတ်ကြောင်းလည်း အော့ဝေါလ်သဘောပေါက်ပြီးသားဖြစ်သည်။ ဥရောပသားတွေရဲ့ သိက္ခာကို တတ်နိုင်သမျှစောင့်စည်းပေးရန် တာဝန်ရှိနေသည်။

အော့ဝေါလ်သည် ထောင်ဒဏ် ၆-လကျခံရပြီးနောက် အင်္ဂလန်နိုင်ငံသို့ ပြန်ပို့ခံလိုက်ရသည်။ သို့သော်လည်း ဆန်ဒါး(စ်) အပေါ် သူမည်သို့မျှ အညိုးအမုန်မထားမိချေ။ ဥပဒေကိုချိုးဖောက်နေကြသော ရာဇဝတ်ကောင်များသည် ဥပဒေကို မလေးစားသည့်တိုင် အာဏာကိုတော့ လေးစားမှုရှိသည်။ သူ့အလုပ်သူလုပ်ခြင်းဖြစ်ကြောင်း သဘောပေါက်သည်။

အော့ဝေါလ်သည် ငွေလုံးလောက်စွာဖြင့် လန်ဒန်သို့ရောက်လာသည်။ နာမည်ကြီး ဂျာမိန်းလမ်းတွင် အိမ်ခန်းတစ်ခန်းငှား



သည်။ အထက်တန်းပုံနှိပ်တွင် ဖောင်းကြွလိပ်စာကဒ်ပြားများ ရိုက်နှိပ်လိုက်သည်။ ထောင်ကျနေသည့်ကာလတွင် အကြံအစည် ကို ထပ်ခါတလဲလဲပြုပြင်မွမ်းမံခဲ့သည်။ ထောင်မှထွက်လာသော အခါတွင် အစီအစဉ်မှာ ဟာကွက်မရှိတော့အောင် ကောင်းနေပြီး တစ်ခုတည်းသော အားနည်းချက်ကိုပြုပြင်ရန် မခဲယဉ်းချေ။ သူငွေ ရှင်တစ်ဦးကို ခေါ်လိုက်သည်။

သူသည် မစ္စတာဝီလ်ဘာယ်ရီအား ညကလပ်တစ်ခုတွင် တွေ့ဆုံခဲ့သည်။ မစ္စတာဝီလ်ဘာယ်ရီသည် အတော်အသင့် အောင် မြင်နေသော ကုန်ထုတ်လုပ်ငန်းရှင်ဖြစ်သည်။ သူ၏အထင်ရှားဆုံး လက်ရာကား ရက်ဖီးလ်မြို့ကို သဲသဲမဲမဲမုန်းတီးခြင်းပင် ဖြစ်သည်။ ရက်ဖီးလ်မြို့ကို ဤမျှသဲသဲမဲမဲမုန်းတီးသည်ဆိုလျှင် ရက်ဖီးလ်မြို့ကို ခြေမချရန်အတွက် မိုင်တစ်ရာမျှကွေ့ပတ် ခရီးသွားရန် ဝန်မလေး ချေ။ သူ့စက်ရုံမှာ ရက်ဖီးလ်မြို့တွင်ပင် တည်နေရာ စက်ရုံမန်နေဂျာထံ ဖုန်းဆက်သောအခါတွင် ရက်ဖီးလ်ဟူသော စကားလုံးကို ရေးရမည်ဆို၍ သူ့အတွင်းရေးမှူးကိုပင် လိပ်စာရေးခိုင်းသည်။ ရက်ဖီးလ်မြို့ကို ထိုမျှမုန်းတီးသည်။

ဝီလ်ဘာယ်ရီသည် ကုန်ထုတ်လုပ်ငန်းရှင်တစ်ဦး သာမက ဓါတုဗေဒပညာရှင်တစ်ဦးလည်းဖြစ်သည်။ ဓါတုဗေဒနှင့်ပါတ်သက် သော ခေါင်းကြီးကြီးတစ်ခုယူထားပြီး သံမဏိလုပ်ငန်းကြီးတစ်ခုလုံးကို တော်လှန်ပြောင်းလဲလိုက်မည့် သံမဏိအသစ်တစ်မျိုး ထုတ်လုပ် နိုင်ရန်အတွက် အမြဲမပြတ်စမ်းသပ်မှုများ ပြုလုပ်နေသူဖြစ်သည်။ အမှန်ပြောရလျှင် သူသည် သိပ္ပံပညာရှင်ထက် စီးပွားရေးလုပ်ငန်း သမားပိုပီသသည်။ သူသည် ပေါင်တစ်သိန်းမျှအကုန်အကျခံကာ အလွန် ထူးခြားသည်ဟုဆိုသော သံမဏိတစ်မျိုးထုတ်လုပ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



၎င်းသံမဏိထုတ်လုပ်ရန် ရှက်ဖီးလ်မြို့ကို ကမ်းလှမ်းခဲ့သည်။ ၎င်းထုတ်လုပ်ခွင့်အတွက် သူ့အား တစ်နှစ်လျှင် ပေါင်သုံးသန်းလောက် ပေးရန်ဖြစ်သည်။ ပထမတွင် သူ၏သံမဏိကို ရှက်ဖီးလ်မြို့မှ ထုတ်လုပ်သူများ စိတ်ဝင်စားခဲ့သည်။ ထို့နောက် ဒွိဟပွားလာသည်။ စစ်တမ်းစစ်ဆေးကြည့်သောအခါတွင် အကျိုးအမြတ် မကောင်းခဲ့ချေ။ နောက်ဆုံးတွင် ဝီလ်ဘယ်ရီ၏သံမဏိလုပ်ငန်းကို ရှက်ဖီးလ်မြို့မှ သံမဏိလုပ်ငန်းရှင်အားလုံး တညီတညွတ်တည်း ပယ်လိုက်ကြသည်။

မစ္စတာဝီလ်ဘယ်ရီသည် ရှက်ဖီးလ်မြို့ကို လုံးဝစိတ်နာသွားခဲ့သည်။ သူသည် မိမိ၏အိပ်မက်ကို ရက်ရက်စက်စက် ပျက်ချေခံရသည်ကို တွေ့ကြုံသည့် ကလေးသူငယ်တစ်ဦး၏ မုန်းတီးမှုမျိုးဖြင့် ရှက်ဖီးလ်မြို့ကို မုန်းတီးမိသည်။ ထိုမြို့အနီးတွင် တည်ရှိသော သူ၏အိမ်ကြီးကို ရောင်းချလိုက်သည်။ ထိုမြို့တွင်ရှိနေသော သူ့လုပ်ငန်းကိုပါ ပိတ်ပစ်လိုက်ချင်စိတ်ပေါက်မိသည်။ သို့သော် ထိုသို့မပြုသင့်ကြောင်း စီးပွားရေးအသိက ဟန့်တားလိုက်သည်။ သူသည် ဆူရီမြို့တွင် အခြေကျပြီး ကြီးမားသော ဓါတ်ခွဲခန်းကြီးတစ်ခုတည်ဆောက်သည်။ ထိုဓါတ်ခွဲခန်းတွင် အလုပ်လုပ်ကိုင်လိုသော သိပ္ပံပညာရှင်သည် အခြားအရည်အချင်းညံ့လျှင်ညံ့ပစေ .... ဝီလ်ဘယ်ရီသံမဏိနှင့်ပါတ်သက်၍ ဝီလ်ဘယ်ရီ့အမြင်ရှိရန်သာလိုသည်။

အော့ဝေါလ်သည် ၎င်းပုဂ္ဂိုလ်အား အသုံးချရန်ဆုံးဖြတ်လိုက်သည်။ သူသည် သံမဏိအကြောင်း နားကန်းတစ်လုံးမျှပင်နားမလည်ချေ။ သို့သော်လည်း သူထောင်ကျနေစဉ်ကာလက ထောင်စာကြည့်တိုက်မှ စွယ်စုံကျမ်းအတွဲ ၁၄ ကို ဖတ်ရှုမိခဲ့သည်။



ထိုကျမ်းတွဲတွင်ပါဝင်သော သံသတ္တုအကြောင်းဖတ်ရှုပြီးသောအခါတွင် ၎င်းအာဖရိကတိုက်တွင် သံသတ္တုတူးဖော်၍ရနိုင်ကြောင်း မစ္စတာဝီလ်ဘယ်ရီကို မက်လုံးပေး၍ မရမှန်းသဘောပေါက်မိသည်။ သဲကို မီးသွေးနားတွင် ရှာဖွေတွေ့ရှိမှာဖြစ်ပြီး သယ်ယူပို့ဆောင်ရေးလွယ်ကူရန်လည်း လိုအပ်သည်။

အော့ဝေါလ်သည် ဂျာမိန်းလမ်းရှိအခန်းတွင် နေထိုင်ရင်း သူ့အစီအစဉ်ကို ချဲ့ထွင်မွမ်းမံလိုက်သည်။

''လူတိုင်းလူတိုင်း ရွှေကိုစိတ်ဝင်စားကြတယ်.... ရွှေဆို ခင်ဗျားလည်း စိတ်ဝင်စားမယ်.... မစ္စတာဝီလ်ဘယ်ရီ... လမ်းပေါ်က ချာတိတ်လေးလည်း စိတ်ဝင်စားတယ်''

အော့ဝေါလ်သည် ဒယ်ပြားဒေသအဖြစ်အပျက်များကို ဇာတ်ကြောင်းပြန်လိုက်သည်။ သူ့ပရိသတ်အတော်စိတ်ဝင်စားသွားသည်။

မစ္စတာဝီလ်ဘယ်ရီသည် မျက်နှာနီနီ၊ အသားအရည်စိုထိုင်းထိုင်းနှင့် လူတစ်ယောက်ဖြစ်သည်။ ဆေးပြင်းလိပ်ကြီးများခဲတတ်ပြီး အဖြူရောင်ဝတ်စုံများ ဝတ်ဆင်သည့်ကများသည်။ ထို့အပြင် စိန်လက်စွပ်ကြီးတစ်ကွင်း ဝတ်ဆင်တတ်သည်။ မျက်လုံးသေးပြီး နှုတ်ခမ်းမွေးပါးပါးရှိသည်။ သူသည် အလွန်ချမ်းသာကြွယ်ဝသည်။ ထို့ပြင် သံသယစိတ်ကြီးသည်။ မစ္စတာအော့ဝေါလ်က အဝါရောင်အမှုန်လေးများပါသော အိတ်လေးတစ်လုံးထုတ်ပြမှသာ ယုံချင်ချင်ဖြစ်သွားသည်။

''ကျုပ်မြေကြီးတစ်ပုံးစာလောက် စကာစစ်လိုက်တာ ဒါတွေရခဲ့တယ်''

အော့ဝေါလ်က ခပ်ကြွားကြွားပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အကျဉ်းထောင်တွင် ဤမျှတင်းတင်းကြပ်ကြပ် စစ်ဆေးသည့်ကြားမှ အော့ဝေါလ်တစ်ယောက် မည်သို့မည်ပုံ ဤရွှေမှန်များကို ထိန်းသိမ်းသွင်းထုတ်ခဲ့သည်ကို မစ္စတာဝီလ်ဘယ်ရီ မမေးမြန်းမိခဲ့ချေ။ မေးမိလျှင်လည်း အလိမ်ခံရမှာသေချာသည်။ အော့ဝေါလ်သည် ထိုရွှေကို အိမ်ပြန်ခရီးအတွင်း ဒက်ကာမြို့မှ လူတစ်ယောက်ထံမှ ဝယ်ယူခဲ့ခြင်းသာဖြစ်သည်။

''အဲဒီကိစ္စတွေအတွက်ဆို ပေါင်တစ်ထောင်နှစ်ထောင်လောက် မြှုပ်နှံလို့ရပါတယ်.... ရုက်ဖီးလ်မြို့က သောက်ရူးတွေကြောင့် ကျုပ် အတော်စီးပွားပျက်သွားတယ်.... အဲဒီခွေးမသားတွေကို လက်တုံ့ပြန်ဖို့ အခွင့်အရေးရလို့ကတော့....အဲဒီ အခွင့်အရေးရဖို့ဆို ငွေငါးသိန်းကုန်ပစေ ကျုပ်မနှမျောဘူး''

မစ္စတာဝီလ်ဘယ်ရီက ဒေါသတကြီးပြောလိုက်သည်။

သူ့စကားရှေ့နောက်မညီသည့်တိုင်အောင် ထိုအချက်ကြောင့် အော့ဝေါလ် စိတ်အနှောင့်အယှက်မဖြစ်မိချေ။ စီးပွားပျက်နေသည်ဟုပြောပြီး သူ့အကျိုးတွင် ငွေသန်းချီသိန်းချီအကုန်ခံသည့်ကိစ္စကို သူအရေးမထား။ သူ့ဆန္ဒအကောင်အထည်ဖော်ရေးအတွက် လိုအပ်သော ငွေကြေးရလျှင် သူ့အတွက်တော်ပြီ။

အော့ဝေါလ်၏အစီအစဉ်မှာ ရိုးရိုးရှင်းရှင်းသာဖြစ်သည်။

''အဲဒီမှာ အရာရှိပေါက်စလေးတစ်ယောက်ရှိတယ်.... ဖြီးလုံးဖြန်းလုံးကောင်းရင် ကျတဲ့ကောင်မျိုး ... ဖွန်လကျရင် ဆန်ဒါး(စ်)ဟာ အိုချိုရီနယ်မြေဘက်ကို တက်သွားတယ်.... မြောက်ပိုင်းခေါင်းဆောင်တွေနဲ့ တွေ့ဆုံဖို့၊ နှစ်စဉ်နှစ်တိုင်းသွားလေ့ရှိတယ်.... အဲဒီလိုသွားတဲ့အခါ ဗိုလ်ကြီးဟဲလ်မီတန်ကိုပါ ခေါ်သွားတယ်. ဒီတစ်ခါတော့ ကျုပ်အစီအစဉ်ချထားတဲ့အတွက် ပိရိရင် သုံးလလောက်

www.burmeseclassic.com



ထင်ရာလုပ်ခွင့်ရှိတယ်.... ချာတိတ်ကိုပိုင်ဖို့ကသာ အဓိကကျတယ်... ဆန်ဒါး(စ်) ပြန်မရောက်ခင်မှာ အဲဒီနယ်မြေမှာ တရားဝင်တူးဖော်ရှာဖွေခွင့်ရအောင် စီစဉ်နိုင်တယ်''

''ခင်ဗျားကို တစ်ဘတ်စ်သိလား''

''မြူလား။ မဲလားတောင် မသိဘူး.. ဆန်ဒါး(စ်) ကျုပ်ကိုခေါ်လာတုန်းက သူခရီးထွက်နေတယ်... ကျုပ်အဲဒီမှာ ကုန်ရောင်းကုန်ဝယ်လုပ်တုန်းက သူရောက်တောင်မရောက်သေးဘူး. ကျုပ်တာဝန်သာ ထားပါ''

❊ ❊ ❊ ❊ ❊ ❊

ဘုန်းစ်သည် တော်ရုံတန်ရုံနှင့် အံ့သြတတ်သူမဟုတ်ချေ။ သူ၏အနုပညာပါရမီကို သူ့အထက်အရာရှိများ မမြင်မသိတတ်သည့်အချက်မှလွဲ၍ ကျန်မည်သည့်အရာကိုမျှ အံ့သြလေ့မရှိချေ။ သို့သော် မစ္စတာဝေါလ်တာအာဂန်ဆိုသော ပုဂ္ဂိုလ်ထံမှ ရောက်လာသောစာကိုဖတ်ရှုပြီး အံ့သြလွန်းမက အံ့သြမိသောကြောင့် တစ်နာရီကုန်၍ပင် အံ့သြမှုမပြေခဲ့ချေ။ မည်သို့ပင်ဆိုစေ လက်မနှေးစွာ စာပြန်ဖြစ်လိုက်သည်။

*လူကြီးမင်းခင်ဗျား–*

*လူကြီးမင်းတို့ထံမှ စာကို လက်ခံရရှိ၍ အလွန်တရာ ဂုဏ်ယူဝမ်းသာပါတယ်.... ထို့အပြင် ကျွန်တော့်ကို ရွေးဟောင်းသုတေသနလုပ်ငန်း ကျွမ်း*

www.burmeseclassic.com

www.burmeseclassic.com



*ကျင်သူအဖြစ် သတ်မှတ်ခြင်းကြောင့် အထူးတလည် ကျေးဇူးတင်ပါတယ်.... ရွှေခေတ်ရောမလက်ရာ အဆောက်အဦများရှိမရှိ ကျွန်တော်လိုက်လံလေ့လာ ကြည့်ရှုပါမည်။ ကျွန်တော့်ကို အာဖရိကအလယ်ပိုင်း ရှေးဟောင်းသုတေသနအဖွဲ့ရဲ့ အဖွဲ့ဝင်အဖြစ် ရွေး ကောက်တင်မြှောက်ခဲ့သည့်အတွက် အထူးတလည် ကျေးဇူးတင်ပါသည်။ သုတေသနလုပ်ငန်း တိုးတက် ရေးအတွက် စွမ်းစွမ်းတမံဆောင်ရွက်ပါမည်ဖြစ် ကြောင်း ကတိပြုပါသည်။ နေကောင်းပါစေလို့ ဆု တောင်းလျက်....*

သင့်

ဒု-ဗိုလ်တစ်ဘတ်စ်

တစ်ဘတ်သည် ''ရောမကျောက်ဖြစ်ရုပ်ကြွင်းပစ္စည်းများ နှင့် အခြားရှေးဟောင်းပစ္စည်းများ၏ ဖော်ပြစ်''ဟူသော ရှေးဟောင်း သုတေသနစာတမ်းကြီးတစ်စောင်ကို မျက်နှာကျက်ကို မော့ကြည့် ရင်းနှင့် နံကြားကို လက်ထောက်ရင်းနှင့် ဖောင်တိန်ဖင်ကိုကိုက် ရင်း ရေးသားပေးပို့လိုက်သည်။

ထိုမဟာဆောင်းပါးကြီးသည် ပေးပို့သူခေါက်ပို့လိုက်သည့် အတိုင်းပင် ခေါက်လျက်သားပင်။ မစ္စတာဘာဂန်အမည်ခံ အော့ ဝေါလ်၏စားပွဲအံဆွဲထဲသို့ ရောက်သွားသည်။ ထိုနောက် အော့ ဝေါလ်သည် တစ်ယောက်တည်းသော ပုဂ္ဂိုလ်ဘုန်းစ်အတွက် ရိုက် နှိပ်ထားသော အဖွဲ့အစည်းနှင့်ပူးပေါင်းရန် အဖွဲ့အစည်းနဖူးစည်း စာတမ်းပါ စာရွက်ပေါ်တွင် အောက်ပါအတိုင်း လက်နှိပ်စက်ရိုက် ပေးလိုက်သည်။



*အာဖရိကအလယ်ပိုင်း ရှေးဟောင်းသုတေသနသိပ္ပံ*

*၉၄၃၊ ဂျာမိန်းလမ်း။*

*ဥက္ကဋ္ဌ ---------- မြို့စားကြီး*

*အတွင်းရေးမှူး ဝေါလ်တာအက်စ်ဘာဂန်*

လူကြီးမင်းထံမှ ပေးပို့သောဆောင်းပါးသည် ကျွန်တော် တို့မသိရှိသေးသော အချက်အလက်များကို ဉာဏ်ဖွင့်ပေးလိုက်ပါသည်။ ၎င်းဆောင်းပါးအား အဖွဲ့ အစည်းမှ ထုတ်ဝေမည့်မဂ္ဂဇင်းတွင် မျက်နှာဖုံးဆောင်းပါး အဖြစ် ဖော်ပြပါမည်။

၎င်းဒေသသို့ သုတေသနအဖွဲ့တစ်ဖွဲ့ကို စေ လွှတ်ရန် ရည်ရွယ်ပါသည်။ ၎င်းအဖွဲ့က လူကြီးမင်းထံမှ အထောက်အကူများဖြင့် ထိုဒေသတစ်ခွင်တွင် လေ့လာ သုတေသနပြုနိုင်ရန် မျှော်လင့်ပါသည်။

❋ ❋ ❋ ❋ ❋ ❋

အာဖရိကအလယ်ပိုင်း ရှေးဟောင်းသုတေသနအဖွဲ့မှ ကိုယ်စားလှယ်တစ်ဦးသည် ဇွန်လ၏ ပူအိုက်သောနေ့တစ်နေ့တွင် သင်္ဘောပေါ်မှဆင်းသက်ပြီး ကမ်းစပ်အတိုင်းတက်လာခဲ့သည်။ အကြောင်းကြောင်းကြောင့် ဆန်ဒါး(စ်)ခရီးမထွက်ဖြစ်သည့်ကိစ္စ မရှိပါစေနှင့်ဟု နှုတ်ဖျားမှတတွတ်တွတ် ရွတ်လာခဲ့သည်။

မစ္စတာအော့ဝေါလ်သည် အဖြူရောင်ဘောင်းဘီတို၊

www.burmeseclassic.com

www.burmeseclassic.com



အပြာရောင်အင်္ကျီလက်တိုနှင့် အဖြူရောင်ခမောက်တစ်လုံးဆောင်းထားသည်။ လေးလံသောမျက်မှန်ဝိုင်းကြီးတစ်လက် တပ်ဆင်ထားပြီး ဂျိုင်းကြားထဲတွင်မူ ထူထဲသောစာအုပ်ကြီးတစ်အုပ်ညှပ်ထားသည်။ သိပ္ပံပညာရှင်တစ်ဦး သုတေသနပညာရှင်တစ်ဦးဟု ယူဆသောပုံသွင်ဖမ်းလာခြင်းဖြစ်သည်။

"ဆန်ဒါး(စ်) မရှိဘူးဆရာ"

လမ်းတစ်ဝက်တွင်တွေ့သော တပ်ကြပ်ကြီးက ကြိုဆိုနှုတ်ဆက်လိုက်သည်။ အော့ဂေါလ်၏ရင်ထဲမှ အလုံးကြီး ကျသွားသည်။

"မစ္စတာဟဲလ်မီတန်လည်း မရှိဘူးဆရာ.... မစ္စတာတစ်ဘတ်စ်နဲ့တွေ့မယ် မဟုတ်လား"

တပ်ကြပ်ကြီးက ဆက်ပြောလိုက်သည်။

အော့ဝေါလ်သည် ထိုဒေသစကားများစွာကို တတ်ကျွမ်းသည်။ သို့သော် အခြေအနေအရတစ်လုံးတစ်ဟမျှ နားမလည်ဟန်ဖမ်းလိုက်သည်။

ဘုန်းစ်သည် အရေးပိုင်အိမ် လေသာဆောင်တွင်ထိုင်နေ၏။ ခြေနှစ်ချောင်းကို လေသာဆောင်လက်တန်းပေါ် ပစ်တင်၍ တစ်တီတူးမဆန်တဆန် ထိုင်နေခြင်းဖြစ်၏။ ဧည့်သည်ကို မြင်လိုက်သောအခါတွင် ကမန်းကတန်းခုန်ထလိုက်သည်။

"ဝမ်းသာလိုက်တာ အတွင်းရေးမှူးကြီးရယ်.. အတွင်းရေးမှူးကြီးကိုယ်တိုင် လာလိမ့်မယ်လို့ ကျုပ်လုံးဝမမှတ်ဘူး"

အော့ဝေါလ်က နှုတ်ဆက်မိတ်ဆက်ပြီးသောအခါတွင် ဘုန်းစ်က အာမေဋိတ်ပြုရင်း လှိုက်လှိုက်လှဲလှဲနှုတ်ဆက်လိုက်သည်။



ဘုန်းစ်၏ ဗလုံးဗထွေးပြောကြားချက်များကို အော့ဝေါလ် ကောင်းကောင်း သဘောမပေါက်မိချေ။ သို့သော် လာမည့်အချိန် လာမည့်ရက်သာ ကြိုတင်သိခဲ့၍ ဘင်ခရာတီးဝိုင်းနှင့် ကြိုဆိုမည့်သဘောရှိပုံရကြောင်း အဓိပ္ပါယ်ကောက်မိသည်။

နေ့လယ်စာစားသောက်ချိန်တွင် ဘုန်းစ်သည် တကယ့်ရှေးဟောင်းသုတေသနပညာရှင်လေဝင်လာသည်။

"အဲဒီဒေသမှာ ဘယ်သူမှမရှုစမ်းသေးတဲ့ အပျက်အစီးတွေအများကြီးပဲ.... ရောမခေတ်အပျက်အစီးတွေလေ.... အိုင်ဖုဘီနယ်မြေမှာ ရှေးဟောင်းအဆောက်အဦတစ်ခုရှိတယ်.... ဟို ရေကျော်တံတားမျိုးများ.... အတွင်းရေးမှူးကြီးသိတယ်မဟုတ်လား.... နောက်ပြီးတော့ တခြားကြည့်စရာ အများကြီးအများကြီးပဲ"

ဘုန်းစ်က လက်ကားယား၊ ခြေကားယားဖြင့် ရှင်းပြလိုက်သည်။

ထိုညနေတွင်မူ မစ္စတာအော့ဝေါလ်က အတိအကျ အစီအစဉ်တစ်ခုချပြသည်။

ဒယ်ပြားလွင်ပြင်တစ်ကျောတွင် ရှေးဟောင်းအဆောက်အဦများ မြုပ်နေသည်ဟုယူဆ၍ ထိုနေရာသို့ သွားရောက်စူးစမ်းကြည့်ရှုချင်သည်ဟု ပြောလာသည်။

"အင်း... သွားလို့ရပါတယ်... ဒါပေမဲ့.... ကျုပ်အရေးပိုင်ကို အရင်မေးမြန်းကြည့်ရမယ်"

ဘုန်းစ်က တက်ကြွမှုကင်းသောလေသံဖြင့် ပြောလိုက်သည်။

"ကျုပ်မှာ ကိုလိုနီရုံးကထုတ်ပေးလိုက်တဲ့ ခွင့်ပြုချက်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



မစ္စတာအော့ဝေါလ်က ဆိုလိုက်သည်။

သူသည် ထိုသို့သောခွင့်ပြုချက် မပါရှိချေ။ သို့သော် ဘုန်းစ်က အရေးတယူလုပ်၍ တောင်းဆိုမည်မဟုတ်ကြောင်း မှန်ကန်စွာတွက်ဆမိခဲ့သည်။

ဘုန်းစ်စိတ်သက်သာရာ ရသွားသည်။

''အဲဒီခွင့်ပြုချက်ရှိတယ်ဆိုရင်တော့ ခင်ဗျားသွားလို့ ရပါတယ်.... အေးဗျာ.... ကျုပ်ပါ ခင်ဗျားနဲ့လိုက်ချင်တယ်.... ဒါပေမဲ့ မစ္စတာဆန်ဒါး(စ်) ပြန်ရောက်တဲ့အထိ ဒီမှာတာဝန်ယူနေရမှာ''

အော့ဝေါလ်သည် နောက်တစ်နေ့မနက်တွင်ပင် လှေတစ်စင်းငှားပြီး လှေ၏အလယ် အုန်းလက်ပေါင်းမိုးအောက်တွင် သက်တောင့်သက်သာစီးနင်းလိုက်ပါသွားသည်။ ခုနှစ်ရက်ကြာတွင် ဒယ်ပြားလွင်ပြင်နှင့် အနီးဆုံးနေရာသို့ ရောက်လာသည်။ ထိုမှ တဆင့် တောထဲမှဖြတ်သန်းလာရာ ၁၂–ရက်မြောက်နေ့တွင်မူ ထိပ်ပြောင်လူမျိုးတို့၏ရွာသို့ ရောက်ရှိ၏။ ထိပ်ပြောင်လူမျိုးတို့က လိုက်လိုက်လဲလဲကြိုဆိုနှုတ်ဆက်ကြသည်။

သူသည် ထိပ်ပြောင်လူမျိုးတို့ရွာတွင် သီတင်းတစ်ပတ်လောက် အချိန်ဖြုန်းနေလိုက်သည်။ ထိုကာလအတွင်း၌ ဒယ်ပြားကွင်းပြင်ဒေသတစ်ကြော လျှောက်သွားနေခဲ့သည်။ သို့သော် သူသွားလေရာနောက်သို့ ထိပ်ပြောင်လူမျိုးစုခေါင်းဆောင်အဖိုးကြီးက တကောက်ကောက်လိုက်ပါနေခဲ့သည်။

''သခင် ဒီနေရာဟာ မသွားသင့်တဲ့နေရာပဲ.... အတော်ဆိုးတဲ့နေရာပဲ ... ဒီမြေကြီးထဲမှာ စုန်းတွေ၊ ကဝေတွေ၊ တစ္ဆေတွေ၊ ကြိပ်တွေပုန်းနေတယ်.... နောက်ပြီးတော့ ဒီနေရာကို ဘယ်မျက်နှာဖြူမှ မဝင်သင့်ဘူးလို့ ကျုပ်တို့သခင်ဆန်ဒါး(စ်)က ပြောတယ်.... လူဖြူတွေဝင်ရင် အကုသိုလ်တစ်သိုက်ဝင်လိမ့်မယ်လို့ ပြောတယ်.... ကျုပ်နဲ့အတူ တောထဲလိုက်ခဲ့စမ်းပါ ... လသာတဲ့အချိန်မှာခူးပြီး ပြုတ်သောက်ရင် အင်မတန်သတ္တိကောင်းရှိစေတဲ့ ပန်းတစ်မျိုးကို ကျုပ်ပြမယ်''



မစ္စတာအော့ဝေါလ်သည် ထိုသို့သောအားဆေးများ မလိုအပ်ခဲ့ချေ။ သူလိုချင်သောဆေးကား မြေကြီးထဲတွင်ရှိနေသော ရွှေဆေးပင်ဖြစ်သည်။

ရက်သတ္တပတ်နှစ်ပတ်ကျော် ကြာပြီးနောက်တစ်ညတွင် သူသည် သူ၏တဲထဲတွင် စိတ်ပျက်လက်ပျက်ထိုင်နေမိခဲ့သည်။ သူသည် ဒယ်ပြားလွင်ပြင်မှ မြေကြီးတစ်ပုံးစာမျှကို ကြံဖန်ရယူနိုင်ခဲ့ပြီး ထိုမြေကြီးကို ဆေးကြောကြည့်လိုက်သောအခါတွင် ရွှေတစ်မှုန်တစ်စမျှ မတွေ့ခဲ့ချေ။

ထိုအချိန်တွင် ရွာသူကြီးက သူ့နားရောက်လာသည်။

''သခင်.... သခင်ဟာ ဆန်ဒါး(စ်)ကြီးရဲ့ မိတ်ဆွေတစ်ယောက်ဖြစ်လို့ သခင်ကို တန်ဖိုးအရှိဆုံး ရတနာတစ်ခု ပေးလိုက်မယ်''

သူကြီးက လေသံဖြင့်ပြောလိုက်သည်။ အဖိုးကြီးသည် သူ့စကားကို တစ်ပါးသူများကြားသွားမည်ကို စိုးရိမ်ဟန်ဖြင့် ပတ်ဝန်းကျင်ကို ကြည့်လိုက်သည်။ အော့ဝေါလ်ရင်ခုန်သံ မြန်လာသည်။

''ဒီလျှို့ဝှက်ချက်ကို ကျုပ်ဖခင်ကပေးသွားတယ်.... ကျုပ်သေခါနီးကျရင် ကျုပ်ရဲ့သားကို အမွေဆက်ပေးသွားမယ်''

အဖိုးကြီးသည် သူ၏တိရစ္ဆာန်အရေခွံအောက်မှ မြေအိုးလေးတစ်အိုးဆွဲထုတ်လိုက်သည်။ မြေအိုးထဲတွင် စိမ်းပါရောင်

www.burmeseclassic.com

www.burmeseclassic.com



အဆိတ်တစ်မျိုးပြည့်နေသည်။ မစ္စတာအော့ဝေါလ် လဒမှိုင်မှိုင်သွားသည်။ သူသည် အဖိုးကြီးဝတ်ရုံအောက်မှ မြွေထုပ်တစ်ထုပ် ထွက်လာမည်ဟု မျှော်လင့်နေခဲ့မိသည်။

"ဒါကျုပ်တို့ရဲ့ အံ့ဖွယ်ရာပဲ.. ဒီဟာကြောင့် ကျုပ်တို့ဟာ တခြားလူတွေထက် ထူးခြားနေတာပဲ"

အဖိုးကြီးက တီးတိုးဆက်ပြောလိုက်သည်။

သူသည် အော့ဝေါလ်၏လက်ကို ဖမ်းဆွဲလိုက်ပြီး ထိုဆီ အနည်းငယ်လိမ်းလိုက်သည်။ ထိုနောက် နေရာကို အဝတ်နှင့် ပွတ်ချလိုက်သည်။ အမွှေးအမျှင်များ လုံးဝပျောက်ကွယ်သွားသည်။ အမွှေးရှိနေခဲ့သောနေရာတွင် အသားအရည်ချောမွတ်ကျန်ခဲ့သည်။

"ဒီဆေးစွမ်းကြောင့် ကျုပ်တို့ထိပ်ပြောင်နေတာ.... ဒီဆေးဟာ တခြားအရာအားလုံးထက် အံ့သြစရာကောင်းလို့ ခင်ဗျားကို လက်ဆောင်ပေးလိုက်မယ်"

အဖိုးကြီးသည် အော့ဝေါလ်ဒေါပွလာနေသည်ကို သတိမထားမိပဲ အားရပါးရပြောနေမိခဲ့သည်။

အော့ဝေါလ်သည် အဖိုးကြီးအား ထိုမြေအိုးဖြင့် ပေါက်ထည့်ချင်စိတ်ပေါ်သွားသည်။ သို့သော် သူ့စိတ်ကို ထိန်းချုပ်လိုက်နိုင်ပြီး သူ၏ဘေးတွင် အသာချထားလိုက်သည်။

"ခင်ဗျားပြောတဲ့အတိုင်းဆို ဒါဟာ အတော်အံ့သြစရာကောင်းတဲ့ပညာပဲ.... ဒါပေမဲ့ ဒီတောထဲမှာ တခြားအံ့သြစရာတွေရှိတယ်လို့ ကျုပ်ကြားဘူးတယ်.... မြေကြီးထဲက ထွက်လာတဲ့ အဝါမှုန့်တွေ ဘာတွေပေါ့.... ကျုပ်တို့တိုင်းပြည်မှာလည်း ကျုပ်ဟာ ခေါင်းဆောင်ကြီးပဲ.... ကျွန်တော့်မှာ ပစ္စည်းတွေအများကြီးရှိတယ် အရမ်းချမ်းသာတယ်.. ညတိုင်းညတိုင်း အင်မတန်ကောင်းတဲ့



အရေခွံမွေ့ရာနဲ့အိပ်တယ်... အဲဒီ အဝါရောင်အမှုန့်တွေ ဘယ်မှာရှိမှန်း အတိအကျပြောပြရင် ခင်ဗျားကိုလည်း သူဌေးကြီးဖြစ်အောင် လုပ်ပေးမယ်.... ဒီတောတစ်ခွင်မှာ ခင်ဗျားလိုချင်တဲ့ ဆိတ်တွေ ပြည့်သွားမယ်.... ခင်ဗျားဇနီးတွေနဲ့ပဲ တစ်ရွာတည်လို့ရမယ်"

အဖိုးကြီးချာယူဂါသည် အတော်ပင် အနေကျပ်သွားပုံရသည်

"သခင်.... ကျုပ်ဘာအဝါမှုန့်မှ မသိပါဘူး.... နောက်ပြီး အဲဒီအကြောင်း မပြောရဘူးလို့လဲ ဆန်ဒါး(စ်)က အမိန့်ပေးထားပါတယ်....တစ်ခါတုန်းက အဲဒီတတိယကျင်းဆီကို လူတစ်ယောက် ကလာပြီး သဲတွေယူသွားတယ်.... အတော်ဆိုးတဲ့ အပြုအမူပဲ။ ဆန်ဒါး(စ်) သူ့နောက်ကို ကမ္ဘာဆုံးအထိလိုက်သွားပြီး ဖမ်းခဲ့တယ် .... အခု ဒီဆေးအကြောင်း ပြောပြပါရစေ.... ဘယ်လိုပညာသား ပါပါ လုပ်ရတယ်ဆိုတာ ရှင်းပြမယ်.... ပထမဆုံး ကျုပ်တို့ဆိတ် အဆီကိုထုတ်ပြီး အိုးကြီးတစ်လုံးနဲ့ ထည့်ပြုတ်တယ်.... ပြီးတော့ အနီရောင် ဘယ်ရီသီး.... "

အော့ဝေါလ်က သန်းဝေလိုက်သည်။

"မနက်ဖြန်ကျမှ ပြောပါတော့အဖိုးကြီး"

အော့ဝေါလ်သည် သူသိချင်သမျှကို အဖိုးကြီး၏အမှတ်တမဲ့စကားမှ သိလိုက်ရပြီးဖြစ်သည်။ တတိယကျင်းသည် ၄မိုင်ကွာဝေးသော တတိယဒယ်ပြားကွင်းတွင် တည်ရှိသည်။

ထိုညတစ်ရွာလုံး အိပ်စက်နေချိန်တွင် သူ၏တဲမှ တိတ်တဆိတ်ထွက်ခွာခဲ့သည်။ သူသည် ဂေါ်ပြားတစ်ချောင်းနှင့် အိတ်ကြီးတစ်လုံးပါ ဆွဲလာသည်။ သူသည် အစောင့်မမြင်အောင် သတိဖြင့် ရှေ့လျှားလာခဲ့သည်။ တောစပ်တစ်ခုကို ဖေါက်ဝင်ပြီး

www.burmeseclassic.com

www.burmeseclassic.com



နောက် ဒယ်ပြားလွင်ပြင်စပ်သို့ ရောက်လာသည်။ တတိယကျင်းဆီ ကွေ့ပတ်ပြီးသွား၏။ မြေကြီးမှာ ပျော့ပြီး ဖွဲ့ရလွယ်သည်။ ထို ဂေါ်ပြားဖြင့်ပင် မြေကြီးကို ကလော်ထုတ်လိုက်သည်။ အပေါ် မြေလွှာကုန်သွားသောအခါတွင် သူ၏အိတ်ကိုဖွင့်၍ ဒုတိယမြေလွှာတုံးများကို ဖြည့်လိုက်သည်။ အိတ်၏အလေးချိန်ကို ဆကြည့်လိုက်သည်။ ထိုအိတ်ကို ရွာသို့ပြန်သယ်သွားပြီး စိမ်ပြေနပြေ ဆေးကြောသုတ်သင်နိုင်သည်။ သူမတ်တပ်ရပ်လိုက်သည်။ အိတ်ကို ပိတ်လိုက်ပြီး ကျောပိုးရန်ဟန်အပြင်မှာပင် နောက်သို့လှည့်ကြည့်မိလိုက်သည်။ လရောင်တွင်ရပ်နေသော သဏ္ဍာန်တစ်ခုကို တွေ့လိုက်ရသည်။ အဖိုးကြီးချာယူဂါပင်ဖြစ်သည်။

''အိုး.... ဟိုး.... ဒါမလုပ်သင့်ပါဘူး.... ကျုပ် ဆန်ဒါး(စ်)ဆီ အကြောင်းကြားရလိမ့်မယ်.... ခင်ဗျားအိတ်ကို ပြန်သွန်ချလိုက်ပါ သခင်''

ချာယူဂါက စိတ်ပျက်စွာပြောလိုက်သည်။

''မသွန်နိုင်ဘူး''

အော့ဝေါလ်က အော်လိုက်သည်။ ထိုနောက် ဘိုမွန်ကို စကားဖြင့် ဆင်ခြေပေးရန် ကြိုးစားရင်း အဖိုးကြီးဘေးမှ ဖြတ်ထွက်ရန် ကြိုးစားလိုက်သည်။ အဖိုးကြီးသည် သူ၏လက်မောင်းကို ကျစ်ကျစ်ပါအောင် ဖမ်းဆွဲပြီး ပြောလိုက်သည်။

''သခင် ရှေ့ဆက်မတိုးပါနဲ့''

အော့ဝေါလ်သည် အဖိုးကြီး၏လက်မှ ရုန်းကန်ရန်ကြိုးစားလိုက်သည်။ ရုန်း၍မရသောအခါတွင် အိတ်ကို လွှတ်ချလိုက်ပြီး အဖိုးကြီးကို တွန်းထုတ်လိုက်သည်။

အဖိုးကြီး၏လုံတံမြောက်သွားသည်ကို ဖျတ်ခနဲတွေ့လိုက်



သည်။ အဖိုးကြီးထက် လက်ဦးအောင် ဂေါ်ပြားစောင်းဖြင့် ဖြတ်ရိုက်လိုက်သည်။ အဖိုးကြီး ဒူးထောက်ကျသွားပြီး ပုံလဲသွား၏။

အော့ဝေါလ်သည် သူ၏လက်မြန်ခြေမြန်မှုအတွက် သူ့ကိုယ်သူ ကျိန်ဆဲလိုက်ပြီး အဖိုးကြီးနားတွင် ဒူးထောက်လိုက်သည်။ အဖိုးကြီးအား ပက်လက်လှန်လိုက်သည်။ အဖိုးကြီး၏မျက်နှာမှသွေးများ ဒလဟောကျနေသည်။ အဖိုးကြီး၏မျက်နှာ လှုပ်ရှားမှုကင်းနေသည်။ အော့ဝေါလ်သည် အသံတုန်အောင် ကြောက်လန့်သွားသည်။ ဆန်ဒါး(စ်) သူ့ကို ညှာမည်မဟုတ်တော့ချေ။ သူ့ကို ဖမ်းဆီး၍ ကြိုးချမည်မှာ သေချာသည်။

သူသည် လက်ကိုင်ပဝါတစ်ထည်ထုတ်ယူပြီး ဒဏ်ရာကို တတ်နိုင်သမျှ စည်းကြပ်လိုက်သည်။ ထိုနောက် အိတ်ကို ထမ်းလျက် ရွာထဲသို့ တိတ်တဆိတ် ပြန်ဝင်လာခဲ့သည်။ သူ၏ပစ္စည်းများကို ကမန်းကတန်း ကောက်သိမ်းထုပ်ပိုးပြီး ကမ်းရိုးတန်းဘက်သို့ ထွက်လာခဲ့သည်။

သူသည် သုံးရက်လုံးလုံး ခရီးပြင်းနှင်လာခဲ့သည်။ ခြစ်ခြစ်တောက် နေပူနေသည့်တိုင်အောင် မနားနိုင်ပဲ တွင်တွင်နှင်ခဲ့သည်။ နောက်မှလိုက်လာသည့်ခြေသံများ ကြားရနိုးနှင့်လမ်းတစ်လမ်းလုံး စိတ်ချောက်ချားလာသည်။ အိပ်လျက် လမ်းလျှောက်သည်ဟု ဆိုရလောက်အောင်ပင် သူ၏အထုပ်ကြီးကို မလွှတ်တမ်းထမ်း၍ ဒယီးဒယိုင် ခရီးပြင်းနှင်ခဲ့သည်။

နောက်ဆုံးတွင် သူ၏လှေသမားများကို ထားခဲ့သောနေရာကို ရောက်ရှိသည်။ သူသည် သူ၏အထုပ်နှင့်အိတ်ကို လှေပေါ်တင်လိုက်ပြီးနောက် လှေဦးပိုင်းတွင် တုန်းကန်အိပ်လိုက်သည်။ လှေသမားများ၏ ညာသံမပေါ်ခင်မှာပင် သူနှစ်နှစ်

www.burmeseclassic.com

www.burmeseclassic.com



မြိုက်မြိုက်အိပ်ပျော်သွားသည်။

မနက်မိုးလင်းခါနီးမှ သူနိုးလာသည်။ လှေကို သစ်တောလေးတစ်ခုနားတွင် ဆိုက်ထားသည်။ မီးဖိုမီးအလင်းရောင် ဖြာနေသည်။ သူသည် သူ့အတွက် အရင်းအနှီးများခဲ့ရသောမြေကြီးအိတ်ကို လက်လှမ်းလိုက်သည်။ အိတ်ကို မတွေ့တော့ချေ။

သူ၏ ဒေါသတကြီး အော်ဟစ်သံကြောင့် လှေဦးစီး အပြေးအလွှား ရောက်လာသည်။

"သခင်.... အဲဒီအိတ်ထဲမှာ မြေကြီးခဲတွေပါတယ်.... အိုင်ဆီဆီမြစ်ဝနားရောက်တော့ ရေစီးကြမ်းပြီး လှေကလေးနေခဲ့တယ်.... ဒါကြောင့် ရေထဲပစ်ချခဲ့တယ်...."

အော့ဝေါလ်သည် ထိုတောအုပ်ကမ်းစပ်တွင် ခေါက်တုန့်ခေါက်ပြန်လျှောက်ရင်း အရူးတစ်ယောက်ကဲ့သို့ အော်ဟစ်ကျိန်ဆဲနေခဲ့သည်။ သူသည် လှေသမားများကို ကျိန်ဆဲသည်။ ဆန်ဒါး(စ်)ကို ကျိန်ဆဲသည်။ ပတ်သက်ရာပတ်သက်ကြောင်း ပုဂ္ဂိုလ်အားလုံးကို ကျိန်ဆဲသည်။ သူ့ကိုယ်သူတော့ မကျိန်ဆဲအပြစ်မမြင်ခဲ့ချေ။

လှေကို လှမ်းမြင်လိုက်ရသည်နှင့် ဘုန်းစ်ကိုယ်တိုင် ဆင်းကြိုလိုက်သည်။ အာဖရိကတိုက်အလယ်ပိုင်း ရှေးဟောင်းသုတေသနအဖွဲ့ အတွင်းရေးမှူး၏ အရှုံးတစ်ပိုင်းပုံစံကို မြင်ရသောအခါ အကြီးအကျယ်အံ့အားသင့်သွားသည်။

"အို.... ရှေးဟောင်းသုတေသနပညာရှင်ကြီးခင်ဗျား.... ဖျားနာလာပြီထင်တယ်... အတွင်းရေးမှူးကြီး ခင်ဗျားကို ကုသွားနိုင်တဲ့ ဆေးတိုက်..."

ဘုန်းစ်က အလန့်တကြား ပြောလိုက်သည်။

"နောက်သင်္ဘောခေါက်ဘယ်တော့လဲ.... ဘယ်တော့



ရောက်လာမှာလဲ"

"အခုပဲရောက်လာနေတယ်... ဒါနဲ့ ခင်ဗျားပြောတဲ့ ရောမရှေးဟောင်းပစ္စည်းတွေ တွေ့လား"

"တွေ့တယ်.... တွေ့တယ်"

အော့ဝေါလ်က စိတ်မရှည်စွာ ပြောလိုက်သည်။

သူကျူးလွန်ခဲ့သော အမှုအကြောင်း သတင်းမရောက်သေးသည်ကို သိရ၍ စိတ်သက်သာရာရသွားသည်။ ချာယူကါ မသေတာလည်းဖြစ်နိုင်တယ်.... ထိုတိုင်းရင်းသားများက ကျောက်တုံးလိုမာသော လူများဖြစ်သည်။

"ခင်ဗျား အရေးပိုင်ကြီးကို မတွေ့တော့ဘူးလား.... သူ မနက်ဖြန် ပြန်ရောက်မယ်"

"မနက်ဖြန်"

အော့ဝေါလ်ထံမှ ထွက်သွားသောအသံသည် ဂယောင်ချောက်ချား လန့်အော်လိုက်သည့်အသံနီးနီး ကျယ်လောင်သွားသည်။

"မဖြစ်ဘူး.... မဖြစ်ဘူး.... ကျုပ်ဒီနေ့သွားမှဖြစ်မယ်.... သင်္ဘောဆိုက်နေတယ်ဆို"

ဘုန်းစ်က ပင်လယ်ပြင်ဘက်သို့ လက်ညှိုးထိုးပြလိုက်သည်။ ဂျာမန်သင်္ဘောကြီးတစ်စင်း ကျောက်ချထားသည်ကို တွေ့ရသည်။

အာဖရိကတိုက်အလယ်ပိုင်း ရှေးဟောင်းသုတေသနအဖွဲ့ အတွင်းရေးမှူးတက်သုတ်နှင်၍ ပြန်သွားသည့်အတွက် ဘုန်းစ် အတော်စိတ်ဓာတ်ကျသွားသည်။ သူသည် အာဖရိကအလယ်ပိုင်း ဒေသကို ခေါမလူမျိုးတို့ သိမ်းပိုက်၍ မြို့ပြတည်ထောင်ခဲ့သည်

www.burmeseclassic.com

www.burmeseclassic.com



အကြောင်း ယူဆချက်တစ်ချက် တင်ပြရန် မျှော်လင့်နေခဲ့သည်။ ခေါမများ သိမ်းပိုက်၍ မြို့ပြတည်ခဲ့ကြောင်းကို အရေးပိုင်မင်းကြီး၏ လေသာဆောင်တွင် စိုက်ထူထားသော ခေါမလက်ရာတိုင်ကြီး တစ်လုံးကိုပြ၍ သက်သေထူရန် ရည်ရွယ်ထားခဲ့သည်။ ထိုတိုင်ကို ဆန်ဒါး(စ်)အရင် အရေးပိုင်တစ်ဦးက ရေခြားမြေခြားက သယ်လာသည်ကို သူမသိချေ။

အာဖရိက ကုန်းမြေတိုက်ကြီးကို မမြင်ရတော့လောက်အောင် သင်္ဘောကွာလှမ်းသွားမှ အော့ဝေါလ် သက်မချနိုင်ခဲ့သည်။

သင်္ဘောသည် ပလိုင်းမောက်ဆိပ်ကမ်းမရောက်မချင်း အခြား ဗြိတိသျှဆိပ်ကမ်းတစ်ခုမှ မဝင်ခဲ့ချေ။ သူသည် သူ့ငွေရှင် ကျေနပ်လောက်မည့် ဓာတ်လမ်းတစ်ပုဒ်ကို ဖန်တီးရင်းလိုက်ပါခဲ့သည်။

မစ္စတာဝီလ်ဘယ်ရီသည် စီးပွားရေးသမားတစ်ယောက် ဖြစ်သည်။ ထို့ကြောင့် ခင်ဗျားမြင်တဲ့အတိုင်း ကျုပ်ပြန်ရောက်ပြီ.... ကျုပ်ခရီးစဉ်မှာ ကျုပ်မျှော်လင့်သလိုမဖြစ်လာပေမဲ့.... ဟု အစချီထားသောစာသည် မအောင်မြင်ကြောင်း ကောင်းကောင်းသဘောပေါက်လိုက်သည်။ ထိုးထွင်းသဘောပေါက်လောက်အောင် အတွေ့အကြုံက ရင့်နေပြီဖြစ်သည်။

''ခင်ဗျားကို အမှန်အတိုင်းပြောပြမယ်''

ဝီလ်ဘယ်ရီက အခန်းထဲတွင်ရှိသော တစ်ခုတည်းသော ကုလားထိုင်ပေါ်ထိုက်လိုက်ချိန်မှာပင် အော့ဝေါလ်က ဆိုလိုက်သည်။

အော့ဝေါလ်သည် တကယ်ပင် အဖြစ်အပျက်အားလုံးကို အမှန်အတိုင်း ဖွင့်ပြောလိုက်သည်။



''ကဲဆိုးတာပဲ''

ငွေဆုံးရှုံးဖူးသော အတွေ့အကြုံရှိသည့် ဝီလ်ဘယ်ရီက မှတ်ချက်ချလိုက်သည်။

''ဒါပေမဲ့ အဖိုးကြီးကို ထိုက်ထိုက်တန်တန်သာ ငွေပေးခဲ့ရင် သူကူညီမယ်ထင်ပါတယ်''

အော့ဝေါလ်က ခေါင်းခါရမ်းလိုက်သည်။

''အဲဒီတိုင်းရင်းသားတွေပေါ် ခွေးမသားဆန်ဒါး(စ်) လွှမ်းမိုးထားပုံကို ခင်ဗျားမသိဘူး''

အော့ဝေါလ်က စကားစလိုက်ပြီးမှ သတိရလိုက်သည်။

''နေဦး.... ခင်ဗျားစိတ်ဝင်စားမဲ့ဟာ တစ်ခုရှိတယ်''

အော့ဝေါလ်သည် သူ၏အိပ်ခန်းထဲသို့ ဝင်သွားပြီး ပုလင်းလေးတစ်လုံး ထုတ်လာသည်။ ထိုပုလင်းထဲတွင် သူပြောင်းထည့်လာခဲ့သော ထိပ်ပြောင်ဆေးကို ထုတ်ပြလိုက်သည်။

မစ္စတာဝီလ်ဘယ်ရီက မျက်မှောင်ကုပ်လိုက်သည်။

''ဗိန္ဓောဆေးပေါ့.... စွမ်းရဲ့လား''

''စွမ်းရဲ့လား.... ဟုတ်လား.... အခုတစ်ဝက်တောင် ကုန်သွားပြီး....ကျုပ်အာဖရိက အပြန်ခရီးတစ်လျှောက်လုံးမှာ မုတ်ဆိတ်မွေးရိတ်ရသက်သာအောင် လိမ်းလာတာ''

အော့ဝေါလ်က ရယ်မော၍ ပြောလိုက်သည်။

ဝီလ်ဘယ်ရီသည် ပုလင်းလေးကို လှမ်းယူလိုက်သည်။ လက်နှိုက်လိုက်သည်။ နယ်သယ်စပ်မှ ဆံပင်ကို လိမ်းလိုက်ပြီး လက်ကိုင်ပဝါဖြင့် သုတ်ချလိုက်သည်။ အမွှေးပြောင်သွားသည်။

ဝီလ်ဘယ်ရီ အသက်ရှူရပ်သွားသည်။

''ဒီဆေး.... ဒီဆေးရဲ့ ဖော်မြူလာကိုသိလား''

www.burmeseclassic.com

www.burmeseclassic.com



သူက အမောတကောမေးလိုက်သည်။

အော့ဝေါလ် ခေါင်းခါလိုက်သည်။

''မသိဘူး.... ကျုပ်အရေးမထားခဲ့ဘူး... ခင်ဗျား ခါတ်ခွဲကြည့်လို့.... ''

''ခါတ်ခွဲကြည့် ဟုတ်လား.... ဒါသစ်သီးသစ်နဲ့ ဖော်ထားတဲ့ဆေး... အရူးရ... ငါခါတ်ခွဲလို့ ဘာမှမသိနိုင်ဘူး.... ခင်ဗျားကို ဖော်မြူလာပေးခဲ့သလား''

''ပေးပါတယ်.... ဒါပေမယ့် ကျုပ်က စိတ်မဝင်စားဘူး.... ကျုပ်က ရွှေကိုသာ''

ဝီလ်ဘာယ်ရီသည် စိတ်ပျက်လက်ပျက် ခါရမ်းလိုက်သည်။

''ဘုရားသခင်.... ''

သူသည် အော့ဝေါလ်အား ဒေါသတကြီးပြူးကြည့်လိုက်သည်။

''သောက်ရူး ဦးနှောက်မရှိတဲ့အရူး.... မင်းရွှေလိုချင်ခဲ့တယ် မဟုတ်လား.... မင်းလက်ထဲရောက်လာတာကို မင်းမသိဘူး''

ဝီလ်ဘာယ်ရီက အော်ဟစ်၍ ပုလင်းကို မြှောက်ပြလိုက်သည်။

''ဒီမှာဘာလဲ မင်းသဘောပေါက်လား....ဒီဖော်မြူလာသ[illegible] တို့ရခဲ့ရင် ရှက်ဖီးလ်တစ်မြို့လုံး ပျက်စီးသွားစေနိုင်တယ်... ဘာလိ[illegible] ဒါးတစ်ချောင်းမှ ရောင်းရမှာမဟုတ်ဘူး.... တောက် အမြော်အမြ[illegible] မရှိတဲ့ လူမိုက်ရယ်.... ''

ဝီလ်ဘာယ်ရီက စိတ်ပျက်လက်ပျက် ပြောလိုက်သည်။

''ဒါပေမဲ့... ဒါပေမဲ့ ''

''ဒါပေမဲ့.... ဒါပေမဲ့မနေနဲ့ အဖိုးကြီး ပေးခဲ့တဲ့ပစ္စည်း[illegible]



ပေါင်တစ်သန်းတန်တယ်.... တစ်သန်းမကဘူး.... ဆယ်သန်းတန်တယ်.... အဲဒီဆေးနည်းသာရှိရင် ကမ္ဘာပေါ်မှာရှိသမျှမှတ်ဆိတ်ရိတ်ဓါးထုတ်တဲ့ ကုမ္ပဏီတွေ ဒေဝါလီခံရကိန်းဆိုက်သွားမယ်.... ငါခြေထောက်ကို လာဖက်ရမယ်.... ဒါရွှေပဲ.... ဒေဝါလီခံကိန်းဆိုက်သွားမယ်.... ငါ့ခြေထောက်လာဖက်ရမယ်.... ဒါရွှေပဲ... မင်းနှာခေါင်းအောက်တည့်တည့်ရောက်နေရက်နဲ့ ရွှေကိုရွှေမှန်း မင်းမသိခဲ့ဘူး''

* * * * * *

ထိပ်ပြောင်လူမျိုးစု၏ခေါင်းဆောင် ချာယူဂါသေဆုံးမှုနှင့် မဟာရှေးဟောင်းသုတေသနတူးဖော်ရေးအဖွဲ့ အတွင်းရေးမှူး အလည်အပတ်ရောက်လာခြင်းကို ဘုန်းစ်ရော ဆန်ဒါး(စ်)ပါ မဆက်စပ်မိသည်က အတော်ဆန်းသည်။ ဆန်ဒါး(စ်)သည် ထိုလူဖြူကို သွားရောက်ရှာဖွေခဲ့သော်လည်း သူကြားသည့် ပုံပမ်းသဏ္ဌာန်အရတော့ အော့ဝေါလ်ဖြစ်မှန်း သဘောပေါက်မိသည်က လွဲ၍ ဒီထက်မပိုခဲ့ချေ။ အော့ဝေါလ်တစ်နည်းတစ်ပုံဖြင့် နယ်မြေထဲဝင်လာပြီး ပြန်ထွက်သွားပြီဟုသာ ယူဆမိသည်။

''ထိပ်ပြောင်ကြီးတွေ ထိပ်မပြောင်တော့ဘူးကွ.... သူတို့ အဖိုးကြီးဖော်တဲ့ဆေးနည်းနဲ့ ထိပ်ပြောင်နေခဲ့ပြီး အဖိုးကြီးသေတော့ ဆေးနည်းပါးပျောက်သွားပုံရတယ်... အဖိုးကြီးက သူ့လျှို့ဝှက်ချက်ကို ဘယ်သူ့မှပြောမသွားဘူး.... အဖိုးကြီးမရှိတော့ ထိပ်ပြောင်တွေ သာမန်လူတွေလို ပြန်ဖြစ်ကုန်ပြီ။ အဲဒီအကြောင်းကို မင်းရဲ့

www.burmeseclassic.com

www.burmeseclassic.com



မှော်ဟောင်းသုတေသနအဖွဲ့အစည်းကို ရေးပို့ကြည့်ပါလား.... အဲဒါလည်း အံ့သြစရာပဲလေ''

တစ်ညနေ ညနေစာစားဝိုင်းတွင် ဆန်ဒါး(စ်)က ဘုန်းစ်ကို ပြောခဲ့သည်။

ဘုန်းစ်ကလည်း ဆန်ဒါး(စ်)ပြောသည့်အတိုင်း စာရေးသား ပေးပို့ခဲ့သည်။ သို့သော် လိပ်စာရှင်မရှိ.... ပြောင်းရွှေ့သွားပြီဟူသော မှတ်ချက်ဖြင့်သာ စာပြန်ရောက်လာခဲ့သတည်း။



## အခန်း (၆)
## မိန်းမညာထော်

မထင်မှတ်သောကိစ္စ.... မထင်မှတ်ဘဲဖြစ်သောကိစ္စဟု ဆိုနိုင်သည်။ သို့သော် မနှင့်ဖိုရှိသောနေရာတိုင်းတွင် အချိန်မရွေး ထဖြစ်နိုင်သော ကိစ္စမျိုးမို့ ဆန်းသည်ဟုလည်း မဆိုသာချေ။

ဆန်ဒါး(စ်)၏ ဟောဆာတပ်မှ ရဲဘော်တစ်ဦးဖြစ်သော ဘီနက်စ်ဘူလ်သည် တောထဲမှဖြတ်လျှောက်နေစဉ်တွင် သူ၏ ယယ်ရှယ်လှပသောဇနီးသည်ကို ရဲဘော်အာမက်က ဗလက်ကာရ ပြုရန်ကြိုးပမ်းနေသည်ကို ပက်ပင်းတွေ့သည်။ သူ၏ဇနီးသည်လည်း အာမက်၏လက်ထဲမှ ရုန်းကန်ရင်း ငယ်သံပါအောင် အော်ဟစ်နေခဲ့သည်။ ဘီနက်စ်ဘူလ်သည် ခွင့်မလွှတ်သောအပြစ်ကို ကျူးလွန်နေသော အာမက်ကို တစ်ဟုန်ထိုးတိုက်ခိုက်လေသည်။ ထိုနေရာတွင် ချက်ချင်းလက်ငင်း လူသတ်မှုဖြစ်ရန်ပင်။ သို့သော် ဆူညံသောကြောင့် ရောက်လာသောတပ်ကြပ်ကြီး အာဘီသူ၏ လက်ထဲမှ ကြံ့ရေခွံကြာပွတ်က ငြိမ်းချမ်းမှုရသွားစေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒုဗိုလ်တစ်ဘတ်စ်သည် မနက် ၇း၀၀ နာရီအချိန်တွင် တန်းစီစစ်ဆေးမှုပြုလုပ်သည်။ သူ၏ရှေ့မှောက်သို့ အာမက်နှင့် အာမက်အား ဖွဲ့ချက်တင်သူများရောက်လာသည်။ ဘီနက်စ်ဘူလ်၏ ဖနီးက သူ့အဖြစ်ကို ဇာတ်ကြောင်းပြန်ရန် မလိုအပ်ခဲ့ချေ။ သူမ ကိုယ်စား သူမလင်သားက ပြောပြသည့် အချက်အလက် အ ထောက်အထား အပြည့်အစုံကြားပြီးသောအခါတွင် ဘုန်းစ်သည် သူ၏မျက်မှန်ကို အနေအထားပြင်လိုက်ပြီး စီရင်ချက်ချလိုက်သည်။

''မင်းကို ခုနစ်ရက်ဝိုက်ပိတ်ထားမယ်.... မင်း တပ်သား ကောင်းဖြစ်ကြောင်း ဖော်ပြထားတဲ့သက်သေတွေအားလုံး မင်း ယူနီဖောင်းက ဖြုတ်လိုက်မယ်.... မင်းထောင်ကျနေတုန်းမှာ လစာ ပါ ဖြတ်တောက်ခံရမယ်''

သို့ဖြင့် အာမက်သည် ကင်းနောက်ရှိ အကျဉ်းခန်းထဲတွင် အပိတ်ခံရပြီး ထောင်အစားစာလေးကို မြည်းစမ်းလိုက်ရသည်။

''အဲဒီသောက်ရူးကို ဌာနချုပ် ပြန်ပို့လိုက်ရင်ကောင်းမယ်''

ဆန်ဒါး(စ်)က အကြံပြုလိုက်သည်။ ဗိုလ်ကြီးဟဲလ်မီတန် က သဘောတူလိုက်သည်။

သို့သော် တပ်ဖွဲ့တပ်သား အပြောင်းအရွှေ့ပြုရသည်မှာ လွယ်ကူသော အလုပ်မဟုတ်ချေ။ ဌာနချုပ်သို့ မိတ္တူသုံးစုပွား၍ ပို့ရသည်။ ဌာနချုပ်က ပြန်လည်စောဒကတက်ချက်ကို ချေ ဖြေရှင်းတင်ပြရသည်။ အချိန်ကုန်သည်၊ အချိန်ကြာသည်။ အာမက် အချုပ်ထဲမှထွက်လာသည်။ သူ မူလတာဝန်ယူထားသော တပ် အချက်ပြခရာတာဝန်ကို ပြန်ယူသည်။ ဘီနက်စ်ဘူလ်မှာ အေးဆေး သောစရိုက်ရှိပြီး အာဃာတထားတတ်သူမဟုတ်သောကြောင့် ကိစ္စပြတ်ပြေလည်သွားရန် အလားအလာရှိနေခဲ့သည်။



သို့သော် ဘီနက်စ်ဘူလ်က အာဃာတကင်းမဲ့သလောက် ဖနီးသည်က အညှိုးအမျက်ကြီးပုံရသည်။

သူမနာမည်မှာ ဖါမတ်ဖြစ်သည်။ အာရပ်နွယ် အသားညိုမ ဖြစ်သည်။ ဥရောပအဆင့်နှင့်ကြည့်လျှင် ချောမောလှပသည်ဟု ဆိုနိုင်သည်။ အထူးသဖြင့် ကြာမျက်လုံးက ရင်ဖိုစေစွမ်းသည်။

ဗိုလ်တစ်ဘတ်စ်၏တဲကို သန့်ရှင်းရေးပြုလုပ်ပေးပြီး သူ၏ အဝတ်အစားများကို လျှော်ဖွပ်ပေးသူမှာ သူမပင်ဖြစ်သည်။

''သခင်...အဲဒီအာမက်က ကျွန်မသူ့ရှေ့က ဖြတ်သွားရင် ကြည့်နေတုန်းပဲ... သူ့မျက်လုံးတွေက ရာဂလွှမ်းနေတယ်...ကျွန်မ ကြောက်တယ်''

တစ်မနက် တစ်ဘတ်စ်၏အခန်းကို သန့်ရှင်းရေးလုပ်ပေး ရင်း သူမပြောကြားလိုက်သည်။

မျက်နှာတစ်ခုလုံးနီးနီး ဆပ်ပြာမှုန့်များဖြင့် ဖုံးနေပြီး သင် တုန်းဓါးအသင့်ကိုင်ထားသော ဘုန်းစ်က သူမကို မျက်ခုံးပင့် ကြည့်လိုက်သည်။

''အမျိုးသမီး.... သူ့ကို မင်းမကြည့်ခဲ့ရင် သူ့အကြည့်ကို မင်းသိခဲ့မှာမဟုတ်ဘူး.... သိချင်မှသာ ခံစားရခြင်းကိုလို့ ဂျင်တို့ရဲ့ ဘုရားကျမ်းမှာ ဖော်ပြထားတယ်မဟုတ်လား''

ဖါမတ် မျက်မှောင်ကုပ်လိုက်မိသည်။

''ကျွန်တဲ့မိန်းမတွေက ကျွန်မကို ဝိုင်းပြီးလက်ညှိုးထိုးနေ တယ်...ဘာလို့ရှင့်ယောကျ်ားက သူ့ကို မရိုက်လဲလို့မေးနေတယ်.... ဒီလူဒီက မသွားမချင်း ကျွန်မစိတ်ချမ်းသာမှာမဟုတ်ဘူး.... သူ့ကို မုန်းတယ်''

''အချိန်တန်ရင် အားလုံးဖြစ်စမြဲပဲ''

www.burmeseclassic.com

www.burmeseclassic.com



ဒဿနပညာရှင်ကြီးဘုန်းစ်က မြွက်ဟလိုက်ပြီး မှတ်ဆိတ်မွေး ဆက်လက်ရိတ်လေသည်။

ထိုအချိန်ကာလမှာ ဘုန်းစ်အလွန်တစ်ရာ ကြိုးပမ်းနေသော ကာလဖြစ်သည်။ သူ့မှာလည်း သူ့ဒုက္ခနှင့်ဖြစ်နေခဲ့သည်။ သူ၏ တူရိယာပစ္စည်းများ ဖုံတက်နေပြီး ဂီတဝါသနာကို ခဏခေါက်ထား၏။

သူသည် စာပေးစာယူဥပဒေသင်တန်းတစ်ခုကို ကြိုးစားပမ်းစားတက်ရောက်ဆည်းပူးနေသည်။ အုပ်ချုပ်ရေးဌာနများတွင် တာဝန်ထမ်းဆောင်နေသော တပ်မတော်အရာရှိများ (သို့မဟုတ်) အုပ်ချုပ်ရေးဌာနများတွင် တာဝန်ထမ်းဆောင်နေသော အရာရှိများ၏ လက်ထောက်များအဖြစ် ဆောင်ရွက်နေသော တပ်မတော်အရာရှိများ (သို့မဟုတ်) အုပ်ချုပ်ရေးဌာနတွင် အချိန်မရွေး ယာယီတာဝန်ဝင်ရောက်ယူနေကြသော တပ်မတော်အရာရှိများကို ဥပဒေပညာရပ်အား လေ့လာဆည်းပူးကြရန် နှိုးဆော်သော အမိန့်စာရောက်ရှိကတည်းက သူထိုသို့ ကြိုးပမ်းနေခြင်းဖြစ်သည်။

ထိုအမိန့်စာကပင် ဘုန်းစ်အား မက်ဒစ်ဆင်ကောလိပ်၏ ဥပဒေနှင့် တရားရေးရာပညာရပ် စာပေးစာယူသင်တန်းသို့ တွန်းပို့ပေးလိုက်ရာ ထိုဥပဒေကော်မတီက မဂ္ဂဇင်းတိုင်းလိုလိုတွင် ကြေညာထည့်လေ့ရှိသည်။

''ဥပဒေပညာဆည်းပူး သင်ကြားပါ''

ကြော်ငြာက ဥပဒေပညာကို လွယ်ကူသည့် ပညာပုံစံဖမ်း၍ ဟစ်ကြွေးထားသည်။

ဘုန်းစ်က အကျိုးအကြောင်း စုံစမ်းမှုပြုလိုက်သည်။ လှည်းတစ်စီးတိုက်စာ စာရွက်စာတမ်းများနှင့် ချစ်လှစွာသော



မိတ်ဆွေဟု အစချီသော စာတစ်စောင်ပြန်ရောက်လာသည်။ ၎င်းတို့နှင့်အတူ ပုံစံစာရွက်တစ်ရွက်ပါပါလာသည်။ ထိုပုံစံစာရွက်ကို ဖြည့်စွက်၍ လက်မှတ်ထိုး ငွေပူးတွဲလွှဲလိုက်လျှင် ဘုန်းစ်သည် ချက်ချင်းပင် ဥပဒေသင်တန်းသားတစ်ယောက် ဖြစ်သွားမည်။ ဥပဒေပညာတတ်ကျွမ်းရန် ဖြစ်ရာခိုင်နှုန်း အခြေအနေရှိသွားမည်။

''နေပါဦး.... အမေရိကန်နိုင်ငံရဲ့ ဥပဒေကိုသိတော့ မင်းအတွက် ဘာအကျိုးရှိမလဲ.... မင်းလုပ်သင့်တာက ပညတ်တော်ဆယ်ပါးကို အနုစ်ချုပ်လေ့လာဖို့ပဲ''

ဟဲလ်မီတန်က အယောင်ဆောင်မှုအကြောင်း စူးစူးစိုက်စိုက် ဖတ်ရှုလေ့လာနေသော ဘုန်းစ်ကိုပြောလိုက်သည်။

ဘုန်းစ်သည် ကုလားထိုင်တွင်ထိုင်လျက် ကိုယ်လက်ဆန့်၍ မျက်စိမှိတ်လိုက်သည်။

''အာစရိကြီးရယ်.... ဘာလို့ စိတ်ဂလုဂလုဖြစ်နေလဲ.... ဒါတွေက ဆရာသမားအတွက် အလွန်ပဲနက်ရှိုင်းလွန်းပါတယ်.... တစ်ပါးသူအဖြစ်ဟန်ဆောင်ခြင်းဟာ ဥပဒေနဲ့မကာင်းပါဘူးဆိုတာ ဆရာကြီးနားလည်မှာ မဟုတ်ဘူး''

''မင်းအသိကတော့ အံ့ချီးဖွယ်ရာပဲ''

ဟဲလ်မီတန်က ခပ်ငေါ့ငေါ့ပြောလိုက်သည်။

''ခင်ဗျားဆီကို ကျူပ်ရောက်လာပြီး ကျူပ်ဆန်ဒါး(စ်)မဟုတ်ပဲ ခင်ဗျားကို ကျူပ်ဆန်ဒါး(စ်)ပါလို့ပြောပြီး ခင်ဗျားက ကျူပ်ကို ဆန်ဒါး(စ်)မှတ်ပြီး ချက်လက်မှတ်တစ်စောင်ထုတ်ပေးရင် ကျွန်တော်ဘာဖြစ်မလဲ''

''ငါဘာဖြစ်သွားမလဲတော့ ငါသိတယ်''

ဟဲလ်မီတန်က ပြန်ဖြေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟဲလ်မီတန် ထိုနေ့နောက်ပိုင်းတွင် ဆန်ဒါး(စ်)နှင့်တွေ့ဆုံသောအခါတွင် စိတ်စနိုးစနောင့်ဖြစ်နေသော ကိစ္စရပ်ကို ဖွင့်ပြောပြလိုက်သည်။

''ဘုန်းစ် ဒီလောက် ရူးရူးစိုက်စိုက်လေ့လာတာမျိုး ကျွန်တော်မတွေ့ဖူးဘူး... အိပ်မက်မက်ရင်း လမ်းလျှောက်နေသလို လမ်းလျှောက်နေတယ်.... ကျွန်တော့်ကိုလည်း တရားသူကြီးမင်းခင်ဗျား.... လို့ခေါ်ရင်ခေါ်တယ်.... အဲဒီ ဥပဒေသင်တန်းကလာမဲ့စာတွေကို ကြားကဖြတ်ယူထားလိုက်လို့ မဖြစ်ဘူးလား.... ဆန်ဒါး(စ်)''

ဆန်ဒါး(စ်)က ပြုံးလိုက်သည်။

''အဲဒါတော့ ငါလုပ်လို့မရဘူး.... ဒါပေမဲ့ ငါ ဘုန်းစ်ကို ပြောလိုက်ပါဦးမယ်''

သို့သော် သူပြောခွင့်မရခင်မှာပင် စိတ်ဝင်စားဖွယ်ကောင်းသော အဖြစ်အပျက်တစ်ခုဖြစ်ပွားသည်။ ဘုန်းစ်တစ်ယောက် ညသန်းခေါင်အချိန်တွင် စစ်ရေးပြကွင်းထဲတွင် လမ်းလျှောက်နေသည်ကိုတွေ့ကြောင်း ကင်းတပ်ဖွဲ့မှ တပ်ကြပ်က အစီရင်ခံလာသည်။

ဘုန်းစ်၏တဲမှာ စစ်ရေးပြကွင်း၏တစ်ဘက် ကင်းတဲနှင့် မျက်နှာချင်းဆိုင်ဘည့်တည့်တွင် တည်ရှိသည်။ ထို့ကြောင့် ပူအိုက်လွန်းလှ၍ အိပ်မရသောညများတွင် တဲရှေ့၌ ခေါက်တုန့်ခေါက်ပြန် လျှောက်နေသော ဘုန်းစ်ကိုတွေ့ရမြဲဖြစ်သည်။ ထိုကာလများတွင် ဘုန်းစ်သည် ကြောင်ကြောင်ကျားကျား ညဝတ်အင်္ကျီကိုဝတ်၍ ဘောင်းဘီပွနှင့် သားရေပျော့ရှူးဖိနပ်စီးထားလေ့ရှိသည်။

ကင်းရဲဘော်သည် ထိုကြောင်ကြောင်ကျားကျား၊ ညဝတ်အင်္ကျီ၊ ဘောင်းဘီဝတ်ဆင်ထားသော သဏ္ဍာန်သည် စတိုရုံဘက်



သို့ လျှောက်သွားသည်ကို တွေ့သောအခါတွင် မည်သို့မျှ အရေးအရာမထားလိုက်မိချေ။ ကင်းတပ်ဖွဲ့တပ်ကြပ်ကိုသာ အမှတ်တမဲ့ ပြောလိုက်ပြီး ထိုတပ်ကြပ်ကလည်း ဟဲလ်မီတန်အား အမှတ်တမဲ့ ပြောလိုက်သည်သာဖြစ်သည်။ အရေးအရာလုပ် သတင်းပို့အစီရင်ခံခြင်း မဟုတ်ချေ။

''ဘယ်အချိန်လောက်လဲ''

ဗိုလ်ကြီးဟဲလ်မီတန်က စိတ်ဝင်စားစွာမေးလိုက်သည်။

''သခင်... မနက်မိုးမလင်းခင် သုံးနာရီလောက်မှာပါ''

မနက်စာဝိုင်းတွင် ဘုန်းစ်နှင့်ဆုံသည်နှင့် ဟဲလ်မီတန်က မေးလိုက်သည်။

''ညလယ်ကြီးမှာ မင်းဘာလုပ်နေခဲ့လဲ''

ဟဲလ်မီတန်က မေးလိုက်သည်။

''ကျုပ်လား... အိပ်နေတယ်လေ.... ဗိုလ်ကြီး အဲဒီ အချိန်မှာ အဲဒီအလုပ်လုပ်နေကြပဲလေ အာစရိ''

ဘုန်းစ်က ဖြေလိုက်သည်။

ဟဲလ်မီတန်က သူ့ကို တအံ့တသြကြည့်လိုက်သည်။

''မဟုတ်သေးဘူး.... ဘုန်းစ် မင်းမနက်သုံးနာရီအချိန်မှာ စစ်ရေးပြကွင်းထဲ လျှောက်သွားနေခဲ့တယ်''

ဘုန်းစ်က အာမေဋိတ်ပြုလိုက်မိသည်။

''ကျုပ်.... ကျွန်တော်.... ဟုတ်လား....အို....တို့ဗိုလ်ကြီး လေကောင်းလေသန့်ရအောင် လုပ်ပေးစမ်းပါဦး.... ပူတယ်လေ.... ပူတော့ ဗိုလ်ကြီးဦးနှောက်ထိခိုက်တတ်တယ်.... စိတ်သက်သက် သာသာနေပါဗိုလ်ကြီး''

ဘုန်းစ်က ချော့ချော့မော့မော့လေး ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



''နေပါဦး မနက်သုံးနာရီအချိန်မှာ မင်းရဲ့ကြောင်ကြောင်ကျားကျား ညဝတ်အင်္ကျီ ဘောင်းဘီဝတ်ပြီး လျှောက်သွားမနေခဲ့ပါဘူး.... လို့ မင်းဆိုလိုချင်သလား''

''ဆိုလိုချင်သလား မဟုတ်ဘူး ဆိုကိုဆိုလိုတယ် ဗိုလ်ကြီး''

''မင်း အိပ်နေရင်း လမ်းလျှောက်ဘူးလား ဘုန်းစ်''

ဆန်ဒါး(စ်)က မေးလိုက်သည်။

''ချာတိတ်အရွယ်က လွန်ခဲ့တဲ့နှစ်ပေါင်းများစွာ..... များစွာက''

တစ်ဘတ်စ်က ဝန်ခံလိုက်သည်။

ဆန်ဒါး(စ်)နှင့်ဟဲလ်မီတန် နှစ်ယောက်ထဲ ဆွေးနွေးသောအခါတွင် ဆန်ဒါး(စ်)သည် ထိုကိစ္စကို ခပ်ပေါ့ပေါ့ပင် သဘောထားလိုက်သည်။

''သူအလုပ်ပင်ပန်းနေတယ်.... ဒါကြောင့် အိပ်မက်ထဲ လမ်းလျှောက်နေတယ်.... သူ့ကိုယ်သူ ထိခိုက်စရာ ဘာမှမရှိပါဘူး.... ကင်းတပ်ဖွဲ့ ဘပ်ကြပ်ကြီးတို့သာ သူ့ကိုနည်းနည်းပါးပါး ဂရုထားကြည့်ဖို့ သတိပေးလိုက်ပါ''

ထိုည ဘာမှမဖြစ်ပွားချေ။ သို့သော် နောက်တစ်နေ့ညတွင် ပူအိုက်လွန်းသောကြောင့် ဟဲလ်မီတန်သည် သူ၏ခေါက်ခုတင်အား လေသာဆောင်သို့ ထုတ်လာသည်။ ခြင်ထောင်မပါသည်ကို ခြင်များ ချက်ချင်းသတိမပြုမိကောင်းပါဟု မှတ်လိုက်သည်။ တစ်နာရီမျှ တဖတ်ဖတ်နှင့်ရိုက် တဘုန်းဘုန်းနှင့်ခါပြီးနောက်တွင်မူ ဟဲလ်မီတန်သည် စိတ်ပျက်လက်ပျက်ကျိန်ဆဲပြီး ထလိုက်သည်။ မှောင်နေသောထမင်းစားခန်းထဲသို့ ဝင်ရောက်သွား



ပြီး သံပုရာရည်တစ်ခွက် ဖျော်လိုက်သည်။

သူ၏ခုတင်သို့ပြန်ရောက်သောအခါတွင် မျက်လုံးကောင်းကောင်းကျယ်နေသည်။ ခြင်ထောင်ထောင်ရန် အစီအစဉ်ကို စွန့်ပယ်လိုက်ပြီး လေသာဆောင်ရှိ ကုလားထိုင်ရှည်တစ်လုံးတွင် ထိုင်၍ ဆေးလိပ်မီးညှိလိုက်သည်။

လသာညဖြစ်သည်။ နေ့တစ်မျှ လင်းထိန်နေသည်။ သူသည် ခေါက်တုံ့ခေါက်ပြန်လျှောက်နေသော ကင်းသမား၏ ဘက်နက်ကို ကောင်းကောင်းမြင်ရသည်။ ထို့အပြင် သူ စီးကရက်ခိုးသောက်နေကြောင်း စီးကရက်မီးတောက်ရဲရဲက ဖော်ကောင်ပြုနေသည်။ ဟဲလ်မီတန်ပြုံးလိုက်သည်။ သူအရာရှိသက်နုစဉ်ကာလဆိုလျှင် ထိုသို့ စည်းကမ်းဖောက်ဖျက်သူကို ချက်ချင်းလက်ငင်း အရေးယူခဲ့ပေသည်။

ဟဲလ်မီတန်သည် ညဝတ်အင်္ကျီဘောင်းဘီဝတ်ဆင်ထားသော သဏ္ဌာန်တစ်ခု စစ်ရေးပြကွင်းကိုဖြတ်၍ ဘုန်းစ်၏တဲထဲသို့ ဝင်ရောက်သွားသည်ကို တွေ့လိုက်ရသည်။ သူသည် ငါးမိနစ်မျှ စောင့်ဆိုင်းမိသည်။ သို့သော် မနေနိုင်တော့သည့်အတွက် ကုလားထိုင်မှထ၍ ဓါတ်မီးတစ်လက် ဆွဲယူလိုက်သည်။ ကွင်းပြင်ကို ဖြတ်လျှောက်ခဲ့သည်။

ဘုန်းစ်သည် တံခါးနှစ်ဖက်နှင့် ပြတင်းပေါက်နှစ်ပေါက်ကို ဟင်းလင်းဖွင့်ထားသည်။ ဟဲလ်မီတန်သည် အခန်းထဲသို့ ဓါတ်မီးထိုးကြည့်လိုက်သည်။ ခြင်ထောင်အောက်တွင် အကျအန အိပ်မောကျနေသော ဘုန်းစ်ကို တွေ့ရသည်။ ဘုန်းစ်သည် သူ၏မျက်နှာပေါ် အလင်းရောင်ကျသည်နှင့် အာလုတ်သံပြု၍ တစ်ဘက်သို့ လှည့်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"မိန်းမှုဆိုတာ လူယဉ်ကျေးအသိုက်အမြုံက လုံးဝဥဿုံ မုန်းတီးစက်ဆုပ်တဲ့ ပြစ်မှုမျိုးပဲ"

ဘုန်းစ်က ယောင်ရမ်းရေရွတ်လိုက်သည်။

ဟဲလ်မီတန်သည် ကွင်းပြင်ကိုဖြတ်၍ ရဲဘော်ဆီသို့လျှောက်သွားသည်။ သူကျူးလွန်ခဲ့သောအပြစ်ကိုပြောပြပြီး မီးမသေသေးသော ဆေးလိပ်တိုကို သက်သေဖော်ကောင်ပြုနေခဲ့သည်။

"တစ်ဘတ်စ် သူ့တဲလေးက ထွက်လာတာကို ကျွန်တော်မတွေ့မိပါဘူး.... သခင်၊ ဒါပေမဲ့ နောက်ဘက်က တံခါးကို ကျွန်တော်လှမ်းမမြင်ရဘူး.... နောက်ပြီး တစ်ဘတ်စ်က သူ့ဟာသူသွားလိုက်လာလိုက်နဲ့ဆိုတော့ ကျွန်တော်သူ့ကို မဟန့်တားပါဘူး.... သူက အထက်အရာရှိပဲ"

"သူ ဒီစီးကရက်ကို လွှင့်ပစ်ခဲ့လား"

ဟဲလ်မီတန်က ခနဲ့တဲ့တဲ့ မေးလိုက်သည်။

"သခင်.... သူပစ်သွားတာပဲနေမှာပေါ့.... တခြား ဘယ်သူက စီးကရက်သောက်မှာမို့လဲ"

ဟဲလ်မီတန်သည် ထိုကိစ္စကို ဆက်လက်ဆွေးနွေး၍ အကျိုးမရှိကြောင်း သဘောပေါက်လိုက်သည်။ နောက်တစ်နေ့မနက်တွင် ထွက်စာဝင်စာအများကြီး ရောက်လာသည်။ ဘုန်းစ်ဥပဒေသင်တန်းမှ စာအိတ်ထူကြီးနှစ်အိတ်ပါရှိသည်။

ထို့အပြင် အာမက်ကို ဌာနချုပ်သို့ ပြန်ပို့ရန် တရားဝင်စာရွက်စာတမ်းများပါ ပါရှိလာသည်။

ဟဲလ်မီတန်သည် အာမက်အတွက် လိုအပ်သည့် စာရွက်စာတမ်းများ ဖြည့်နေရသောကြောင့် ဘုန်းစ်ကို စစ်ဆေးမေးမြန်းခြင်း ပြုလုပ်ရန် အချိန်မရလိုက်ချေ။ ဤကိစ္စမျိုးတွင် ဘုန်းစ်က



အပျော့ဆုံးကျူရိုးပင်.... သူသည် စစ်သည်တစ်ဦး၏ ကျန်းမာရေးမှတ်တမ်းတွင် ပြစ်မှုများ ဖြည့်စွက်ပြီး ပြစ်မှုမှတ်တမ်းတွင် လည်းချောင်းနာရောဂါဖြည့်လျှင် ဖြည့်တတ်သည်။

ညနေလောက်ကျမှသာလျှင် ဘုန်းစ်နှင့်တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

"ဘုရားသခင်....အာစရိ ကျုပ်ကို နောက်နေတယ် မှတ်တယ်.... အိပ်မက်ထဲ လမ်းလျှောက်တယ်လို့ မဟုတ်သေးပါဘူး"

ဘုန်းစ်က အကြောက်အကန်ငြင်းလိုက်သည်။

ဘုန်းစ်သည် သူအိပ်မက်ထဲလမ်းလျှောက်နေသည်ဟု သိရသောအခါတွင် ထိတ်လန့်တကြား အဖြစ်သည့်အပြင် သူ၏ထူးခြားမှုကို ဂုဏ်ယူဟန်ပင်ရှိသည်။ သူ၏ လူငယ်ဘဝ အိပ်မက်ထဲလျှောက်စဉ်က အတွေ့အကြုံများကို စီကာပတ်ကုံး ပြောပြသည်။ အုတ်ရိုးပေါ် လမ်းလျှောက်ခဲ့ဖူးသည်။ သည်းထိတ်ရင်ဖို အဖြစ်အပျက်ကို ဇာတ်ကြောင်းပြန်ပြသည်။

"ပျက်စီးရကိန်းကို မျက်နှာချင်းဆိုင်တဲ့ အခြေအနေပေါ့ အာစရိ"

"ပျက်စီးမှုကို ငါစာနာမိတယ်.... မင်းလိုလူကို မဖျက်ဆီးမီ စွန့်တာလဲ လူမှုဟုတ်ရဲ့လားလို့ ဒွိဟပွားစရာ ကြုံလို့နေမှာပဲ.... ဒါပေမဲ့ ဒီတစ်ခါတော့ ငါမင်းကို သတိပေးလိုက်မယ်.... မင်းဒုက္ခအကြီးအကျယ်ရောက်နိုင်တယ်.... မင်းကို စောင့်ကြပ် ဖို့ လူတစ်ယောက်ချရရင်ကောင်းမယ် မဟုတ်ဘူးလား"

"ဟုတ်တယ်.... ကောင်းမှာမဟုတ်ဘူး"

ဘုန်းစ်က မကျေနပ်သံဖြင့် ပြောလိုက်သည်။

"ဒီလို ညသန်းခေါင်လျှောက်တဲ့ကိစ္စကို တစ်နည်းနည်း

www.burmeseclassic.com

www.burmeseclassic.com



နဲ့ ရပ်တန့်ရမယ်.... မင်းအခန်းကြမ်းပြင်ပေါ်မှာ သံမှိုလေးတွေ ကြဲထားပါလား''

ဘုန်းစ်မျက်နှာရှုံ့မဲ့ပြီး အသံများပင် ထွက်လိုက်မိသည်။

''ဒါမှမဟုတ် မင်းခြေမကို ကုတင်တိုင်နဲ့ချည်ထား.... မင်းလုပ်ရပ်ကြောင့် တစ်ဖွဲ့လုံး ဂယောင်ချောက်ချားဖြစ်ကုန်မယ်.... တစ်နည်းနည်းနဲ့ ရပ်တန့်ရလိမ့်မယ်''

''ဒီကိစ္စ ကျွန်တော်ကြည့်လိုက်ပါ့မယ်''

ဘုန်းစ်က ခပ်ကုပ်ကုပ်ပြောလိုက်သည်။

ဘုန်းစ် သူ့တဲသို့ ပြန်ရောက်သောအခါတွင် ဖါမတ်က ခြင်ထောင်ထောင်၍ ခြင်ထောင်စများကို မွေ့ရာအောက်သို့ ထိုးသွင်းနေသည်ကို တွေ့ရသည်။

''အခုတော့ ကျွန်မစိတ်ချမ်းသာသွားပြီ တစ်ဘတ်စ်.... အာမက်ကို သဘောကြီးဆီခေါ်သွားပြီလေ.... သူ့ကို ဘယ်တော့မှ တွေ့ရမှာမဟုတ်တော့ဘူး''

သူမက ပြောလိုက်သည်။

ဘုန်းစ်သည် အာမက်အကြောင်းနှင့် ဤမိန်းမ၏ အမုန်းနှင့်အမှားအကြောင်း လေကန်ချင်စိတ်မရှိချေ။ သို့သော် သူ၏ ဉာဉ်ယံခရီးအကြောင်း နည်းနည်းတီးခေါက်ကြည့်လို၏။

''ဒါ ညဘက်လမ်းလျှောက်နေတာကို စစ်သားတွေ တွေ့လား ဖါမက်''

ဘုန်းစ်က မေးလိုက်သည်။

သူမခေါင်းညိတ်လိုက်သည်။ ဘုန်းစ် အံ့အားသင့်သွားသည်။

''ကျွန်မကိုယ်တိုင်မြင်ဘူးပါတယ်.... သခင်.... သခင်ရဲ့ ပိုးထည်ညဝတ်အင်္ကျီတွေဝတ်ပြီး အဝါရောင်ဘွတ်ဖိနပ်ကြီး စီးလို့ တစ်ကြိမ်မှာတော့ ကျွန်မတဲကိုလာပြီး ကျွန်မလင်ကို လှမ်းခေါ်တယ်.... ကျွန်မထွက်လာတော့ သူ့ကိုတွေ့ချင်တယ်လို့ ပြောတယ် .... အဲဒီတုန်းက သခင်အကြည့်က အတော်ကြောက်စရာကောင်းတယ်.... သခင်ရူးနေတယ်လို့တောင် မှတ်တာ''



ဘုန်းစ်သည် အနီးဆုံးကုလားထိုင်ပေါ်တွင် ခြေပစ်လက်ပစ်ထိုင်ချလိုက်သည်။

''ဘုရားသခင်.... ဘုရားသခင်.... ဘုရားသခင်.... ဘုရားသခင်.... ဘုရားသခင်''

ဘုန်းစ်သည် အထိတ်တလန့် ရေရွတ်ရင်း သူ၏ဆံပင်ကို လက်နှင့်ထိုးဖွလိုက်သည်။

''နောက်ပြီး အဝတ်အစားတွေဝစားတဲ့ ဂိုဒေါင်ထဲ သခင်ဝင်သွားတာလဲ စစ်သားတွေအများကြီး တွေ့တယ်.... မနေ့ညကတော့ ဗိုလ်ကြီးဟဲလ်မီတန်ကိုယ်တိုင် တွေ့လိုက်တယ်''

ဖါမက်က ဆက်ပြောလိုက်သည်။

ဘုန်းစ်က သူမကိုသွားတော့ဟု လက်ဟန်ပြလိုက်သည်။ တကယ်ပဲ သူရူးလာနေပြီလော.... ဤဒေသ၏ ပူပြင်းလှသောနေပူဒဏ်ကြောင့် လူရွယ်များ ရူးသွပ်ဘူးသည့် သာဓကများရှိသည်။

ညနေစာစားသောက်ရန်အတွက် အရေးပိုင်၏အိမ်သို့ တက်သွားသောအခါတွင် စာတမ်းတစ်ခုပါရှိသွားသည်။ ထိုစာတမ်းအား ဆန်ဒါး(စ်)၏ရှေ့သို့ ထိုးပေးလိုက်သည်။

''ဒါကို သက်သက်လက်မှတ်ထိုးပေးစေချင်တယ်.... အရေးပိုင်ကြီး.... အာစရိကြီး.... ရှိုဟမ်မြို့မှာရှိတဲ့ ကျွန်တော့်

www.burmeseclassic.com

www.burmeseclassic.com



ဘန်ဂလိုလေးကို အရေးပိုင်ကြီးကို ပေးခဲ့တယ်... ဟမ်ကိုတော့ ကျွန်တော့်သေနတ်နဲ့ တခြားပစ္စည်းတွေ...''

ဘုန်းစ်က ချက်ချင်းလက်ငင်း အသက်ကုန်တော့မည့် လေသံဖြင့် ပြောလိုက်သည်။

''ဒါဘာလဲကွ''

ဆန်ဒါး(စ်)သည် အောက်ပါအတိုင်း အစချီထားသော စာရွက်ကို ကြည့်ရင်းမေးလိုက်သည်။

''ကျုပ် အော့ဂတ်စ်တပ်စ်တစ်ဘတ်စ် ဘုရင်ဟော့ဆာတပ်မှ ဗိုလ်သည် စိတ်မှန်ကိုယ်မှန်အခြေအနေမှာပင် အောက်ပါ ..................''

''သေတမ်းစာ ဟုတ်လား... ပေါက်ကရတွေ ဘုန်းစ်... နောက်ပြီး ရှိုဟမ်မှာ ငါ့ကို ဘန်ဂလိုတစ်လုံး အမွေပေးထားတဲ့ သေတမ်းစာကို ငါသက်သေလက်မှတ်ထိုးလို့ မရဘူး... မင်း နေမကောင်းဘူးလား''

''မကောင်းတာတော့ မဟုတ်ဘူး... နယ်ခြားလိုင်းပေါ် ရောက်နေတယ်။ ကြောင်နေပြီဆရာ။ ဟိုဟာကြား၊ ဒီဟာမြင် ညကျဟိုလျှောက်သွား၊ ဒီလျှောက်သွားနဲ့''

ဘုန်းစ်က သူ့ခေါင်းကို လက်နှင့်တောက်ရင်း သေလုမျောပါးအသံဖြင့် ဆိုလိုက်သည်။

''အော်... မင်းညယောင်ပြီး လမ်းလျှောက်တာကို ပြောတာလား အဲဒါကြောင့် မသေပါဘူးကွာ... ကိုင်း.. စားစရာ ရှိတာစား''

ဆန်ဒါး(စ်)က ပြောလိုက်သည်။

❊ ❊ ❊ ❊ ❊ ❊



ဟော့ဆာရဲဘော်များ၏တဲများသည် မြစ်ကမ်းပါးတွင် နှစ်တန်းတန်းလျက်နီးနီးကပ်ကပ် တည်ရှိသည်။ ၎င်းတို့ဘေးမြစ်ဘက်နှင့် ပိုနီးနီးတွင်မူ သူတို့ခြံများရှိသည်။ ကစွန်းဥ၊ အာလူး ကြက်သွန် တို့ စိုက်ပျိုးထားသည်။ ညအခါတွင် ထိုမြင်ကွင်းမှာပင် ကြည့်ပျော် ရှုပျော်ဖြစ်နေပြန်သည်။ တဲတန်းများကြားတွင် မီးပုံများဖို၍ လက် ခုပ်လက်ဝါးတီး၊ ဗုံတီးကခုန်နေတတ်ကြသည်။

ဘုန်းစ်သည် ထိုညအိပ်ရာမဝင်ခင်တွင် သူအိပ်မက်မှ ယောင်၍ထလျှင် ချက်ချင်းနိုးသွားစေမည့် ထောင်ချောက်တစ်ခု ထောင်ထားခဲ့သည်။ ၎င်းမှာ တံခါးဝပေါ်တွင် ပြောင်းရှည်သေနတ်တစ်လက်ကို တင်ထားပြီး တံမြက်စည်းနှင့် ထောက်ထားသည်။ တံခါးကို ဖွင့်လိုက်သည်နှင့် ထိုတံမြက်စည်းကို တိုက်မိပြီး သေနတ်ပြုတ်ကျမည်။

ထိုညတွင် သူ့ကိုလာနှိုးသောသူသည် ထိုထောင်ချောက်ရှိမှန်းသိမည်ထင်သည်။ ညနေက ဘုန်းစ်ထောင်ချောက်ဆင်နေခဲ့သည်ကို ယောက်ျားတိုင်း၊ မိန်းမတိုင်း၊ ကလေးတိုင်းတွေ့ရှိသည်။

''တစ်ဘတ်စ်''

ထိုသူက အရေးတကြီးလှမ်းခေါ်လိုက်သည်။

တတိယအကြိမ်ခေါ်သောအခါတွင် တစ်ဘတ်စ်နိုးသွားသည်။ သူ၏ခုတင်ပေါ်မှ ခုန်ဆင်းပြီး တံခါးကို တွန်းဖွင့်လိုက်ရာ တံခါးပေါ်တွင် ထောင်ထားသော သေနတ်ဒင်နှင့် ခေါင်းရိုက်မိပြီး သတိလစ်လုလုဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



''ဟော့.... ငါ့ကို ဘာလို့လာနှိုးတာလဲ''

ဘုန်းစ်က သူ့ခေါင်းကိုပွတ်ရင်း မကျေမနပ် မေးမြန်းလိုက်သည်။

''သခင်လာကြည့်ပါဦး ဘီနက်စ်ဘူလ် အသတ်ခံရတယ်....''

ဘုန်းစ်က သူ၏ကုတ်အင်္ကျီကို ကမန်းကတန်းကောက်ဝတ်ပြီး ဘွတ်ဖိနပ်ကိုပါ စွပ်လိုက်သည်။ ထို့နောက် ညအမှောင်ထဲလိုက်သွားသည်။

''သူ့ကို ဘယ်သူသတ်လဲ''

ဘုန်းစ်က မေးလိုက်သည်။

''သခင်.... ဘယ်သူမှမသိဘူး.... သူ အော်လိုက်သံကိုကြားပြီး သူ့မိန်းမက ပြေးသွားတော့ အဲဒီလိုလဲကျနေတာကိုတွေ့ရသတဲ့''

တစ်စုံတစ်ယောက်က မီးပုံတစ်ပုံဖိုထား၏။ မီးပုံနားတွင်လဲကျနေသောအလောင်းနားကို လူသူအားလုံး စုရုံးရောက်နေသည်။

ဘီနက်စ်ဘူလ်၏နှလုံးသားတည့်တည့်ကို လှံဖြင့် ထိုးစိုက်သတ်ဖြတ်ခြင်း ခံထားရသည်။ သူသည် တစောင်းလဲနေ၏။ ရွာလမ်းဘက်သို့ လက်ဆန့်တန်းနေသည်။ ရှိုက်ကြီးတငင်ငိုကြွေးနေသော ဘီနက်စ်ဘူလ်၏မယားဖါမတ်က အလောင်းကို တဲထဲသို့ပြန်သယ်ခိုင်းသည်။ သို့သော် ဟော့ဆာများက ဤအတိုင်းပင်ထားထားကြသည်။

ဘုန်းစ်သည် အရေးပိုင်၏အိမ်သို့ တက်သွားပြီး အရေးပိုင်နှင့်ဟဲလ်မီတန်ကို နှိုးလိုက်သည်။ သူတို့နှင့်အတူ တဲများဆီသို့ပြန်လာခဲ့သည်။

ဆန်ဒါး(စ်) အတော်စိတ်ရှုပ်ထွေးသွားသည်။ ဤနယ်မြေတွင် စစ်မက်ဖြစ်ပွားနေခြင်းမရှိချေ။ ထို့အပြင် ဤလူမှာ ရန်သူမရှိသူပင်ဖြစ်သည်။ အာမက်မှလွဲ၍ တခြားရန်သူမရှိဟု ဆိုနိုင်သည်။ ၎င်းအာမက်မှာလည်း သင်္ဘောတစ်စင်းဖြင့် ပင်လယ်ပြင်ထဲ မိုင်ပေါင်းများစွာ ခရီးရောက်နေပြီ။

ထို့အပြင် မိသားစုချင်း ပဋိပက္ခများလည်း မရှိချေ။ သူသည် သူ့မယားနှင့်ပျော်ပျော်ရွှင်ရွှင် နေထိုင်သည်။ သူမကိုရိုက်တတ်သည်ဟူ၍ မရှိသလောက်ပင် အတော်နားလည်ရခက်သော ကိစ္စပင်။

အလောင်းကို ဖယ်ရှားပြီးနောက်တွင် ဆန်ဒါး(စ်)က လူသတ်လက်နက်ကို စစ်ဆေးကြည့်ရှုလိုက်သည်။ လူသတ်လက်နက်မှာ လှံတိုလေးပင်ဖြစ်သည်။ ဤလက်နက်မျိုး စခန်းထဲတွင် အများအပြားရှိသည်။ ဟော့ဆာများက မြစ်ညာပိုင်းမှဝယ်ယူ ခိုးယူလာလေ့ရှိသည်။ ဘုန်းစ်တဲထဲတွင်ပင် ထိုလှံမျိုး တစ်ဒါဇင်လောက်ရှိသည်။

''ဒါ.... တော်တော်ဆန်းတာပဲ... အဲဒီမိန်းမကို ခေါ်ခဲ့စမ်း''

ဆန်ဒါး(စ်)က ပြောလိုက်သည်။

ရှိုက်ကြီးတငင်ငိုကြွေးနေသောမိန်းမကို သူ၏မိတ်ဆွေများက ဝိုင်းဝန်းချော့မော့ပြီး မီးပုံဘေးနားတွင်ထိုင်နေသော ဆန်ဒါး(စ်)ထံ ခေါ်ဆောင်လာသည်။

''ကဲ.... ပြောစမ်းပါဦး ဖါမတ်.... မင်းဘာသံမှ မကြားလိုက်ဘူးလား.... ''

သူမ တုံ့ဆိုင်းဆိုင်းဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"သခင် … ကျွန်မလင်ကို လှမ်းခေါ်ခဲ့တဲ့အသံကြားရတယ် အဲဒီခေါ်သံကြောင့် သူအပြင်ထွက်သွားတယ်"

"ဘယ်သူ့အသံလဲ ဖါမင် … မင်း ယောက်ျားရဲ့မိတ်ဆွေတွေကို မင်းသိသားပဲ"

ဆန်ဒါး(စ်)က သိမ်မွေ့စွာ မေးလိုက်သည်။

သူမ ခေါင်းခါရမ်းလိုက်သည်။

"သူတို့ အသံမဟုတ်ပါဘူး"

သူမသည် ဘုန်းစ်ကို ထူးဆန်းသောအကြည့်ဖြင့် ကြည့်လိုက်သည်။ ဘုန်းစ်သည် သေအံ့မူးမူးပုံစံ မျက်နှာသွေးဆုတ်သွားသည်။

"ငါ့အသံဟုတ်လား"

သူမ ခေါင်းညိတ်လိုက်သည်။

"ကျွန်မလင်ကို သခင်ခေါ်တဲ့အသံကြားပါကယ် … နောက် … သူ့အော်သံကြားရတယ်"

ဘုန်းစ်တုန့်မသွားချေ။ သူ၏ ခန္ဓာကိုယ် အနည်းငယ် မတ်သွားသည်။ ပုံမှန်ထက်ပင်ပို၍ မတ်သွားသရောင်ရှိသည်။ ထို့နောက် လူသတ်လက်နက်ဖြစ်သော လှံတံကို လှမ်းကောက်လိုက်သည်။ မီးပိုမီးရောင်ဖြင့် စစ်ဆေးကြည့်ရှုလိုက်သည်။ လှံတံ တစ်ဘက်စောင်းတွင် ကျည်းထိုးထားသည်။

"ဒါ ကျွန်တော့လှံတံပဲ … လွန်ခဲ့တဲ့ သုံးလလောက်က နဝွန်ဘီတွေဆီက ယူလာခဲ့တဲ့လှံပဲ"

ဘုန်းစ်က ရိုးစင်းစွာ ပြောလိုက်သည်။

ဟဲလ်မီတန်က သူ့လက်ကို လှမ်းယူ၍ကြည့်လိုက်သည်။ သွေးပေနေသည်။ သို့သော် လှံတံပေါ်မှ သွေးမခြောက်သွေ့သေး



ဘူ ထိုသွေးလည်းဖြစ်နိုင်သည်။ ထိုနောက် သူသည် ဖါမတ်ကို အေးစက်သောမျက်လုံးများဖြင့် ကြည့်လိုက်သည်။

"ဖါမတ် … မင်းတစ်ဘတ်စ်အသံကို ကြားတာမဖြစ်နိုင်ဘူး … အဲဒီပေါ်တက်ကရအပြောတွေပဲ … တစ်ဘတ်စ်အိပ်နေတုန်းမှာ ငါသူ့တဲ့ရိပ်က စောင့်ကြည့်နေခဲ့တယ် … အိပ်မက်ထဲမှာ လမ်းလျှောက်တတ်တဲ့အကျင့်ရှိမှန်းသိလို့ ငါကိုယ်တိုင် ကြပ်ကြပ်မတ်မတ်စောင့်ကြည့်နေခဲ့တယ်'

"အဲဒါတော့ ကျွန်မမသိဘူး … သခင် … ဘီနက်စ်ဘူလ်ကို တဲထဲက ခေါ်ထုတ်သွားတာ တစ်ဘတ်စ်ရဲ့အသံဆိုတာပဲသိတယ်"

သူမက ရိုးစင်းစွာ ပြောလိုက်သည်။

သူမသည် ထိုစကားကိုသာ ခိုင်ခိုင်ကိုင်ထားခဲ့သည်။ ဘာပန်ကျောင်းသမားကို စစ်ဆေးမေးမြန်းလိုက်သည်။ စစ်ရေးပြကွင်းကို ဘုန်းစ်ဖြတ်သန်းသွားသည်ကို မတွေ့လိုက်သော်လည်း ဘုန်းစ်၏တဲနောက်ဘက်မှ ကွေ့သွားနိုင်သော တောလမ်းရှိသည်။ ထိုဘက်မှသွားလျှင် သူမြင်မည်မဟုတ်ကြောင်း ထွက်ဆိုသည်။

"ကဲ … တို့ ဒီကိစ္စဆွေးနွေးကြရအောင် အိမ်ပေါ်လိုက်ခဲ့ ဘုန်းစ် အရက်တစ်ခွက်လောက် သောက်လိုက်ဦး"

ဆန်ဒါး(စ်)က အေးဆေးစွာ ပြောလိုက်သည်။

သူတို့သုံးဦးသည် စစ်ရေးပြကွင်းကို တိတ်တဆိတ်ဖြတ်လျှောက်လာသည်။ မှောင်မဲနေသော အိမ်ကြီးအတွင်းသို့ ဝင်ရောက်ခဲ့သည်။ ဟဲလ်မီတန်က ဒီးအိမ်တစ်အိမ်ကို ထွန်းလိုက်သည်။ စားပွဲပေါ်သို့ ဝီစကီပုလင်းကြီးတစ်လုံးချလိုက်သည်။ ဘုန်းစ်မျက်နှာဖြူလျော်တင်းမာနေသည်။ သူသည် ဖန်ခွက်ကို တွန်းထုပ်ပြီး ခေါင်းခါရမ်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



''မသောက်ဘူး... ကျေးဇူးတင်ပါတယ်''

ဘုန်းစ်က အသံအစ်အစ်ဖြင့် ပြောလိုက်သည်။ ထို့နော စကားဆက်လိုက်သည်။

''အဲဒီ သူ့ကို ကျူပ်တကယ်ပဲ သတိမိသလား... တစ် တော့ရှိတယ်.. ကျူပ်အိပ်ရာဝင်တော့ သူ့အကြောင်းတွေးနေ ခဲ့သေးတယ်''

''မင်း ဘယ်သူမှမသတ်ခဲ့ပါဘူး.... ဘာတွေ ပေါက်က ရွှတ်နေလဲ.... အဲဒီမိန်းမသေမတတ် စိတ်ချောက်ချားပြီး ပေါက်က ပြောနေတယ်. မနက်ကျရင် ဇာတ်လမ်းတစ်မျိုးဖြစ်လိမ့်မယ် တစ်ယောက်ယောက် ဘီနက်စ်ဘူလ်ကို အာဃာတရှိလို့ သ တာပဲ.... ဘာမှထူးခြားတဲ့ကိစ္စမဟုတ်ဘူး''

ဟဲလ်မီတန်က ပြောပြောဆိုဆိုပင် ဆန်ဒါး(စ်)ကို လှမ်း ကြည့်လိုက်သည်။

''ဘာမှ ထူးခြားတဲ့ကိစ္စ မဟုတ်ဘူး''

ဆန်ဒါး(စ်)က အေးဆေးစွာ ပြောလိုက်သည်။

''သူ့ကို ကျွန်တော်သတ်တယ်လို့ ထင်လား.... အဲရော မင်း''

ဘုန်းစ်က လှမ်းမေးလိုက်သည်။

''မင်းကို သတ်တယ်ထင်သလား.... ဟုတ်လား....ငါမထ ပါဘူး ဘုန်းစ် . ''

ထိုတစ်ည ဆက်အိပ်မနေတော့ချေ။ မနက်မိုးလင်းသေ အခါတွင် ဆန်ဒါး(စ်)အတွေးတစ်ခု ဝင်လာသည်။ ဟဲလ်မီတန်အ ပြောလိုက်သည်။

''မင်းရိက္ခာဂိုဒေါင်ကိုရော စစ်ဆေးကြည့်ပြီးပြီလား



မစ္စည်းတွေဘာတွေ လျော့နေလားလို့.... ဘုန်းစ် အဲဒီဂိုဒေါင်ထဲ ခိုးကြိမ်တောင်ဝင်ခဲ့တယ်လို့ ပြောကြတယ်မဟုတ်လား''

ဆန်ဒါး(စ်)က ပြောလိုက်သည်။

ဟဲလ်မီတန်သည် ထိုအကြောင်းကို လုံးဝမတွေးမိခဲ့ချေ။ ဆန်ဒါး(စ်)ပြောမှ သတိရပြီး ချက်ချင်းပင် စစ်ဆေးရန်ထွက်လာခဲ့ သည်။ သူ၏သော့ကိုယူ၍ တံကြပ်ကြီး အာဘီဘူးကို အဖော်ခေါ် လိုက်သည်။ စစ်ဆေးမှုကို လျှပ်တစ်ပြက်သာပြုရန်လိုခဲ့သည်။

ဂိုဒေါင်ထဲကြည့်လိုက်သည်နှင့် တစ်စုံတစ်ဦး အလျင်စလို ဝင်ရောက်သွားခဲ့မှန်း အထောက်အထားများတွေ့ရသည်။ စောင် သို့တစ်ထပ်ကို လှန်လှောထားပြီး ၎င်းတို့ကို စစ်ဆေးကြည့်ရှု လိုက်သောအခါတွင် ခြောက်ထည်လျော့နေသည်ကို တွေ့ရသည်။ ပည်သွပ်ပုံးများထည့်သိုထားသော အတွင်းခန်းတွင်မှ သေတ္တာတစ် လုံးကို ဖေါက်ထားပြီး ဟင်းသီးဟင်းရွက်နှင့် အသားပုံးဆယ်ပုံး ပျောက်နေသည်။ ထိုမျှပင် မကသေးချေ။ စတိုခန်းလေးတစ်ခုတွင် သီအန်လီလ်ရိုင်ဖယ် ဆယ်လက်ထောင်ထားလေ့ရှိသော်လည်း ၎င်းစင်မှ ရိုင်ဖယ်နှစ်လက်နှင့် ကျည်ဆန်တစ်ပုံးပျောက်နေသည်။ ပတ်တမ်းစာရွက်စာတမ်းများသာ ထားရှိသော မီးခံသေတ္တာတစ်လုံး ကိုလည်း မွှေနှောက်ဖေါက်ထွင်းရန် ကြိုးစားသည့် လက္ခဏာများ တွေ့ရသည်။

ဟဲလ်မီတန်သည် ဆန်းဒါး(စ်)ထံသို့ ပြန်ရောက်လာသည်။

''အိပ်မက်ယောင်နေတဲ့လူဟာ အခုလိုစနစ်တကျ ခိုးနိုင် တာမဟုတ်ဘူး.... ငါဒွာနချုပ်ကို ကြေးနန်းရိုက်ႇ ဦက်မယ်.... ဒီ မနက်လောက်မှာ သဘောဆိုက်ရမှာပဲ.. ကြေးနန်းကြိုး မပြတ်နေ လို့ကတော့.... ''

www.burmeseclassic.com

www.burmeseclassic.com



ကြေးနန်းကြိုးမပြတ်ကြောင်း အလုပ်လုပ်နေကြော ကြောင်းမှာ သိလိုက်သည်။ ဌာနချုပ်မှပေးပို့လိုက်သော ကြေး ရောက်လာသည်။

"သင်္ဘောဆိုက်သောအခါတွင် ရဲဘော်အာမက်မပါ ၎င်းကမ်းရိုးတန်းက မခွာခင်ကပင် အာမက်သင်္ဘောပေါ်မှ ဆ ပြေးခဲ့သည်ဟု သင်္ဘောဦးစီးက ယုံကြည်သည်။

ဆန်ဒါး(စ်)နှင့်ဟဲလ်မီတန်သည် တစ်ယောက်ကို တ ယောက်ကြည့်လိုက်မိသည်။

"အာမက်ကိုလိုက်ရှာ... သူဟာ အတော်ရေကူး ကျ ကျင်တဲ့သူ၊ သင်္ဘောပေါ်က ခုန်ချပြီး ကမ်းခြေကို အလွယ်တ ရောက်နိုင်တယ်"

ကမ်းခြေတစ်ဘက်ကွင်းမှ မြောက်ဘက်သို့ မိုင်ငါးဆယ် အထိ ပေါက်ရောက်သော တောအုပ်ကြီးရှိသည်။ ၎င်းဒေသသ လေပြင်းကျရာလမ်းကြောင်းပေါ် တည်ရှိနေသောကြောင့် အ နေထိုင်သူမရှိသလောက်ပင် ဖြစ်သည်။

"သူ အဲဒီတောထဲဝင်အောင်းပြီး ညကျစခန်းထဲဝ ဘီနက်စ်ဘူလ်ကို ရှင်းလိုက်တာပဲ"

ဟဲလ်မီတန်က ပြောလိုက်သည်။

"ဒါပေမဲ့ ဘုန်းစ်အသံကတော့"

"အဲဒီလှည့်ကွက်က မဆန်းပါဘူး... ဒီဟော့ဆာတွေ အသံဟုလုပ်တဲ့နေရာမှာ ပါရဂူတွေ... ဘုန်းစ်အသံကို တုပ ကြတာ... အရေးပိုင်လဲ အသိပဲ"

ဟဲလ်မီတန်က ပြောပြောဆိုဆိုပင် ဘုန်းစ်က ဘီန ဘူလ်ကို အာရဗီစကားဖြင့် လှမ်းခေါ်လိုက်သည်။ အသံပြုပြင်



သည်။

တောနက်ထဲဝင်ရောက်ရှာဖွေရန် မလွယ်ကူသည့်တိုင် အောင် ဘုန်းစ်နှင့်မုဆိုးနှစ်ယောက်သည် ခြေရာတွေ့ဖို့ မျှော်လင့် ချက်ဖြင့် ကမ်းခြေအတိုင်းလျှောက်ခဲ့သည်။ စခန်းနှင့်နှစ်မိုင်လောက် အကွာတွင်မှ ပင်လယ်ကမ်းစပ်မှတက်လာပြီး တောထဲဝင်ရောက် ပျောက်ကွယ်သွားသော ခြေရာများကို မြင်လိုက်သည်။

ဤနေရာတွင် တောထဲမှ မြစ်ထဲသို့စီးဝင်နေသော ချောင်း တစ်ချောင်းရှိသည်။ ဘုန်းစ်သည် ထိုချောင်းအတိုင်း လိုက်ကြည့် သည်။ တောထဲထပ်လာပြီး ချောင်းထဲတွင်နေထိုင်သော မိချောင်း အသံကို ကြားရသောအခါ ပြုံးလှည့်လာသည်။

ဘုန်းစ်သည် စခန်းသို့ရောက်သောအခါတွင် အကျိုး အကြောင်း အစီရင်ခံလိုက်သည်။ ဆန်ဒါး(စ်)က လူစုခိုင်းလိုက် သည်။ တန်းစီနေသော ရဲဘော်များကို တစ်ယောက်ချင်းစစ်ဆေး မေးမြန်းသည်။ သို့သော် အာမက်ကိုတွေ့ရှိသူ တစ်ဦးတစ်ယောက် မျှ မရှိချေ။ ၎င်းတို့လိမ်လည်နေခြင်း မဟုတ်ကြောင်းလည်း သဘောပေါက်သည်။ အဘယ်ကြောင့်ဆိုသော် အာမက်ကို မေတ္တာ ထားသူ တစ်ဦးတစ်ယောက်မျှ မရှိသောကြောင့်ဖြစ်သည်။ အာမက် ဘက်မှ ကာကွယ်ဖုံးကွယ်မည့်မိတ်ဆွေ တစ်ယောက်မျှမရှိချေ။

"မင်း... ဒီည ငါ့အိမ်မှာပဲအိပ်ရင် ကောင်းမယ်ထင်တယ် ဘုန်းစ်"

ဆန်ဒါး(စ်)က အကြံပြုလိုက်သည်။

သို့သော် ဘုန်းစ်က သိပ်သဘောမတွေ့မိချေ။ ငြင်းပယ် လိုက်သည်။

"ဒီကိစ္စမှာ ကျွန်တော်ဘယ်လောက်အထိ ပါဝင်သက်နေ

www.burmeseclassic.com

www.burmeseclassic.com



တာကို သိချင်တယ်ဆရာ.... တကယ်လို့ ကျွန်တော့်ကိုတွေ့ရင် ဟန့်တားဆိုအစောင့်ကို သတိပေးထားရင် ပြီးတာပါပဲ''

ဘုန်းစ်က အေးဆေးစွာ ပြောလိုက်သည်။

ထိုနေ့က အလွန်အမင်းပင်ပန်းထားသောကြောင့် သူ၏ မျက်လုံးများ လေးလံနေခဲ့သည်။ အိပ်ရာဝင် ခြင်ထောင်ချ၍ ခေါင်းနှင့်ခေါင်းအုံးထိလိုက်သည်နှင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားသည်။

ဘုန်းစ်အိပ်မောကျနေမှန်း သေချာသောအခါတွင် ဟဲလ်မီတန်သည် ပက်လက်ကုလားထိုင်တစ်လုံးကို သယ်ဆောင်၍ သူ၏ တံခါးပေါက်ရှေ့တွင် ချလိုက်သည်။ တဲနောက်ဘက်သို့ လျှောက်သွားပြီး နောက်ဖေးတံခါးကို တုတ်နှင့်ကျားကန်ပိတ်လိုက်သည်။ ထိုနောက် တဲရှေ့သို့ပြန်လာပြီး ပက်လက်ကုလားထိုင်ပေါ် နေသားတကျထိုင်၍ စောင်ခြုံလိုက်သည်။ ထို့နောက် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားသည်။ တဲတံခါးကို ကန့်လန့်ဖြတ်ပိတ်ထားသောကြောင့် သူမနိုးပဲ တဲထဲမှထွက်၍ မရချေ။

သူ့ကို လန့်နိုးခုန်ထလိုက်စေသော အော်ဟစ်သံကြီးသည် တဲထဲမှလာသော အသံမဟုတ်ချေ။ သူသည် ရင်ခုန်မြန်စွာနားစွင့်လိုက်မိသည်။ အသံက ကင်းတဲမှလာသောအသံဖြစ်သည်။ သူသည် ဘုန်းစ်အတွက် ချက်ချင်းစိတ်ပူသွားသည်။ ကုလားထိုင်ကို ကန်ထုတ်ပြီး တဲထဲသို့ ပြေးဝင်လိုက်သည်။ အိပ်ရာပေါ်တွင် ဘုန်းစ်မရှိချေ။

ဟဲလ်မီတန်သည် တဲထဲမှဒရောသောပါး ပြေးထွက်လာသည်။ သူ့ကိုခေါ်ရန်လာသော တပ်ကြပ်ကြီးနှင့် ပက်ပင်းတိုးသည်။

''သခင်ကြီး.... တပ်ကြပ်ကြီး အာဘီဘူး.... ''



ထိုသူက အမောတကောပြောလိုက်သည်။

''သေပြီလား.... ''

ဟဲလ်မီတန်က အလန့်တကြားမေးလိုက်သည်။

''မသေးဘူးသခင်.... ဒါပေမဲ့ ဒဏ်ရာရထားတယ်.... သူ့တဲထဲမှာ အိပ်နေတုန်း.... တစ်ယောက်ယောက်က ဝင်လာပြီး လှံနဲ့ထိုးသတ်တာ.... ဒါပေမဲ့ သူက ဘေးတစောင်းအိပ်နေတော့ ချက်ကောင်းမထိ.... ''

ဟဲလ်မီတန်သည် ထိုသူ၏စကားကိုဆုံးအောင် စောင့်မနေတော့ပဲ.... ဟော့ဆာတဲတန်းဆီသို့ ပြေးခဲ့သည်။ အာဘီဘူး၏ တဲရှေ့တွင် ပိတ်ဆို့နေသော လူတို့ကို တွန်းဖယ်ဝင်လိုက်သည်။

ဒဏ်ရာမှာ အနည်းအပါးသာ။ အာဘီဘူးသည် သူ၏ ခုတင်ပေါ်တွင် ထိုင်နေသည်။ သူ၏ မယားတစ်ယောက်က သူ၏ဒဏ်ရာကို ကုသပေးနေသည်။

''ကျွန်တော်ဘာမှမသိဘူး သခင်.... ရတ်တရက် နာကျင်တာကို ခံစားရပြီး လန့်နိုးတာပဲရှိတယ်.... ကျွန်တော် အိပ်ရာက မထနိုင်ခင်မှာပဲ ကျွန်တော့်ရန်သူပျောက်သွားတယ်''

အာဘီဘူးက ပွင့်လင်းစွာ ပြောလိုက်သည်။

''စကားပြောသံ မကြားမိဘူးလား။''

ဟဲလ်မီတန်က လျင်မြန်စွာမေးလိုက်သည်။

အာဘီဘူးမကြားမိသော်လည်း ဘေးတဲတွင် အိပ်နေသောမိန်းမက ခေါ်သံကြားခဲ့သည်။

''တစ်ဘတ်စ်ရဲ့အသံပါသခင်''

သူမက ပြောလိုက်သည်။

''ပေါက်ကရတွေ.... တစ်ဘတ်စ်က သူ့တဲမှာ အိပ်နေမှ

www.burmeseclassic.com

www.burmeseclassic.com



တော့ ဘယ်လိုလုပ် တစ်ဘတ်စ်ဖြစ်နိုင်မလဲ''

ဟဲလ်မီတန်က ဟောက်လိုက်သည်။

ဖါမတ်သည် ဟဲလ်မီတန်၏ပတ်လည်တွင် ရပ်နေသော လူအုပ်ထဲမှ တိုးထွက်လာသည်။

''သခင် ကျွန်မတစ်ဘတ်စ်ကို တွေ့ပါတယ်... သရဲတစ်ကောင်လိုပဲ သွေးတွေပေနေတဲ့ လှံတစ်ချောင်းနဲ့ ပျောက်သွားပါတယ်... အဲဒီလှံကို ကျွန်မတဲရှေ့မှာ ပစ်ချလိုက်ပါတယ်... ကျွန်မကိုယ်တိုင်ကြည့်နေတာကို သူမတွေ့ပါဘူး... ကျွန်မ အဲဒီလှံကို မကိုင်ရဲလို့ ဒီအတိုင်းထားထားတယ်''

ထိုအချိန်လောက်တွင် ဆန်ဒါး(စ်)လည်း ရောက်လာသည်။ ဆန်ဒါး(စ်)နှင့် ဟဲလ်မီတန်က ထိုနေရာသို့လျှောက်သွားသည်။ လှံသည် တဲနှစ်ခုကြား လူသွားလမ်းပေါ်တွင် ကျနေသည်။ ဟဲလ်မီတန်သည် ထိုလှံတံကို ကောက်ယူပြီး နာမည်ထိုးထားသည့်နေရာကို ကြည့်လိုက်သည်။ စိတ်ပျက်လက်ပျက် ညည်းတွားပြီး ဆန်ဒါး(စ်)ထံ ကမ်းပေးလိုက်သည်။

''သူတဲထဲမှာ ရှိလား''

ဆန်ဒါး(စ်) စိတ်ပူသံဖြင့် မေးလိုက်သည်။

''မရှိဘူးဆရာ သူဘယ်ကိုထွက်သွားလဲ ဘုရားသခင်ပဲသိမယ်''

ခရာသံပေါ်လာသည်။ ဟော့ဆာရဲဘော်များသည် ဝတ်စုံများဝတ်ဆင်ရန် တဲထဲသို့ အပြေးအလွှားပြန်ခဲ့ကြသည်။ ၎င်းတို့အား နှစ်ယောက်တွဲ သုံးယောက်တွဲစီ အဖွဲ့ဖွဲ့၍ အရေးပိုင်ဝင်းပတ်လည် တောနင်းရှာခိုင်းသည်။ ကျန်လူအရေအတွက်များသော အဖွဲ့တစ်ဖွဲ့ကိုမူ ကမ်းခြေအတိုင်း လွှတ်လိုက်သည်။ တစ်ညလုံး တောနင်းရှာဖွေသော်လည်း ဘုန်းစ်ကိုရော အာမက်ကိုပါ မတွေ့ချေ။



''ငါ... ငါ ဒါလုံးဝ နားမလည်ဘူး... ဘုန်းစ်သတ်တာ မဖြစ်နိုင်ဘူး... ဘယ်လိုမှ မဖြစ်နိုင်ဘူး။ သတ်စရာအကြောင်းလည်း မရှိဘူး''

ဆန်ဒါး(စ်)က မကျေမနပ်ဖြင့် ရေရွတ်လိုက်သည်။

ဟဲလ်မီတန်သည် လက်နောက်ပစ်၍ ခေါင်းငိုက်စိုက်ကျလျက်သာ ရပ်နေသည်။ လုံးဝစိတ်ဓါတ်ကျ စိတ်ကုန်ခမ်းနေသည့်ပုံစံ။

''သိပ်ဆိုးတာပဲ... ထူးထူးဆန်းဆန်းတစ်ခုခု... ''

ဟဲလ်မီတန်စကားစလိုက်ချိန်မှာပင် စစ်ရေးပြကွင်းဆီသို့ လူတစ်ယောက် ဖြတ်ပြေးလာနေသည်ကို လှမ်းတွေ့လိုက်သည်။ ဒဏ်ရာရထားသော တပ်ကြပ်ကြီး အာဘီဘူးပင်ဖြစ်သည်။ သူသည် လှေကားလေးထစ်ကို တစ်ထစ်ပြီးတစ်ထစ် ခုန်တက်လာသည်။

''သခင်... ဘီနက်စ်ဘူလ်ရဲ့မိန်းမ ဖါမတ်မရှိတော့ဘူး''

အာဘီဘူးက အမောတကောပြောလိုက်သည်။

တိတ်ဆိတ်သွား၏။

''မရှိတော့ဘူး ဟုတ်လား''

အာဘီဘူး ခေါင်းညိတ်လိုက်သည်။

''ဟုတ်တယ် သခင်... သူသွားတာ ဘယ်သူမှ မတွေ့လိုက်ဘူး... ဒါပေမဲ့ တစ်ဘတ်စ်ကိုတွေ့လိုက်... ''

''ဘာ... သူ့ကို ဘယ်ဟာန်းက တွေ့လဲ''

ဟဲလ်မီတန် အော်မေးလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"လူတွေအားလုံး စစ်ရေးပြကွင်းရောက်နေတော့ တပ်ကြပ်အလီရဲ့မိန်းမ အဖွားကြီးကျန်ခဲ့တယ်... သူ့ခြေထောက်ရောင်နေလို့ နေခဲ့ရတာပဲ"

"သူ တစ်ဘတ်စ်ကို ဘယ်မှာ တွေ့လိုက်လဲ"

ဆန်ဒါး(စ်)က ဖြတ်မေးလိုက်သည်။

"သူ့သင်္ဘောလေးထဲမှာ ဖွတ်ချက်...ဖွတ်ချက်သင်္ဘောမှာ သူက တစ္ဆေတစ်ကောင်လိုပဲ ပင်လယ်ပြင်ဘက်ကို ဖြတ်မောင်းသွားတယ်"

"ဟ.... အကျိုးနည်းမှုပဲ"

ဟဲလ်မီတန်က အာမေဋိတ်ပြုမိသည်။

သူသည် အဖွားကြီး၏စကားကို မယုံသောကြောင့် ဆိပ်ကမ်းသို့ ပြေးဆင်းခဲ့သည်။ မှန်သည်။ မော်တော်ဘုတ်လေး မရှိတော့ချေ။

❊ ❊ ❊ ❊ ❊ ❊

ဤအဖြစ်အပျက်သည် ထိပ်တန်းလျှို့ဝှက်ဆန်းကြယ်ဇာတ်လမ်းဖြစ်ရပ်ပင် ဖြစ်သည်။ ဆန်ဒါး(စ်)ဌာနချုပ်သို့ မိတ္တူသုံးခုပွားထားသည့် အစီရင်ခံစာရှည်ကြီး ရေးပြီးရုံသာရှိသေးချိန်တွင် စိတ်လှုပ်ရှားစွာ အော်ဟစ်ခေါ်လိုက်သော ဟဲလ်မီတန်၏အသံကြောင့် ကမ်းခြေသို့ ဆင်းသက်ခဲ့သည်။ ဘုန်းစ်၏ ဖွတ်ချက်ဖွတ်ချက် မော်တော်ဘုတ်လေးသည် ပင်လယ်ပြင်ဘက်မှနေ၍



ခုတ်မောင်းလာနေသည်။ မော်တော်ဘုတ်နောက်တွင် လှေတစ်စင်း
ချည်နှောင်ထားပြီး ထိုလှေထဲတွင် အင်မတန် စိတ်ပျက်လက်
ပျက်ဟန်ဖြင့် ထိုင်နေသော လူနှစ်ယောက်ပါလာသည်။

❊ ❊ ❊ ❊ ❊ ❊

ဆန်ဒါး(စ်)၏ရှေ့သို့ ရောက်သောအခါတွင် ဖါမက်က
အောက်ပါအတိုင်း ဝန်ခံလိုက်သည်။
"သခင်.... ဒီလူအာမက်ဟာ ကျွန်မချစ်သူပါ.... သူက
ငယ်ရွယ်တယ်၊ လှပတယ်.... ကျွန်မယောက်ျားကတော့ အသက်
လည်းကြီး၊ အသိဉာဏ်လည်းနည်းပါးတယ်။ ဘိနက်စ်ဘူလ် ကျွန်မ
တို့ကို မိသွားတော့ ကျွန်မက ဗလက်ကာရပြုခံရတဲ့ပုံစံ ဖမ်းလိုက်
တယ်.... သူ့ကို မုန်းတဲ့စကားတွေ တွင်တွင်ပြောခဲ့တယ်.... ဒါပေမဲ့
ကျွန်မတို့ တစ်နေ့နေ့မှာ ကျွန်းတစ်ကျွန်းကို ထွက်ပြေးပြီး သီးသန့်
ဘဝထူထောင်ဖို့ စီစဉ်နေခဲ့တယ်.... ကျွန်မချစ်သူကို တိုက်ပိတ်
လိုက်လို့ တစ်ဘတ်စ်ကိုမုန်းတယ်.... ချောင်းထဲမှာ ကျွန်မတို့
လှေလေးတစ်စင်း ဖွက်ထားပြီး တစ်ဘတ်စ်နှစ်နှစ်မြိုက်မြိုက်
အိပ်နေမှန်းသိလို့.. သူ့ဆီက သော့ကိုခိုးပြီး ဂိုဒေါင်ထဲက အဝတ်
အစားတွေ၊ အစားအသောက်တွေ ဖေါက်ယူခဲ့တယ်.... ကျွန်မ
ဘိနက်စ်ဘူလ်ကို မုန်းလို့သတ်လိုက်တယ်...တစ်ဘတ်စ်ကို ပိုမုန်းလို့
နာမည်ပျက်အောင်လုပ်တာ အာဘီဘူးက ကျွန်မချစ်သူကို ကြာ
ပွတ်နဲ့ ရက်ရက်စက်စက်ရိုက်ခဲ့လို့ သူ့ကိုသတ်တယ်.... ဒါပေမဲ့
သူက တစောင်းအိပ်နေတတ်လို့ သက်သာသွားတာ... "

www.burmeseclassic.com

www.burmeseclassic.com



ဆန်ဒါး(စ်)က မည်သို့သော် မှတ်ချက်မျှမပြုမိချေ။ ပြုရန်လည်း အပိုပင်ဖြစ်မည်။ သူသည် သူ့အကျဉ်းသားများကို အချုပ်ခန်းထဲထည့်ပိတ်လိုက်ပြီး ဘုန်းစ်အား သူ၏အံ့ချီးဖွယ်ရာစွမ်းဆောင်နိုင်မှုကို အစီရင်ခံခိုင်းသည်။

"အိပ်ရာထဲလှဲနေရင်းပဲ တွေးလိုက်မိတယ်.... အရေးပိုင်ကြီးရဲ့.... အပြင်ဘက်မှာ ဟဲလ်မီတန်က ဝက်ကြီးတစ်ကောင်လို ဟောက်နေတုန်းပေါ့.... လျှပ်တပြက်ပဲ အတွေးပေါက်သွားတယ်.... အပေါင်း၊ အနှုတ်အတွေးလေးပါပဲ....ဆရာ ဒီအမျိုးသမီးက ကျုပ်တဲထဲ ဝင်ချင်ထွက်ချင်သလို ဝင်ထွက်ခွင့်ရပြီး လှံကိုယူမယ်ဆိုရင်လည်း သူပဲယူနိုင်တယ်လို့ သဘောပေါက်လိုက်တယ်.... ကျွန်တော် အင်မတန် စည်းကမ်းတကျ စနစ်တကျရှိတာ....အမှတ်တမဲ့ကြည့်ရင်တော့ ထင်မှာမဟုတ်ဘူးပေါ့.... ကျွန်တော့်တဲထဲမှာ လှံဆယ်ချောင်း ဒါမှမဟုတ် ဆယ့်နှစ်ချောင်းရှိမှန်း ကျွန်တော်သိတယ်.... ဒါနဲ့ ကျွန်တော်မီးဖွင့်ကြည့်ပြီး ရေတွက်ကြည့်လိုက်တော့ ခုနစ်ချောင်းလား ကိုးချောင်းလားပဲ.... ရှိတော့တယ်"

"ဒါမှမဟုတ် တစ်ဆယ့်နှစ်ချောင်းလား မသိဘူး"

ဟဲလ်မီတန်က သရော်လိုက်သည်။

"သုံးချောင်း ဒါမှမဟုတ် ငါးချောင်းပျောက်နေတယ်.... ဘာပဲဖြစ်ဖြစ်လေ.... တစ်ချို့တစ်ဝက်ပျောက်နေတာကို တွေ့ရတော့.... ဒါနဲ့ အဲဒီအမျိုးသမီးတဲကို သွားရှာကြည့်လိုက်ရင် ကောင်းမယ်လို့ အတွေးဝင်လာတယ်"

ဘုန်းစ်က လေးနက်စွာ ပြောလိုက်သည်။

"ညလယ်ကြီးမှာ"

ဟဲလ်မီတန်က ရေရွတ်လိုက်သည်။



"ကျုပ်.... ဗိုလ်ကြီးကို ကျော်ခွထွက်လာတာ ဗိုလ်ကြီး မနိုးဘူး"

ဘုန်းစ်က ဝင့်ကြွားစွာပြောလိုက်သည်။

နောက်စကားဆက်လိုက်သည်။

"နောက်ပြီး ကျုပ်က အိပ်မက်ထဲ လမ်းလျှောက်တာ မဟုတ်ဘူး.... ကျုပ်တဲထဲကို ဝင်လိုက်ထွက်လိုက် လုပ်နေခဲ့တာ။ အာမက်ကိုယ်တိုင်ပဲ.... သူများဘောင်းဘီကို လိုက်စွပ်ရအောင် ယုတ်ကန်းတဲ့ကောင်။ ဒီကောင်ပဲဖြစ်မယ်ဆိုတာ တွက်မိတယ်... ကျုပ်တောစပ်ကနေကွေ့ပြီး ဟော့ဆာတဲတန်းကို လျှောက်သွားတယ်.... တဲတန်းထဲဝင်မယ်အလုပ်မှာပဲ... အာဘီဘူးရဲ့တဲထဲကနေ ထွက်ဘိနက်စ်ဘူလ် ထွက်လာတာတွေ့တယ်.... ပြဿနာတက်သံတွေကြားရတယ်.... လတ်တလော ကျုပ်ပုန်းနေတာ အကောင်းဆုံးလို့ တွက်လိုက်မိတယ်.... နောက်ပြီး.... ချက်ချင်းပဲ ဓာတ်လမ်းတစ်ခုလုံး စဉ်းစားမိတယ်.... ကျုပ်ဦးနှောက်က.... "

"မင်းဦးနှောက်လှုပ်ရှားပုံကို တို့ဘာသာတို့ တွေးကြည့်မယ်ကွာ။ အဖြစ်အပျက်လေးသာ ဆက်ပြောစမ်းပါ"

ဆန်ဒါး(စ်)က ခပ်ရှင်ရှင်ပြောလိုက်သည်။

ဘုန်းစ်သည် လူသတ်မ၏နောက်မှ လိုက်သွားသည်။ လှံဖြင့် အသင့်စောင့်ဆိုင်းနေသော အာမက်ကိုတွေ့ရသည်။ ဘုန်းစ်သည် အာမက်နှင့် ဖါမတ်တို့၏ အကြံအစည်ကို ချက်ချင်းတွက်ဆမိပြီး ဆိပ်ကမ်းသို့ ပြန်ပြေးပြီး မော်တော်ဘုတ်ဖြင့် လိုက်ခဲ့သည်။

"ဒါပေမဲ့ ကျုပ်အမိကဆိုပြီး ပြောချင်တာကတော့— ကျုပ်အိပ်မက်ယောင်ပြီး လမ်းလျှောက်သွဲ့အကျင့်မရှိဘူး.... ကျုပ်လှုပ်ရှားရင် နိုးနိုးကြားကြား တက်တက်ကြွကြွ.... ကျုပ်ဟာ

www.burmeseclassic.com

www.burmeseclassic.com



နိုးနေပြီသားဆို အင်မတန်မှတက်ကြွတာ.....ဘြာနချုပ်ကို အစီရင်ခံ တာပေးပို့တဲ့အခါမှာ အဲဒါလေးပါထည့်ရေးပေးပါ.... အရေးပိုင်ကြီး .... နောက်ပြီး အင်မတန်ဆိုးတဲ့ ကျွန်တော့်အထက်အရာရှိကို ကျော်လွှားပြီး အောင်အောင်မြင်မြင် စုံစမ်းထောက်လှမ်း ဖမ်းဆီးနိုင် ခဲ့ကြောင်းပါ ထည့်သွင်းလိုက်ပါ''

ဟဲလ်မီတန်၏ နှုတ်တုန့်ပြန်ချက်ကို စာဖြင့် ရေးသား ဖော်ပြရန် မသင့်တော့ချေ။



## အခန်း (၇)
## ပညာရှိ

ကမ္ဘာပေါ်တွင် မှော်ဆရာ၊ ဗေဒင်ပညာရှင်၊ အကြား အမြင်ပုဂ္ဂိုလ်များ ပေါ်လေ့ပေါ်ထရှိသည်။ သို့သော် တကယ်အစွမ်း ထက် သူက ရှားမှရှားသည်။ နှစ်ပေါင်းတစ်ရာလောက်တွင်မှ တစ်ယောက် ထွန်းထွန်းပေါက်ပေါက် ပေါ်တတ်သည်၊ ဘုရင်များ၊ မင်းများ သေဆုံးပျက်ပြားလျှင်ပင် နာမည်တွင်ကျန်တတ်သည့် ပညာရှင်များ ဖြစ်တတ်သည်။

ထိုပညာရှင်အချို့သည် ယယ်ရှယ်စဉ်ကပင် သဘာဝ အန္တ ရာယ်တစ်ခုခုကြုံပြီး သေဆုံးတတ်သည်။ အချို့မှာ အရွယ်ရောက် သည့်တိုင်အောင် ၎င်းတို့ပါရမီနှင့် အံဝင်အောင် ဆောင်ရွက်ရသည့် အခြေအနေကို မပြုလုပ်လိုက်ရပဲ သေဆုံးကွယ်လွန်ရသည်၊ အချို့ မှာမူ အထင်အမြင်လွဲပြီး လူထူးထက် လူရူးဟု သမုတ်ခံကြရ သည်။

www.burmeseclassic.com

www.burmeseclassic.com



အိန္ဒိယလူမျိုးတို့၏ပညာရှိဟု ဆိုညွှန်းပြုကြသော တာချက်လာကမူ အလယ်အလတ်လမ်းကို လိုက်ခဲ့သောကြောင့် ထိုကဲ့သို့ အဖြစ်မျိုးမကြုံခဲ့ချေ။ သူသည် ၎င်းတို့ဒေသတွင် ငွေကြေးအဖြစ် အသိအမှတ်ပြုသော ကြေးဝါကွင်းများ၊ ဆားများနှင့် မွေးမြူရေး တိရစ္ဆာန်များ ပေါကြွယ်ဝသော သူကြွယ်တစ်ဦး၏ တစ်ဦးတည်းသော သားဖြစ်သည်။ သူသည် လူလူချင်း မေတ္တာတရားပြည့်ဝမှ လူဖြစ်နိုင်သည်ဟု ခံယူထားသည်။ လူတစ်ယောက်ကို မေဒင်ဟောရာတွင် အကောင်းပြောစရာမရှိလျှင် လုံးဝမပြောပဲနေ၏။ အဆိုးကိုမူ အလျင်းမပြောချေ။

သဘာဝလွန် ပညာရပ်များရှိသည်ဟုဆိုသော လူတိုင်းကို သံသယဖြင့် မျက်စောင်းထိုးလေ့ထိုးထရှိသော ဆန်ဒါး(စ်)ပင် ပညာရှိဟာချာလာကို တလေးတစားရှိသည်။ သူ၏တဲသို့လာ၍ သူနှင့်သူ၏ဒေသနကို ကြားနာလေ့ရှိသည်။

''ဘာတွေ ထူးထူးဆန်းဆန်းမြင်လဲ''

ဆန်ဒါး(စ်)က တစ်ကြိမ်မက မေးလိုက်သည်။

''သခင်.... ညဘက်မှာဆိုရင် သေသူတွေကို ကျွန်တော် မြင်ပါတယ်.... ကျွန်တော့်တယ်ဘက်ကနေ ညာဘက်ကို ဖြတ်သန်းသွားကြပါတယ်.... မျက်နှာဖြူ၊ မျက်နှာဝါ၊ မျက်နှာမဲတွေ တစ်အုပ်ကြီးပါပဲ.... ဒါပေမဲ့.... ကျွန်တော်မကြောက်ပါဘူး.... သူတို့ရဲ့ အစစ်အမှန်ဟာ သေခြင်းတရားပဲ၊ အဲဒီသေခြင်းတရားဟာ အစစ်အမှန် ဘဝဆိုတာကလည်း ဂီလာနတစ်ယောက်ရဲ့အိပ်မက်ပါ''

တာချာလာက ပြန်ဖြေသည်။

''တခြားရော ဘာမြင်သလဲ''

ဆန်ဒါး(စ်)က မေးလိုက်သည်''



''သခင် ကျွန်တော့်ကို စကားလာပြောတဲ့ တခြားပုဂ္ဂိုလ်တွေရှိပါတယ်....ဒါပေမဲ့ အဲဒီအကြောင်းတွေသာပြောရင် ကျွန်တော့်ကို အရူးလို့ သတ်မှတ်ပြီး ကျွန်တော့်ဆီကိုရောက်နေတဲ့ရောဂါကို တွန်းပို့လိမ့်မယ်ထင်တယ်''

''သူတို့က ခင်ဗျားကို ဘာပြောသလဲ''

ဆန်ဒါး(စ်)က စိတ်မရှည်စွာမေးလိုက်သည်။

တာချာလာသည် တဒင်္ဂမျှ မေးထောက်ပြီး ငိုင်သွားသည်။

''ဒီလောကကြီးမှ ပထမဆုံးအရာဟာ အမှန်တရားလို့ ပြောပြတယ်.... လိမ်လည်မှုအသီးကနေ မကောင်းမှုဖြစ်တဲ့ သတ်ဖြတ်ခြင်း၊ သေခြင်း၊ နာကျင်ခြင်း စစ်ပွဲတွေဖြစ်ပေါ်လာတတ်တာ''

''မရှင်ဘာ မရှင်ဘာ ပုတ်သင်စိမ်းလေးကိုရောတွေ့လား''

ဆန်ဒါး(စ်)က ပညာသားပါပါ မေးလိုက်သည်။

တာချာလာက ပြုံးလိုက်သည်။

''အဲဒါ လောကကြီးရဲ့ အကြီးဆုံးအမှားပဲ.... လူတွေဟာ သူဟိတာသာ ဘုရားသခင်တွေကို သူတို့ကြောက်လန့်တဲ့ သူတွေရဲ့ ပုံသာ ဖော်ကြတယ်.... ဘုရားသခင်တွေဟာ မြေကြီးထဲ၊ ကောင်းကင်ထဲ၊ ရေပြင်ထဲ ပုန်းခိုနေထိုင်ကြတာ မဟုတ်ဘူး.... လောက ဘုရားသခင်တွေရဲ့ ဝမ်းထဲမှာ တည်တယ်လို့ ကျွန်တော်ယုံကြည်တယ်.... ကျွန်တော့်ကို ရူးတယ်လို့ ယူဆမလား ဆန်ဒါး(စ်)''

ဆန်ဒါး(စ်)က အသာရယ်မောလိုက်သည်။

''ခင်ဗျား ပညာရှိတာကို ကျုပ်သိပါတယ်.... တာချာလာ.... ကျုပ်သိတဲ့ပညာရှိတွေထက် ပညာရှိမှန်း ကျုပ်သိပါတယ်''

သူသည် တာချာလာအား ဆားနှင့်စည်သွပ်ထားသောသီးဖူး

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖုံကို ပေးလိုက်သည်။

ထို့နောက် မကြာမီတွင် တာချာလာ နေမကောင်းဖြစ်သည်။ သူသည် သရဲတစ္ဆေများနှင့် တွေ့ဆုံစကားပြောဆိုသည်ဟု ယုံကြည်သော၊ သူ့ကိုချစ်သော ရွာသူရွာသားများသည် သူ့ကို ထိကိုင်ပြုစုလျှင် အန္တရာယ်ရှိနိုင်သည်ဟု ယူဆပြီး လစ်လျူရှုထားလိုက်ကြသည်။ သူ့ထံ အစာရေစာပင် ပေးပို့ခြင်းမပြုခဲ့ချေ။ လူမျိုးစုခေါင်းဆောင်ကြီးတစ်ဦး၏ ဇနီးဖြစ်သော မိလီမာဆိုသည့် အမျိုးသမီးကြောင့်သာ တာချာလာ မသေခြင်းဖြစ်သည်။ ထိုအမျိုးသမီးက အစားအသောက်များ လာရောက်ပို့ဆောင်ပြုစု စောင့်ရှောက်ပေးခဲ့သည်။

မိလီမာသည် အရုပ်ရှုည်သည်။ ၎င်းဒေသရှိလူများနှင့် တွက်လျှင် ရုပ်ချောသည်ဟု ဆိုသာသည်။ သူမ၏ညီမ အိုဖါရာမှာ အရုပ်လည်း မရှုည်၊ ရုပ်လည်း မလှချေ။ ထို့ကြောင့် အသက်ကြီးကြီး တံငါသည်တစ်ဦးနှင့် ရရှိခဲ့သည်။ ထိုအဖိုးကြီးသည် မုတ်ဆိတ်ကမ်းပါးဟုခေါ်ဆိုသော မြစ်ကမ်းပါးတွင် နေထိုင်သည်။

အိုဖါရာသည် အဖိုးကြီးအား တစ်နှစ်မျှပေါင်းသင်းခဲ့သည်။ အိမ်ထောင်သည်တစ်ဦးအနေဖြင့် လုပ်ဆောင်စရာရှိသမျှ အလုပ်ကို တာဝန်ကျေကျေဆောင်ရွက်ခဲ့သည်။ သို့သော် အဖိုးကြီးက သဘောမတွေ့လျှင် ရိုက်နှက်လေ့ရှိသည်။

အိုဖါရာသည် ယော်ရှယ်နုပျိုသော သစ်ခုတ်သမားတစ်ဦး၏ ရင်ခွင်တွင် အရင်ဘဝကို ဖျောက်ဖျက်ပြီး သာယာမှုရှာခဲ့သည်။ တံငါသည်အဖိုးကြီးသည် တဖြည်းဖြည်းနှင့် ၎င်းတို့၏ တိတ်တခိုးမေတ္တာသည် အိုဖာရာ၏ ဝမ်းဗိုက်ကြောင့် အရိပ်အရောင်ပြသည်ကို သဏ္ဍာန်ပေါ်လာသည်။



ထို့ကြောင့် အိုဖါရာသည် ရွာသူကြီးဖြစ်သော သူမ၏ခဲအို ရှေ့မှောက်သို့ ဝင်ရောက်လာသည်။ တံငါသည်အဖိုးကြီးက အကျိုးအကြောင်းရှင်းပြသည်။ နောက်ဆုံးတွင် တံငါသည်အဖိုးကြီးနှင့် အိုဖါရာကွာရှင်းပြတ်စဲသည်။ အိုဖါရာ၏လင်ငယ် သစ်ခုတ်သမားသည်လည်း အစွမ်းအစမဲ့သော သတ္တဝါတစ်ကောင်သက်သက်သာ ဖြစ်နေခဲ့သည်။ ထို့ကြောင့် နောက်ဆုံးအရှုံးရလာတာကို ရင်ဝယ်ပိုက်ရသူကား အိုဖာရာသာဖြစ်သည်။

အိုဖါရာကို သူမ၏အစ်မ မိလီမာလည်း လက်မခံခဲ့တော့ချေ။ နောက်ဆုံးတွင် အိုဖါရာသည် တောနက်ထဲသို့သာထွက်လာပြီး တစ်ပါးသူတို့စွန့်ပစ်ထားသော တဲအိုပျက်တစ်လုံးတွင် ဝင်ရောက်နေထိုင်ခဲ့သည်။ သူသည် ငါးဖမ်းကျွမ်းသောကြောင့် သူ၏ရင်သွေးအား ငါးဖမ်းကျွေးမွေးခဲ့သည်။ သူ၏ကလေးငယ်သည် ထိုတော ထိုတဲထဲတွင်ပင် ကြီးပြင်းလာခဲ့သည်။ တစ်နေ့တွင် အိုဖါရာ ငါးဖမ်းနေသည်ကို တံငါသည်များမိသွားသည်။ အိုဖာရာသည် ၎င်းတို့၏လက်မှလွတ်အောင်ပြေးသော်လည်း မလွတ်ခဲ့ချေ။

"ကဲ.... အမျိုးသမီး.... ငါတို့မြစ်ထဲက ထွက်ပြေးအောင် တစ္ဆေသရဲတစ်ကောင်ကောင်က ခြောက်ထုတ်လို့ ငါတို့ အိုင်ဆီဆီနယ်မြေအထိဆင်းပြီး ငါးဖမ်းနေရအောင်လုပ်တာ တရားခံက မင်းကိုး"

တံငါသည်များသည် သူမကို ခြေလက်တုပ်နှောင်လိုက်ပြီး သားရေပတ်ကြိုးဖြင့် တစ်ယောက်တစ်လက် ဝိုင်းရိုက်ကြသည်။ ထို့နောက် သူမကို ဘာလုပ်သင့်ကြောင့် ခေါင်းချင်းဆိုင်လိုက်ကြသည်။

ထိုအချိန်မှာပင် မြစ်ကွေ့တစ်ဘက်မှ ထွက်ပေါ်လာသော

www.burmeseclassic.com

www.burmeseclassic.com



ဆန်ဒါး(စ်)၏ ဇာရီသင်္ဘောကို တွေ့လိုက်ကြသည်။ ဆန်ဒါး(စ်)က မျက်လုံးကောင်းသူဖြစ်သည်။ သူ့မှာ မျက်လုံးထက်ကောင်းသော မှန်ပြောင်းတစ်လက်ရှိသည်။

သူသည် ထိုလူစုကိုမြင်ပြီး ကမ်းခြေသို့ သင်္ဘောထိုး နိုင်းလိုက်သည်။

"သခင်... ဒီမိန်းမကြောင့် မြစ်ထဲက ငါးတွေထွက်ပြေး သွားကြတယ်... သူဟာ မကောင်းဆိုးဝါး မိစ္ဆာမပါ... သူဟာ တံငါသည်ဇာရာဗီကိုရဲ့ဇနီးသည် ဖြစ်ခဲ့ဘူးတယ်... အဲဒီတုန်းက ဒီလို... ဒီလို... လုပ်ခဲ့ပါတယ်... သခင်"

"အိုး... မိုင်ဂေါ့"

ဆန်ဒါး(စ်)က အံ့ဩသည့် အာမေဋိတ်ပြုလိုက်သည်။

အိုဖါရာ မတ်တဘ်ရပ်ရန် ကြိုးစားလိုက်သည်။ တံငါသည် ညီနောင်များ ရိုက်နှက်ထားသောကြောင့် သူမတစ်ကိုယ်လုံး နာကျင်နေသည်။

"နေပါဦး... မင်း ဒီမိန်းမကို ဘယ်နှစ်ကြိမ်ရိုက်ခဲ့လဲ"

ဆန်ဒါး(စ်)က တံငါသည်အုပ်စုခေါင်းဆောင်ကို မေးလိုက်သည်။

တံငါသည်အုပ်စုခေါင်းဆောင်က ရမ်းသန်းခန့်မှန်းပြီး ဖြေလိုက်သည်။

"ခင်ဗျားကို အဲဒါရဲ့နှစ်ဆ ရိုက်နှက်ဆုံးမရလိမ့်မယ်"

ဆန်ဒါး(စ်)က ပြောလိုက်သည်။

ထို့နောက် လက်ဖျစ်တီးလိုက်ရာ တပ်ကြပ်ကြီး အာဘီဘူးက ကုတ်အင်္ကျီကိုချွတ်၍ အင်္ကျီလက်မောင်းကို ပင့်တင်လိုက်သည်။



ဆန်ဒါး(စ်)သည် အိုဖါရာ၏ကလေးရှိရာ တောထဲသို့ လိုက်သွားပြီး ကလေးရော မိခင်ကိုပါ ဇာရီသင်္ဘောဆီသို့ ခေါ်ဆောင်ခဲ့သည်။ တစ်နာရီအကြာတွင်မူ အိုဖါရာ၏အစ်မ အုပ်ချုပ်သော ရွာကြီးသို့ရောက်လာသည်။ အိုဖါရာ၏အစ်မ မိလီမာမှာမူ တစ်ကိုယ်လုံး ကြေးဝါကွင်းများဆင်ထားရာ လမ်းလျှောက်တိုင်း အသံပင် မြည်နေသေးတော့သည်။

"သူကြီး ခင်ဗျားကို ကျုပ်မြင်တယ်"

ဆန်ဒါး(စ်)က သူ့ကို နှုတ်ဆက်လိုက်သည်။ သူကြီး၏ လက်ထဲမှ ဆားတစ်တို့စားလိုက်သည်။

"ခင်ဗျားဆီကို ဒီမိန်းမနဲ့ဒီကလေးခေါ်လာခဲ့တယ်... ခင်ဗျားရွာမှာ သူနေမယ်... သူ့ကို ဘယ်သူမှ အန္တရာယ်မပြုရဘူး"

လူမျိုးစုခေါင်းဆောင်ကြီးသည် ထိုအမိန့်ကို သဘော မကျမိချေ။ သူ၏ဇနီး မိလီမာက ဝင်ပြောလိုက်သည်။

"အိုဖါရာဟာ အင်မတန် စရိုက်ပျက်စီးတဲ့မိန်းမ... သူဟာ တံငါသည်ကြီး.... "

ဆန်ဒါး(စ်)သည် တခြားအမျိုးသမီးများ သဘောတူစွာ ခေါင်းဆတ်သည်ကို တွေ့လိုက်သည်။

"ကျုပ်ကို ဆိတ်နို့တစ်ခွက် ယူခဲ့စမ်းပါ"

ဆိတ်နို့တစ်ခွက်ရောက်လာသောအခါတွင် ဆန်ဒါး(စ်)သည် ဆိတ်နို့ခွက်ကို ကိုင်လျက် ပြောလိုက်သည်။

"ကဲ... ဒီခွက်က နို့ကို သောက်ကြပါ။ သောက်တဲ့ဇနီးမှာ လင်ငယ်မရှိရင် နို့ဟာ ဖြူမြဲဖြူနေမယ်... ရှိရင် ဆိတ်နို့ဖြူတာ အနက်ရောင်ပြောင်းလဲသွားမယ်"

မိလီမာသည် နောက်သို့တွန့်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



''သခင်.... ဒါမှော်စွမ်းတွေပဲ.... ကျွန်မကြောက်တယ်''

ဆန်ဒါး(စ်)သည် နို့ခွက်အား တခြားအမျိုးသမီးများဘက်သို့ ထိုးပေးလိုက်သည်။ အားလုံးနောက်တွန့်သွားသည်။

''အို.... ကိုယ်ကျင့်သိက္ခာနှင့်ပြည့်လှတဲ့ ဖနီးကောင်းတို့ ဘယ်သူကိုယ်ကျင့်တရား ပျက်နေလဲ ပြောစမ်းပါ''

အိုဖါရာ ခါးထစ်ခွင်ချီထားသော ကလေးငယ်က အသံပြုလိုက်သည်။ ဆန်ဒါး(စ်)က ကလေးငယ်၏ပါးစပ်ကို နို့ခွက်တေ့လိုက်သည်။ ကလေးငယ်က သောက်လိုက်သည်။

''ဖြူလျှက်ပဲ.... ဒီကလေးဟာ အပြစ်လုံးဝမလုပ်ဘူးလို့ ဆိတ်နို့က ဖြူဆဲပဲ''

ဆန်ဒါး(စ်)သည် သူကြီးကို ကြည့်လိုက်သည်။

''ကျုပ်အိုဖာရာကို ဘာလုပ်ပေးရမလဲ''

မီလီမာ၏လင်ယောကျ်ား မျက်မှောင်ကုပ်လိုက်သည်။ မိုးခြိမ်းတော့မည့်ကဲ့သို့ မျက်နှာတင်းမာမဲနက်နေသည်။

''သူနေပါစေ....သခင် ဆန်ဒါး(စ်) သူ့ကို ဘာအန္တရာယ်မှ မဖြစ်စေရဘူး... ကျုပ်မိန်းမနဲ့ပါတ်သက်လို့တော့ ကျုပ်သိတာလည်း ရှိပ။.... မသိတာလဲ သိရတာပေါ့''

ထိုညတွင် သူမ၏လင်ယောကျ်ားနှင့် ရွာသားများ မျောက်ပစ်ထွက်ရန် သွားချိန်တွင် မီလီမာသည် သူမ၏ချစ်သူနှင့်တွေ့ဆုံသည်။ သူမ၏ချစ်သူမှာ သူမကို နုတ်ဘုရားမတစ်ပါးအလား မြင်သည်။

''ဒီညရွာစွန်းမှာနေတဲ့ ပညာရှိကြီးတာချာလာဆီကို သွားပါ.... သူနေမကောင်းတုန်းက သူ့ကို ငါပြုစုခဲ့လို့ သူ့ပေါ်မှာ ငါ့ ကျေးဇူးရှိတယ်.... ငါ့ညီမကြောင့် ငါအရှက်ရခဲ့ပြီ။ ဒါကြောင့်



သူရော သူ့ကလေးပါ တဖြည်းဖြည်း ကြုံလှီပြီး သေဆုံးသွားအောင် သူ့ပညာစွမ်းနဲ့ လုပ်နိုင်းပါ''

သူသည် မီလီမာ အမိန့်ပေးသည့်အတိုင်း တာချာလာထံသို့ သွားရောက်သည်။ တဲရှေ့တွင်ထိုင်နေသော တာချာလာကို တွေ့သည်။

မီလီမာ၏ချစ်သူ ဘိုလိုကာ ဝေ့လည်ကြောင်ပတ်ပြောကြားသည်ကို တာချာလာ နားထောင်လိုက်သည်။ ထိုတစ်ချိန်လုံး တာချာလာ၏မျက်နှာမှာ ခံစားချက်ကင်းနေသည်။ မကြာခင်မှာပင် ဘိုလိုကာသည် မီလီမာထံသို့ ပြန်ရောက်လာသည်။

''အဖိုးကြီး ရူးနေပြီ.... သူက အမှန်တရားနဲ့ လိမ်ညာမှု အကြောင်းပဲပြောနေတယ်.... အိုဖာရာတို့ သေဆုံးအောင်လုပ်ပေးမလားမေးတော့ အဲဒါမကောင်းမှု မလုပ်သင့်ဘူးလို့ပြောတယ်''

''အဲဒီခွေးအိုကြီးဆီ ပြန်သွား.... ဆန်ဒါး(စ်) ပြန်ရောက်လာတဲ့အခါမှာ ဒီအကြောင်းတွေ တစ်ခွန်းမှမပြောရဘူးလို့ ပြောလိုက်ပါ.... ခွေးအိုကြီးကို အစကတည်းက သေပစေဆိုပြီး စွန့်ပစ်ထားခဲ့ရင် အကောင်းသား....''

မီလီမာက အသည်းအသန်ပြောလိုက်သည်။

ဘိုလိုကာသည် အဖိုးကြီး၏တဲသို့ ပြန်သွားပြီး စကားပါးလိုက်သည်။

''သူမေးရင် ငါပြောရမှာပဲ.... လိမ်ညာမှုဟာ နှစ်ဆ.. နှစ်ဆပွားသွားတဲ့ မြွေနဲ့တူတယ်.... သူတို့ကိုမသတ်ရင် တစ်လောကလုံး မြွေတွေဖုံးလွှမ်းသွားမယ်''

တာချာလာက ရိုးရှင်းစွာပြောလိုက်သည်။

မီလီမာ အလွန်စိတ်ပူသွားသည်။ ၎င်းကိုကို မြွေရှင်း

www.burmeseclassic.com

www.burmeseclassic.com



ရန် တစ်နည်းသာရှိသည်။

ထိုညသန်းခေါင် တာချာလာအိပ်ပျော်နေခိုက်တွင် မီလီမာအောင်ချစ်သူဘိုလိုကာသည် မြစ်ကမ်းပါးသို့ဆင်း၍ ရွှံ့စေးတုံးကြီးတစ်တုံးတူးလာသည်။ အဖိုးကြီးတဲထဲသို့ တိတ်တဆိတ်ဝင်ရောက်ပြီး အဖိုးကြီး၏မျက်နှာပေါ်တွင် ရွှံ့စေးတုံးကြီးကို ဖိချလိုက်သည်။ အဖိုးကြီး အကြောဆွဲမှုတန့်သွားသည်အထိ ဖိထားလိုက်သည်။ သို့ဖြင့် အဖိုးကြီး၏ အတတ်ပညာများ နိဂုံးချုပ်သွားပြီဟု မီလီမာ ထင်မှတ်လိုက်သည်။

သို့သော် နောက်နေ့မနက်မိုးသောက်ချိန်တွင်မူ သူ၏တဲရှေ့တွင်ထိုင်မြဲတိုင်း ထိုင်နေသော တာချာလာကို အံ့ဩစဖွယ်တွေ့လိုက်ရသည်။

ဘိုလိုကာသည် ထိုအကြောင်းကို ကြားသောအခါတွင် အလွန်တရာ ထိတ်လန့်ချောက်ချားသွားသည်။ တောထဲထွက်ပြေးရန် ပြင်နေဆဲမှာပင် အဖိုးကြီးတာချာလာက သူ့ကို တွေ့ချင်သည်ဟု အခေါ်လွှတ်လိုက်သောကြောင့် အဖိုးကြီးရှေ့သို့ ရောက်လာသည်။

"ဘိုလိုကာ မင်းကိုငါမြင်တယ်... ဒါပေမဲ့ မင်းရဲ့ ဒုစရိုက်မှုကြောင့် ဒီနေ့ဒီရက်ကစပြီး မင်းကို ဘယ်သူမှ မတွေ့မြင်တော့ဘူး"

တာချာလာက လေးလေးနက်နက် ပြောလိုက်သည်။

အင်မတန် တုန်လှုပ်ချောက်ချားသွားသော ဘိုလိုကာသည် ရွာလယ်လမ်းအတိုင်း ပြန်လျှောက်လာခဲ့သည်။ သူသည် သူ့အစ်ကိုမိသားစု ထိုင်နေရာသို့ ရောက်လာသည်။

"အစ်ကို... ကျုပ်ဆိုးဆိုးဝါးဝါးကြုံနေပြီ"

ဘိုလိုကာက ပြောလိုက်သည်။



သို့သော် သူ့အစ်ကိုက သူ့ကို မော့မကြည့်ချေ။ သူ့ကို မည်သူမျှ သိရှိမြင်မိပုံမရချေ။ သူသည် သူ့အစ်ကို၏ ကိုယ်လုံးကို လက်နှင့် ကိုင်လိုက်သည်။ သို့သော် သူ့လက်လုံးဝ ကျရောက်ပုံမရချေ။ သူသည် ထိတ်လန့်တကြား အော်ဟစ်လိုက်သည်။ သို့သော် သူ့ကိုမည်သူမျှ မကြားချေ။

"အို... လူတို့နားထောင်ကြစမ်း"

ဘိုလိုကာ အော်ဟစ်လိုက်သည်။

ခေါင်းတစ်လုံးမှ လှည့်မလာချေ။

သူသည် မီလီမာထံသို့ ဒုန်းစိုင်းပြေးခဲ့သည်။ မီလီမာသည် သူမ၏တဲအောင်တွင် ထိုင်၍ ဟင်းအိုးတစ်အိုးချက်နေသည်။

"မီလီမာ ကျုပ်ကို အဖိုးကြီးပြုစားလိုက်ပြီ"

ဘိုလိုကာ ကယောင်ချောက်ချားညီးတွားပြောလိုက်သည်။

သူမသည် သူ့ကို မျက်လုံးလည်း လှန်မကြည့်။ ခေါင်းလည်းငဲ့မကြည့်ချေ။ ဘိုလိုကာသည် ထိတ်လန့်တကြား အော်ဟစ်ပြီး သူမ၏လက်ကို ဖမ်းကိုင်လိုက်သည်။ သို့သော် သူ၏လက်သည် ဘာကိုမျှ မဆုပ်ကိုင်မိချေ။

ဘိုလိုကာကား သူ့ရှုနှင့် သူ့အိုးများထားရာ ဇရာကျွန်းသို့ ခေါ်ဆောင်သွားသောအခါတွင် ဘိုလိုကာက အမှန်အတိုင်း ရင်ဖွင့်ပြောကြားခဲ့သည်။

"ဒါပေမဲ့ အဲဒီမှာ ဆန်းတာကတော့ သူဟာ တာချာလာရဲ့တဲရှေ့မှာပဲ တစ်နာရီကျော်ကျော်ထိုင်နေခဲ့တယ်လို့ သူ့ကိုမြင်သမျှလူတွေက ပြောတယ်... ဘယ်ရွာလမ်းကိုမှ လျှောက်မလာခဲ့ဘူးတဲ့... သူ့ကို ခေါ်သွားတော့ ရူးနေပုံရပါတယ်..."

"မင်း... အိုချိုရီဒေသကို နောက်တစ်ခေါက်ရောက်တဲ့

www.burmeseclassic.com

www.burmeseclassic.com



အခါ အဲဒီက်စ္စ နည်းနည်းစပ်စုကြည့်လို့ရတာပေါ့ ဟုတ်လား ဘုန်းစ်''

ဆန်ဒါး(စ်)က ဘိုလိုကာအကြောင်းနှင့် ပတ်သက်ပြီး ဘုန်းစ်ကို ပြောလိုက်သည်။

''မစပ်စုပါရစေနဲ့ အာစရိကြီးရယ်.... တော်ကြာအဖိုးကြီးရဲ့ စိတ်တန်ခိုးစွမ်းနဲ့ ကျုပ်လည်း ပါးစပ်ပြဲပြဲနဲ့လာတဲ့ မိချောင်းကို လန်ဒန်မြို့တော်က ကျုပ်တို့ဝန်ကြီးမှတ်ပြီး နှုတ်ဆက်မိမှ လောကကြီးမှာ ဘုန်းစ်မရှိတော့ပါလား ဖြစ်သွားဦးမယ်.... ''

''အဲဒါဆိုရင်လည်း တာချာလာရဲ့ပညာနဲ့ လောကကြီးကို သန့်စင်လိုက်ပြန်ခြင်းလို့ပဲ ငါတို့ မှတ်ယူလိုက်ပါမယ်ကွာ''

ဟဲလ်မိတန်က ဝင်ထောက်လိုက်သည်။

''ဘုန်းစ်ကို ဒီလောက်တောင် မေတ္တာထားကြတယ်လား''

ဘုန်းစ်က တကယ်ပင် စိတ်ထိခိုက်ဟန်ဖြင့် ရေရွတ်ပြီးမှ မျက်နှာဖြုံပြလိုက်လေသည်။

စာပတ်သူများ ရွှင်လန်းချမ်းမြေ့ကြပါစေ

နေမင်းရာဇာ

ပြီးပါပြီ

စုံထောက်ဝတ္ထုဖတ်လိုသော
ပရိသတ်များအတွက်

အိုင်အိုဗောင်ဘောင်း
နှင့်
စိတ်တန်ခိုးရှင်

တက္ကသိုလ်ခင်းယဉ်

ရွှေလမင်းစာပေမှ မကြာမီ ထွက်မည်။

စာမူခွင့်ပြုချက်အမှတ် ၁၁၈၀/၂၀၀၃ (စ)
ထူးခြားသော၊ လျှို့ဝှက်သော၊ ဆန်းကြယ်သော
ဇာတ်လမ်းကို လှပသော ရောင်စုံပလပ်စတစ်ဖုံး
စက္ကူဖြူချောဖြင့် သန့်သန့်လှလှ
သေသေသပ်သပ် ထွက်လာပါမည်။

www.burmeseclassic.com